# မသိန်းရှင်ဆီပို့ပေးပါ

## နိုင်ဝင်းဆွေ



# မသိန်းရှင်ဆီပို့ပေးပါ

## နိုင်ဝင်းဆွေ

## (၁)

*၁၉၆၄ .......*

နှင်းထုကြီး ပိတ်ဆို့ မှောင်ပိန်းနေသောနံနက်များ၌ ရထားကြီးသည် ဘူတာရုံ ရှေ့မှ ထွက်ခွာရန် ကြောက်ရွံ့တုန်လှုပ်နေသည်။ မထွက်ခွာ၍လည်း မဖြစ်။ သူသည် မီးခိုးများကို မှုတ်ထုတ်လိုက်ပြီး တညည်းညည်းတညူညူဖြင့် ထွက်ခွာရတော့သည်။ ရှေ့နား ကွက်ကွက်လေးသာ မြင်ရသည့် မီးမောင်းကို ဖွင့်လိုက်သည်။ ဖြတ်သန်းမှုအရှိန် ရလာလျှင် သူ့သွေးများသည်လည်း ဆူပွက်ကာ သူသည် တစတစ အကြောက်ပျယ်လာနေသည်။ တောင်တွင်းကြီးဘူတာရုံ ပလက်ဖောင်း မီးရောင်များကို လွန်လာခဲ့လျှင် သူသည် သူ့ကိုယ်သူ အားပေးသည့် ဥဩသံရှည်တချက်ကို ညှစ်ထုတ်အော်ဟစ်လိုက် သည်။

ချက်ချင်း သူ့ဥဩသံကို ပတ်ဝန်းကျင်မှလာသော ဩဘာကောင်းချီးသံများဟု ကယောင်ကတမ်းဖြင့်တွေးကာ သူသည် အမှားမှာအယွင်းယွင်းအားတက်လာသည်။ ပို၍ မှောင်ပိန်းနေသော အမှောင်ထုကြီးအတွင်းသို့ သွေးရူးသွေးတန်းဖြင့် ခွဲဖြတ် ဝင် ရောက်နေသည်။

ကျနော်သည် ဤရထားကြီး၏ စက်ကရိယာအစိတ်အပိုင်း တခုလိုပင် တွဲတတွဲ၏ ထောင့်ဖက် အမှောင်ရိပ်ထဲမှ လိုက်ပါနေရသည်။ ကျနော်သည် ပီပီပြင်ပြင်မမြင်ရသည့် တောင်တွင်းကြီးမြို့ကို အမှတ်မထင်ကြည့်လာခဲ့သည်။

ဘူတာရုံမှ မီးရောင်များသည် အနောက်သို့ ဆုတ်ပြေးကာ သေးငယ်နေရစ်ခဲ့သည်။ မြို့ဖက်မှ လမ်းဓာတ်မီးတိုင်အရောင်များသည် ရထားကြီးပေါ် ဖျတ်ကနဲ လာထိနေကြလျက်၊ မြို့ကြီးမှာ ငြိမ်သက်နေလျက်၊ ရခိုင်ဘုရားပျက်ကြီး၏ ထုထယ်သည် အမှောင်ရိပ်ထဲမှ အမှောင်မည်းကြီးတခုအဖြစ်ဖြင့် အမြင်၌ ဖြတ်သန်းနေခဲ့လျက်၊ ရထားကြီးသည် ကွေ့အရှည်ကြီး၌ ဖြည်းဖြည်းရွေ့ရွေ့ ကွေ့လိုက်၏။ သဖန်းကုန်းရွာကလေးဖက်မှ ရေနံဆီ မီးခွက် မီးရောင်မှိန်မှိန်များသည် တဖျတ်ဖျတ် လာရောက်ရိုက် ခတ်နေပြန်သည်။ အမှောင်ထုကြီးအတွင်း၌ အလင်းရောင် ငယ်များသည်ပြောပဖွယ်မရှိ။

ဤအလင်း အမှောင်၊ အမှောင် အလင်းတို့သည် ရထားကြီးပေါ်၌သာ ဖြတ်သန်းနေသည်မဟုတ်၊ ရထားကြီးပေါ်တွင် ပါလာသမျှ သက်ရှိသက်မဲ့အပေါင်း အပေါ်၌သာ ကျရောက်နေသည်မဟုတ်၊ ကျနော့်ခန္ဓာကိုယ်ပေါ်၌သာ ကျရောက်နေသည်မဟုတ်၊ ကျနော့် နှလုံးသားပေါ်တွင်လည်း ကျရောက်နေကြ၏။

ရထားကြီးကား ဘာမျှ ခံစားရမည်မဟုတ်။ သူသည် စက်ကရိယာဖြစ်၏။ အေးခြင်း ပူခြင်းကိုမသိ။ အမှောင်နှင့် အလင်းကိုမသိ။ ဦးနှောက်မရှိ၊ အသက်မရှိ၊ ခံစားမှုမရှိ၊ နှလုံးသား မရှိ၊ ရည်ရွယ်ချက် မရှိ။

ကျနော်လည်း စက်ကရိယာ တခုပေပဲလားဟု ကျနော်သည် အသံမထွက်သော မေးခွန်းကို မေးနေမိပြန်သည်။ ကျနော့်နှလုံးသားများမှာ ခံစားမှုမှန်သမျှ ဆိတ်သုဉ်း ကွယ်ပျောက်စပြုနေပြီဖြစ်သော စက်ကရိယာပေပဲလား။ ကျနော့် ဦးနှောက်မှာ အမှောင်များအတွင်း၌ မရုန်းဝံ့ မကန်ဝံ့ မလှုပ်ရှားဝံ့၊ ငြိမ်သက်နေရသော ဦးနှောက်များ ပေပဲလား။

ဤရထားကြီးပေါ်၌ ကျောက်ပန်းတောင်းမှ မှောင်ခိုထန်းလျက်များ တင်ရန် လိုက်ပါလာခဲ့သော၊ ကျနော် ငြင်းဆန်မရအောင် မျက်နှာ နာနေသော မှောင်ခိုသမားများ ပါလာနေသည်။ သူတို့ကို ကျနော်မဖမ်းရက်တော့သည့် အကြောင်းရင်းကို ရှာဖွေ နေမိပြန်သည်။ သူတို့ပါ လာသဖြင့် ကျနော်သည် အလုပ်ပြုတ်သွားနိုင်သည်။ လွတ် မြောက်ရက်မရှိ အကျဉ်းကျသွားနိုင်သည်ကိုလည်း မတွေးမိ၍မဟုတ်။

ကျနော့်စိတ်ကား ရထားကြီး ခုတ်မောင်းနေသည်ဟု မထင်တော့ပေ။ မှောင်ခိုသူများ၊ ထန်းလျက်တောင်းခွံများ၊ ဆီ၊ ဆား၊ ကြက်သွန်၊ လက်ဖက်ခြောက်၊ ငရုတ်သီး၊ နံနွင်းမှုန့် စသည့် တားမြစ်ကုန်များ၊ ဂါတ်ဗိုလ်၊ စက်ခေါင်းမောင်း၊ အညှီနံ့များ၊ မုဆိုးများ၊ သားရိုင်းသမင်များ၊ ရွံရှာဖွယ်ရာများ၊ ကျောင်းသားများ၊ ရဟန်းသံဃာများ၊ လူသား များ၊ ပျက်ဆီးမှုများ၊ အနံ့ဆိုးများ စသည့် သက်ရှိသက်မဲ့အပေါင်းသည် အထွေးထွေး အရှုပ်ရှုပ်ဖြစ်ကာ ဘယ်ဆီသို့သွားနေမှန်းမသိသည့် ရေစီးကြောင်းကြီး တခုအတွင်း၌ ဘရမ်းဘတာ မျောပါနေသည်ဟု ထင်နေပြန်သည်။

အမှောင်ထုကြီးကို အဆုံးအစမရှိ နက်ရှိုင်းလှသည့် ပင်လယ်ပြင်ကြီးဟူ၍လည်း တွေးနေမိပြန်သည်။

အတန်ကြာလျှင် နှင်းများ ပိတ်သည်းနေသည့် အမှောင်ထဲ၌ အရုဏ်ရောင်ခြည် များသည် လှပစွာ ပျို့အန်လာနေကြပြန်သည်။ ဆဒ္ဒန်ချောင်းသို့ ရောက်တော့မည်၊ ဆဒ္ဒန်မှ တက်ရောက်လာကြမည့် ကိုရွှေယောက်နှင့်သားသုံးယောက်၊ ကိုရွှေယောက် အဖွဲ့သားများကို စိတ်၌ မြင်တွေးနေမိပြန်သည်။

ဆဒ္ဒန်ချောင်းဘူတာရုံရှေ့သို့ရောက်လျှင် ရထားသည် အမှောင်ထုထဲ၌ ငြိမ်သက်စွာ ထိုးဆိုက်ရပ်လိုက်သည်။ ကျနော်သည် ရထားအရှိန်သတ်လိုက်ကတည်းက ရထားပေါ် မှ ဖျတ်ကနဲ ခုန်ဆင်းလိုက်သည်။

ပလက်ဖောင်းပျက်တနေ့ရာ၌ ရပ်လိုက်ပြီး "ဒီမှာ လက်မှတ်လာယူကြ … ဒီမှာ … ဒီမှာ" ဟု ကျနော်သည် နေ့စဉ် အော်ဟစ်နေကျအတိုင်း အော်ဟစ်နေရသည်။

ဤ ဘူတာမဲ့၊ ရုံပိုင်မဲ့၊ ကံထရိုက်တာမဲ့ ဘူတာတွင် ခရီးသည်များသည် ပလက်ဖောင်းပျက်အတိုင်း ကျနော်ရှိရာသို့ စိတ်မှန်းဖြင့် အလဲလဲ အကွဲကွဲ ပြေးလာနေကြသည်။ "ကုန်တင်စရာရှိတယ် ဆရာ" ဟု ခရီးသည်တဦးသည် အဝေးကတည်းက လှမ်းပြီး အော်လာသည်။ ဂါတ်ဗိုလ် ကိုအောင်ကျော်သည် မှန်အိမ်ဆွဲပြီး ကောင်းဘွိုင် ဟန်ဖြင့် ကျနော် အလုပ်လုပ်နေသည်ကို ထိုးပြပေးနေ၏။

"ရင်မောင် သုတ်သုတ်လုပ်ဟေ့" ဟု သူသည် လောဆော်နေ၏။

ကျနော်သည် လက်မှတ်ရောင်း၊ တန်ဆာလုပ် အလုပ်များကို အပြေးအလွှား အမြန်ဆုံး လုပ်ဆောင်နေရင်း ကိုရွှေယောက်၏ အဖွဲ့ကိုလည်း လှမ်းကြည့်နေပြန်သည်။ ကိုရွှေယောက်နှင့် သူ့လူများသည် လက်မှတ်မယူဘဲနှင့် ရထားတွဲများပေါ် ပြေးလွှားတက်ရောက်နေကြ၏။ ကိုရွှေယောက်သည် သူ့သားသုံးယောက်ကို ရထားပေါ် တက်ခိုင်းပြီး သူကိုယ်တိုင်မှာမူ ပလက်ဖောင်းအစွန် အမှောင်ရိပ်၌ရပ်ကာ ကျနော့်ကို လှမ်းကြည့်နေသည်။ သူ့ခြေထောက်၌ ဖိနပ်မပါ၊ သူ့လည်ပင်းတွင် ပုဆိုးစုတ်တထည် ရစ်ပတ်ထားသည်။ သူ၏ ပြဇာတ်မင်းသားဟန် ဆံပင်ရှည်များသည် ဆီမလိမ်း မဖီးသင်သဖြင့် သူ့မျက်နှာပေါ်တွင် အရပ်ရှစ်မျက်နှာ၌ ဖရိုဖရဲ ဝဲကျနေသည်။

အလုပ်ပြီးလျှင် ဂါတ်ဗိုလ်သည် ဝစီကိုစစ်မိန့်ပေးသံလို အားကုန်မှုတ်လိုက်ပြီး မီးစိမ်းယမ်းပြလေသည်။ ရထားကြီး ထွက်ခွာလာမှ ကျနော်သည် လူစီးတွဲတတွဲပေါ် တွယ်တက်လိုက်သည်။ ကျနော့်နောက်မှ ကျနော့်ကို အမိဖမ်းရန် ကိုရွှေယောက်သည်လည်း ဖျတ်ကနဲ ခုန်တက်လာသည်။

ကျနော်နှင့်ကိုရွှေယောက်သည် ယှဉ်ရပ်နေမိကြ၏။ ရထားအရှိန်ရလာစဉ်တွင် ကိုရွှေယောက်သည် သူ့လက်အတွင်း၌ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လာသော ကျပ်တန် အနွမ်းအကျေများနှင့် အကြွေစေ့ကလေးများကို ကျနော့်လက်အတွင်းသို့ လှမ်းထည့်ပေးနေသည်။ သူ့လက်များမှာ ချမ်းအေးနေသောကြောင့်တကြောင်း၊ ကြောက်ရွံ့တုန်လှုပ်နေသောကြောင့်တကြောင်း တုန်ယင်နေသည်။

"ကျနော်တို့ ရှစ်ယောက် ဆရာ …"

"တအုပ်စုလုံးလား"

"ကိုဖိုးကျော် သူ့မိန်းမဆုံးလို့ နေရစ်ခဲ့တယ်"

ကျနော်သည် သူပေးသည့်ငွေများကို ဘောင်းဘီအိတ်ထဲသို့ မထည့်သေးမီ အမှောင်ရိပ်ထဲ၌ သူ့မျက်နှာကို ရှာကြည့်နေမိပြန်သည်။ သူပေးသည့် ငွေမှာ တဆယ့်သုံးလေးကျပ်မျှ ရှိမည်။ သူတို့ရှစ်ယောက်အတွက် ကျောက်ပန်းတောင်းအထိ လက်မှတ်မဲ့ဖြင့် စီးခွင့်ပြုရန်ပေးသည့်ငွေ၊ သူတို့သည် လက်မှတ်ခ အတိအကျဖြင့် လက်မှတ် ဝယ်ယူစီးနိုင်သည်အထိ သူတို့မှောင်ခိုထန်းလျက်များအပေါ်မှ မြတ်စွန်းကြသည် မဟုတ်။ သူတို့ရသည့် အမြတ်ထဲမှ ကျနော်၊ ဂါတ်ဗိုလ်၊ မီးရထားရဲများ၊ ရာဖွေရေးများကို ပေးရသည်။ ကျနော်သည် သူ့မိန်းမ နေမကောင်း ဖြစ်နေသည်ကို သတိရနေပြန်သည်။

"ခင်ဗျားမိန်းမ သက်သာပလား"ဟု မေးနေမိသည်။

"ဒီလိုဘဲဆရာ …"

"ဆေးမထိုးဘူးလား"

"အင်း …"

"ဘာအင်းတာလဲ"

"မြို့ကိုသွားထိုးဘို့ကလဲ ပိုက်ဆံမရှိဘူး၊ ကျနော်တို့ဆီမှာ ဆေး လာလာကုနေတဲ့ လူကလဲ ဆေးတွေပြတ်နေလို့တဲ့"

“ကျန်းမာရေးမှူးလား”

“မဟုတ်ပါဘူး၊ မြင်းလှည်းသမားပါ၊ အားကိုးရပါတယ်ဆရာ၊ သူက ဆေးထိုး သိပ်ကောင်းတာ၊ ပိုက်ဆံလဲ သိပ်မယူဘူး၊ ဆရာဝန်တွေ ဘာတွေလို ကြီးကြီး ကျယ်ကျယ် လုပ်တဲ့လူလဲ မဟုတ်ဖူး”

ကျနော် ငြိမ်သက်နေမိပြန်၏။ ကိုရွှေယောက်ကား ခလေးတကျိုပ်ကျော်ကျော် ကျွေးမွေးနေရသူ။ သူ့မယားကား အစဉ်အမြဲ မမာမကျန်း ဖြစ်နေသူ။ အရွယ်မရောက် သေးသော သားကလေးသုံးယောက်ကိုပါ မှောင်ခိုလုပ်ခိုင်းနေရသူ။ ကျနော်၊ ဂါတ်ဗိုလ်၊ မီးရထား ရဲများနှင့် ရှာဖွေရေးများကို ရှာဖွေကျွေးမွေးနေရသူ။

သူသည် တခုခုကို နက်နက်ရှိုင်းရှိုင်း တွေးလာနေခဲ့ပုံဖြင့် “ဒီလိုပေါ့ဆရာ ...”ဟု အရင်းမရှိ အဖျားမရှိ စကားပြောနေပြန်သည်။

ကျနော်သည် ငွေတဝက်မျှကို အိတ်ထဲထည့်လိုက်ပြီး တဝက်ကိုကား သူ့မိန်းမ ဆေးကုရန်အတွက် ပြန်ပေးနေမိပြန်သည်။ သူသည် ပြန်ယူရန် ငြင်းဆန်နေသည်။ သူ့ငွေများ အကုန်မယူသဖြင့် သူ့ကို ကျနော်က ဒုက္ခပေးတော့မည်ဟု ကြောက်ရွံ့နေ ပြန်သည်။ ကျနော်သည် သူ့ကိုပြန်ယူရန် တိုက်တွန်းနေရင်း စိတ်မောနေမိသည်။

နောက်ဆုံး၌ ကျနော်ပြန်ပေးသည့်ငွေများကို လှမ်းယူသောအခါတွင် သူ့လက်များ တဆတ်ဆတ်တုန်နေသည်ကို သတိထားမိလာသည်။ သူ့ မျက်လုံးအိမ်၌ လိုက်လှဲသော မျက်ရည်များ ပြည့်လာနေသည်ကို ကျနော်သည် မမြင်ရဘဲနှင့် သိနေခဲ့သည်။

“ဒီပြင်လူတွေဆိုရင် ဘယ်လောက်ပေးပေး ကျေနပ်ကြတာမှုတ်ဖူး၊ တချို့ မိန်းခလေးတွေဆိုရင် ငွေတင် မကျေနပ်လို့ ဟိုဟာပါပေးရတာ၊ ငွေ နဲ့တယ်ဆိုပြီး ထပ်ထပ်တောင်းကြတာ၊ မြခင်လေးဆိုကြည့်ပါလား၊ အသက်ဆယ့်သုံးနှစ် မပြည့်သေးဘူး၊ ဆံထောက်ကလေးတောင် မထားရဲ ထားရဲ ထားနေတုန်း ဟိုဟာပါပေးရလို့ ဗိုက်ကလေး ပူလာတာ” ဟု သူက စိတ်ထည်းမှ ပြောနေသည်ကိုလည်း ကျနော့်စိတ်အာရုံ၌ လာ၍ ကြားနေရပြန်သည်။

“အေးဗျာ ... ဒီလိုဘဲပေါ့ဗျာ၊ ကြည့်တော့လုပ်ကြဗျာ” ဟု ကျနော်သည် မှာကြားနေမိ၏။

“စိတ်ချပါ ဆရာ၊ ဆရာ့ကို မထိခိုက်ပါဘူး၊ ဘယ်တော့မှ ကျနော်တို့ သားအဖတွေ ထန်းလျက်ကို မမိပါဘူး”

“ခင်ဗျားတို့ကို စိတ်ချပါတယ်၊ ခင်ဗျားတို့ ကျနော့်ကို ဘယ်တော့မှ ဒုက္ခမပေးဘူးဆိုတာ ယုံတာပေါ့ဗျာ၊ ဒါပေမယ့် ရှာဖွေရေးတွေ ဘာတွေ မိရင် ကျနော့်မှာ တာဝန်ရှိတာဘဲ”

“ဟုတ်ပါတယ်ဆရာ”

“အလုပ်ပြုတ်နိုင်တယ်၊ ထောင်ကျနိုင်တယ်”

သူဆက်ပြောသည်ကို ရထားခုတ်မောင်းနေသံ ဆူညံနေသဖြင့် ကျနော် မကြားရတော့ပေ။ သူ့ထန်းလျက်များကို မည်သည့်အခါ၌ မည်သူများ ကဖမ်းဖမ်း မိမည်မဟုတ်။ သူ၏ လျှို့ဝှက်ချက်ကို ကျနော်လည်းမသိ။ အမှန်တွင် ကျောက်ပန်းတောင်း –တောင်တွင်းကြီး ခုတ်မောင်းနေရာ၌ ရထားနှစ်စင်း လဲလှယ်ခုတ်မောင်းနေရာ ရထားတစင်း၏ အိမ်သာတခုတွင် အပေါ်အမိုး၌ အပေါက်တခုပါရှိသည်။ ထိုအပေါက်အတွင်းမှ သူတို့၏ပစ္စည်းများကို လျှို့ဝှက်တင်ဆောင်နေခဲ့ကြ၏။

ကျနော်သည် ဤရထားပေါ်၌ မှောင်ခိုသမား နှစ်ဆယ်ထက်မနည်း ပါနေခဲ့ပြီကို တွေးမိကာ စိတ်နှလုံး၌ လေးလံလာနေပြန်သည်။ ပင်းချောင်း အောင်နိုင်မြင့်၊ သားမျှား ကိုသန်း၊ မြို့သစ် ကိုသန်း၊ ကျောက်ပန်းတောင်း စိုးမြင့်၊ မည်သူတွေက ဖမ်းဆီး ဖမ်းဆီး ကျနော့်၌ တာဝန်ကင်းမည် မဟုတ်။

ကျနော်ကား တီဘီစီ (ရထားလိုက်ဘူတာစာရေး) ဖြစ်၍ ရထားတစင်းလုံး လက်မှတ်စစ်၊ တန်ဆာမဲ့ပစ္စည်းဖမ်း၊ မှောင်ခိုပစ္စည်းဖမ်း စသည့် တာဝန်များကို ထမ်းဆောင်နေရသူ။ အကယ်၍ တစုံတဦးက ရန်ညှိုးဖြင့် ဖမ်းဆီးစစ်ဆေးလျှင် ရှောင်ရှားကွက်မရှိသူ။ မှောင်ခိုသူများနှင့်လည်း တသွေးတည်း တသားတည်း ရင်းနှီးချစ်ခင် နေကြသဖြင့် မျက်စိမှိတ်နေရသူ။

ကျနော်သည် နီပြာတံခဲတံကို ကိုင်ကြည့်နေရင်း ဤရထားပေါ်၌ ကျနော်ကား ဖမ်းဆီးနိုင်သော အာဏာ ပြည့်စုံသူ ဘုရင်ကလေးတဆူ ဖြစ်နေသည်ကို တွေးနေမိ၏။ ဤ နီပြာတံကလေးဖြင့် ချယ်လှယ်ချင်သလို ရနေနိုင်သော အခွင့်ထူးရရှိနေပုံမှာ ဝမ်းသာ အားရစရာလားဟု တွေးနေမိပြန်သည်။

ဤသို့ဖြစ်နေရပုံမှာ ကမောက်ကမ ဖြစ်နေခြင်းပေလား။ အရုဏ်သည် ပို၍ လင်းလာ၏။ အမှောင်နှင့် အလင်းများ ရောထွေးလာနေပြန်သည်။ မြို့လုင်သို့ ရောက်လျှင် အလင်းရောင် ပျော့ပျော့အတွင်း၌ နှင်းစက်များကျနေသည်ကို မသဲမကွဲ မြင်လာရသည်။ ဘူတာကွေ့၌ ရထားဆိုက်ရပ်ချိန်တွင် အလင်းနှင့် အမှောင်ကြား၌ အရာဝတ္ထုများသည် မသဲမကွဲ ရောထွေးနေကြလေသည်။

မြို့လုင်ဘူတာစာရေး သိန်းလွင်ကြီးသည် နံနက်စောစော၌ အရက်မူးနေလျက် ဖြင့် ဂါတ်တွဲသို့ ခပ်ယိုင်ယိုင် လျှောက်လာတတ်သည်။ သူ့ကိုယ်ပေါ်မှ ယူနီဖောင်း ဝတ်စုံမှာ ညစ်ထေးနေသည်။ သူ၏ ထန်းလျက်တဲဘူတာရုံရှေ့တွင် ခရီးသည် များသည် အလုအယက် တိုးဝှေ့နေကြ။ ဟိုဖက်၌ကား ထန်းပင်များ၊ ညောင်ပင် များ၊ ဈေးဆိုင်များ။ မြို့လုင်ဈေးတန်းနှင့် မြို့လုင်ရွာပေါ်တွင် နှင်းများ ပိတ်ဆို့ မှောင်နေသည်။

ကျနော်သည် ဤဘူတာသို့ရောက်လျှင် လူစီးတွဲ တတွဲတွဲ အဝမှရပ်ကာ ဦးကောင်းဇံ၏ အကြော်တဲဆိုင်ဝဖက်သို့ အစဉ်အမြဲ လှမ်းကြည့်တတ်သည်။ အကြော် တဲဆိုင်ရှေ့ဖက် ညောင်ပင်ကြီးအောက်ရှိ ထိုင်ခုံ၌ ညိုညို့ကို တွေ့နေကျဖြစ်နေသည်။ သူသည် ရထားကြီးဝင်လာလျှင် ကျနော့်ကိုမြင်ရန် လှမ်းကြည့်နေတတ်၏။ ထိုနေရာမှ ထရပ်ပြီး သူ့ကုန်စိမ်းတောင်းများ ချထားရာ သံလမ်းနံဘေးသို့ သုတ်သုတ်ပြေးလာကာ သူ့တောင်းများကို ရေးကြီးသုတ်ပျာတင်လေသည်။

ကြာသော် သူထိုင်နေကျ ဤညောင်ပင်ကြီးအောက် ဦးကောင်းဇံဆိုင်ရှေ့ရှိ ထိုင်ခုံပေါ်တွင် မိုးမလင်းမီ နှင်းမှုန်များဝေနေစဉ်တွင် သူ့ကိုမြင်တွေ့နေရသည်မှာ စိတ်၌ အစွဲအလန်းတခုလို ဖြစ်လာသည်။

သူ ဤနေရာကလေးတွင် ထိုင်ပြီး ရထားကြီးကိုစောင့် ကျနော့်ကို ရှာဖွေကြည့် နေတတ်သည်မှာ ကျနော် တောင်တွင်းကြီး ကျောက်ပန်းတောင်းလမ်းသို့ ရောက်လာစ ကတည်းက ဖြစ်သည်။

ထိုအခါကမူ သူသည်လည်း ခလေးသာသာအရွယ်ကလေး။ ဆံရစ် ဆံတောက်ကလေးနဲ့ ဖြစ်၏။

သူသည် ရထားကြီးဆိုက်ရပ်လျှင် ထိုနေရာမှ ဒုန်းစိုင်းပြေးလာတတ်၏။ သူ့ခေါင်းပေါ်မှ ဆံရစ် ဆံတောက် ဆံပင်များသည် တဖွာဖွာဝဲနေတတ်သည်။ သူ့ လည်ပင်း၌ ပုဆိုးစုတ်တထည် တင်ထားကာ ဖိုးယို့ဖားယားဖြစ်နေသည်။ သူ့ပါးပေါ်တွင် ကျောက်နီ နားဆွဲကလေးသည် ယိမ်းက လှုပ်ရှားနေသည်။ သူ့ပါးကလေးများမှာ အပျိုသွေးသစ်စ ဖောင်းကြွနေသည်။

သူသည် မြို့လုင်နှင့် တမိုင်မျှသာဝေးသည့် ပုတီးကုန်းရွာသူဖြစ်၏။ သူသည် ဖခင် မျက်မမြင်ကြီးကိုလည်းကောင်း၊ မိခင် လူမမာကြီးကိုလည်းကောင်း သူ့ကုန်စိမ်း ရောင်းရငွေကလေးဖြင့် လုပ်ကိုင်ကျွေးမွေးနေကာ မောင်လေးတယောက်ကိုလည်း ကျောင်းထားပေးနေရသည်ကို ကျနော်မသိခဲ့။ သူ ဈေးပတ်လိုက်ရောင်း၍ မြတ်ငွေမှာ သုံးလေးကျပ်မျှသာရှိသဖြင့် ရထားလက်မှတ်ကိုလည်း ဝယ်မစီးနိုင်၊ ကုန်ပစ္စည်းများကိုလည်း တန်ဆာမလုပ်နိုင်။

ကျနော် ဤလမ်းသို့ရောက်စ နှင်းများဝေနေသော တနံနက်တွင် ကျနော် လက်မှတ်စစ်သောအခါ သူသည် အိမ်သာနံဘေး၌ရပ်နေရင်း ကျနော့်ကို မျက်လုံးပြူး ကြီးများဖြင့် ကြည့်နေခဲ့သည်။

ကျနော် လက်မှတ်တောင်းနေသည့် လက်ကို မကြည့်ဘဲ ကျနော့်မျက်နှာကိုသာ မော့ကြည့်ရင်း မျက်တောင်ကော့ကြီးများကိုသာ ပုတ်ခတ်လှုပ်ရှားနေခဲ့သည်။ သူ့ မျက်နှာမှာ တဖြည်းဖြည်း ဖြူဖျော့လာနေသည်။ သူသည် ကြောက်ရွံ့သဖြင့် ငိုလိုက်တော့မည့်အတိုင်း ဖြစ်နေခဲ့သည်။

အတော်ကြာမှ သူသည် တုန်ယင်နေသော လက်များဖြင့် သူ့ချွေးခံအင်္ကျီအောက် အိပ်ကပ်အတွင်းသို့ နှိုက်နေသည်။ လက်ပြန်နှုတ်လျှင် လက်မှတ်မပါဘဲ ကျပ်တန် ကလေး တရွက်သာ ပါလာသည်။

ရထားသည် ပုလင်းချောင်း တံတားရှည်ကြီးကို ဖြတ်ကျော်နေ၏။

"လက်မှတ်မပါဘူးလား"ဟု ကျနော်က အသံမြှင့်ပြီး မေးနေသည်။

"ဟုတ်ကဲ့"

"အမြဲတမ်း ဒီလိုဘဲစီးနေတာလား"

"ဟုတ်ကဲ့"

"ဒါဖြင့် ဖမ်းရမှာပေါ့"

"ညိုညို ... ညိုညို ... မြို့သစ်ရောက်ရင် လက်မှတ်ဆင်းဝယ်ပါ့မယ်၊ ကိုစိုးမြင့်ကြီး လိုက်တုန်းက ညိုညို ငါးမူးလောက်ပေးရင် သမျှားဈေးအထိ လိုက်ရတယ်"

သူ့အသံမှာ တုန်ယင်နေခဲ့သည်။

သူ့ငွေတကျပ်ကို ပြန်ထည့်ထားရန် ပြောသောအခါ သူသည် ပို၍ ကြောက်ရွံ့ လာကာ မျက်ရည်များဝိုင်းလာနေသည်။

“ဒါဖြင့် မြို့သစ်ရောက်ရင် ငါ့နောက်ကလိုက်ခဲ့၊ လက်မှတ်လိုက်ဝယ်ပေါ့”ဟု ပြောလျှင် သူသည် ခေါင်းတဆတ်ဆတ်ညိတ်နေခဲ့၏။

သူ့ကို ဖမ်းရန်အတွက် ဘူတာအတွင်းသို့ ခေါ်သည်ကို သူမသိပေ။

ကျနော်သည် သူ့အနားမှခွာပြီး လက်မှတ်လျှောက်စစ်နေစဉ်၌ သူသည် ကျနော့် ကို စိမ်းစိမ်းစားစား လိုက်ကြည့်နေခဲ့သည်။

မြို့သစ်ဘူတာတွင် ရထားရပ်လျှင် သူသည် ကျပ်တန်တရွက် ကိုင်လျက် ကျနော့်နောက် မှ လျှောက်လိုက်လာခဲ့သည်။

“သူများ လက်မှတ်မယူတော့ဘူးလေ ... ဒီပိုက်ဆံကို ယူပါလား ...”

“တခါတလေတော့ လက်မှတ် ယူဘူးတယ်ရှိအောင် ယူမှပေါ့ကွယ် ...”

ကျနော် ရုံပိုင့်စာပွဲရှေ့သို့ လျှောက်သွားသည်။ သူသည် နောက်ဖက်မှ တကောက်ကောက် လိုက်လာခဲ့သည်။ ကျနော်သည် သူ့ကို စာပွဲရှေ့ တွန်းပါလိုက်ပြီး လက်မှတ်မဲ့ဖြင့် အပ်လိုက်၏။ သူ့တောင်းများကိုလည်း အလုပ်သမားများ ချထား လိုက်ကြ၏။ သူသည် ရုံပိုင်က တရားစွဲရန် “အမည်၊ နေရပ်၊ မိဘ”တို့ကို မေးနေစဉ် ဖြေဆိုနေရင်း ကျနော့်ကို စကားတလုံးမျှ မပြောတော့ဘဲ မျက်ရည်များကျလာသည်။

ရုံးခန်းအတွင်းမှ ကျနော် ထွက်လာသည်။ သူသည် တန်းလျားရှည်တခုပေါ်တွင် ထိုင်နေရင်း ကျနော့်ကို ကျောဖက်မှ လိုက်ကြည့်နေခဲ့သည်။

ကျနော်လည်း အမှတ်မထင်ပင် ရထားပေါ် တက်လာခဲ့၏။ လက်မှတ်မဲ့ ခရီးသည်များကို ဖမ်းဆီးရခြင်းမှာ ကျနော့်အတွက်ကား နေ့စဉ်ပြုလုပ်နေကျ အလုပ်သာ ဖြစ်သော်လည်း သူ့အတွက်ကား နတ်မောက်ဈေးအထိ မလိုက်ရသဖြင့် သူ့ ရောင်းကုန်များလည်း ပျက်ဆီးကုန်ရသည်။

သူနှင့်ကျနော့်အကြား၌ ထိုအခါကတည်းကပင် မမြင်ရသော သံယောဇဉ် ကြိုးမျှင်များ စတင် ရစ်ဖွဲ့လာကြသည်ကို ကျနော်လည်းမသိခဲ့။ ဤသံယောဇဉ်များကား သူ့အလိုလို နှလုံးသားအတွင်းတွင် ပေါက်ဖွားလာကြလေသည်။ ဘာကြောင့် ဖြစ်ပေါ်လာရသည် ဟူသော အကြောင်းရင်း၏ အစကိုကား ဦးနှောက်ဖြင့်ရှာဖွေ၍ ထိတွေ့နိုင်မည်မဟုတ်။

ကျနော်သည် သူ့မျက်ရည်များ တတွေတွေ ကျလာခဲ့ပုံကို အမှတ်မထင် တွေးမိခဲ့သည်။ သူ့မျက်နှာဝိုင်းဝိုင်းကလေး၊ သူ့ ဝိုင်းဝိုင်းစက်စက် မျက်လုံးများ၊ သူ့မျက်တောင်ကော့များ၊ သူ၏ ဆံတောက်ဖားဖားကြီးများကို မြင်ယောင်မိကာ သူ့ မျက်နှာမှာ ကျနော်နှင့် ရင်းနှီးခဲ့ဖူးသူ တဦးဦးလို ထင်နေခဲ့ပြန်သည်။ သူ၏ အဝတ်အစားများ နွမ်းကျေနေပုံကို မြင်နေပြန်သည်။ ကရုဏာစိတ်များသည် အမှတ်မထင် ဖြစ်ပေါ်လာကြသည်။

နောက် ခုနစ်ရက်မျှ ကြာသည်အထိ မြို့လှိုင်သို့ရောက်လျှင် သူ့ကိုရှာကြည့် သော်လည်း မတွေ့မြင်ရတော့ပေ။

ကျနော့်စိတ်၌ ငယ်စဉ်က သေဆုံးသွားခဲ့သော ညီမကလေး၏ မျက်နှာကို သတိရနေ ပြန်သည်။ သူ့မျက်နှာကို ညီမကလေး မျက်နှာနှင့် တူနေမလားဟု နှိုင်းစာ ကြည့်နေရင်း သူ့ကိုလည်း ညီမကလေးတဦးလို စိတ်၌ မှန်းဆနေမိပြန်သည်။

မကြာမီ တနံနက်တွင် သူ့ကို ဦးကောင်းဇုံဆိုင်ရှေ့ ညောင်ပင်ကြီးအောက်ရှိ စာပွဲခုံဘေး ထိုင်ခုံပေါ်တွင်ပင် တွေ့နေရပြန်သည်။

ထိုနေ့က သူသည် ကုန်စိမ်းတောင်းများကို သံလမ်းနံဘေးတွင် ရွှေ့ထားနှင့် သည်။ ရထားရပ်လျှင် ရပ်ချင်း နေရာမှထကာ ကျနော်ပါလာသည့် တွဲဖက်သို့ ခလေးစိတ်ဖြင့် ဒုံးပြေးလာသည်။ ကျနော်သည်လည်း ရထားမရပ်သေးမီ၌ ခုန်ဆင်းလိုက်၏။ သူနှင့်ကျနော်သည် မသဲမကွဲ အလင်းရောင်အောက်တွင် နှင်းများဝေနေစဉ်၌ မျက်နှာချင်းဆိုင် ရပ်နေမိကြသည်။

“လက်မှတ်စစ်ကြီး ... ဒီနေ့ ... ဒီနေ့ ... သူများကို ဖမ်းအုံးမလားဟင် ...”

သူသည် အလောသုံးဆယ် မေးနေသည်။

ကျနော်သည် ပြုံးနေမိ၏။

“လက်မှတ်မဝယ်ရင် ဖမ်းမှာပေါ့”ဟု ရယ်သံဖြင့် ပြောနေမိသည်။

“ဒါဖြင့် ညိုညို မလိုက်တော့ဘူး”

"ဒါဖြင့် ဘာနဲ့သွားမှာလဲ"

"ခြေလျင်သွားမှာပေါ့"

"တောင်းတွေကရော ..."

"တောင်းတွေတော့ တင်ပေးလိုက်မယ်၊ အဲဒါ မြို့သစ်ဘူတာရောက်ရင် လက်မှတ်စစ်ကြီး ချခိုင်းထားလိုက်ပါ"

ကျနော်သည် သူ၏နဖူးကို လက်သီးဖြင့် ထိုးကျိတ်လိုက်တော့မလို ရွယ်လိုက်ပြီး ရယ်နေမိ၏။

"ခု လက်မှတ်မပါဘူးလား ... ကဲ တောင်းတွေ သုတ်သုတ်တင် လူကော လိုက်ခဲ့ပေါ့၊ ခင်ဗျားတောင်းတွေ ကျုပ်ကူလီမှ မဟုတ်ဘဲ ဘယ်ချနိုင်ပါ့မလဲ၊ ခင်ဗျား ကို ကျုပ်မဖမ်းပါဘူး၊ ဘယ်တော့မှ မဖမ်းပါဘူး၊ ဒီပြင်လူတွေ ဖမ်းရင်သာ ကျုပ်ကို ပိုက်ဆံပေးရတယ်လို့ မပြောပါနဲ့"

"တကယ်လား"ဟု သူသည် အံ့အားသင့်စွာ မေးနေခဲ့သည်။

သူသည် ဆယ်ပြားစေ့ကလေး လေးငါး ခြောက်စေ့ကို ထုတ်ပေးနေပြန်သဖြင့် ကျနော် သည် သူ၏နဖူးကို ခပ်သာသာ ပုတ်ပစ်ခဲ့၏။

သူသည် သူ့တောင်းများကို ရထားတွဲပေါ် ကမန်းကတန်းတင်ပြီး သူပါ တက်လိုက်၏။ ကျနော်လည်း သူ့နောက်မှ လိုက်တက်သွားသည်။ ရထားထွက်လာချိန်တွင် သူနှင့် ကျနော်သည် တွဲပေါက်ဝ၌ နီးကပ်စွာ ယှဉ်ရပ်နေမိကြ၏။ သူသည် အပျိုသွေးဝင်စစိတ်ဖြင့် ရှက်နေကာ မျက်နှာတပြင်လုံး နီမြန်းနေခဲ့သည်။

ကျနော်သည် သူ့ကို ခြောက်လှန့်ပြီး နောက်ပြောင်ရန် စိတ်ကူးမိခဲ့၏။ မနောက်ပြောင်ဖြစ်ဘဲ သူ့ဈေးရောင်းရသည့် ဝင်ငွေများကို မေးနေမိပြန်သည်။

သူသည် သူ့ရွာကလေးကို ရထားပေါ်မှ လှမ်းပြခဲ့၏။ သူ့ရွာကလေးမှာ သံလမ်း နှင့် မနီးမဝေးတွင် မန်ကျည်းပင်များ၊ တမာပင်များ အုပ်ဆိုင်းကာ ညို့မှိုင်းနေသည်။ သူသည် ထိုရွာကလေး အတွင်းရှိ တဲအိမ်ကလေး တလုံးတွင် နေထိုင်သူဖြစ်၏။

"လက်မှတ်စစ်ကြီး ... သူများတို့ရွာ လာလယ်အုံးပေါ့၊ သူများတို့အိမ်ကိုတော့ မလာနဲ့ နော်၊ ရှက်စရာကောင်းလို့ပါ"

သူသည် သူ့ရွာကလေးကို လက်ညှိုးထိုးပြနေခဲ့သည်။

သူ၏ မိဖများ လုပ်ကျွေးနေပုံကို သိရလျှင် ကျနော့် စိတ်နှလုံးအိမ်၌ သူ့ကို လေးစားစိတ်၊ ခင်မင်စိတ်များ ပေါ်လာနေပြန်သည်။ သူသည် ချမ်းသဖြင့် တဘက်ကို ပြင်ခြုံလိုက်သည်။

"မင်းကို နောက်ဘယ်တော့မှ ကိုမဖမ်းတော့ဘူး ... တကယ်ပြောတာ"

ကျနော်ပြောသည်ကို သူသည် ငေးကြည့်နေသည်။

"မင်းနာမယ် ညိုညိုနော် ... လက်မှတ်စစ် ထွန်းမြင့်တို့ မောင်ရွှေတို့ကို ပြောထားရမယ်၊ ညိုညိုဟာ ကိုညီမလေးလို့ ကြားလား၊ သူတို့ ယုံပါတယ်၊ မင်းနဲ့ကိုနဲ့ ရုပ်ချင်းလဲ ဆင်တယ်နော် ... မောင်နှမအရင်းဆိုရင်တောင် ယုံကြမှာ၊ မင်းကို လက်မှတ်စစ်ရင် ကိုရင်မောင့် ညီမ ညိုညိုလို့ ပြောပြလိုက်ပေါ့၊ သူတို့ မဖမ်းပါဘူး၊ တခုတော့ ပြောထား ရအုံးမယ် ... အဲဒီလူတွေဟာ နာမယ်နဲ့လူတွေနော်၊ မိန်းမဆိုရင် သူတို့ ဖိုချည့် ထင်ကြတာ၊ မင်းတို့အရွယ်ဆိုရင် အပျိုကြီးလှဘီလို့ ထင်ကြတာ၊ မရှက်နဲ့လေ ... ကို တကယ် သတိပေးနေတာ၊ ဒီလူတွေဟာ ခပ်တည်တည် နေနိုင်လို့တောင် တန်ကာမကျဘူး၊ တော်ကြာရင် မင်းလဲ အပျိုကြီး ဖြစ်လာတော့မှာနော်၊ အပျိုကြီးဖြစ်လာရင် ကိုတို့ကိုလဲ ခပ်တည်တည်နေ"

သူသည် မျက်နှာနီမြန်းနေကာ ခေါင်းငုံ့ထားနေပြန်သည်။ မြို့သစ်သို့ ရထားဆိုက်လျှင် သူ့တောင်းများကို ကမန်းကတမ်း ဆွဲချနေရင်း ကျနော့်ကို နှုတ်ဆက်နေ၏။

"အမေတို့ကိုပြောရမယ်၊ အမေတို့ သိပ်ဝမ်းသာကြမှာ"ဟု ပြောနေသည်။

ကျနော်လည်း ရထားပေါ်မှ အဆင်းတွင် သူ့ကို ခေါင်းတချက်ပုတ်ပြီး ဂါတ်တွဲသို့ ကူးလာခဲ့လေသည်။

# (၂)

*၁၉၆၂ .....*

နံနက်လင်းစ နှင်းမှုန်များ ဝေနေဆဲ၊ အလင်းနှင့်အမှောင် ရောရှက်နေဆဲတွင် မြို့လုင်ဘူတာသို့ ရထားကြီး ဝင်လာခဲ့လျှင် ကျနော်သည်လည်း လူစီးတွဲဝတခုမှ ရပ်ကာ သူ ထိုင်နေကျ ထိုင်ခုံနေရာကို အမှတ်မထင် ကြည့်လာမိတတ်သည်။

ထိုရက်များကမူ ကျနော်သည်ပင် ကျနော့် စိတ်နှလုံးအိမ်၌ ငြိတွယ်လာနေသည့် စွဲလမ်းမှုကလေးကို မမြင်နိုင်။ သူ့ကို တွေ့နေကျနေရာ၌ မတွေ့ရသည့် ရက်များတွင် စိတ်၌ တခုခု ဟာနေ လိုအပ်နေသလိုသာ ခံစားနေရတတ်သည်။ သူသည်လည်း ညောင်ပင်ကြီးအောက် ထိုင်ခုံနံဘေးမှ ထရပ်ကာ ရထားပေါ်၌ ပါလာမည့် ကျနော့်ကို ရှာဖွေကြည့်နေတတ်သည်။ ကျနော့်ကို လှမ်းမြင်ရလျှင် သူ့မျက်နှာမှာ မသိမသာ ရွှန်းလက်သွားတတ်သည်။

သူသည် ရထားတွဲပေါ် ကုန်စိမ်းတောင်းများကို တင်ပြီးလျှင်လည်း တွဲ ပေါက်ဝမှ မခွာသေးဘဲ တောင်းများကို ဟိုရွှေ့သည်ရွှေ့လုပ် အချိန်ဆွဲနေရင်း ကျနော့် ကို ကိုယ်ယောင်ပြနေတတ်ပြန်သည်။

တခါတရံ အခြားတွဲများ၌ စစ်ဆေးရှာဖွေရန် အရေးကြီးသဖြင့် ကျနော်သည် သူစီးလာသည့် တွဲသို့ မသွားဖြစ်ခဲ့။ ထိုအခါများ၌ သူသည် တွဲဝမှ ထွက်ပြူရပ်ကာ ကျနော်ပါလာသည့်တွဲကို လှမ်းကြည့်နေတတ်သည်။ ကျနော်နှင့် မျက်နှာချင်း ဆိုင်မိ ကြလျှင် သူသည် ရှက်ကိုးရှက်ကန်း ဖြစ်နေတတ်ပြန်သည်။

အခြား လုပ်ဆောင်စရာများ အရေးမကြီးသည့် နေ့များတွင်ကား ရထားထွက် လာလျှင် ကျနော်သည် သူရပ်နေရာ တွဲဝသို့ ခိုတက်လာတတ်၏။ ကျနော်သည် ရထားခြေနင်းခုံ ပေါ်တွင်ရပ်ရင်း သူ့ကိုပြုံးပြကာ နှုတ်ဆက်သည်။

သူ့အနား၌ ကျနော်ရပ်နေပြန်လျှင်လည်း သူ့မျက်နှာမှာ ရှက်သလို ဖြစ်နေပြန် သည်။ သူသည် ကျနော့်ကို စေ့စေ့မကြည့်ရဲဘဲ ဆံတောက် ဆံပင်များကို နားရွက်ပေါ် သို့ သပ်တင်ကာ အလုပ်ရှုပ်နေပြန်သည်။

''ကိုရင်မောင်ကြီး မပါဘူးလားလို့ ထိတ်သွားတာဘဲ''

ဟူ၍လည်း ခလေးစိတ်ဖြင့် ပြောနေသည်။

''နောက်ဆိုရင် ကိုရင်မောင်ကြီး အလယ်တွဲက လိုက်လာခဲ့၊ သူများလဲ ဦးကောင်းဖုံဆိုင် ရှေ့ကခုံမှာ ထိုင်တာ ကိုရင်မောင်ကြီးတွေ့အောင်လို့၊ နောက်ကို အဲဒီကိုကြည့်လာခဲ့၊ ညောင်ပင်ကြီးအောက်ကခုံလေ၊ အဲဒီမှာ မတွေ့ရင် သူများ မလိုက်တဲ့နေ့လို့ မှတ်ထားပေါ့''

ကျနော်သည် သူ ရှက်သွားမည် စိုးသဖြင့် သူ့မျက်နှာကို စိုက်မကြည့်သော်လည်း သူ့ တကိုယ်လုံးကို သိမ်းကျုံးမြင်နေရသည်။ သူဝတ်နေကျ အင်္ကျီမှာ သူ့ကိုယ်လုံးနှင့် ကျပ်လာသဖြင့် ဘေးသားများခွဲကာ အခြားပိတ်ဖြင့် စပ်ထားရသည်။ တခါတရံ သူ့ကို ငေးကြည့်နေမိလျှင် သူသည် မျက်နှာတပြင်လုံး ရှက်စိတ်ဖြင့် ထူပိန်းလာကာ ခေါင်းကို ငုံ့ပစ်လိုက်တတ်သည်။

''အဲဒီလိုမကြည့်ပါနဲ့''ဟု သူ့စိတ်အတွင်းမှ ပြောနေသံကိုပင် ကြားနေရသည် ထင်ရ သည်။

ပုတီးကုန်းရွာကို လှမ်းမြင်ရလျှင် သူသည် ...

''အဖေတို့က ကိုရင်မောင်ကြီးကို အလည်ခေါ်လာဘို့ မှာလိုက်တာ၊ သူများတော့ မခေါ်ချင်ဘူး၊ သူများတို့အိမ်က သိပ်စုတ်တာ၊ ရှက်စရာနော်၊ အဖေတို့ကတော့ ကိုရင်မောင်ကြီးဟာ သူများတို့ ကျေးဇူးရှင်တဲ့''

ကျနော်သည် ငြိမ်သက်စွာ ပြုံးနေခဲ့၏။ ကျနော့် စိတ်နှလုံး အာရုံ၌ လှိုင်းထ လှုပ်ရှား နေတတ်သည်ကို သုံးသပ်မိလာသည်။

တနေ့ထက်တနေ့ တချိန်ထက်တချိန် ထိုလှုပ်ရှားနေမှုမှာလည်း ပို၍ သိသာ လာသည်။ အလိုလို စိတ်၌ မောလာနေမိပြန်သည်။ သူ့စိတ်တွင်လည်း ထိုသို့ လှုပ်ရှားနေသည်ကိုလည်း အစင်းသား သိလာနေရပြန်သည်။ တခါတရံ၌ သူ့မျက်လုံးရဲကြီး များအပေါ်၌ တခုခုကို တမ်းတနေသည့်အရောင်များ တောက်ပလာနေသည် ထင်မိ သည်။

''ဒီနေ့ ညီညီ ဘယ်ကို လိုက်မလဲ''

''နတ်မောက်ဈေးနေ့လေ''

“ပင်းချောင်းကျအောင် လိုက်ခဲ့ပါလား”

သူသည် ခေါင်းငုံ့ထားရင်း “ရထားခတွေသာ ပေးနေရရင် အများကြီးနေမှာနော် … ထီပေါက်မှ ကိုရင်မောင်ကြီး ရထားခတွေ အကုန်ပြန်ပေးရမှာ” ခပ်တိုးတိုး ပြောနေ သည်။

“ထီကကော ထိုးထားပီးပလား”

“အဲတာတော့ စိတ်ကူးတုန်းဘဲ”

သူသည် ခလေးစိတ်ပေါ်လာပြန်ကာ ရယ်စရာမဟုတ်ဘဲနှင့် လွတ်လပ်စွာ ရယ်ချင်ရယ် လိုက်ပြန်သည်။

သူလွတ်လပ်စွာ ရယ်လိုက်သံကြောင့် သူ့ကို ခလေးအဖြစ်ဖြင့် ပြန်မြင်လာကာ အစောက ပူနွေးလှုပ်ရှား လာနေခဲ့သည့် ကျနော့် စိတ်နှလုံးများသည်လည်း ပြန်၍ ငြိမ်သက်လာသည်။ ထိုလှုပ်ရှားမှုကလေးသည် ခဏမျှ ဟုတ်ကနဲ ပျောက်ကွယ်သွားပြန် သည်။ ရင်ထဲ၌ ပေါ့ပါး ရှင်းလင်းလာသည်။ သူ၏ လွတ်လပ်စွာ ခလေးလို ရယ်လိုက် သံနှင့် ရထားခုတ်မောင်းနေသံသည် ရောထွေးသွား၏။ ထိုအသံနှစ်ခု ရောထွေးနေပုံမှာ ရွှင်မြူးဖွယ် ဂီတသံတခု ဖြစ်လာနေသည်။

ညနေ အပြန်များတွင်လည်း ကျနော့်ရထားဖြင့်ပင် ပြန်လိုက်လာသည်။

အပြန်၌ကား မြို့လုင်သို့ ရထားဆိုက်ရောက်လာလျှင် မှောင်ရီဆိုင်းစ ပြုလာနေပေပြီ။ သူသည် ရထားပေါ်မှ သူ့တောင်းများကိုချပြီး ဦးကောင်းဖုံဆိုင်ရှေ့သို့ မသွားသေးဘဲ ကျနော့်ကို နှုတ်ဆက်သည်။ နက်ဖြန်တွင် သူလိုက်မည် မလိုက်မည်ကိုလည်း ကြိုတင် သတင်းပေးလိုက်သည်။

“မနက်ဖြန် မြို့သစ်ဈေးနေ့” ဟု လှမ်းပြောသည်။

ရထားကြီး ထွက်ခွာလာခဲ့လျှင် သူသည် ဦးကောင်းဖုံဆိုင်ရှေ့၌ ရပ်ကျန်နေ ရစ်ခဲ့သည်။ ရထားကြီး ဝေးလာခဲ့သည်အထိ နောက်မှ လိုက်ကြည့်နေသည်။ သူနှင့် အတူ ဦးကောင်းဖုံဆိုင်၊ ညောင်ပင်ကြီးနှင့် မြို့လုင်သည် အဝေး၌ ငြိမ်သက်ကျန်ရစ် ခဲ့၏။

ကျနော် ခွင့်ယူတော့မည့်အခါများတွင် သူ့ကို ကြိုတင် ပြောပြထားနှင့်ရသည်။ ခွင့်ယူထားစဉ်၌ ကျနော့်နေရာတွင် လူစား တယောက်ယောက် ဝင်ရောက်လုပ်ကိုင် နေရာ … သူနှင့် အဆင်မှပြေပါ့မလား …ဟု ကျနော်သည်လည်း စိတ်ပူနေမိပြန်သည်။

တခါတရံတွင်ကား သူ့ကိုပင် ကြိုတင်မပြောနိုင်ဘဲ အရေးပေါ်ခွင့်ယူရလျှင် ကျနော်သည် သူ့အတွက် စိတ်မဖြောင့်အောင်ပင် ဖြစ်လာမိသည်။ ရက်အတန်ကြာ သွားလျှင် သူ ကျနော့်ကို မည်မျှ စောင့်မျှော်နေတော့မည်ကို တွေးမိသည်။

အလုပ်ပြန်ဝင်သည့် နေ့များ၌ ကျနော်သည်လည်း သူစီးခိုင်းသည့် အလည် တွဲဝ၌ စီးလာကာ သူမြင်စေရန် တမင်ထွက်ရပ်လာခဲ့သည်။

သူ့ကိုလည်း သူ နေနေကျ ထိုင်ခုံတွင်သာ တွေ့ရသည်။ သူ ရထားကြီးကို ငေးမျှော်ကြည့်နေပုံမှာ မြော်လင့်ချက် ကြီးမားစွာဖြင့် စောင့်မြှော်နေပုံ ထင်ရှားနေ သည်။ ထို အသွင်သဏ္ဍာန်ကို ကျနော်သည် မည်သည့်အခါတွင်မှ မေ့နိုင်မည်မဟုတ်။

သူနှင့် ကျနော်သည် အဝေးကတည်းက တယောက်ကိုတယောက် စိမ်းနေအောင် ကြည့် လာမိခဲ့ကြသည်။ ကျနော့်ကို လှမ်းမြင်ရလျှင် သူသည် ခလေးစိတ်ပေါ်လာကာ နေရာမှ ရုတ်တရက် ထရပ်ပြီး ပြေးထွက်လာသည်။ သူ၏ ဝမ်းသာအားရ ဖြစ်နေဟန်ကို ဖုံးဖိ ဟန်ဆောင်ထားရ ကောင်းမှန်းမသိ။

“ကိုရင်မောင်ကြီး”

သူသည် လူကြားထဲမှ လှမ်းအော်နှုတ်ဆက်လိုက်သည်။

ကျနော်ရပ်နေရာ တွဲဝသို့ ကုန်စိမ်းတောင်းများကို ထိုးတင်သည်။ ရထားထွက် လာခဲ့လျှင် သူနှင့် ကျနော်သည် တွဲဝ၌ မျက်နှာချင်းဆိုင် ယှဉ်ရပ်နေမိကြသည်။

“ဘယ်သွားနေတာလဲ”ဟု သူသည် အလောသုံးဆယ် မေးနေ၏။

ကျနော်ကလည်း “ညီညီ ပိုပြီးလှလာတယ်”ဟု အမှတ်မထင် ပြောလိုက်မိ သည်။

သူ့မျက်နှာမှာ ထူပိန်းသွားပြန်သည်။ သူသည် ကျနော့်ကို မျက်စောင်းထိုး ကြည့်သည်။

ကျနော်လည်း သူ့ကိုကြည့်ရင်း ရယ်မောနေမိသည်။

“ကဲ ... ဘာအပြစ်ပြောမလို့လဲ”

“မဟုတ်ဘူး၊ သူများမေးတာ ပြောစမ်းပါ၊ ကိုရင်မောင်ကြီး ဘယ်သွား ပွေနေတာလဲ၊ မှန်မှန်ပြောစမ်း”

“ဘယ်လိုထင်လို့လဲ”

“သေများနေပလားလို့”

သူသည် ထိုစကားများကို ခပ်တိုးတိုး ပြောနေစဉ်၌ ဒေါသဖြစ်လာကာ ကျနော့် ကိုပင် ဆွဲယမ်းပစ်မည့်ဟန် ပေါ်လာနေသည်။

သူ့ဆံတောက် ဆံပင်များကို နားရွက်အပေါ် ခပ်သွက်သွက် သပ်တင်သည်။

“ကိုရင်မောင်ကြီး မလိုက်တာ ဆယ်ရက်နော် ... သူများ သေသေချာချာ မှတ်ထားတာ၊ ကိုရင်မောင်ကြီး မပါတဲ့နေ့ကလေ ကံကောင်းလို့ လက်မှတ်အဖမ်းမခံရတာ၊ ဒီကြားထဲ လက်မှတ်တွေ ဝယ်စီးနေရတယ်၊ လက်မှတ်ခတွေ ရော်ပေးရမယ်၊ သူများလဲ ဟိုလက် မှတ်စစ်ကို မျက်နှာကျော မတဲ့တာနဲ့ ဝယ်စီးပလိုက်တာပေါ့၊ အဲဒီလက်မှတ်စစ်က ကိုမြအောင်တဲ့နော်၊ အရက်သိပ်သောက်တာ၊ ဘယ်တော့ဖြစ်ဖြစ် အရက်စော်ကို ဟောင်နေတာဘဲ၊ သူ့လွယ်အိတ်ထဲမယ် အမြဲတမ်း အရက်ပုလင်းပါတယ်၊ ကိုရင်မောင်ကြီး အရက်တော့ မသောက်နဲ့နော် ... သူများ သိပ်မုန်းတာ၊ အဲဒီလူကြီးက လူကိုလဲ ရိသဲ့သဲ့ လုပ်သေးတယ်၊ ပီးတော့ ပြောသေးတယ် ... သူများက ကိုရင်မောင်ကြီးကို သိပ်လွမ်းနေပလားတဲ့ ... ပြန်လာတော့မှာပါတဲ့၊ သူများလဲ အမြင်ကပ်တာနဲ့ လွမ်းနေတယ်လို့ ပြောလိုက်တယ်၊ ပီးတော့ ကိုရင်မောင်ကြီး မိန်းမယူဘို့ အိမ်ပြန်သွားတာဆို၊ အဲတာ ဟုတ်သလား”

သူ့ပါးကလေးများ ပို၍ နှင်းဆီသွေးစို့ကာ မို့ကြွလာနေပုံမှာ ရင်ခုန်လှုပ်ရှား စရာပင်။ လေဖေ့သဖြင့် သူ့နဖူးမှ ဆံစများသည် ဝဲပျံနေ၏။

ဤဆယ်ရက်တာအတွင်း တယောက်ကိုတယောက် မတွေ့မမြင်ရသောကြောင့် အနည်းငယ် စိမ်းသွားသလိုလည်း စိတ်၌ ထင်လာမိပြန်သည်။

ကျနော့်စိတ်ထဲ၌ လှုပ်ရှားနေခဲ့သည်တို့မှာလည်း ပို၍ ထင်ရှား ပီပြင်လာသည်။ ကျနော်ကား သူ့ကို ရင်ခွင်အတွင်းသို့ ဆွဲသွင်းပွေ့ဖက်ပစ်လို စိတ်များ ပေါ်လာနေသဖြင့် ရင်ထဲတွင် ပူနွေးလာနေသည်။

သူသည် ခလေးစိတ်ဖြင့် ...

“ကိုရင်မောင်ကြီးကို သူများ နေ့တိုင်းနေ့တိုင်း အောက်မေ့နေတာ”

စသည်ဖြင့် ပြောနေသည်။

“နောက်ကို ကိုရင်မောင်ကြီး ခွင့်ယူရင် သူများကို ကြိုပြောထားပါ၊ ဘယ်တော့ မှ မမေ့ပါနဲ့”

ကျနော်သည် သူ့ကို ကြာရှည်ကြည့်နေမိလျှင် ဆွဲပွေ့လိုက်မိတော့မည်ကို သိလာသည်။

ကျနော်ကား စိတ်လှုပ်ရှား ဆူပွက်တတ်သူ ... နက်ရှိုင်းစွာ ခံစားတတ်သူအဖြစ် မိမိကိုယ်ကို ပြန်မြင်လာသည်။

ကျနော်သည် ရထားနှင့်ယှဉ်လျက် ပြေးလိုက်လာနေသော အဝေးမှ တောင်တန်း ကြီးများကို စိတ်မဝင်စားဘဲနှင့် ကြည့်လာခဲ့သည်။

ခပ်ဖြေးဖြေးရွေ့ရွေ့ လိုက်ပါနေသည့် တောင်တန်းကြီးများပေါ်၌ မြူထုကြီးများ ပိတ်ဆိုင်းနေသဖြင့် အနားသတ်မျဉ်းကြောင်းများကို မမြင်ရ။ ဖြူစင်ခဲ့သော ကျနော့်စိတ်နှလုံးသားများမှာလည်း စွဲလန်းမှုများ အုပ်ဆိုင်းလာ နေသလို ခံစားနေမိသည်။

အကြောင်းတခုခုကြောင့် သူဈေးပတ်မလိုက်သည့် ရက်များတွင် သူ့ကို မြင်တွေ့လိုစိတ်များ ဖုံးကွယ်ထားမရတော့ပေ။

ကျနော်သည် သူထိုင်နေကျခုံကို လှမ်းကြည့်၍ မတွေ့မြင်ရလျှင် ရင်ထဲ၌ သိသိသာသာ ဟာသွားသည်ကို ခံစားလာရသည်။ ကျနော်ကိုယ်တိုင် လည်း သူလိုက်ခိုင်းသည့် အလယ်တွဲဝမှပင် လိုက်ပါနေမိသည်။ သူ့ကို လူအများကြား၌ ပါရှိ မည်အထင်ဖြင့် ရှာမိပြန်သည်။ ခရီးသည်များ

အားလုံး ရထားပေါ်ရောက်မှ သူ မပါလာဟု ယုံကြည်လာခဲ့သည်။ အမှတ်မထင်ပင် သူစျေးပတ်မလိုက်သည့် ရက်များကို စိတ်၌ တေးမှတ်ထားမိသည်။

ရက်ပေါင်း နှစ်ဆယ်မျှ ကြာလာသောအခါ ကျနော်သည် ဦးကောင်းနဲ့ကြီးကို မေးကြည့်မည်ဟု စိတ်ကူးမိခဲ့သည်။ စိတ်မလုံသောကြောင့် မမေးဖြစ်ခဲ့။

ပုတီးကုန်းရွာ ခပ်လှမ်းလှမ်းမှ ရထားဖြတ်မောင်းနေစဉ်၌ ကျနော်သည် ရထားတွဲဝမှ ရပ်ကာ ရွာဖက်သို့ လှမ်းကြည့်မိပြန်သည်။ ရွာထဲရှိ သူတို့အိမ် ရှိမည့်နေရာသို့ မှန်းဆ ကြည့်မိသည်။ မန်ကျည်း တမာပင်များ အုပ်ဆိုင်းနေသော ရွာပေါ်တွင် မိုးဖွဲမိုးမှုန်များ ဆိုင်းနေသည်။

ပုတီးကုန်းရွာသည် ရထားကြီးနောက်မှ ပြေးလိုက်လာနေရင်း မမှီနိုင်သဖြင့် တဖြည်းဖြည်း ဝေးကွာ ကျန်ရစ်နေခဲ့သည်ဟု စိတ်၌ ထင်လာမိပြန်သည်။

တခါတရံ၌မူ သူ့ကို ခလေးဟု သဘောထားကြည့်မိသည်။ ခဏနေလျှင်ပင် ထိုသဘောထား ပျောက်ကွယ်သွားပြန်ကာ သူနှင့်ကျနော်သည် ချစ်ရည်တူမျှသော ချစ်သူများဟု ယုံကြည်လာနေပြန်သည်။

တလကျော်ကြာပြီးမှ သူ့ကိုပြန်၍ မြင်တွေ့ရသောအခါ ကျနော်သည်ပင် ရင်ခုန်နေခဲ့ သည်။

ထိုနေ့က သူ့ကိုလှမ်းမြင်ရသောအခါ အိပ်မက်များအတွင်း၌ တွေ့မြင်နေကျ ဥစ္စာစောင့်မကလေးကို သက်ရှိထင်ရှား တွေ့မြင်လိုက်ရသလို ထင်သည်။ ကျနော်သည် သူ့ကို အဝေးမှပင် လှမ်းငေးကြည့်လာမိသည်။

သူသည် ညောင်ပင်အောက်ရှိ ခုံတန်းပေါ်တွင် ထိုင်နေခဲ့၏။ ရထားဝင်လာ သည်ကို မြင်ရလျှင် ထိုင်ရာမှထပြီး ရထားကြီးကို မျှော်လင့်ချက်ကြီးမားစွာဖြင့် ငေးစိုက် ကြည့်နေခဲ့သည်။ သူ့ကိုယ်ပေါ်၌ ဆွတ်ဆွတ်နီသော အင်္ကျီကို ဝတ်ထားခဲ့ သည်။ သူသည် ဆံပင်အုပ်လုံးသိမ်းလိုက်ပြီဖြစ်သဖြင့် လွန်ခဲ့သောတလက သူနှင့် တယောက်စီဖြစ်သွားပြီ ထင်ရသည်။

သူနှင့် ကျနော်သည် အဝေးကတည်းက တယောက်ကိုတယောက် လှမ်းမျှော် ကြည့်နေမိကြသည်။

သူသည် ရထားရပ်မည့်နေရာသို့ လျှောက်လာလေသည်။

မိုးမှုန် မိုးဖွဲကလေးများ တဖွာဖွာ ကျနေသည်။ မှောင်ပျပျ မိုးဖွဲမိုးမှုန်များ အတွင်း၌ သူ့ကို လှမ်းမြင်ရသည်မှာ အိပ်မက်ထဲ၌ တွေ့မြင်နေရသလိုဖြစ်နေသည်။

ရထားရပ်သောအခါ၌ ကျနော်စီးလာခဲ့သည့် တွဲဝနှင့် သူ့ကုန်စိမ်းတောင်းများ ချထားရာ နေရာသည် တည့်တည့်ကျနေ၏။

သူသည် ကျနော့်ကို အောက်ဖက်မှ မော့ကြည့်လိုက်သည်။ သူ၏ နှုတ်ဆက်ပြုံးမှာ စိတ်လှုပ်ရှား ရင်ခုန်နေသဖြင့် ပီပီသသ မရှိပေ။ ကျနော်သည် သူ့တောင်းများကို တွဲပေါ်မှ လှမ်းယူကာ နေရာချထားပေးလိုက်သည်။

သူသည်လည်း တွဲပေါ် တက်လာကာ ကျနော့်အနီး တွဲဝတွင် မျက်နှာချင်း ဆိုင်၍ ရပ်နေသည်။ ကျနော်သည်လည်း သူ့ကို နှုတ်ဆက်စကားပြောရန်ပင် သတိမရ။ သူသည်လည်း မေ့နေဟန်တူသည်။ သူသည် ပြုံးထားသော်လည်း ကျနော့်ကို စေ့စေ့ မကြည့်။

ရထားကြီး ထွက်ခွာလာမှ ... ရင်ခုန်သံများမှာ ရထားခုတ်မောင်းသံနှင့် ရောထွေး ပျောက်ကွယ်သွားနေသည်ဟု ထင်မိသည်။

သူ့ရင်ခုန်နေသံကို ရထားခုတ်မောင်းနေသံများ အကြား၌ပင် ကြားနေရပြန် သည် ထင်သည်။

"ညိုညို ယေကျ်ားနောက် လိုက်သွားတယ် ကြားလို့"

သူက "ရှက်စရာတွေ မပြောနဲ့"ဟု ပြောရင်း ကျနော့်ကို မကြည့်ဘဲ သူ့တောင်းများကို မလိုအပ်ဘဲနှင့် ဟိုရွှေ့သည်ရွှေ့ လုပ်နေပြန်သည်။

ကျနော်သည် ချုပ်တည်းထားခဲ့သော စိတ်များကို အလိုလိုက် လွှတ်ပေးထားလိုက်သည်။ သူ့တကိုယ်လုံးကို ငေးစိုက် ကြည့်နေလိုက်သည်။ တောင်းရွှေ့အပြီး သူ ပြန်ရပ်လိုက်သောအခါတွင်ကား မျက်နှာချင်းဆိုင်နေမိကြသည်။ သူ့ မျက်လုံးအိမ်အတွင်းကို နက်ရှိုင်းစွာ စိုက်ကြည့်နေမိသည်။ သူ့ မျက်တောင်ကော့ကြီးများကို ငေးကြည့်နေမိသည်။ သူသည် မျက်နှာတပြင်လုံး ထူပိန်းလာကာ မျက်လွှာကြီး ချလိုက်သည်။ သူ့အသက် ရှူသံကို ကြားနေရသည် ထင်သည်။

"ကိုရင်မောင်ကြီး ပါမှ ပါပါ့မလားလို့"

သူ့အသံမှာလည်း စွဲမက်ဖွယ်ရာ တုန်ယင်နေပြန်သည်။

အိမ်သာများ ခြားနေသဖြင့် အခြားခရီးသည်များနှင့်လည်း အဆက်ပြတ်နေ သည်။ သည်နေရာကလေးမှာ ချစ်သူနှစ်ဦး တွေ့ဆုံကြရာ ကလေးဟု ကျနော့်စိတ်၌ ထင်လာ သည်။

သူ၏ အရှက်ကြီးနေပုံကို ရယ်မောစရာ တခုလို ထင်လာပြန်သဖြင့် ခပ်တိုးတိုး ခပ်ပေါ့ပေါ့ ရယ်နေမိပြန်သည်။ စိတ်များသည်လည်း ပို၍ လှုပ်ရှားလှိုင်းထလာပြန် သည်။

"ညိုညိုက သိပ်လှလာတာဘဲ၊ မြင်ရတာကို အသက်ရှူမှားနေတာဘဲ"ဟု တိုးတိုး ပြော လိုက်မိသည်။

"ညိုညိုကို ချစ်နေဘီ၊ သိလား … ညိုညို့ကို ကိုချစ်နေဘီ၊ အဲတာ မင်းသိတယ် မှတ်လား"

သူ့မျက်လုံးများသည် သားရိုင်း သမင်လို ဝိုင်းစက်သွားကြ၏။

ကျနော်သည်လည်း ပို၍ စိတ်လှုပ်ရှားလာကာ ရှေ့သို့ တိုးလိုက်ပြီး လက် နှစ်ဖက်ကို ရုတ်တရက် လှမ်းလိုက်သည်။ သူသည် သတိရလာပြီး သူ့ကိုယ်ကို ဆောင့်ရုန်းလိုက်၏။

"အိုတော် … ကိုရင်မောင်ကြီးကလဲ"

နောက်ဆုတ်လျက် သူက တိုးတိုးညည်းညည်း ပြောသည်။

အိမ်သာဖက်သို့ ရောက်သွားသည်။ ကျနော့်ကို ကျောပေးကာ လူစီးထိုင်ခုံများ ရှိရာဖက်သို့ သွက်သွက် လျှောက်သွားသည်။

ကျနော်လည်း လေကားဝတွင်ရပ်ရင်း စိတ်လှုပ်ရှားနေခဲ့၏။ ကြိုတင်၍ တွေးတော ကြံစည်ခဲ့ခြင်းကား မဟုတ်။ ဤသို့ ရုတ်တရက် ဖြစ်ပျက် ရခြင်းအပေါ်၌ ကောင်းသည် ဆိုးသည်ကို မသုံးသပ်ချင်တော့ပေ။

မြို့သစ်ဘူတာသို့ ရောက်လျှင် သူ ဆင်းနေရစ်ခဲ့သည်။

ညနေတွင် မြို့သစ်ဘူတာသို့ ရထား အပြန်ဆိုက်ရောက်လာခဲ့သောအခါ သူ့ကို ဘူတာပလက်ဖောင်းပေါ်တွင် မမြင်ရတော့ပေ။ ကျနော်သည် နေရာအနှံ့အပြား လိုက် ရှာကြည့်မိ၏။ သူ တနေရာရာမှ တက်ရောက်လိုက်ပါလာလိမ့်မည်ကို သိသော်လည်း ရှာ၍ကား မတွေ့။

ရထား ထွက်လာခဲ့မှ ကျနော် လက်မှတ်စစ်ဆေးရာ သူ့ကို ခရီးသည်များ အလယ်ရှိ ထိုင်ခုံတခုပေါ်၌ တွေ့ရသည်။ သူသည် ကျနော့်ကို တချက် လှမ်းကြည့်ပြီး မျက်နှာလွှဲ သွားသည်။

ကျနော်လည်း သူ့ကိုကျောပေးကာ လေသားဝ၌ သွားရောက်ရပ်နေခဲ့သည်။ ရထား ခုတ်မောင်းနေစဉ် အပြင်ဖက်ကိုသာ ကြည့်လာခဲ့သည်။

သူက တချက်တချက် ၌ ကျနော့်ကို မသိမသာ စောင်းငဲ့ကြည့်နေမည်ကို သိနေသော်လည်း ကျနော်သည် အရွဲ့ တိုက်ချင်စိတ် ပေါ်နေကာ သူ့ကို တချက်မျှ လှည့်မကြည့်။

မြို့လုင်တွင် ကျနော်သည် သူ့ကိုကျောပေးပြီး ဂါတ်ဗိုလ်တွဲသို့ ထွက်လာခဲ့၏။ ရထားကြီး ထွက်ခွာလာခဲ့လျှင် ကျနော်သည် မှန်ချပ်ကြားမှ မသိမသာ လှမ်းကြည့်လာခဲ့သည်။ သူကလည်း တမင်အရွဲ့တိုက်ကာ ရထားကြီးကို ကျောပေးထားသည်ကို တွေ့မြင်ခဲ့ရသဖြင့် ကျနော်သည် ပြုံးလာခဲ့မိ၏။

နောက်ရက်များတွင် ဦးကောင်းဖုံဆိုင်ရှေ့ သူထိုင်နေကျ နေရာတွင်ပင် မတွေ့ မြင်ရတော့ပေ။ ထိုနေရာ၌ သူ့ကို အခါတိုင်းကလိုပင် တွေ့ရလိမ့်မည်ဟု ထင်ခဲ့သည်။ တရက်ပြီးတရက် မတွေ့ရသော အခါတွင်ကား သူက ကျနော့်ကို အထင်မှားနေခဲ့ပြီဟု တွေးရတော့သည်။

ကျနော်သည် သူနေသည့် ပုတီးကုန်းရွာကို လှမ်းကြည့်နေရင်း သူ့ရွာသို့ပင် လိုက်သွားရကောင်းမလားဟု တွေးလာရပြန်သည်။ သူ့ကို တီဘီစီ စိန်ထွန်း၊ မြအောင်၊ စိုးမြင့် စသူတို့က အပျော်ကြံကာ ရိသဲ့သဲ့လုပ်သည့်နည်းတူ ကျနော့်ကိုလည်း အပျော်ကြံသည်ဟု သူတွေးထင်သွားမည်ကို စိုးရိမ်စိတ် မောလာရပြန်သည်။

ဤသို့ သူ ယူဆသွားလျှင်မူ အဖြစ်အပျက်မှာ စိတ်ထိခိုက်ဖွယ်ရာ ဖြစ်ပေသည်။ ကျနော့် အပြုအမူမှာလည်း ပေါ့ရှပ်ရှပ်နိုင်သည် ထင်မိသည်။

အမှန်အားဖြင့် သူသည် နေ့စဉ် ကျနော့်ကိုရှောင်ကွင်းကာ ဈေးပတ်လိုက်မြဲ လိုက်ပါနေခဲ့၏။ သူသည် မြို့လုင်မှ အတက်တွင် သံလမ်းတဖက် မစိန်မြဆိုင်ဖက်သို့ ပြောင်းနေခဲ့၏။ အခြားဘူတာများတွင်လည်း ထိုသို့ နေရာပြောင်းကာ ကျနော့်ကို လွတ်အောင်ရှောင်နေသည်။ သူသည် ခလေးစိတ်၊ ကြည်စားလိုစိတ်ဖြင့် ခုနစ်ရက် ကျော်ကျော် ကျနော့်ကို ဒုက္ခပေးနေခဲ့သည်။

တညနေတွင် အပြန်ခရီး၌ မြို့သစ်ဘူတာ ပလက်ဖောင်းပေါ်တွင် သူ့ကိုပြန်တွေ့ ရမှ ကျနော်လည်း စိတ်ပေါ့ပါးခဲ့ရသည်။

ထိုညနေက သူသည် ဘူတာပလက်ဖောင်းအစွန် ဂါတ်တွဲအနီးရှိ တမာပင်တန်းများအောက်ဖက် တန်းလျားပေါ်တွင် တယောက်တည်း ထိုင်နေခဲ့သည်။ သူ့ကို ကျနော် သည် ဂါတ်တွဲပေါ်မှ လှမ်းမြင်တွေ့ရ၏။

သူသည် ဂါတ်တွဲဖက်သို့ မသိမသာ ခေါင်းငဲ့ကြည့်နေခဲ့သည်။ ကျနော် လှမ်းကြည့်လိုက်သည်နှင့် တပြိုင်တည်း သူ့မျက်နှာကို ဆတ်ကနဲ တခြားဖက် လှည့်လိုက်သည်။

ကျနော်သည် ဂါတ်တွဲပေါ်မှ ဆင်းကာ သူရှိရာသို့သွားပြီး သူထိုင်ရာ တန်းလျား တဖက်စွန်းတွင် ဝင်ထိုင်လိုက်သည်။

ထိုနေရာမှာ ပလက်ဖောင်း အစွန်ဆုံးနေရာဖြစ်သဖြင့် အခြားခရီးသည်များနှင့် အလှမ်း ဝေးနေသည်။

ကျနော်တို့ နှစ်ယောက်တည်း သီးသန့်ဖြစ်နေခဲ့သည်။ ကျနော်သည် အတန် ကြာသည်အထိ သူ့ကို စကားမပြောသေးဘဲ ငြိမ်သက်စွာ ထိုင်နေစဉ်တွင် သူ့ရင်ခုန်သံ များကို ကြားနေရသည် ထင်မိသည်။ တဖက် မျက်နှာလှည့်ထားသော သူ့ကို ကျနော် သည် ငေးကြည့်နေသည်။

အတန်ကြာမှ သူသည် ပြန်လှည့်လိုက်၏။

''လက်မှတ်စစ်မလို့လား''

သူသည် အသံတုန်တုန်ဖြင့်ပြောကာ သူ့လက်ထဲတွင် ဆုပ်ကိုင်ထားသည့် လက်မှတ်ကို ပြနေသည်။

ကျနော်သည် သူ့စိတ်၌ ဖြစ်ပေါ် ခံစားနေရသည်တို့ကို အမှန်အတိုင်း မြင်တွေ့ရ သောအခါ စိတ်၌ ထိခိုက်နာကျင်မိပြန်သည်။ သူ့မျက်နှာမှာ ညိုမှိုင်းနေခဲ့၏။ သူ့ မျက်လုံးအပေါ်တွင် မျက်ရည်များ ဝဲလာနေသည်။ လက်မှတ်ပြနေသော သူ့လက်မှာ တဆတ်ဆတ် တုန်ယင်နေသည်။ သူက ''သူသည် လက်မှတ်မဲ့ဖြင့် ခရီးသွားနေသူ၊ ကျနော်က လက်မှတ်စစ်ဖြစ်၍ သူ့ကိုမချစ်ဘဲနှင့် အပျော်ကြံစည်နေသည်''ဟု ယုံကြည်ယူဆနေခဲ့သည်။

''ညိုညို ... ကို့ စိတ်ထဲမယ် ဘယ်လိုဖြစ်နေတယ်ဆိုတာ မင်းအမှန်အတိုင်း သိဖို့ကောင်းပါတယ်၊ နောက်ကို မင်းကိုချစ်တယ်လို့ ဘယ်တော့မှ မပြောတော့ဘူး''

ကျနော်သည် ဝမ်းနည်းစိတ်ဖြင့် ပြောနေမိသည်။

သူသည် ကျနော့်ကို တချက်ကြည့်ပြီး လူစီးတွဲများဖက်သို့ မျက်နှာပြန်လှည့် သွားသည်။ သက်ပြင်းချနေပြန်သည်။

ကျနော်သည်လည်း သူ့ဖက်သို့ တိုးလိုက်၏။

''ကို့စိတ်ထဲမယ် ဘယ်လိုဖြစ်နေတယ်၊ ဘယ်လောက် ချစ်နေတယ်ဆိုတာ မင်းမသိဘူး မှတ်လား၊ ကိုလဲ မပြောပြတတ်ဖူး၊ အစတုန်းက မင်းကို ကို့ညီမလေးလို ချစ်တယ်၊ နောက်တော့ မင်းကလဲ ပိုပြီး လှ လှလာတယ် မှတ်လား၊ လှလို့ချစ်တာဟာ အပြစ်လား ... ကဲ ... ပြောစမ်း ... လှတာဟာ အပြစ်လား၊ လှလို့ချစ်တာ အပြစ်လား''

သူသည် စိတ်ရှုပ်ထွေးလာသလို ခေါင်းကိုယမ်းနေသည်။

''ရထားခေါင်းတွဲဆက်ပီး ရှန်တိန် လုပ်ပီးသွားဘီ''ဟု ပြောရင်း နေရာမှ ခပ်လေးလေး ထရပ်လိုက်သည်။

''နေအုံးလေ ...''

''ရထား ထွက်တော့မယ် ...''

''မဟုတ်ဖူး ... ကိုမေးတာ ပြောပါအုံး''

''ဘာပြောရမှာလဲ''

''ကိုယ့်ကို ချစ်တယ်လို့ ပြောသွားလေ''

သူသည် တလှမ်းနှစ်လှမ်း လှမ်းပြီးမှ ကျနော့်ကို ပြန်လှည့်ကြည့်သည်။

''လူကြီးကလဲနော် … သူများ စိတ်ညစ်နေရတဲ့အထဲ ဒုက္ခပေးလိုက်တာ၊ ဒီနေ့ ငရုပ်သီးစိမ်းတွေကလဲ မရောင်းရဘူး၊ ပီးတော့ ရထား လက်မှတ်တွေ အသွားယူ အပြန်ယူ ပါဆယ်တွေလုပ်နေရ၊ ကုန်တွေမကောင်းလို့ သွန်ပစ်ခဲ့ရနဲ့ တနေ့ လေးငါးကျပ် ရှုံးနေလို့ ငိုချင်နေရတဲ့ အထဲ''

သူ ညည်းညည်းညူညူ ရေရွတ်ကာ လူစီးတွဲများရှိရာသို့ သွားနေစဉ်တွင် ကျနော်ကား နေရာမှ ထရပ်ကာ ကြည်နူးစွာ ပြုံးနေမိသည်။

သူသည် ကျနော့်ကို ''ကိုရင်မောင်ကြီး'' ဟု သုံးနေရာမှ ''လူကြီး'' ဟု ပြောင်းသွားသည်။ ''အိုတော်'' မှ ''နော်'' သို့ ပြောင်းလဲသွားသည်။

သူ ပြန်လှည့်ကြည့်စဉ်တွင် ကျနော်သည် အသံထွက်အောင် ရယ်မောနေမိ၏။ သူသည် ရထားပေါ် မတက်မီ ငိုမဲ့မဲ့ မျက်နှာဖြင့်ပင် နှုတ်ခမ်း တချက် ကိုက်ပြသွား သည်။ ကျနော်ကား ဤအပြုအမူအတွက် ထပ်၍ ကြည်နူးစွာ ရယ်နေမိပြန်သည်။

## (၃)

*၁၉၆၃ .....*

နောက်ပိုင်းရက်များ၌ သူ့ကို တွေ့မြင်နေကျ နေရာ၌ပင် တွေ့ရသည်။

သူသည် ဦးကောင်းဖုံဆိုင်ရှေ့ ထိုင်ခုံမှလှမ်းပြီး ကျနော့်ကို ကြည့်နေတတ် သည်။ နံနက် မှုံမှိုင်းဝါးဝါး၌ သူ့မျက်နှာပေါ်တွင် အပြုံးရိပ်များ သန်းနေသည်။ ရထားပေါ်သို့ ရောက်လျှင်မူ သူသည် အခါတိုင်းကလို ကျနော့်ကို တွဲဝတွင် စောင့်မနေဘဲ ကျနော် သူရှိရာတွဲသို့ ပြောင်းလာ သည်နှင့် တပြိုင်နက်တည်း ခရီးသည်များရှိရာသို့ ရှောင်တိမ်းသွားတော့သည်။

ကျနော်သည် တွဲဝတွင် ရပ်ကျန်နေခဲ့ရင်း မကျေမနပ်ဖြင့် ပြုံးနေရသည်။ သူသည် ခရီးသည်အများကြားမှ လှမ်းပြီး ကျနော့်ကို မျက်လုံး စွေကြည့်နေတတ်၏။ ကျနော် မျက်လုံး မိတ်ပြလိုက်လျှင် သူ့မျက်နှာကို ဆတ်ကနဲ တဖက်သို့ လှည့်သွား သည်။

ရထားပေါ်မှ အဆင်းတွင်လည်း သူသည် လူအများနှင့်ရောနှောကာ သုတ်သုတ် ဆင်းသွားသည်။ ခပ်လှမ်းလှမ်းရောက်မှ မသိမသာ ပြုံးပြ သွားသည်။

သူ့ကို နှစ်ယောက်ချင်း စကားပြောခွင့်ရရန် ဖန်တီး၍မရ။ ထိုသို့ စကားပြောခွင့် ရရန်လည်း ကျနော်သည် မကျိုးစားချင်။ အဝေးမှမြင်ကာ ချစ်နေရသည့် အချစ်စိတ်မှာ ကြည်နူးစရာ အဆုံးအစမရှိဟု ထင်ရသည်။

တခါတရံတွင်သာ ကျနော်သည် သူနှင့် လူချင်းကပ်အရှောင်၌ ''ချစ်တယ်'' ဟု တိုးတိုးပြောသွားမိသည်။

ကျနော် ထိုသို့ပြောသွားတိုင်း သူ့မျက်နှာတပြင်လုံး ထူပိန်းသွားစဉ်တွင် သူ့ မျက်နှာကလေးမှာ ပို၍ငြိတွယ်ဖွယ်ရာ လှလာသည်ဟု ထင်ရ သည်။

ကျနော် သူ့အနားတွင် ထိုင်သည့်အခါများတွင်လည်း သူ့မျက်နှာမှာ ထိုကဲ့သို့ ထူပိန်းနီမြန်းနေတတ်သည်။

များသောအားဖြင့် ညနေဖက် ရထားအပြန်တွင် ခရီးသည်များနည်းပါးနေသည့်နေ့တွင် ကျနော်သည် သူ့အနားနေရာလွတ်တွင် သွားထိုင်သည်။

ရွှေပန်းပင်သို့ရောက်လျှင် တနေ့တာ ငွေစာရင်းများလုပ်၍ ကျနော်သည် သူ့တွဲသို့ ကူးသွားသည်။

ကျနော်အနားရောက်လာလျှင် သူသည် ကျနော့်ကိုမကြည့်ဘဲ မျက်နှာကို ပြတင်းဝဖက်သို့ လှည့်ထားလိုက်သည်။

ကျနော်သည် သူနှင့် ကျနော့်ကြား၌ စာအုပ်များကို ပစ်ချလိုက်၏။ လည်စည်း ဖြုတ်ကာ ခေါက်သိမ်းနေရင်း သူ့ကို မသိမသာ စောင်းငဲ့ကြည့် လိုက်သည်။ နီရဲကာ ရှက်စိတ်၊ ရင်ခုန်စိတ်ဖြင့် ထူအမ်းနေသော သူ့မျက်နှာကလေးမှာ ကျနော့်စိတ်တွင် အစွမ်းကုန် လှလာနေသည်။ သူ့ မျက်နှာပြင်ပေါ်၌ ဆံပင်နုကလေးများသည် ဝဲနေ၏။ အပြင်ဖက်သို့ လှမ်းကြည့်နေသော သူ့မျက်လုံးများမှာ တောက်ပနေသည်။ သူ့ပါးများ သည် မို့ကြွနေ၏။ ညနေဆည်းဆာနေခြည်ကြောင့် သူ့မျက်နှာမှာ ပို၍ဝင်းပနေသည်။
သူ့ကို ကျနော်ကလည်း နှုတ်မဆက်။ သူကလည်း လှည့်၍ပင်မကြည့်။

တခါတရံတွင် မြို့လုပ်သို့ရောက်ပြီး သူဆင်းသွားသည်အထိ စကားတလုံးမျှ မပြောမိကြ။

ထိုသို့ စကားမပြောနေခြင်းသည်ပင် တမျိုးစိတ်ကြည်နူးဖွယ်ရာ ဖြစ်နေပြန် သည်။ သူ့ရင်ခုန်သံများကို ကြားနေရသည်ဟု ထင်ရသည်။ သူ့ရင်ထဲမှ စိတ်နှလုံးသားများနှင့် ကျနော့်ရင်ထဲမှ ချစ်စိတ်များသည် တသွေးတည်း ရောစပ်သွားသဖြင့် တယောက်ကိုတယောက် စကား တလုံးမျှ ပြောနေရန်လည်း မလိုအပ်၊ ပြောနေကြခြင်းသည်ပင် အပိုအလုပ်ဟု ထင်လာမိသည်။ ရင်ထဲ၌ ဖြစ်ပေါ်ခံစားနေရမှုတို့မှာ စကားလုံး ပေါင်း အသိန်းအသန်းဖြင့် ဖော်ပြ၍ပင် ရနိုင်မည်မဟုတ်ဟု ထင်နေမိပြန်သည်။

ရံဖန်ရံခါ၌မူ သူနှင့် ကျနော်သည် ဟိုဖက်ခုံ သည်ဖက်ခုံ မျက်နှာချင်းဆိုင် ဆုံနေမိကြ၏။

နှစ်ဦးစလုံး ရထားပြတင်းဝမှ အပြင်သို့ ငေးကြည့်မိကြသည်။

ကျနော်သည် သူ စကားပြောလာစေရန် နောက်ပြောင်နေမိပြန်သည်။

သူသည် ကျနော် စကားပြောနေသည်တို့ကို နားမထောင်ကြောင်း ပြရန် လက်ကိုင်ပုဝါဖြင့် နားကို မသိမသာ ပိတ်ထားသည်။ ရှက်စိတ်ကြောင့် ထူပိန်းနေသော သူ့မျက်နှာပေါ်တွင်ကား ကြည်နူးမှုများ ပြည့်လျှမ်းနေသည့် အပြုံးရိပ်များ ထင်နေပြန်သည်။ မျက်နှာကို တည်တည်တင်းတင်း ထားနေသော်လည်း သူ့နှုတ်ခမ်းများပေါ်တွင် အပြုံးများ ဝေ့လာနေသည်။ နှုတ်ခမ်းများသည် တင်းထားပါလျက်နှင့် အပေါ် တွန့်သွားနေသည်။

"အဲတာ ကို တကယ်ပြောတာ" ဟု ကျနော်သည်လည်း အသံကိုမြှင့်ပြီး ပြောနေ သည်။

"ကို မိန်းမယူရင် ကို တကယ်ကိုချစ်တဲ့ မိန်းမမှယူမှာ၊ လှလဲလှရမယ်၊ ကိုယ့် ထက်လဲ ငယ်ရမယ်၊ ပြုံးချင်တာတောင် မပြုံးဘဲ နေနိုင်ရမယ်၊ ခပ်တည်တည် နေတတ် ရမယ် ...

"ဒါပေမယ့် ယူပြီးရင်တော့ ရည်းစားဘဝတုန်းက ကို့ကို မခေါ်ချင်သလိုလို မပြောချင်သလိုလို နေတာတို့၊ ကိုယ့်ကို ချစ်တယ်လို့ မပြောတာတို့ ကိုလာရင် လူ ကြားထဲ ရှောင်ပြေးနေတာတို့ မေးမေးပြီး ရိုက်ရမယ်၊ တနေ့ကို နားရင်း သုံးခါလောက် အုပ်ရမယ်၊ အိပ်ရာဝင်တခါ အိပ်ရာထတခါ ထမင်းစားပြီးတခါ ...၊ ကို စကားပြောတာ ကို မကြားချင်ယောင် ဆောင်နေတာတို့၊ နားကို လက်ကိုင်ပုဝါနဲ့ ပိတ်ထားတာတို့၊ ကို့ မြင်ရင် ရှောင်သွားတာတို့၊ အဲဒီမိန်းမမျိုးဟာ မိန်းမယုတ်ခေါ်တယ်၊ ဟတ္ထနီဆိုတာ အဲဒီ မိန်းမမျိုးကို ခေါ်တာ၊ ကို အနားလာတာနဲ့ သူ့အသားကြွေသွားမှာ စိုးတယ်ထင် တယ် ...

"ကို ယူမယ့်မိန်းမဟာ မျက်နှာဝိုင်းဝိုင်းကလေး ဖြစ်ရမယ်၊ အသားဖြူရမယ်၊ ကဲ ... စကားပြန်ပြောရင်ပြော ... မပြောရင် အော်ပြောလိုက်တော့မယ်"

ကျနော်သည် သူ့ကို မျက်တောင်မခတ် စိုက်ကြည့်နေရင်း ခပ်တိုးတိုး နှစ်ခြိုက်စွာ ရယ်နေမိသည်။ ရထား ခုတ်မောင်းနေသံနှင့် ခပ်ဝေးဝေးမှ ခရီးသည်တစု ကျယ်လောင်စွာ ရယ်မောနေကြသံများသည် ကျနော့်အသံအပေါ်၌ ဖုံးလွှမ်းသွားနေသည်။

သူသည် နားမှ လက်ကိုင်ပုဝါကို ဖယ်လိုက်ပြီး ကျနော့်ကို မျက်စောင်းတချက် ထိုးကြည့်နေသည်။

"အော်ပြောလိုက်ပေါ့" ဟု ပြောနေပြန်သည်။

ကျနော်သည် မျက်နှာကို ပြတင်းဝဖက်သို့ တိုးကပ်လိုက်သည်။

"ချစ်တယ်ကွယ် ... မင်းက သိပ်လှလာတာဘဲ၊ တနေ့ထက်တနေ့ လှလာတယ်၊ ကို ကြည့်ရတာ မောနေတာဘဲ"

သူသည် ပြတင်းဝမှ မျက်နှာကို ဆတ်ကနဲ ခွာလိုက်သည်။ ကျနော်နှင့် ဝေး သွားစေရန် သူ့ထိုင်ခုံနောက်မှီ အပေါ် ကျောကို မှီလိုက်သည်။ ခေါင်းကို ခပ်မော့ မော့ မှီထားလိုက်သည်။ ထိုအခါတွင်ကား သူ၏ နေဟန်မှာ ပို၍ ကြော့ရော့လာသည်။ သူ့အလှသည် ပန်းပုရုပ်တုကလေး တခုနှင့် တူလာနေသည်။ ဆည်းဆာနေခြည်ဖြင့် သူ့မျက်နှာမှာ ရွှေရောင်ဝါလာသည်။

သူကြားလောက်အောင် စကားပြောခွင့် မရသောအခါတွင် ကျနော်သည် ပျော် ရွှင်လာနေမိပြန်သည်။

ကျနော်သည် မျက်နှာကို သူ့ဖက်သို့ လှည့်လိုက်ပြီး နှုတ်ခမ်းလှုပ်ပြသည့် နည်း ဖြင့် သူ့ကို "ချစ်တယ် ... ချစ်တယ်"ဟု ပြောနေသည်။

သူသည် ကျနော့်နှုတ်ခမ်းများ လှုပ်ပုံကို မျက်မှောင်ကြုတ်ကြည့်နေသည်။ နဖူး ကြောများရှုံ့ကာ ကျနော် ပြောနေသည့် စကားလုံးများကို လိုက်လံဖမ်းဆီးကြည့်သည်။ ကျနော် ပါးစပ်လှုပ်သည့်အတိုင်း လိုက်လှုပ်ကြည့်ပြီး သူသည် သဘောပေါက်လာကာ ပါးစပ်ကို လက်ကိုင် ပုဝါနှင့်ဆို့ကာ ရယ်နေခဲ့သည်။

အတန်ကြာမှ သူသည် ဣန္ဒြေပြန်ဆယ်ကာ မျက်နှာကို တည်တည်ထားလိုက် ပြန်သည်။

သူ၏ အပြုအမူ ဓလေ့စရိုက်ကလေးများမှာ စွဲငြိဖွယ်ရာပင်။

တနေ့ကုန်ကျွမ်းသွားပြီး ညပိုင်း အနားယူချိန်၌ အိမ်သို့ပြန်ရောက်လျှင် ကျနော် သည် အိပ်ယာထက်၌ သူ၏မြတ်နိုးဖွယ်ရာ ငြိတွယ်ဖွယ်ရာ အပြုအမူကလေးများကို ဆုံးစမထင် သတိရနေမိသည်။ ကျနော်ကား သူနှင့် အိမ်ထောင်သည်ဘဝ ရောက်ရမည့် ရက်များကို စိတ်ကူးယဉ်နေရသည်။ သူနှင့် မည်ကဲ့သို့နည်းလမ်းဖြင့် အိမ်ထောင်သည်ဘဝရောက်အောင် ဖန်တည်းရမည်ကို အရင်းအတိုင်း ဆန်းစစ်မိသည့် အခါများတွင်မူ စိတ်မောလာမိကာ ထိုအတွေးတို့ကို ဖျောက်ဖျက်ရသည်။ သူသည်လည်း သူ့ မိသားစုကို ကျွေးမွေးရန် တာဝန်ထမ်းဆောင်နေရသူ … ကျနော်လည်း အဝေးရှိ ကျနော့် မိသားစုအတွက် တာဝန်ထမ်းဆောင်နေရသူ … စသည့် အမှန်တရားများကို သုံးသပ်မိလျှင် စိတ်၌ လေးလံကာ ပင်ပန်းလာသည်။

သူနှင့် ကျနော့်ကြား၌ တွယ်တာစိတ် သံယောဇဉ်ကြိုးများသည်လည်း တချိန် ထက်တချိန် ပို၍ တင်းကျပ် ခိုင်မြဲလာနေသည်မှာ … တစထက်တစ အားကြီးလာသော ရေအလျဉ်နှင့် တူပေသည်။

နောက်ပိုင်းရက်များ၌ သူကပင် ပြန်၍ စကားပြောခွင့်ရရန် ဖန်တီးပေးနေပြန် သည်။

ညနေပိုင်းတွင် အပြန်၌ မြို့သစ်မှ ရထားထွက်လာခဲ့သောအခါ သူသည် လူစီး တွဲအဆင်း အိမ်သာနံဘေးရှိ အပေါက်ဝတွင် တယောက်တည်း ထွက်ရပ်လာတတ် သည်။

ကျနော်သည်လည်း သူ့အနားသို့ မယောင်မလည် လျှောက်သွားကာ သူ့ကျော ဖက်မှ ကာဆီးရပ်လိုက်သည်။

သူသည် ကျနော်ရောက်လာနေပြီကို သိသော်လည်း မသိချင်ယောင် ဆောင်နေ ပြန်သည်။

မှောင်ရီဆိုင်းစ အလင်းရောင်များ ဖျော့မှိန်သွားချိန်တွင် ကျနော်သည် သူ့ကျော ဖက်မှ အတန်ကြာမျှ မလှုပ်မရှား ငြိမ်သက်ရပ်နေခဲ့သည်။ သူနှင့်ကျနော် နှစ်ယောက် တည်း စကြဝဠာ အပြင်ဖက်သို့ ရောက်နေရသလိုလည်း စိတ်၌ ထင်နေခဲ့ပြန်သည်။ ရင်ထဲ၌ နွေးနေသည်။ သူ့ ရင်ခုန်သံကိုလည်း ကြားနေရသည် ထင်သည်။

သူသည် အညာ လယ်ကွင်းများကို ငေးကြည့်နေခဲ့၏။ မိုးနှောင်းပိုင်း မိုးမှုန် မိုးဖွဲကလေးများသည် လေနှင့်အတူ ပါလာကြကာ ကျနော်တို့ နှစ်ယောက်စလုံးကို လာ၍ စဉ်နေခဲ့၏။ ကျနော်သည် အသက်ကို မှျင်း ရှူနေမိသည်။

ပုလင်းတန်တားရှည်ကြီးကို ရထား ဖြတ်ကျော်ခုတ်မောင်းနေစဉ်တွင် ကျနော် သည် သူ့ ဂုတ်ပိုးစကို နောက်ဖက်မှ ငုံ့ကာ မထိတထိ နမ်းနေ လိုက်သည်။

ပုလင်းချောင်းထဲ၌ မိုးနှောင်းရေများသည် တန်တားတိုင်များကို ညင်သာစွာ ဝေ့ ပတ်အိဆင်းနေ၏။ ကျနော်သည် သူ့ပခုံးနှစ်ဖက်ကို ညင်သာစွာ ဆုပ်ကိုင်လိုက်သည်။

''ချစ်တယ်ကွယ် … ချစ်တယ် ..၊ မင်း ကို့ကို ချစ်တယ်မှတ်လား၊ ချစ်ပါတယ်၊ ချစ်ရမယ်''

ကျနော်သည် ခပ်တိုးတိုး ပြောနေမိသည်။

သူသည် ရှုန်းကန်လိုက်ပြီး ကျနော့်ဖက်သို့ ပြန်လှည့်ကြည့်နေ၏။ ကျနော် သူ့ကို ထပ်၍ ပွေ့ဖက်လိုက်လျှင် သူသည် ရက်ရက်ဖြင့် ဂမူးရှူးထိုး ရှုန်းကန်သည်။

''လွှတ် .. လွှတ် .. လွှတ်ပါ''ဟု အသံတုန်တုန်ဖြင့် ပြောနေသည်။

သူ့ရင်ခုန်သံများကို ကို အတိုင်းသား ကြားနေရသည်။

သူ ရှုန်းကန်လွန်းမက ရှုန်းကန်သဖြင့် ကျနော်သည် ပွေ့ထားရာမှ ဖြေလွှတ် လိုက်၏။ သူ့ရှေ့မှ ပိတ်ကာ တားဆီးထားမြဲ ထားသည်။

သူသည် ကယောင်ကတမ်းဖြင့် သူ့လက်တဖက်ကို လိပ်တင်နေသည်။ သူ့ကို ကျနော် စော်ကားသည်ဟု အတွေးဟောင်း ပြန်ပေါ်လာနေပြန်သည်။

''ဒီလိုမလုပ်ရဘူး၊ တကယ်ချစ်ရင် ဒီလိုမလုပ်ရဘူး ဆိုတာသိရဲ့လား၊ ဒါက လက်မှတ်စစ်က အနိုင်ကျင့်တာ ဖြစ်နေမှာပေါ့၊ သေသေချာချာ စဉ်းစားနော်''

ပြောရင်း သူ့အသံမှာ ပို၍ တုန်လာနေသည်။

သူ့မျက်လုံးပေါ်၌ မျက်ရည်များ ပြည့်လာနေပြန်သည်။

ကျနော့်မျက်နှာမှာလည်း မပြုံးနိုင်တော့ပေ။ သူ့စကားများသည် စူးရှပြင်းထန် စွာ လိုမ့်ပြေးလာပြီး ကျနော့်နှလုံးအိမ်ကို လာရောက် ထိခိုက်သွားနေပြန်သည်။

"မဟုတ်ဘူး ... မဟုတ်ဘူး" ဟူ၍သာ ကျနော်သည် ပြောနေမိ၏။

"နောက် ဘယ်တော့မှ ဒါမျိုးမလုပ်ပါနဲ့ ... ဖယ်"

သူသည် ရုတ်တရက် ကျနော့်ကို ဆောင့်တွန်းပြီး ကျနော်ငေးနေစဉ်၌ အိမ်သာ များဖက်သို့ လျှောက်သွားသည်။ ကျနော်နှင့် လွတ်သွားမှ ချာကနဲ နောက်ပြန်လှည့် လိုက်သည်။

သူနှင့်ကျနော်သည် မျက်နှာချင်းဆိုင်နေကာ တယောက်ကိုတယောက် ကြည့်နေ မိသည်။ သူ့မျက်နှာပေါ်မှ အရိုန်များသည် ပျယ်လိုက်လာနေသည်။ သူ့မျက်နှာပေါ် တွင် တဖြည်းဖြည်း အပြုံးရိပ် အပြုံးငွေ့များ သန်းလာနေသည်။

"သူ ... သူ သိပ်ဆိုးတာ"

သူက ကျနော် ကြားရုံသာ လှမ်းပြောပြီး ပီသစွာ ပြုံးလေသည်။ ခပ်ဖြည်းဖြည်း ပြန်လှည့်သည်။ ခရီးသည်များရှိရာသို့ လျှောက်သွားနေသည်။

# (၄)

*၁၉၆၄ .....*

ကျနော်လည်း တီဘီစီ အဖြစ်ဖြင့် လက်မှတ်စစ်ဆေး၊ ကုန်များကို တန်ဆာလုပ်၊ ထို နေ့စဉ် လုပ်ရိုးလုပ်စဉ် ကလေးများအတိုင်းသာ မဟုတ်တော့ပေ။ အထွေထွေ တားမြစ်ကုန်များကို ရှာဖွေဖမ်းဆီးရသည့် တာဝန်များပါ ထမ်းဆောင်လာ ခဲ့ရပြန်ပြီ။

ကျနော်သည် ဂါတ်ဗိုလ် အလဲလဲနှင့် တွဲဖက်ကာ တာဝန်ထမ်းဆောင်နေ၏။ ဂါတ်ဗိုလ် ကိုစံရီနှင့်သော်လည်းကောင်း၊ မြအုံးနှင့်သော်လည်းကောင်း၊ ချစ်ဆွေနှင့် သော်လည်းကောင်း တွဲဖက်ရသည့်နေ့များတွင်ကား ဂါတ်တွဲထဲတွင် အရက်နံ့များ တထောင်းထောင်း နံနေတော့သည်။

ကိုစံရီ ပါလာသည့်ရက်များတွင် အချိန်များမှာ ပျော်ရွှင်မြူးထူးစွာ ဖြတ်သန်း ကုန်ခမ်းသွားနေသည် ထင်ရသည်။

"ဟေ့ ... ရင်မောင်ရ ... အမှန်မှာ ဒို့ဟာ မျောက်သုံးကောင် မီးခြစ်ထဲကလို နေသင့်တာကွ၊ မျောက်သုံးကောင်မီးခြစ် မြင်ဖူးသလား၊ ဘယ်မြင်ဖူးမလဲကွ၊ အဲဒီတုန်းက မင်းဆို ငချွတ်ကလေး ရှိအုံးမှာ၊ မီးခြစ်ထဲက မျောက်သုံးကောင်လိုပေါ့ကွာ၊ မျက်စိ ပိတ်တဲ့အကောင်ကပိတ်၊ နားပိတ်တဲ့ အကောင်ကပိတ်၊ ပါးစပ်ပိတ်တဲ့ အကောင်ပိတ်၊ ဒီလို မှတ်လားကွ ရင်မောင် ... ဒို့ ဒီလို နေသင့်တာ မှတ်လားကွ။ အိုင်ဆေး ... ဝုတ် (တ) ယူနိုး ..."

"ဗမာလို ပြောပါဗျာ"

"ငါ နဲနဲမူးနေလို့ကွာ၊ အိုင်ဝမ့်(တ) တူဆေး ဘိုင် အင်္ဂလိချ်"

သူသည် "ကန့်(တ)ယူနိုး ... ကန့်(တ)ယူနိုး" နှင့် ရေရွတ်နေရင်း ဇက်ကျိုးကျလာသည်။ ရထား ဆောင့်လိုက်သဖြင့် သူ့ကိုယ်မှာ ကျနော့် အပေါ် လဲ့မှီ လိုက်ပြီးသား ဖြစ်နေသည်။ ကျနော်သည်လည်း သူ့ကို ထိန်းပေးရင်း အရက်တခွက် ကို ဖြည်းဖြည်း မော့နေမိ၏။

"ဒါပေမယ့် ဒို့မှာ တားမြစ်ကုန်တွေ ဘာတွေ ညာတွေ ရှာဖွေဖမ်းဆီးရမယ့် တာဝန်ကြီးတွေ ပခုံးထက်မှာ ရှိတယ်ကွ၊ အွန်(န) ရှိုး(လ) ဒါး ... ဦးလည်မသုန် ထမ်းဆောင်ရမယ်၊ ဒီလို မှတ်လားကွာ ...

"အေး မြဲမြဲမှတ်ထား ... မှတ်ထား ... မှတ်ထား ... တာဝန်ဆိုတာ များများကြီး လုပ်ပေးရမယ်၊ ဒါမှ ... ဒို့လို လုပ်သားသူရဲကောင်း တွေအတွက် လုပ်အားခတွေ များ များကြီး ကျန်မယ်၊ ဒီလိုမှတ်လား ... ကဲ အခု ဘယ်လောက်ရပလဲ၊ ဘာကွ ... တဆယ် ... တဆယ်ထဲ ... ထပ်တရီး ...

“ငါဝမ်းနည်းတယ်ကွာ … ဝမ်းနည်းကြေကွဲ ပူဆွေးသောက ရောက်နေရဘီ ရင်မောင် … ညီလေး၊ ငါက ရထားကြီး တစင်းလုံးကို ခြေဖဝါးတော်မြတ်အောက် ထိုး အပ်ထား … ပီးတော့ မသိချင်ယောင်ဆောင်လို့၊ မျောက်သုံးကောင် မီးခြစ်ထဲကလို မျက်စိပိတ် နားပိတ် ပါးစပ်ပိတ် နေရသူပါကွာ … ညီလေး ..၊ ရထားကြီး တစင်းလုံး ကို မင်းလုပ်ချင်သလို လုပ်နေတယ်၊ ကောင်မတွေလဲ အများကြီးပါတယ်၊ မင်း .. မင်း ဟာ ဧကရာဇ်ပါကွာ …ဟုတ်ဘူးလား … ကြက်ဖကြီးပါကွာ၊ ဧကရာဇ် ကြက်ဖကြီး … ပီးတော့မှ ပိုက်ဆံကလေး တဆယ်ထဲရတယ်တဲ့ဗျား၊ တဆယ် … တဆယ် … တဆယ်ထဲ…၊ အို … အိုင်အင်(မ) သကင်း(က) အော့ (ဖ) သည် ဟိုး(လ) ထရိန်း … ပြောစမ်းကွာ … ဟော့ကောင် ဘောက်ဆာ ရင်မောင်ကြီး … အကိုကြီးရဲ့ ညီလေး၊ မင်း ငါ့ကို ပတ်တယ်ကွာ၊ အို … အိုင်ဝမ့်(တ)တူကစ် … ပလိ(စ်)”

သူသည် ကျနော့် ပခုံးကိုဖက်ပြီး နမ်းရန် ကြိုးစားပြန်သည်။

ထို့နောက် ကျနော့်ကို ထိုးလိုက်ရန် လက်သီးကို အားတင်းဆုပ်ကိုင်နေရင်း အမူးသမား ဝမ်းနည်းခြင်းဖြင့် ဝမ်းနည်းလာကာ မျက်ရည်တ တွေတွေ ကျလာနေပြန် သည်။

“ဟော့ … မင်းနဲ့ငါနဲ့ ထိုးမလား၊ မအေပေးလေး … မထိုးရဲပါဘူး၊ အေး .. ကောင်းတယ် ကောင်းတယ်၊ မှတ်ထားကွ၊ ငွေ … ငွေ … ငွေ၊ ငွေဆိုတာ ရအောင်ရှာ ရတယ်ကွ၊ ဘာတဲ့ ဟိုသီချင်း … ငွေ … ငွေ … ငွေဆိုတာဘာကိုခေါ်တယ်၊ ငွေကိုသာ ရအောင်ညှစ်မယ်၊ ယောက္ခမ … ယောက္ခမ … ယောက္ခမ မျက်နှာချိုတယ်၊ ကျနော့် မယားက မျက်နှာချိုတယ်၊ မူးမယ် … သောက်မယ်၊ လမ်းလယ်မှာဆဲဆဲ လူကိုတွဲလို့ အိမ်ထဲခေါ်မယ်၊ အိပ်ရာထဲရောက်အောင်ခေါ်မယ်ဗျာ့ … ဟား … ဟား – ဘာတဲ့ကွာ မအေပေးလေး ငွေမရှာတတ်တဲ့ ဘုရား အ လောင်းလေး … အယိန်မဒေးယျ အလောင်းတော်လေး … ။”

“ဟော့ … မိုးဆိုတာရွာရတယ်ကွ၊ များများရွာရတယ်၊ အခု ရွာနေတာ ဒို့မိုးကွ၊ ဒို့ရဲ့မိုး၊ ချစ်သောမိုး၊ ဘာတဲ့လဲကွ ဟိုသီချင်း ဒီမှာလေကွာ ရွှေမိုး … ငွေမိုးရွာတော့ ခင်ပျိုမေကို သတိရတယ် ရွှေမိုးငွေမိုးရွာတော့ ညိုညိုခင်ကိုသတိရတယ်၊ ဟော့–ရွှေမိုး ငွေမိုးရွာတော့ ထကွာ … ထကွာ … ကရအောင်ကွာ ဟော့ … ရွှေမိုးငွေမိုးရွာတော့”

ကျနော်လည်း ကိုစံရီကြီးနှင့် လက်ချင်းတွဲကာ ဝိုင်းကြီးပတ်လည် ကနေသည်။ နှစ်ယောက်သား သံပြိုင် အော်ဆိုနေသည်။ ရထားသည်လည်း တဂျောင်းဂျောင်း မြည် နေသည်။ ကျနော်တို့၏ နက်တိုင် အစိမ်းစများသည် လေထဲ၌ ပျံကာသန်းကာ ဝဲနေသည်။

အမှန်တွင်ကား ဤသို့ ပျော်ရွှင်မြူးထူးနေခြင်းမှာ အခိုက်အတန့်မျှသာဖြစ်၏။ တချက်တချက်တွင် ရထားကြီးကို မည်သူတွေက ရပ်တန့်စစ်ဆေးလိုက်မည်နည်းဟု စိုးရိမ်စိတ်ကလေးဝင်လာလျှင် အမူးသည် ခဏမျှပြေသွားရတော့သည်။ ကျနော်တို့လို ပင် လမ်းနံဘေးရှိ တောကြီးများသည်လည်း ဝေ့ကာဝေ့ကာ ကျန်ရစ်ခဲ့ နေခဲ့သည်။

စင်စစ်တွင် ကျနော်တို့သည် အမှောင်ထုကြီးအထဲ၌ လျှောက်သွားနေရခြင်းကို ရုံဖန်ရံခါ၌ မေ့လျော့နေကြသည်။ ရှေ့ တနေရာရာ၌ နက်ရှိုင်းလှသည့် အသူတရာ ချောက်ကြီးတခု တားဆီးထားနေသည်ကိုလည်း မသိမြင်ကြ။

နံနက်မိုးမလင်းမီ၊ ရထားမထွက်မီအချိန်တွင် တောင်တွင်းကြီးဘူတာရုံ ပလက်ဖောင်းအစွန်း မှောင်ရိပ်ကျရာနေရာများ၌ မှောင်ခိုသမားများသည် ပုန်းလျှိုးကွယ်လျှိုး စောင့်နေကြသည်။

သူတို့ကမူ ကျနော်တို့ကို ဒုက္ခပေးမည်မဟုတ်။ သူတို့သည် သစ္စာရှိ၏။ သူတို့ သာ ထောင်တန်း အကျခံလိုက်ကြသော်လည်း ကျနော်တို့ကို ဆွဲထည့်မည် မဟုတ် သဖြင့် အမှောင်လမ်း၌ လျှောက်နေရသော်လည်း ကျနော်တို့အတွက် ချောက်ကမ်းကြီး မှာ အလှမ်းဝေးကွာနေပြန်သည်။ သူတို့ကို ကျနော်တို့သည် ငွေယူကောင်းရုံမျှသာ ချောက်လှန့်ကြသော်လည်း ပိတ်ကား မပိတ်ပင်။

နံနက်၌ မှောင်ရိပ်များတွင် သူတို့အုပ်စုများကို တွေ့ရလိမ့်မည်။ လင်ယောကျ်ား ရှိပါလျက် ဖါထက်ပို၍ပျက်စီးနေသော မအေးမြင့်၊ အပျိုကြီး အမည်ယူထားသော မအေးရွှေ။ ရထားပေါ်တွင်သာ အိပ်တတ်သော သင်းသင်း၊ နုနု။

မညွန့်ရီသည် သူ၏ ပိသာချိန် ခုနှစ်ဆယ်နီးပါး လေးသည့်ကိုယ်ကြီးကို ဖေါ့ကာ တွဲနှစ်တွဲကြား အမှောင်ရိပ်တခုတွင် ကျနော့်ကို ရပ်စောင့်နေတတ်သည်။

ဘူတာရုံဖက်မှာ မီးရောင်လဲ့လဲ့ ကင်းနေသော်လည်း သူရပ်နေရာဖက်တွင်ကား မှောင်နေသည်။ သူ့ကို အမှောင်ထဲမှ အရိပ်တခုအဖြစ်ဖြင့် တွေ့ရသည်။ ကျနော် ဖြတ် လာနေစဉ် သူသည် ချောင်းတချက်ဟန့်လိုက်၏။

“ကိုရင်မောင်”ဟု တီးတိုးခေါ်လိုက်သည်။

“ဘယ်သူလဲ … မရွှေဥလား”

“မနောက်စမ်းပါနဲ့၊ ဒီနေ့ ဂါတ်ဗိုလ် ဘယ်သူလဲ”

"ဘုန်းကြီးထွက်ပါ"

"ဦးအောင်ကြီးလား၊ တော်သေးတာပေါ့၊ ကျမက ဟိုမသာလားလို့ ရင်ထဲကို ထိတ်နေတာ"

သူသည် အကြောက်ပြေကာ ပိသချိန် အတန်ငယ်လေးလံသည့် သူ့ရင်အုံကြီးပေါ် လက်ဖြင့် ဖိထားလိုက်သည်။ မောင်ခိုလုပ်သော်လည်း လိုအပ်သည်ထက်ပို၍ အလျော့မပေးတတ်သူ၊ မာနရှိသူဖြစ်သောကြောင့် အချို့ဂါတ်ဗိုလ်များ ရဲသားများနှင့် မတည့်။ အမြဲတန်းမူးကာ ဘရမ်းဘတာ ဖြစ်နေတတ်သော ဂါတ်ဗိုလ်ချစ်ဆွေ ပါလာသည့်နေ့ဆိုလျှင် သူသည် မောင်ရိပ်ထဲမှ ခြေဖေါ့နင်းကာ နောက်ဆုတ်ထွက်ခွာသွား သည်။

သူသည် အသက်အစိတ်ပင် ပြည့်ဦးမည်မဟုတ်။ သူ့ခန္ဓာကိုယ်ကြီးနှင့် မလိုက်လျောသော မျက်နှာကလေးမှာ နုနယ်လှပနေပြန်သည်။

ကျနော်လည်း သူ့နံဘေးတွင် ခဏမျှ ရပ်နေသည်။ သူ၏ လူသာမန်တို့ထက် ပို၍ ပြင်းထန်သော အသက်ရှူသံကို ကြားနေရသည်။

ကျနော်သည် သူ့ကို သွားကျိုး နေသည့် အဖိုးကြီး ဦးပေါ်လာနှင့် နောက်ပြောင်နေကျလည်းဖြစ်ကာ ဦးပေါ်လာကို သတိရလာသည်။

"ဘယ်သူတွေပါသေးလဲ၊ ဦးပေါ်လာကြီးကော"

"တော့ ပထွေးကြီး ပါပါတယ်"

"အမယ် ... ခုမှ ဟိုလွှဲဒီလွှဲ လုပ်မနေပါနဲ့ မညွှန့်ရီရယ်၊ သိပါတယ်ဗျာ၊ ဘယ်သူနဲ့ မခွဲဘဲ တတွဲတွဲ အမြဲနေတယ်ဆိုတာ"

"တော်စမ်း ... အမေညွှန့်လဲ ပါတယ်၊ မညွှန့်တင်လဲ ပါတယ်၊ ကိုပိုက်လဲ ပါတယ်"

"အဲဒါတွေအရေးမကြီးဘူး၊ မညွှန့်ရီ အတ္တဘောကြီးကို လူတိုင်း မှတ်မိနေကြတာ ခက်တယ်၊ မောင်ခိုလုပ်ရင် ဖျတ်ဖျတ်လတ်လတ် ရှိမှပေါ့၊ ကြောင်လို ပေါ့ပေါ့ပါးပါး"

"ကျမလဲ သိတ်စိတ်ညစ်တာ၊ သံပုရာသီးသောက်ရင် ပိန်တယ်ဆိုလို့ တနေ့ကို သံပုရာသီးငါးလုံးသောက်တာ သောက်လေ ပိုဝလာလေ၊ အအိပ်ဆင်ခြင်ဆိုလို့ ဆင်ခြင်မှ ထမင်းပိုစားကောင်းလာပြန်ကော"

သူသည် အသံကို ထိန်းပြီးရယ်နေသည်။

"အခုတလောတော့ နဲနဲကြည့်ကောင်းလာပါတယ်"ဟု ကျနော်သည် ရယ်သံဖြင့် ပြောနေသည်။

"အမယ် ... မျက်နှာကလေးကတော့ လှပါတယ် ပြောအုံးမလို့လား၊ ဖြီးမနေစမ်းပါနဲ့၊ တော်ကြာ တော့ကောင်မ မြင်ရင် ကျုပ်ကိုအထင်သေးနေအုံးမယ်၊ ဒီနေ့ နာနတ် သီး တင်မလို့တဲ့ လိုက်လာတယ်"

"သူကလေးကို ပြောတာလား"

"ဟုတ်ပါတယ်ရှင်၊ သူကလေးပါ ... ညိုညိုလေ ...၊ ကိုရင်မောင်ရဲ့ မရွှေဥလေး"

"ကဲ ... ဒါဖြင့် ကျနော် ကြွတော့မယ်"

"ကြွပါ ... ကြွပါ ..."

ကျနော်သည် ရယ်မောရင်း ထိုနေရာမှ ခွာလာခဲ့သည်။

ညိုညို ပါလာသည့်နေ့ဆိုလျှင် ထိုသို့ပင် ကျနော့်ထံသို့ တယောက်မဟုတ် တယောက်က သတင်းပို့သည်။

သူသည် မောင်ခိုကုန်များကို မကူးဘူးသေး။ သင်းသင်း၊ နုနုတို့နှင့်တွဲပြီး ကျောက်ပန်းတောင်းအထိကား လိုက်ပါလာနေသည်။ အစက သင်းသင်းနှင့် နုနုသည် ရထားလက်မှတ် ယူစီးနေကြသော်လည်း ကျနော်နှင့်ခင်မင်လာသောအခါ လက်မှတ် မယူတော့။

နေ့ခင်းဘက် ခရီးသည်များ နည်းပါးနေတတ်သော သားမျှားနှင့် လေးအိမ်ကြားတွင် ကျနော်သည် သူတို့တွဲသို့ ကူးသွားတတ်သည်။

ညိုညို့အနားမှ ထိုင်ခုံအားတွင် ထိုင်လိုက်လာခဲ့သည်။

သင်းသင်းနှင့် နုနုတို့က ကျနော့်ကို ပြုံးပြ နှုတ်ဆက်ကြသော်လည်း ညိုညိုသည် ကျနော်ရောက်လာသည်ကို လှည့်၍လည်း မကြည့်၊ စကားလည်း မပြော။ ကျနော်ထိုင်လိုက်လျှင် သူ့မျက်နှာမှာ ရှက်နေဟန်ပေါ်နေသည်။ သူသည် ရထား ပြတင်းဝမှ အပြင်ဖက်သို့သာ လှမ်းမျှော်ကြည့်နေကာ အနေအထိုင် ကျဉ်းကျပ်ဟန် ပေါ်လွင်နေသည်။

ထိုသို့ သူက လှည့်မကြည့်၊ စကားမပြောဘဲ နေခြင်းမှာ ကျနော့်အတွက် ကြည်နူးစရာ တမျိုးလို ဖြစ်နေပြန်သည်။

တခါတရံတွင် ကျနော်သည် သူ့အဖော်များကို စကားတဖောင်ဖောင် ပြောရင်း သူ့ကို စနေတတ်သည်။ သူသည် လှည့်မကြည့်ဘဲနှင့် ပြုံးနေတတ်၏။ သူ၏ ဣန္ဒြေ ဆယ်ထားရာမှ ဟန်မဆောင်နိုင်သဖြင့် ဖြစ်ပေါ်လာရသော အပြုံးများမှာ နှစ်သက်စွဲငြိ စဖွယ်ပင်။ မျက်နှာ တခြမ်းကိုသာ မြင်နေရသည်။

"ကျနော်ဗျာ တကယ်ပြောတာပါ၊ သင်းသင်းတို့ နုနုတို့ကို တကယ်ခင်တာ၊ တချို့ကျတော့လဲ ကျနော်ကသာ ခင်ရတာ၊ ကျနော်ခင်သလို ကျနော်ချစ်သလို ပြန်ချစ် ကြတာ မဟုတ်ဘူး၊ သိပ်ရိုင်းစိုင်းကြတာ၊ ကျနော် ဘယ်သူ့မှ စောင်းပြောနေတာ မဟုတ်ဘူးနော် ...၊ သိပ်ရက်စက်ကြတာ၊ ကျနော်ကတော့ ဒါဟာ ဟိုဘဝကဝဋ်ဘဲ၊ အတုံ့အလှဲ့ဘဲဆိုပြီး တရားနဲ့ ဖြေပါတယ်၊ ဒီလို တရားနဲ့ဖြေမှဘဲ တန်ကာကျမှာ မှုတ်လား။ ဘာတဲ့ဗျာ ... ဣတ္တိဝဂ် နဒီဝဂ် ဆိုတာ ကြားဘူးကြသလား၊ မိန်းမဟူဘိ ထိုဣတ္တိကား မြစ်၏သဘော ကောက်ကွေ့တတ်၏ တဲ့၊ မိန်းမဆိုတာ မရှိမကောင်း ရှိမကောင်း မှုတ်လားဗျာ၊ မပေါင်းလည်းခက် ပေါင်းဘို့ခက်တဲ့ ... ဒီလို မှုတ်လားဗျာ၊ ဒါကြောင့်ထင်တယ် တချို့များ ကျနော်လာမှ မျက်နှာလွှဲချင် လွှဲထားတတ်ကြတာ၊ လှည့်တောင် ကြည့်ကြတာ မဟုတ်ဘူး၊ သူတို့ကြည့်ချင်တဲ့ လူကျတော့ သူတို့ကကို လိုက်ကြည့်မှာ မှုတ်လား၊ သူစကားပြောချင်တဲ့ လူကျတော့လဲ နားညည်းလာလို့ နားရင်းရိုက်ချင်လာအောင် ပြောမှာဘဲ"

သင်းသင်းသည် ပါးစပ်ပိတ်ပြီး ရယ်နေ၏။ ကျနော်သည် ညိုညို့ ပခုံးကို ဆွဲလှည့်ပစ်လိုက်ချင်လာသည်။ ကျနော်သည် သင်းသင်းတို့ နာနတ်ခြင်းများအောက် တွင် ထန်းလျက် ပါမပါ မေးကာ သူ့ကိုစနေပြန်သည်။

"ကျမတို့ ထန်းညက်ပါတယ်လို့ ပြောပြီးတာကော ..."

"ဒိပြင်လူ တောင်းထဲမှာကော ..."

"အဲတာတော့ တပည့်တော်တို့ မလျှောက်တတ်ဘူးလေ ...ဒိပြင်လူကို မေးကြည့် မှပေါ့"

"ဒိပြင်လူက အ ယ နေတာဘဲဗျာ၊ စကားမှ မပြောတတ်တာ"

ညိုညိုသည် လှည့်မကြည့်ဘဲ ပါးစပ်ကို လက်ကိုင်ပုဝါ၏နှင့် ဆို့ကာ ရယ်နေ သည်။

အတန်ကြာမှ "ဒိပြင်လူဆိုတာ မအေးသွယ်ကို ပြောနေတာ နေမှာ"ဟု ပြောနေ သည်။

သူ့အဖေါ်များသည် ပြုံးကာ ကျနော့်ကို ကြည့်နေကြ၏။

ကျနော်သည်လည်း အမှတ်မထင် ရယ်မောနေရသော်လည်း နေ့စဉ် အချိန်နှင့် အမျှ ကျနော့်ရင်ထဲ၌ စိုးရိမ်သောက စိတ်ကလေးများသည် အမှတ်မထင် ဖြစ်ပေါ်နေခဲ့ ၏။ ထို သောကစိတ်များသည် ဆပွားကြီးထွားလာနေခဲ့၏။

ကျနော်သည် သင်းသင်း မျက်နှာကလေးကို အမှတ်မထင် ကြည့်နေရင်း ... လွန်ခဲ့သည့် ညတညက တောင်တွင်းကြီးရထားပေါ်တွင် ဤမိန်းကလေးနှင့် နယ်ဖက် ရှာဖွေရေး ရဲသားသုံးဦး အတူအိပ်ခဲ့ကြသည်ဆိုသော ပေါက်ကြားလာခဲ့သည့် သတင်းကို သတိရလာပြန်သည်။

မအေးသွယ်ဆိုလျှင် ဖြစ်ချင်တိုင်း ဖြစ်နေခဲ့၏။

မအေးမြင့်လို လင်ရှိမယား တဦးသည်လည်း ဖြစ်ချင်တိုင်း ဖြစ်နေ၏။

နုနု၏ သတင်းများကိုလည်း ကျနော်သည် ကြားခဲ့ပြီး။

အသက်မရှူ ရပ်ထားသော်လည်း ဤအနံ့ဆိုးကြီးများမှာ နှလုံးအိမ်ကို ဖုံးလွှမ်း လာနေကြ၏။ စက်ဆုတ်စွာ ပျို့အန်ချင်လာနေရသည်။

အတန်ကြာမှ ကျနော်သည် သူတို့အနားမှ ထလာခဲ့သည်။ လူရှင်းသော အိမ်သာထောင့်ဖက် တွဲပေါက်ဝတွင် ရပ်ပြီး ကျနော်သည် အဝေရှိ တောင်ခြောက်ကုန်း များကို အဓိပ္ပာယ်ကင်းမဲ့စွာ ငေးကြည့်နေမိပြန်သည်။ ကုန်းစောင်းများ၊ ယာခင်းများ၊ တောင်ကုန်းငယ်များနှင့်ယှဉ်ကာ ချောင်းကလေးတခုသည် ရထားနှင့် ဘေးချင်းယှဉ် လိုက်လာနေ၏။

နီးကပ်လာလိုက်၊ ဝေးကွာသွားလိုက်။ ကျနော်ကား ညိုညို့ကို ဘာကြောင့် ချစ်မိလာသလဲဟု မေးကြည့်နေမိ၏။ စိတ်နှလုံးအိမ်ထဲတွင် ဘာ့ကြောင့် သူလာ၍ ငြိတွယ် လာနေခဲ့ရသနည်း။ ထို တွယ်တာစိတ် သမုဒယသည် ဘယ်ဆီက မြစ်ဖျားခံ စီးဝင် လာခဲ့ရသနည်း။

ရက်ပေါင်းများစွာပင် ကျနော့်တွင် ညိုညိုနှင့် ပတ်သက်သည့် သောကစိတ်များ ဖြင့် ရှုပ်ထွေးလာနေခဲ့ရသည်။ သူ့တွဲဖက် သင်းသင်းနှင့် နုနု တို့၏ ပုပ်ဟောင်စ ပြုလာသော သတင်းများကို မမှန်ပါစေနှင့်ဟု ဆုတောင်းနေရ၏။

သည်အချိန် အခါတွင်ကား ဘာမျှ ဆန်းပြားတော့သည် မဟုတ်။

အဖိုးတန်မိန်းကလေးတဦး ဖါဖြစ်သွားသည်မှာ ထူးဆန်းသော အကြောင်းအရာ မဟုတ်။

ရင်ထဲတွင် တမြေ့မြေ့ နာလာနေရသည်။ ကျနော့်မျက်စိ ရှေ့မှောက်၌ ဖြစ်ချင် တိုင်း ဖြစ်နေကြသည်တို့ကို မြင်ချင်တိုင်း မြင်နေရ၏။

ညိုညိုကိုယ်တိုင် ထန်းလက်မှောင်ခိုသူ ဖြစ်လာမည်ကို မစိုးရိမ်၍မရ။ ညိုညို၏ ယခုအခါဝင်ငွေမှာ ကုန်စိမ်းအလုပ်ကို အများက ဝိုင်းလုပ် နေကြပြီဖြစ်သဖြင့် ဟိုစဉ်က တဝက်မျှသာ ရှိတော့မည်။ သူ ဝယ်ယူစားသောက်ရသည့် အခြားကုန်ဈေးနှုန်းများက ယခင်ကထက် ဆယ်ဆမျှ တိုးမြင့်သွား၏။ ထို့ကြောင့် ခုအခါ၌ ညိုညိုတို့မိသားစုမှာ ယခင်က စားသောက်ရသည်ထက် အဆ နှစ်ဆယ်ပုံတပုံမှသာ စားသောက်နေထိုင်ရ သည်ဟု အဓိပ္ပာယ် ထွက်ရှိနေခဲ့ပေပြီ။ သူ့ အိမ်ထောင်စုမှာ သူ့ လုပ်စာကလေး အပေါ်၌သာ မှီတွယ်နေရ၏။

သူဘယ်လမ်းကို လျှောက်ရမည်နည်း။

သူ့ဝမ်းရေးအတွက် သူ ဘယ်လမ်းကို ရွေးရမည်နည်း။

ကျနော်ကား အသက်ရှူ၍မရ။ နှလုံးသားများသည် အသက်ရှူပေါက်ဝ၌ ပိတ်ဆို့ကာ အသက်ရှူလမ်းကြောင်းကို ဖြတ်တောက်ထားတော့သည် ထင်၏။ မွန်းလာသည်၊ မောဟိုက် နွမ်းနယ်လာသည်။ ကျနော်သည် ရထားနှင့် ယှဉ်ပြေးလိုက်လာနေသော၊ ငြိမ်းအေးနေသော ကောင်းကင်ပြာ ကြီးကို မော့ကြည့်နေရင်း ကောင်းကင်ပြာ ကြီးကို ပင်လယ်ပြင်ကြီးဟု ထင်လာနေပြန်သည်။

ပင်လယ်ပြင်ကြီး၌ မုန်တိုင်းကြီးများ တိုက်ခတ်လာ၏။ ကြီးမားလှသော လှိုင်းလုံးကြီးများသည် အရာရာကို သူတို့ခြေထောက်အောက် ချနင်း ကာ ချိုးဖျက် ချေမှုန်းပစ်ရန် ပြေးလာနေသည်။ ပင်လယ်ပြင်ကြီးအတွင်း၌ လှိုင်းသံ၊ မုန်တိုင်းသံ၊ ကယ်ပါယူပါ တစာစာ အော်ညည်းကြ သံများ ဆူညံပွက်လောရိုက်နေသည်။

ညိုညို့ကို သတိပေးနေသည့်နေ့ကလည်း သတိပေးရန် စီစဉ်ထားသည့် စကား လုံးများသည် နှလုံးအိမ်မှ ပျို့တက်လာကြကာ လည်ချောင်းဝ၌ တစ်ဆို့နေကြသဖြင့် ကျနော်သည် အတော်နှင့် ပြောမရခဲ့။ စိတ်၌ စူးရှစွာ နာကျင်လာခဲ့သည်။

ထိုနေ့က စကားပြောရန် ရှိသည်ဟု ချိန်းထားခဲ့သဖြင့် ညိုညိုသည် ကျောက် ပန်းတောင်း ဘူတာရုံအနီးမှ ကုက္ကိုပင် တပင်အောက်တွင် ကျနော့်ကို စောင့်နေခဲ့၏။

ခရီးသည်များလည်း မရောက်သေး။

ကျနော်သည် သူ့အနား၌ ဝင်ရောက်ထိုင်နေစဉ်တွင် သူ့ကို ဘာကဘယ်လို စပြောရမည်ကို တွေး၍မရနိုင်။ သူကမူ သူ့ကို ရည်းစားစကား ပြောမည် ထင်နေသဖြင့် မျက်နှာတပြင်လုံး ရက်သွေးကြွနေခဲ့သည်။ ကျနော့်ကို မရဲတရဲ မော့ကြည့်လိုက်ပြီး ရှက်ရှက်ဖြင့် ပြုံးပြလိုက်သည်။ ချက်ချင်း သူ့ခေါင်းကို ငုံ့ထားလိုက်သည်။ သူနှင့် ကျနော်သည် အတူယှဉ်ထိုင်နေသော်လည်း ခပ်ကွာကွာဖြစ်၏။

ကုက္ကိုရွက်ကလေးများသည် သူ့ပခုံးပေါ်တွင် တင်နေရစ်၏။

ကျနော်သည် ဝေးဝေးရှိ ကုက္ကိုပင်များ ဝန်းရံနေသော အုတ်ကန်ဖက်သို့ လှမ်း ကြည့်နေမိသည်။ အုတ်ကန်ဟိုဖက်၌ မင်းပုန်းတောင်နှင့် ခေါင်းထိတောင်မကြီးကား ညို့ဆိုင်းနေကာ ကျနော်နှင့် ဆန့်ကျင်ကာ အေးမြနေဟန်ပေါ်နေသည်။ အပေါ်၌ တိမ်တတိုက်သည် ဖြေးဖြေး ညင်ညင် ရွေ့လျားနေသည်။

"သူ ဘာပြောမလို့လဲ"

သူက စတင်မေးလိုက်သံမှာ ရှက်သွေးကြွကာ၊ ကတုန်ကယင် ဖြစ်ကာ ညင်သာ နူးရွသော ကဗျာလေးတပုဒ်လိုပင်။ ထိုကဗျာကလေးသည် ဖြူစင်သော သူ့နှလုံးသားမှ ပြေးဆင်းလာနေသည်။

ကျနော်လည်း သူ့ကို မည်မျှချစ်မိကြောင်း လေးနက်ခိုင်မာသော စကားလုံးများ ရှာဖွေရွေးချယ်ကာ ပြောနေရသည်။ ကျနော်ပြောချင်သော အကြောင်းအရာကိုမူ ဦးတည်၍မရနိုင်။ ကျနော်သည် မပြောရက်နိုင် ဖြစ်နေ၏။

“ကိုပြောချင်တာက ညိုညို ... အခု မင်း ထန်းညက်တင်နေပလားလို့ မေးမလို့၊ ဘယ်လို စမေးရမှန်း မသိဘူး၊ မမေးရက်ဘူး။ နာနတ်ခြင်းတွေအောက်က ထန်းညက် ထည့်ယူနေပလားလို့၊ မလုပ်သေးဖူး ဆိုတာကို သိပါတယ်၊ ဒါပေမယ့် မင်းကိုချစ်တာက တသက်လုံး ချစ်သွားရမှာမှုတ်လား၊ တသက်လုံး စောင့်ရှောက်သွားရမှာ၊ ဒါတော့ ကို ဆုံးဖြတ်ပြီးသားဆိုတာ ပြောပြီးဘီမှုတ်လား၊ အခွင့်အခါသင့်လာရင် ကိုတို့ လက်ထပ်ကြမှာပေါ့ကွယ်၊ ဗမာလိုပီပီသသပြောရင် ဒို့ယူကြမှာမှုတ်လား၊ ရှက်မနေစမ်းပါနဲ့၊ ဒါကို အဓိကထားပြောနေတာ မဟုတ်ပါဘူး၊ မင်း ထန်းညက်မတင်မိအောင်လို့ ကို ပြောချင်တာ မင်းလဲသိပါတယ်လေ၊ ထန်းညက်တင်ကြရင်ပေါ့ကွယ် မှောင်ခိုလုပ်ကြရင် ဘာဖြစ်သလဲ ဆိုတာပေါ့၊ ဖမ်းနိုင်ဆီးနိုင်တဲ့သူမှန်သမျှ ဘယ်လောက် မျက်နှာချို သွေးကြရတယ် ဆိုတာပေါ့၊ နောက်ဆုံး တကိုယ်လုံးပုံပြီး လိုချင်သလို သုံးပါတော့လို့ သူတို့ကို ထိုးအပ်လိုက်ရတာဘဲ၊ ဒါဟာ ထမင်းငတ်လို့ မလုပ်မဖြစ်တော့လို့ လုပ်ကြရ တယ်ဆိုတာ ကို မသိလို့ပြောနေတာ မဟုတ်ဖူးနော်၊ ကို ဘယ်သူ့မှလဲ အပြစ်မတင်ပါ ဘူး၊ ကိုသိပါတယ်လေ ...။

“ဒါပေမယ့် မင်းမလုပ်စေချင်ဘူး၊ မင်းမလုပ်ရဘူး၊ ဒီလို ပိတ်ပင်တာ ကို မတရားဘူးလို့ထင်ပါတယ်၊ ဒါပေမယ့် မင်းမလုပ်ရဘူး၊ နောက်ဆုံး တနေ့ကွယ်... မင်း မလုပ်လို့ မရတော့တဲ့နေ့ ရောက်လာရင်လဲ ဒီမှာကွယ် မျက်ရည်မဝဲစမ်းပါနဲ့၊ အဲဒီနေ့ မှာ ကို လူသတ်မိမှာဘဲထင်တယ်၊ ဒါပါဘဲ၊ မပြောချင်တော့ဘူး၊ မောလာတယ်၊ စိတ် မောလာတယ်”

ကျနော့် ရင်ထဲတွင် အမှောင် အဝိဇ္ဇာတရားများ ပိတ်ဆို့ ကာဆီးနေသည် ထင် နေရသည်။

မြင်းလှည်းသံများကြားရပြီး မှောင်ခိုသမားများ စောစီးစွာ ရောက်ရှိလာနေကြသည်။ ကိုရွှေယောက်နှင့် သူ့သားသုံးယောက်သည် ထန်းလျက်များကို အပြေးအလွှား သယ်ယူနေကြ၏။ လူစီးရထားပေါ်တွင် မီးရထားရဲသားများသည် အိပ်ပျော်ချင်ယောင် ဆောင်နေကြ၏။

ညိုညို့မျက်လုံးအိမ်ထဲတွင် မျက်ရည်များ ပြည့်လာနေသည်။

သူက ...

“သူများ ... သူများ ...၊ မလုပ်ပါဘူး၊ သူ မလုပ်နဲ့ဆိုရင် မလုပ်ပါဘူး ...”

ပြောရင်း ပြောနေရင်း အသံများ တုန်ယင်လာနေသည်။

သူက ထိုသို့ပြောနေစဉ်တွင် ကျနော်ကား သူ့ကို တားဆီးပိတ်ပင်မိခြင်းမှာ မတရားဟု ထင်လာနေပြန်သည်။ သို့သော် ဤသို့ တားဆီးပိတ်ပင်ရမည်ဟု ထပ်၍ ဆုံးဖြတ်နေမိ၏။ ကျနော်သည် ခံစားမှုမရှိဘဲနှင့် သူ့လက်တဖက်ကို ဖမ်းဆုပ်ကိုင်ထား နေမိ၏။

ပြောစရာမရှိဘဲနှင့် “ညိုညို”ဟု တိုးတိုး ညည်းညည်း ခေါ်နေမိပြန်သည်။

## (၅)

ဂါတ်ဗိုလ်မြအုံးနှင့် တွဲဖက်ရသည့်နေ့များတွင် ရထားကြီး ကျောက်ပန်း တောင်းမှ ပြန်လှည့်ထွက်လာကတည်းက ကျနော်နှင့် မြအုံးသည် ဂါတ်တွဲအတွင်း၌ ထန်းရည်များ စတင်သောက်လာခဲ့သည်။ ရထားကြီးသည် ကြွယ်ဝတောင်အနီးမှ တဆစ် ချိုးကွေ့လိုက်ကာ ခေါင်းထိ တောင်မကြီးဖက်သို့ ပြေးနေ၏။

“ရင်မောင်ရ မီးရထားဖက်မှာ အမှုထမ်းနေရတယ်ဆိုတာဟာ ချောက် ဟိုဘက် ဒီဘက် ကြိုးတန်းလျှောက်နေရတာကွ၊ လိမ့်ကျရင် အရိုးအသားရှာလို့ရမှာ မဟုတ်ဘူး။ ဒါတော့ သိတာပေါ့ကွ ဟုတ်ဘူးလား၊ ဒါပေမယ့် စားစရာရှိလာတော့ လူဆိုတာ စားမှာဘဲ၊ စားတဲ့လူရဲ့ အပြစ်လို့ မင်းပြောရဲသလားကွာ။

“ဟား ... ဟား ... ဘယ်ပြောလို့ဖြစ်မလဲကွ၊ ပါးစပ်ထဲ လာခွံ့တော့ စားမှာပေါ့ ကွာ၊ ရင်မောင် ... ဘယ်နေ့အလုပ်ပြုတ်မလဲလို့ ဘယ်တော့မှ မတွေးနဲ့ကွ၊ ဘယ်တော့ ထောင်ကျမလဲ၊ ဒါတွေသာ လိုက်တွေးနေရရင် ရူးမှာဘဲ၊ မိုက်လို့ မီးရထားဖက်ဝင်လုပ် တာလို့ သတိပြု၊ သူများတကာတွေထက် စားရဲရမယ်ကွ၊ ရဲရဲတောက် စားရဲရမယ်၊ ဒါပေါ့ကွာ၊ အေး ... အေး ... ဟုတ်တယ်... ဟုတ်တယ်... မှန်တယ်ကွာ ... ဟားဟား၊ ဒို့ စားတာလေးတွေတော့ လူသိတယ်၊ လူမြင်သူမြင် စားတာကိုးကွ၊ ရိုးရိုးသားသား စားကြသောက်ကြတာကိုးကွ၊ ဟား ... ဟား”

ကျနော်ကား မြအုံးနှင့် တွဲနေရစဉ်၌ မြအုံး၏ အဘိဓမ္မာများကို နှစ်သက်နေပြန် သည်။ “ဟုတ်တယ် မိုက်ရမယ် ... မိုက်ရမယ်”ဟု ကျနော်သည် ထောက်ခံနေ၏။

တခါတရံ၌ မြအုံးသည် အင်တောကျယ်ဘူတာမှ ထွက်ခွာလာခဲ့လျှင် အလံပင် မပြနိုင်လောက်အောင် အမူးရှိန်လွန်လာတတ်၏။

သူသည် ရထားပေါ်၌ ယိမ်းထိုးနေရင်း ကြက်မောက်ဆည်ထိပ်မှ ထုံးဖြူဖြူ စေတီကို လှမ်းဝတ်ပြုရင်း သူ့ကိုယ်သူ မြိုင်ထမင်းသားကြီးဟု ထင်သွားပြန်သည်။

သူသည် ကိုယ်ကို အနိုင်နိုင်မတ်ရင်း ထရပ်လိုက်၏။

တောင်တတန်း ... မြောင်စမ်းရယ်တို့ရစ်ခါခွေ ...
မေဓာဝီသမင်မရယ်ကွယ် တော ... တော ... သာတဲ့မြေ။
ဗုဒ္ဓဟေ ... ဟေ ... စံနေတဲ့မြိုင်တကြော ...
နတုန်းကွယ် ဟိုစဉ်က ... ပျော်စံရှင် ... ပျော်စံရှင်
သစ္စာသုံးတယ် ... ကွယ် ... ငုံးမင်း ... ငုံးမင်း ...
မြိုင်တော ... တော ဟော့အော် ...။

“ရင်မောင် ... တပဲ့လေး ... ငယ်ကျွန်ကြီး၊ ကိုယ်တော်မြတ်ရဲ့အသံ မကောင်း ဘူးလားဗျာ”

“ကောင်းပါ့ ... ကိုယ်တော်လေး”

သူသည် နက်တိုင်စကိုဆွဲပြီး မင်းသားကြီးဟန်ဖြင့် ဆက်၍ ဟဲနေပြန်သည်။

“ငယ်ကျွန်ကြီး၊ ကိုယ်တော်မြတ် နောက်တော်ပါးက တဖဝါးမကွာ ရေပူရေချမ်း ကမ်းလှမ်းလို့ ... အင်း ... လိုက်ပါရတာများ ပျော်ရဲ့ မဟုတ်လားကွဲ့၊ ကောင်းပါ့ဗျာ .. ကောင်းပါ့ဗျာ၊ ဒါကြောင့် ဟို ရှေးစာဆိုများက ဆိုခဲ့တယ်မဟုတ်လား၊ တပည့်ကောင်း မှန် ပန်းကောင်းပန်တဲ့၊ ကဲ ... ငါ့တပည့်ကြီး ဘယ်ပန်းပန်ချင်သလဲ ပြောလိုက်စမ်း၊ တောင်းတဲ့ပန်းကို ချက်ချင်း ဖြတ်ပေးလိုက်မယ်”

ညောင်တိုဘူတာမှ ထွက်ခွာလာခဲ့ချိန်တွင်ကား နောက်ထပ် တွင်တွင်သား သောက်လာခဲ့သဖြင့် အမူးရှိန်မှာ အမြင့်ဆုံးသို့ ရောက်နေရာ မြအုံးသည် မဟန်နိုင်ဘဲ တချက်နှစ်ချက် ထိုးအန်လိုက်၏။

“မူးတယ် ... မူးတယ် ... အားကြီး မူးတယ် မမြသိန်းကို ငါယူမယ်” ဟု အော်ဟစ် သီဆိုနေပြန်သည်။

“မမြသိန်းမှာ လင်နဲ့ဗျ” ဟု ကျနော်သည် သတိပေးနေ၏။

“လင်လင်ကွာ ... ဟေ့ ... လက်ခုပ် နာနာတီးပေးကွာ၊ ငါ ကမယ်၊ မူးတယ် ... မူးတယ် ... အားကြီးမူးတယ်၊ မြသိန်းလင်ကို ငါယူမယ်”

“ဟေ့ ... မူးတယ် ... အားကြီးမူး ... မူးတယ်၊ မြသိန်းလင်ကို ငါယူမယ်”

မြအုံး၏ အကသည်လည်းကောင်း ကျနော်၏ လက်ခုပ်သံသည်လည်းကောင်း ပင်းချောင်းအနီးကပ်လာလျှင် အရှိန် လျော့ကျသွားသည်။

“ပင်းချောင်းနား ရောက်လာဘီနော်”

မြအုံးသည် ခပ်တိုးတိုး ရေရွတ်ကာ သူ့ထိုင်ခုံသို့ လျှောက်သွားပြီး ဒယိမ်းဒယိုင် နှင့် ထိုင်လိုက်လေသည်။

ပင်းချောင်းသို့ရောက်လျှင် ပင်းချောင်းရဲများနှင့် ပင်းချောင်းရုံပိုင်က ရထားကို ရပ်တန့်ကာ ရှာဖွေကြတော့မည်ကို နှစ်ယောက်စလုံး သတိရလာသည်။ သည်အချိန် တွင်ကား ရထားကြီးတစင်းလုံးမှာ တိတ်ဆိတ် ငြိမ်သက်လာသည်။ မအေးမြင့်၊ မအေး ရွှေတို့မှာ ပင်းချောင်းရုံပိုင် အောင်နိုင်မြင့်နှင့် မတည့်သူများဖြစ်ရာ အိမ်သာများ အတွင်းသို့ ဝင်ရောက်ပုန်းအောင်းနေကြတော့မည်။ ကျနော်၏ ခပ်ရိပ်ရိပ်အမူးမှာလည်း ပြေစပြုလာသည်။

မြအုံးသည် သက်ပြင်းတချက်ချလိုက်၏။

“စဉ်းစားကြည့်ကွာ ဒါဟာ အောင်နိုင်မြင့် ဘဝင်ကိုင်တာကွ၊ သူ့ကိုယ်သူ ရုံပိုင် ဆိုပီး ဒို့ဆီက အာဏာလုယူတာကွ၊ ခွေးမသား သူက သူ့အဘတွေအားကိုးပီး ရထား ပေါ်တက်ရှာ၊ ဟိုအကောင်တွေက မနေ့တနေ့က ပြူစောထီးက အရေခွံ ပြောင်းဝတ်လာ တာ၊ ဟေ့ ... ဖြစ်ချင် တာဖြစ်ဟေ့ သောက်ဂရုမစိုက်ဘူးကွ၊ မြအုံးကွ ... အိပ်မယ်ဟေ့ ... အိပ်မယ်ဟေ့၊ မြအုံးအိပ်မယ်ဟေ့”

မြအုံးသည် သူ့ထိုင်ခုံပေါ်တွင် မှီအိပ်ချလိုက်၏။

ပင်းချောင်း တောမြို့ကလေးသည်လည်း ကွေ့ထဲတွင် ပေါ်လာနေသည်။ ကျနော် သည်လည်း တဖက်ထိုင်ခုံပေါ်တွင် လှဲအိပ်ပစ်လိုက်လေသည်။

ပင်းချောင်း ရှာဖွေရေးများမှာ ထန်းလျက် တပိဿာပင် မချန်။ ပင်းချောင်းရှိပိုင် ဂျပု ခေါင်းဆောင်ကာ ရထားကို အကြာကြီးရပ်ပြီး ရှာဖွေဖမ်းဆီးနေတတ်၏။

တခါတရံတွင် ပင်းချောင်းမှ ရှာဖွေဖမ်းဆီးပြီး ရထားကြီးထွက်ခွာလာချိန်တွင် ကျနော်သည် သင်းသင်းတို့အနား၌ ရောက်နေတတ်၏။ ကျနော်သည် မှောင်ခိုသမား များ၏ ဆုတောင်းမေတ္တာ ပို့သကြသံများကို အနီးကပ် ကြားနေရတတ်သည်။

မညွန့်ရီနှင့် မညွန့်တင်တို့ ညီအမသည် ကျနေသော မျက်ရည်များကို လူမမြင် စေရန် သူတို့မျက်နှာများကို အပြင်ဖက်သို့ လှည့်ထားသည်။

"ကဲ ... ဘာလုပ်စားကြမလဲ၊ အရင်းလဲ ပြုတ်ပီ"

ပြောနေသံများ ကြားရသည်။

သက်ပြင်းချသံများ ကြားရ၏။

ရထားတွဲပေါ်တွင် စိတ်မချမ်းသာမှုများသည် တနေရာမှ တနေရာသို့ တောမီးလို ကူးစက်ပြန့်နှံ့သွားနေသည်။ တွဲပေါ်တွင် ငြိမ်သက်နေလျက် တငွေ့ငွေ့လောင်နေ သည်။ မအေးသွယ်၏ ရှိုက်သံကို ကြားရသည်။ သင်းသင်းနှင့် နုနုတို့လည်း သူတို့ နာနတ်ခြင်းများကိုပါ ဆွဲချထားလိုက်ကြသဖြင့် ကျနော့်ရှေ့တွင် ငိုမဲ့မဲ့ဖြစ်နေသည်။

မအေးမြင့်နှင့် မအေးရွှေတို့သည် အိမ်သာများထဲမှ ထွက်လာကြ၏။

မီးရထားရဲ တပ်ကြပ် ပိန်ပိန်ပါးပါး သဘောကောင်းသည့် အဖိုးကြီးသည် ပုတီး စိတ်နေရင်း သူ့အိတ်ကပ်ထဲမှ ငွေများကို ထုတ်ယူပြီး မအေးမြင့်နှင့် မအေးရွှေတို့ ထွက်လာသောအခါ ပြန်ပေးနေသည်။

"ဒါကြောင့် ငါပြောတာ၊ နင်တို့ပိုက်ဆံ မယူပါရစေနဲ့လို့၊ ပီးတော့ ငါတို့ကို အနိုင်ကျင့်ပီး ငါတို့ခုံအောက်မှာ နင်တို့ဟာတွေ လာထားကြတာ၊ ခုလိုမိတော့ မကောင်းဘူး၊ သာစိန်အကြောင်းလဲ နင်တို့သိတယ် မှုတ်လားဟ၊ အလုပ်ပြုတ်ရင် နင်တို့ လာလုပ်ကျွေးနေမှာ မဟုတ်ဘူး၊ ငါတို့ကိုလည်း ပြန်သနားကြပါအုံးဟာ ... ၊ ခုတော့ လချီး ... ငါတို့ကချည့် နင်တို့ကိုသနားနေရတာ"

ညိုညိုမှာ ထန်းလျက်တင်သူ မဟုတ်သဖြင့် ... ဤစိတ်ပျက်စရာများမှာ သူနှင့် မဆိုင်ဟု ထင်ရသော်လည်း သူ့ထံသို့ပါ ကူးစက်နေကာ သူသည်လည်း မျက်နှာ မလန်းတော့ပေ။

ကျနော်သည် သူငေးကြည့်နေရာ ပင်းကန်တော့ တောင်တန်းကြီးကို ကြည့်နေ ရင်း ..."ဘယ်တော့ သူလဲ ထန်းလျက်တင်မလဲ"ဟု တွေးနေခဲ့၏။ တောင်တန်းကြီးမှာ အေးငြိမ်းနေဟန် အသွင်ကား ပေါ်နေလေသည်။

တွဲဖက်သို့ မျက်နှာ ပြန်လှည့်လိုက်လျှင် သူနှင့်ကျနော်သည် မျက်နှာချင်း ဆုံနေမိကြပြန်သည်။

သူ့မျက်နှာကလေးမှာ နွမ်းနယ်နေသော်လည်း သူသည် ပြုံးပြရန် ကြိုးပမ်းနေသည်။ သူ့မျက်လုံးများမှာ ယခင်ကလို ရှန့်မနေတော့ပေ။ သူသည် ယခုတဏ္ဍ၌ကား လူကြီးကလေးလို သိမ်မွေ့နေသည်။ သူ့မျက်လုံးများသည် ညှိုးပျနေ၏။ သူ့စိတ်ထဲမှ ကျနော့်ကို စကားပေါင်း မြောက်များစွာ လှမ်းပြောနေသလို ထင်မိနေရပြန်သည်။

အခြားသူများက ထန်းလျက်များ အသိမ်းခံရသဖြင့် နလုံးကြေကွဲနေကြသလို .. သူသည်လည်း ထန်းလျက်မတင်ရသဖြင့် သူတို့ စားဝတ်နေရေးမှာ မည်မျှ အခြေအနေ ယိုင်နဲ့နေရပြီကို ပြောပြနေသလို ခံစားနေရပြန်သည်။

ကျနော်လည်း သူ့အပေါ်၌ မည်မျှ တွယ်တာနေမိပြီကို သူ့မျက်နှာကလေးကို ငေးကြည့်နေရင်း ရှာဖွေကြည့်နေမိ၏။ သူ့မိသားစု စားဝတ်နေရေးကို ကျနော်တာဝန် ယူနိုင်မည့် နေ့ရက်များကား မျှော်လင့်ချက်မရှိအောင် ဝေးနေမြဲ ဖြစ်သည်ကိုသာ ထပ်ပြန်တလဲလဲ တွေးလာနေမိ၏။ အခွင့်အရေး သာနေခိုက်တွင် မိုက်မိုက်ကန်းကန်း ငွေရှာလိုက်လျှင်ကား ဘာမျှကြာလိုက်မည်မဟုတ်။ ထိုသို့ပင် လုပ်သင့်နေပြီဟု တွေးလာမိပြန်သည်။ အတူနေလိုစိတ်များသည် တားမရ ဆီးမနိုင် ရင်ထဲတွင် ဖြစ်ထွန်းနေ ၏။ အကြင်လင်မယား အဖြစ်ဖြင့် တအိုးတအိမ်တွင် အတူနေရခြင်းသည်ပင် နိဗ္ဗာန် ဖြစ်လိမ့်မည်ဟု တွေးနေမိသည်။

"သူများတော့လေ ... သိလား၊ ဘယ်တော့မှ ထန်းလျက်မတင်ဘူး၊ ငတ်သေပါစေ၊ ဒါလောက် စိတ်မချမ်းသာရတဲ့ အလုပ်ကို ဘယ်တော့မှ မလုပ်ဘူး"

သူသည် ကျနော် ကြားရုံသာ စကားကို ခပ်တိုးတိုး ပြောနေခဲ့၏။

ကုလားမျောတန်တားကို ဖြတ်ကူးနေဆဲ၌ ရထားသံသည်လည်း ဆူညံနေသည်။ သူ့မျက်လုံးအိမ်၌မူ ဟန်ဆောင်တင်းထားရသော မျက်ရည်များသည် အပေါ်ယံသို့ လှိုက်တက်လာနေကြပြန်ပြီ။

ဤနောက်ပိုင်းရက်များတွင်ကား သူသည်လည်း ကျနော်နှင့် ဆက်ဆံရာ၌ ရှန့် မနေတော့ပေ။ ချစ်သူများအဖြစ်ဖြင့် ပွဲ့ဖက်ယုယခြင်း မပြုဘူးကြသော်လည်း သူနှင့် ကျနော်သည် တယောက်မျက်နှာကို တယောက်ကြည့်ကာ ပြိုင်တူ ပြုံးလာတတ်ကြ သည်။ တယောက်စိတ်ထဲမှ ပြောနေသော စကားများကို တယောက်စိတ်အာရုံဖြင့် ကြားသိနေရသလိုပင် ထင်လာမိကြသည်။

သူသည် သူ့အနား၌ ကျနော်လာထိုင်တတ်သဖြင့် သူ့နံဘေးခုံပေါ်တွင် တောင်းတခုခုတင်ထားကာ ကျနော့်အတွက် နေရာလုပ်ထားတတ်သည်။ ကျနော်လာမှ ဖယ်ရှင်းထိုင်ရသည်။ ကျနော်လာထိုင်လျှင် သူသည် မျှော်ငေးနေသော မျက်လုံးများ ဖြင့်ကြည့်ကာ မသိမသာ ပြုံးပြတတ်၏။ ကြာသော် ကျနော်သည်လည်း သူရှိရာသို့ အလာများလာသည်။ ကျနော် မလာလျှင်လည်း သူသည် ပြတင်းဝမှ လှမ်းလှမ်းပြီး ကျနော်ရှိရာသို့ မျှော်ကြည့်သည်။

နေ့စဉ်လိုပင် ကျနော်သည် သူတို့ ထမင်းစားချိန်တွင် သူတို့နှင့် ဝင်ရောက်စားသည်။

ညောင်တိုကို ကျော်လာခဲ့လျှင် သူတို့ ထမင်းထုပ်များ ဖြေစားလေ့ရှိသည်။ သူသည် ကျနော့်အတွက်ပါ ထမင်းဟင်းများ ပိုထုပ်လာသည်။ ညောင်တိုဘူတာ၌ ဟင်းများဝယ်ပြီး ကျနော်သည် သူတို့တွဲဆီသို့ တက်လာခဲ့သည်။

သူ့နံဘေး နေရာလွတ်တွင် ဝင်ထိုင်သည်။

ညောင်တိုမှ ထွက်လာပြီး ထမင်းထုပ်ဖြည်ကာ နှစ်ယောက်အတူ မျက်နှာချင်းဆိုင်၊ လက်ချင်းဆုံ စားရချိန်များ၌...ကျနော့်စိတ်ထဲတွင် ကြင်စဦး အကြင်လင်မယား လို ယုံကြည်နေမိခဲ့သည်။

ထိုအခါတွင် သူ့မျက်နှာမှာလည်း ရှက်သွေး ကြွနေပြန်သည်။

ကျနော်သည် ဟင်းများကို သူ့ဖက်သို့ တိုးပေးလိုက်သည်။ သူသည် မျက်လွှာ ကြီးပင့်ပြီး ကျနော့်ကိုကြည့်သည်။ သူ့ မျက်တောင်ကော့ကြီးများသည် စင်းကျနေ၏။ သူ့နှုတ်ခမ်းများမှာ အပြုံးရိပ်များ ဝေ့နေသည်။

သူကလည်း ဟင်းတဖတ်ဆယ်ပြီးမှ ကျနော့်ဖက်သို့ ပို့မပေးရဲသဖြင့် အလယ်တွင် ချထားသည်။ ကျနော် ယူစားလိုက်မှ ပြုံးလိုက်သည်။

"အော် ... သူတို့များကျတော့လဲ ကြင်နာနေလိုက်ကြတာ" ဟု သင်းသင်းသည် တဖက်မှ ခပ်တိုးတိုးပြောနေကာ နုနုက ရယ်နေသည်။

ထိုအခါတွင်ကား ညိုညိုသည် ချက်ချင်း ခေါင်းငုံ့သွား၏။

"ဒါပေါ့ဗျာ ... ချစ်စခင်စ မှတ်လား"

ကျနော်ကလည်း ခပ်တိုးတိုး ပြန်နောက်နေသည်။

ညိုညိုသည် မစားရဲ မသောက်ရဲ ဖြစ်နေခဲ့၏။

"သူ ဘယ်တော့မှ ထမင်းလာမစားနဲ့"ဟု ခေါင်းငုံ့ရင်း ပြောနေသည်။

ကျနော်သည် ကြည်နူးစွာ ရယ်နေမိ၏။ ထမင်းစားပြီး လက်ဆေးရာ၌ ကျနော်သည် သူနှင့်ပြိုင်တူ တခွက်တည်းဆေးရန် စောင့်နေလိုက်သည်။ သူ့လက်နှိုက်ထားမှ ကျနော့်လက်များကို နှိုက်လိုက်သည်။ သူသည် လက်များကို ကမန်းကတမ်း ပြန်ရုပ်လိုက်ပြီး ကျနော့်ကို မျက်စောင်းထိုးကြည့်သည်။ သူ့မျက်လုံး ဝင်းစက်စက်ကြီးများမှာ အရောင်ရွှန်းလက်ကာ ရယ်မောနေသည် ထင်ရသည်။

အင်တောကျယ်သို့ ရောက်လျှင် "သူ သွားတော့လေ" ဟု ညိုညိုသည် တိုးတိုး သတိပေးတတ်၏။

ရှေ့တွင် နောက်ဆုံး ကျောက်ပန်းတောင်း ဘူတာသို့ ဆိုက်ရောက်တော့မည် ဖြစ်သဖြင့် ကျနော် သူတို့အနားမှ မခွာ၍မဖြစ်။ ကျနော်သည် ဂါတ်တွဲသို့ ပြောင်းရွှေ့သွားရမည်ကိုပင် သူနှင့်ကျနော် ဝေးကွာသွားကြသလို စိတ်၌ ထင်နေမိပြန်သည်။ သူကလည်း ကျနော့်ကို သူ့အနားမှ ခွဲခွာ သွားစေ့ချင်ပုံမရ။ ကျနော့်စိတ်၌ သူ့အနားမှ မခွာချင်ဖြစ်နေပုံကိုလည်း သူသည် သိနေပုံရပြန်သည်။ သူ့နှုတ်ခမ်းများမှာ ကျနော့်ကို နှစ်သိမ့်စေရန် ပြုံးရိပ်ရိပ်လုပ်ထားသည်။

ကျနော်သည် သူ့အနားမှထလာခဲ့စဉ် သူသည် ကျနော့်ကို လိုက်ကြည့်နေပြန် သည်။ ကျနော် အပေါက်ဝသို့မရောက်မီ သင်းသင်းနှင့် နုနုတို့သည် တခုခုပြောပြီး တိုးတိုး ကျိတ်ရယ်နေသည်။

"အဲဒီလိုမပြောပါနဲ့ဟယ် ..."

ညိုညို၏ပြောသံကို မသဲမကွဲ ကြားရသည်။

"အမယ် ... မိညိုရယ်၊ သူ့လူထိတော့ နာတတ်လိုက်တာ၊ လွန်ကို လွန်လွန်း တယ်၊ မုန်းလာရောဲ၊ ဒို့လဲ ရည်းစားထားဘူးပါတယ်၊ ဒီလောက် မသဲပါဘူး"

"သဲရတယ်တော်"

နောက်ဖက်မှ ညိုညို၏ ခပ်အုပ်အုပ် ရယ်လိုက်သံမှာ သံလိုက်သံ ရှင်နေလေသည်။

## (၆)

***ကုန်စိမ်းသည်မကလေး ညိုညို***

ထိုမှ နှင်းသည်းထန်လာသော နောက်ပိုင်းရက်များတွင်ကား ရထားကြီး ခုတ်မောင်းနေပုံမှာ မနိုင်သော ဝန်လေးကြီးတခုကို တညည်းညည်း တညူညူ ဆွဲရုန်းသွား နေရသည်နှင့် တူလာခဲ့သည်။

တောင်တန်းကြီးများသည်လည်း မြူများ ဆိုင်းတွလာနေသည်။

အပြန်ခရီးတွင် ရွှေလင်ပန်းဘူတာသို့ ရောက်လာခဲ့လျှင် ရထားတဖက်ဘေးရှိ နေဝန်းသည် ဝင်လုဆဲဆဲ ကျဆုံးလာနေသည်။

ကျနော်သည်လည်း ညိုညို့အနီး ထိုင်ခုံတခုပေါ်၌ ထိုင်နေရင်း ငွေစာရင်းအင်းများကို တွက်ချက်နေရင်း ညိုညို့အတွက် စိတ်သောကဖြစ်စရာများကို တွေးလာနေရ သည်။ သူမပြောပြဘဲနှင့် သူရင်ဆိုင်ဖြေရှင်းနေရသော အခက်အခဲများကို ကျနော်သည် သိနေခဲ့၏။ သူ့အတွင်းစိတ်မှ အလင်းအမှောင်များသည် သူ့အပြုအမူ၊ သူ့ မျက်နှာပြင်ပေါ်တွင် ပေါ်နေခဲ့သည် ထင်သည်။

ဤ ရက်ပေါင်းများစွာ အတွင်းတွင် သူ့မျက်နှာမှာ တနေ့ထက်တနေ့ ပိုမို မှိန်ဖျော့လာနေသည်။ သူ့မျက်လုံးမျှည်းပေါ်မှ တောက်ပမှု အရောင်များသည် မှိန်ဖျော့သွား၏။ သူ၏ အားငယ်စိတ်မှာ မျက်နှာပြင်ပေါ်တွင်လာ၍ ထင်နေသည်။ သူသည် သူ့အဖေါ်များ ရယ်စရာ ပြောနေသည်ကို ရယ်သော်လည်း နှစ်နှစ်ခြိုက်ခြိုက် ရယ်နေသည်ကို မတွေ့ရတော့။ ဟက်ဟက်ပက်ပက် စကားပြောသည်ကိုလည်း မတွေ့ရ။ အတွင်းစိတ်များ အားငယ်လာသောအခါ အပြင်ရုပ်သည်လည်း တဖြည်းဖြည်း သိမ်ငယ်လာနေသည်။

သူသည် တယောက်တည်း အပြင်ဖက်သို့ကြည့်ကာ ငေးနေတတ်၏။ မယ်မယ် ရရတွေးတောကာ အတွေး၌ နစ်မြုပ်နေပုံမျိုးလည်း မဟုတ်။ အားငယ်သဖြင့် သူ့ ပခုံး စွန်း နှစ်ဖက်သည်ပင် နိမ့်ကျသွားသည် ထင်ရသည်။ သူ၏ အနားဖွာစပြုလာသည့် ဆေးရောင်မှိန်နေပြီဖြစ်သော အင်္ကျီအနီမှာလည်း သူ၏ အားငယ်နေမှုကြောင့် ပို၍ စုတ်ချာနေသည်ထင်ရသည်။ တဖက်သို့လှည့်နေစဉ် သူ့ကျောဖက်မှ မြင်နေရသော်လည်း ကျနော်သည် သူ့မျက်လုံးအိမ်ထဲတွင် မျက်ရည်များ ပြည့်နေသည်ကို ခံစား မြင်နေရသည်။

ဆီမလိမ်းနိုင်သော သူ့ခေါင်းမှ ဆံပင်များသည် လေဝှေ့သဖြင့် တဖွာဖွာ လွင့် နေ၏။ အုန်းဆီဈေးသည်လည်း ဆယ်ဆမျှ မြင့်နေခဲ့ပြီ။ တခါ တရံ၌မူ သူသည် ပဲဆီများ သုတ်လာခဲ့၏။ ပဲဆီနံ့ထွက်လာမည်ကို သူသည် စိုးရိမ်သောကဖြစ်နေကာ သူ့ ကိုယ်ကို ကျနော်နှင့်အဝေးဆုံး နေရာရောက်အောင် တိုးနေသည်။ ပဲဆီနံ့ ထွက်လာ မည်ကို ရှက်နေသော်လည်း သူ့ခေါင်းမှ ပဲဆီနံ့မှာ ဝေ့နေသည်။

သူ့ရင်ထဲ၌ ဖြစ်နေသည့် သောကများကိုမူ သူက ပြောပြနေသလို ခံစားနေရ သည်။ ဤရက်များအတွင်း၌ အပန်းနာဖြစ်နေသော သူ့မိခင်၏ အခြေအနေမှာလည်း ဆေးဝါးမသုံးနိုင်တော့သဖြင့် ပို၍ဆိုးရွားလာနေသည်။

"အမေ့ဖို့ ဆေးတဖုံ ဖေါ်ချင်တယ်၊ ဆေးတဖုံ ဖေါ်နိုင်ရင်တော့ ကောင်းမှာ၊ ဆေးဖေါ်ဖို့ ပိုက်ဆံဘယ်ကလာမလဲ၊ ပိုက်ဆံတွေ မိုးပေါ်ကကျလာ ရင် ကောင်းမှာပေါ့လေ"

သူ တွေးနေပေမည်။

"အမေ့ ဆေးတဖုံဆို ငါးကျပ်၊ အမေ သိပ်ပိန်နေဘီ၊ ညက အမေ ချောင်းဆိုး လိုက်တာ တညလုံးဘဲ၊ မောလဲ မောနေတယ်၊ ငါနှိပ်ပေးရ သေးတယ်၊ အမေ့ရင်အုံက အသားမှ မရှိတော့တာဘဲ၊ အသားတွေ ဘယ်ရောက်ကုန်ပါလိမ့်မလဲ၊ မောင်ရင် ဘယ်သွား ဆွမ်းခံသွား ရောဘယ် သွား ကြောင်ချီသွားဆိုတာလို ထင်တယ်၊ မဆိုစကောင်း ဆိုစကောင်းနော်၊ ငါဆေးမဖေါ်နိုင်တာနဲ့ အမေ သေသွားနိုင်တယ်၊ ဘယ်မယ်ဆိုလား ထမင်းတော်လို့ ကျွေးဉတူးစားကြတာ တွင်းထဲလိမ့်ကျတာ အားပြတ်နေတာ ပြန်မတက် နိုင်တာနဲ့ သေသွားတယ်တဲ့၊ သရောကြီးခိုင်းတယ် ဆိုတာပေါ့နော်၊ သရောကြီးဆိုတာ မယ်ဒလင်လိုဟာမျိုးကို ခေါ်တာနေမှာထင်တယ်၊ အဲဒါက တရောဘဲ ...

“ဒါနဲ့ဘဲ အမေ သေချင်သေသွားမှာ၊ အေးလေ လူတွေသေနေကြတာဘဲ မှုတ်လား၊ မြန်မြန် သေကြတော့လဲ မြန်မြန် ဝဋ်ကျွတ်တာပေါ့လေ၊ အမေ မသေခင်ပါ ဘူး၊ မနက်က ငါလာတုန်းကဘဲ အိပ်ရာထဲကလှမ်းပြီး ငါ့ကို အားကိုးကြည့် ကြည့်နေတယ်၊ ငါ့ကို မြှော်နေမယ်၊ ငါလာရင် ဆေးပါလာမယ်လို့ အောက်မေ့နေမှာ၊ အမေက ပြောတယ်၊ ထန်းညက် လေးငါးပိဿာ တင်လာခဲ့ပေါ့တဲ့၊ ထန်းညက် လေးငါး ပိဿာဆိုရင် လေးငါးကျပ်ရတာ၊ ဆေးတဖုံ ဖေါ်နိုင်တာပေါ့လေ၊ ကောင်ကလေး စာအုပ်ဝယ် ခိုင်းတာလည်း မဝယ်နိုင်ဘူး၊ အိမ်ကျရင် မီးထွန်းစရာ ရေနံဆီလဲ ကုန်နေတယ် ...”

“ထန်းညက်တင်ရင် လူတကာကို ချော့နေရတာ၊ မကောင်းတဲ့မိန်းမဖြစ်သွားမှာ၊ ပြီးတော့ သူတို့ဖမ်းတယ်ဆိုတာ ငါ့ပစ္စည်း မှုတ်လား၊ ငါ့ပစ္စည်းကို သူတို့ပေးလိုက်ရမှာလား၊ ငါမပေးဘူး၊ မှောင်ခိုလုပ်တယ်ဆိုတာ မကောင်းပါဘူးလေ၊ ရထားပေါ်မှာ နေရတာတောင် ကိုယ့်ကို မကောင်းတဲ့ မိန်းမလယ်လို လူတွေက ကြည့်နေတာ၊ မှောင်ခို အလုပ်ဟာ မကောင်းတဲ့အလုပ်၊ ငရဲကြီးရှစ်ထပ်မှာ ခံရမယ့်အလုပ်၊ အကုသိုလ်အလုပ်၊ ငရဲကျတယ်ဆိုတာ ပွက်ပွက်ဆူနေတဲ့ ဆီအိုးကြီးထဲ ကိုယ်တုံးလုံးချွတ်ပြီး ဆင်းရတာ၊ ကြောက်စရာ ကောင်းလိုက်တာ၊ ငရဲအနီးကလေးဆိုရင်တော့ ငရဲအိုးထဲကဆီတွေ သွားခပ်လာခဲ့ ... တောင်တွင်းကြီးမှာ ရောင်းရရင် ကောင်းမှာ၊ အို ... အဲတာလဲ မဖြစ်သေးပါဘူး၊ ဆီတွေကို ဖမ်းကြအုံးမှာပေါ့၊ ဆီဆိုတာလဲ မှောင်ခိုကုန်ဘဲ မှုတ်လား ...”

သူသည် အတွေးတွေ အလျဉ်ပြတ်ပုံမရှိ။

မြို့သစ်မှ လွန်လာခဲ့လျှင် နီညိုနေခဲ့သော နေဝန်းကြီးသည်လည်း စုပ်စုပ်မြုပ် ဝင်သွားခဲ့သည်။ အမှောင်ရိပ်များ သန်းလာနေပြန်သည်။ ဤရက်များတွင်ကား သူ့ကို မြင်တွေ့နေရပုံမှာ စိတ်ထိခိုက်ဖွယ်ရာ ပန်းချီကားတချပ်ကို ကြည့်နေရသလိုပင်။ သူ့ အနား၌ ထိုင်နေရင်း ကျနော်သည်ပင် အသက်ရှူကျပ်ကာ နွမ်းနယ်လာနေရသည်။ သူနှင့် ကျနော်ကား မမြင်ရသောကြိုးတချောင်းဖြင့် ဆက်နွယ်ထားကာ သူခံစား နေရသည်တို့မှာလည်း ... ထိုကြိုးမှတဆင့် ကျနော့်ကို လာ၍ ရိုက်ခတ်နေသည်။

အစောပိုင်းရက်များက သူပြုံးလျှင် သူ့ပါးချိုင့်ခွက်ကလေးနှစ်ခု အပေါ်၌ ယိမ်း ခါလှုပ်ရှားကာ တဖျတ်ဖျတ် အရောင်လက်နေသော အပြာရောင် ကျောက်ကလေးများ မြှုပ်နှံထားသည့် နားဆွဲကလေးသည် နောက်ပိုင်း သူ့မျက်နှာ ညှိုးမှိန်လာခဲ့သော နေ့များတွင်မူ အရောင်မှိန်ဖျော့ကာ ညစ်ထိုင်းလာနေသလိုပင်။

တနေ့သောအခါတွင် ဤနားဆွဲကလေးကိုပင် သူ့ပါးပေါ်၌ မတွေ့ရတော့ပေ။

နားတောင်းမရှိတော့သည့် နောက်ပိုင်းရက်များ၌ သူ့မျက်နှာမှာ ပို၍ မှိန်လာခဲ့၏။ တောက်ပမှု ရွှင်လန်းမှုကိုလည်း မတွေ့ရ။ သူ့မျက်နှာကလေး ပေါ်မှ အလှများသည်ပင် တဖြည်းဖြည်း ပျောက်ကွယ်သွားနေသည် ထင်သည်။

သူ့နားတောင်း ချွတ်ရောင်းလိုက်ရသည့်ရက်ကမူ သူ့ရင်ထဲတွင် ဝန်လေးကြီး တခု ခေတ္တမျှ ကျသွားကာ သူသည် လန်းဆန်းနေခဲ့၏။ သူ့အမေတွက် ဆေးပုလင်း များနှင့် သူ့မောင်ကလေးအတွက် စာအုပ်များကို ဝယ်လာခဲ့သည်။

ထိုနေ့က သူ့အနားသို့ ကျနော်သွားထိုင်သောအခါ သူသည် ရွှင်လန်းစွာ ပြုံးရယ်ကာ ကျနော့်ကို ဆေးညွှန်းများ ဖတ်ခိုင်းနေခဲ့သည်။

“ဒါ မော်လမြိုင် ဦးရွှေကြေးဆေးနော် ... အစစ်ဟုတ်ရဲ့လား၊ အမေက အစတုန်း က ဒါကိုသောက်တာ၊ နောက် ဆေးပြတ်သွားလို့၊ ခုတော့ ဆယ်ပုလင်းကို တခါထဲ ဝယ်လာခဲ့တယ်၊ နဲနဲလဲ ရျော့ပေးလိုက်တယ်၊ ဆိုင်က ဆေးညွှန်းလည်း ဖတ်ပြလိုက် သေးတယ်၊ မေ့သွားတယ်၊ ထပ်ဖတ်ပြစမ်းပါအုံး၊ သသံနသံ ကွဲအောင်ဖတ်ပါ။ သေသေချာချာ မှတ်သွားမှ၊ ကောင်ကလေးက စာသိပ်ဖတ်တတ်သေးတာ မဟုတ်လို့ ဖတ်ခိုင်းတာပါ၊ ဖြေးဖြေးလဲ ဖတ်ပါနော်၊ စာဖတ်မြန်တာကိုလဲ သိပ်ကြွားမနေနဲ့”

ကျနော် ဆေးညွှန်းဖတ်ပြနေစဉ်၌ သူ့မျက်နှာကိုရှေ့တိုးကာ စူးစိုက်နားထောင် နေသည်။ မသဲကွဲလျှင် ပြန်ဖတ်ခိုင်းနေသည်။ သနပ်ခါး ခပ်ပါးပါး လိမ်းထားသော သူ့မျက်နှာကလေးမှာ ချိုမြစွာ ပြုံးထားနေသည်။

သူသည် ဆေးပုလင်းများကိုလည်း မကြာမကြာ ထုတ်ကိုင်ကြည့်နေခဲ့သည်။ ဆေးပုလင်းများကို ကိုင်ကြည့်နေစဉ်၌ ပြုံးရိပ်လွှမ်းနေသည့် သူ့မျက်နှာမှာ တောက်ပ နေခဲ့၏။

အမှန်၌ ဤအပြုံးရိပ်များသည် တခဏအတွက်သာဖြစ်၏။ မကြာမီပင် သူ့ အလိုလို ငြိမ်းသေသွားရပေမည်။

“သူ နာနတ်သီးရောင်းတာ ဘယ်လောက်ကျန်မှာလဲ၊ သုံးလေးကျပ်ပေါ့၊ အဲတာနဲ့ ဘယ်လို စားသောက်နေလို့ ရမလဲ၊ ဒါဖြင့် ဘာလုပ်မလဲ၊ ဘာလုပ်ရမှာလဲ၊ စိတ်မောစရာတွေပါ၊ ဒီစိတ်မောစရာတွေကို ဘာမှ မတွေးတာကောင်းတယ်”

ကျနော်ကား ပို၍ ကြမ်းထန်းခက်ထန်လာမည့် ရက်များကိုစောင့်နေရင်း ဤ ရထားကြီးပေါ်၌ လိုက်ပါနေရသည်။ နံနက်ပိုင်းတွင် ညောင်တိုဘူတာလွန်လာလျှင် သူတို့နှင့် ထမင်းလက်ဆုံ စားနေမြဲဖြစ်သည်။ ထမင်းတဆုပ်ထဲ အတူစားနေရသော်လည်း ဤထမင်းချက်လာခဲ့သည့် ဆန်မှာ သူ့နာနတ်သီးရောင်းရ မြတ်ငွေထဲမှ ခြိုးခြံဝယ်ယူရသည်ကို တွေးမိသည်။ သူ့ထမင်းထုပ်ထက် တန်ဘိုး ပိုများသော ဟင်းများကို မိမိက ဝယ်သော်လည်း သူ့ထမင်းကို မျိုမကျနိုင်။

နောက်ပိုင်းရက်များတွင် သူ့ထမင်းများမှာ ဆန်ကွဲရောချက်သော ထမင်းများ ဖြစ်လာခဲ့ပြီကို ကျနော် သတိမထားသလို နေလာခဲ့သည်။

ထိုရက်များ၌ ထမင်းစားနေကြစဉ်တွင် သူသည် ခေါင်းကိုငုံ့ထားသည်။ မျက်စိ မျက်နှာပျက်နေသည်။ အခါတိုင်းကလို သူ့စကားသံများကို လည်း မကြားရတော့။

တရက်ထက်တရက် ထမင်းဝိုင်းမှာ ပို၍ တိတ်ဆိတ်ငြိမ်သက်လာခဲ့သည်။ ထမင်းအတူ စားနေရစဉ်၌ ပျော်ရွှင် ကြည်နူးစိတ်များပင် မရှိတော့ပေ။ ထမင်းဝိုင်းများ မှာ အတွေးကိုယ်စီဖြင့် ငြိမ်သက်လာနေခဲ့သည်။

"သုံးလွန်းတင်" ထမင်းကို စားရသည့်နေ့ကမူ ဤထမင်းဝိုင်း၏ ငြိမ်သက်နေမှု မှာ စိတ်ထိခိုက်ဖွယ်ရာ ဖြစ်လာရသည်။

ထမင်းထုပ်ကို ဖြေနေကတည်းက ညိုညို့လက်ချောင်းကလေးများသည် တဆတ်ဆတ်တုန်နေခဲ့သည်။ သူသည် ကြိုးများကို ခပ်ရွရွဖြေနေခဲ့၏။ ရှက်ရွံ့အားငယ် နေသည်။ သူ့ ထမင်းများကို လူအများ မမြင်တွေ့မီ ဤနေရာမှ ထွက်ပြေးသွားချင်နေ သည်။ သူ့မျက်နှာမှာ ပို၍မှေးမှိန်နေ၏။ ဘာမျှမမြင်၊ ဘာမျှမကြား၊ ကယောင်ကတမ်း ဖြစ်နေသလိုပင်။ သူ့မျက်လုံးအိမ်၌ မျက်ရည်များ ဝဲလာတော့မည် ထင်ရသည်။

ကျနော်သည်လည်း သူ့ကိုမကြည့်ဘဲ ကျနော်ဝယ်လာခဲ့သည့် ဟင်းများကို သွက်သွက်ဖြေချလိုက်၏။ သူ့အဖော်များသည်လည်း သူ ပို၍ ရှက်ရွံ့အားငယ်မည် စိုးကြသဖြင့် သူ့ကိုမကြည့်။

ဆန်ချည့် မချက်နိုင်တော့သဖြင့် ပဲနှင့်ပြောင်း ရောကြိုရသည့် ထမင်းကို နှိုက်စားနေရစဉ်တွင်လည်း ကျနော်သည် ဘာမျှမဖြစ်သလို စားနေရ သည်။ သူ့ထမင်းထုပ်အတွင်း၌ အခါတိုင်းပါနေကျ ဟင်းကလေး တခုခုပင် မပါတော့ပေ။

သူသည် ခေါင်းကိုမဖော်တော့။ သူ့မျက်လုံးအိမ်၌ မျက်ရည်များ ပြည့်နေသည်ကို ဖုံးကွယ်ရန်အတွက် သူသည် ငြုတ်သီးတတောင့်လုံး ဝါးစား နေသည်။

"စပ်လိုက်တာ"ဟု သူက အသံတုန်တုန်ဖြင့် ပြောသည်။

ခေါင်းမော့လိုက်သည့်အခိုက်၌ ငရုတ်သီးစပ်သည်နှင့် ရောပြီး သူ့မျက်လုံးများ ပေါ်တွင် မျက်ရည်များ ပြည့်လာနေသည်။ ထိုမျက်ရည်များကို ခံစားနားလည်နေသည့် ကျနော့်စိတ်၌မူ ထိခိုက်နာကျင်လာနေသည်။ ကျနော့်စိတ်အာရုံ၌မူ ရထားကြီး ခုတ်မောင်းလာနေသံသည်လည်း ပျောက်ကွယ်သွားသည်။ ကျနော်မှာ မီးရထားဖက်ဆိုင်ရာ တာဝန်ခံတဦးဟူသော အသိလည်း ပျောက်ကွယ်နေသည်။ ကျနော်သည် "အငတ်" ဝတ္ထုများကို သတိရနေ၏။

ဂျက်လန်ဒန်၏ "ချောက်ကမ်းပါးကြီးအောက်မှ လူသားများ" ကို တွေးမိလာ သည်။

ထိုလူသားများသည် သက်ရှိထင်ရှား လှုပ်ရှားလာကြ၏။ ဖတ်ကောင်းရုံရေးသည့် ဝတ္ထုများ မဟုတ်။ ကျနော်သည် ညိုညို့မျက်နှာကို မမြင် ရက်တော့ပေ။

ကျနော်သည်လည်း ငရုတ်သီးတတောင့်ကို ကောက်ယူပြီး ဝါးစားပစ်လိုက်၏။

မျက်ရည်များ ဝဲလာသည်။

"သိပ်စပ်တယ်"ဟု သူ့ကို ကူပြောလိုက်သည်။

သူသည် ကျနော်က သူ့အရှက်ပြေစေရန် သူပြောသည်ကို ခံစားလိုက်ရပြန်သည်။ ထမင်းကို တွင်တွင်သား ငုံ့စားနေသော သူ့မျက်နှာမှာ ငိုချ လိုက်တော့မလား ထင်လာနေရပြန်သည်။

"မထူးတော့ဘူးကွယ်၊ ထန်းညက်တင်တော့၊ တခေါက် ငါးပိသာလောက် တင်တော့" ဟု ပြောချလိုက်ချင်သည်။

ဤနည်းလမ်းမှတပါး အခြားလည်း မရှိနိုင်။ သူ ထန်းလျက် တင်ဆောင်လာခဲ့ရလျှင်လည်း သူသည်လည်း အခြား ဖြူစင်ရိုးသားသော မိန်းကလေးများလို အမဲဖျက်ခံရကာ ရေတိမ်နစ်ကာ မထူးတော့ပြီဟု ဇွတ်နှစ်ကာ ဖာထက်ဆိုးသောဘဝသို့ ကျရောက်သွားရမည်ကိုလည်း မတွေး၍ မရ။

ကျနော်သည် သင်းသင်းနှင့် နုတို့ကို လှမ်းကြည့်မိ၏။ ဤမိန်းကလေးများမှာ ယောကျ်ားအရေးအတွက် ငါးဆယ်ထက်မနည်းနှင့် အိပ်ခဲ့ရပြီးကို သိနေရ၏။ မအေးသွယ်၊ တင်တင်၊ မအေးမြင့်၊ မအေးရွှေ။ ထိုမျက်နှာများနှင့်တကွ အခြားသော မျက်နှာများသည် တခုနှင့်တခု ရောထွေးသွား ကြ၏။ သူတို့ကား ချောက်ကမ္ဘားကြီးအောက်မှ တစာစာ အော်နေကြသော လူသားများ ဖြစ်ကြသည်ဟု ခံစားနေရသည်။

ဂါတ်ဗိုလ် ဦးအောင်ကြီးနှင့် တာဝန်ကျသည့် ရက်များ၌မူ ဂါတ်တွဲပေါ်တွင် တဖက်ခံမှာထိုင်ရင်း ဦးအောင်ကြီး၏ စိတ်အာရုံမှ ပို့သနေသော မေတ္တာများကြောင့် ထင်သည်၊ ကျနော့် စိတ်နှလုံးသားများသည်လည်း အပူထဲဖြတ်သန်းနေရာမှပင် အေးငြိမ်းလာနေသည်။

ရင်ထဲမှ အပူသောကများသည် ရထားနှင့် ယှဉ်လိုက်ပါလာနေသော ပင်းကန်တော့ တောင်တန်းကြီးဆီသို့ လွင့်စဉ်သွားကြသည်။ ဦးအောင်ကြီး ထံမှ စိတ်အင်အားများ ရရှိနေသလို ထင်နေရသည်။

ရထားကြီး တဂျုန်းဂျုန်း ခုတ်မောင်းနေလျက်၊ ဂါတ်တွဲမှာ ယိမ်းထိုး ခါယမ်း လျက်ရှိသော်လည်း သူသည် ငြိမ်သက်ကာ ပုတီးကိုသာ မှန်မှန် စိတ်နေလေ့ရှိသည်။ မျက်လုံးများကို မှိတ်ထားသည်။ သူ စကားပြောသောအခါတွင်လည်း ဖြေးဖြေးလေးလေး ပြောတတ်သည်။ သူ့ကို ကျနော် ရသည့်ငွေထဲမှ ခွဲဝေပေးလျှင် သူသည် ခေါင်းကို ညင်ညင်သာသာ ယမ်းပြသည်။

"ငါ့လခနဲ့ ငါ စားလောက်ပါတယ်ကွာ" ဟု ဖြေးဖြေးလေးလေး ပြောနေသည်။

"သူတို့ခမျာ များကိုလည်း အရမ်းဖမ်းလား ဆီးလား မလုပ်ပါနဲ့ကွာ၊ သိပ်များများစားစား မတင်ကြဖို့ဘဲ သတိပေးပါ၊ တော်ရုံတန်ရုံတင် တာတော့ ပိုက်ဆံလည်း တောင်းမနေပါနဲ့၊ တတ်နိုင်ရင် မသိချင်ယောင်ဆောင်နေကွာ၊ လူဆိုတာ လောဘသား တွေ မှတ်လား၊ သူသူငါငါ ပိုက်ဆံတော့ လိုချင်ကြတာပေါ့လေ ...၊ သည်းခြေကြိုက် ဟုတ်လား၊ ယူသင့်တဲ့ အခါကျတော့ ယူပေါ့၊ ကြောက်လဲ ကြောက်မနေပါနဲ့ကွာ၊ ဒိပြင်က တက်ဖမ်းကြ ပြုကြလို့ မိတော့လဲမိကြပေါ့၊ ငါတော့ ကြောက်လဲ မကြောက်ပါဘူး၊ အေးအေးနေလိုက်တာဘဲ၊ ငါ့ရထားပေါ်မှာ မှောင်ခိုတွေ အများကြီး မိချင်လဲ မိမှာဘဲ။ မေတ္တာတရား ပွားများတတ်ဖို့ လိုတယ် မောင်ရင်မောင်၊ မေတ္တာထားတတ်ဖို့ လိုတယ်"

ကျနော့်စိတ်များမှာလည်း သူပြောသည်တို့ကို နှစ်ခြိုက်လာနေသည်။

လူ့ဘုံလောကကြီးတွင် လူသားအပေါင်းသည် ဦးအောင်ကြီးလို ပုဂ္ဂိုလ်များသာ ဖြစ်နေကြလျှင် အားလုံး ငြိမ်းချမ်းနေကြပေလိမ့်မည်။ လူလူချင်း အမဲလိုက်နေခြင်း၊ လူလူချင်း သတ်ဖြတ်စားသောက်နေခြင်းတို့သည် ချုပ်ငြိမ်းကာ အပူသောကတို့သည် လည်း ပျောက်ကွယ်သွားကြပေမည်။ ယခုကား ကျနော်သည် ဦးအောင်ကြီး အနီး၌ နေသည့် အခိုက်အတန့်ကလေး တွင်သည အပူခပ်သိမ်းမှ ကင်းငြိမ်းနေဟန် ခံစားရ၏။

ကျန် အချိန်ပေါင်း မြောက်များစွာမှာမူ ဘာမျှလည်းမလုပ်တတ်၊ ကြံလည်း မကြံစည်နိုင်၊ မောပန်းနေရ၏။

အိမ်ပြန်ရောက်သည့် ညအခါများတွင် မည်မျှ ပင်ပန်းလာခဲ့သည်ဖြစ်စေ ကျနော်သည် အိပ်၍ ရတ်တရက် မပျော်နိုင်။ တောင်တွင်းကြီးတမြို့လုံး အိပ်မောကျ သွားကာ လောကလူ့ဘုံကြီးတခုလုံး အသက်အသံ ကင်းမဲ့သွားသည်ဟု ထင်နေရချိန်များတွင် ကျနော်သည် ကျနော့် အသက်ရှူသံ များကို ဆူညံစွာ ကြားနေရ၏။

ထိုအချိန်တွင်ကား အပြင်ဖက်တွင် နှင်းများမှောင်ပိန်းနေ၏။ ကောင်းကင်ပြင်တွင် တွယ်ရာမဲ့ ကြယ်ကလေးများသည် တဖျတ်ဖျတ် လက်နေ ကြ၏။ သွပ်အမိုးပေါ်သို့ နှင်းစက်နှင်းပေါက်များ တဖျောက်ဖျောက် ကြွေကျနေသံမှာ ကျယ်လောင်သော အသံကြီးများ အဖြစ်ဖြင့် ခံစားနေ ရသည်။

သူ့ကို မယူနိုင်၊ လက်မထပ်နိုင်သေးဘဲလျက်နှင့် ချစ်ရေးဆိုထားခဲ့မိသည်ကို ကျူးလွန်ထားမိသော ပြစ်မှုကြီးတခုလို ထင်နေမိပြန်သည်။

သူ့ မိသားစု တာဝန်ကိုမယူနိုင်လျှင် ကျနော်တို့ကား အိမ်ထောင်ပြုနိုင်မည် မဟုတ်။ သူ့မိခင်လူမမာကြီး၊ ဖခင် မျက်မမြင်ကြီး၊ မောင် ကျောင်းသားကလေး။ ဤ လူသား ဒုက္ခသည်များကို သူသည်လည်း တာဝန်မဲ့ ပစ်ပယ်ထားခဲ့ရက်မည် မဟုတ်။ ကျနော်သည်လည်း အဝေးရှိ မိဖ အိမ်ထောင်စုကြီး၏ တာဝန်တဝက် မျှယူနေရသူ၊ လစဉ် ငွေများတင်ပို့ထောက်ပံ့နေရသူ၊ ညီကလေးတယောက်ကို ကျောင်းထားပေးနေရ သူ။

သူ့မိသားစုတာဝန်ကို သူ့မောင်လေးက ယူနိုင်မည့်နေ့၊ ကျနော့် ညီကို အားကိုး ပြုရမည့်နေ့များမှာ ဝေးကွာလှမည် မဟုတ်ဟု တွေးနေရ၏။ ထိုအချိန် သို့တိုင်အောင် စောင့်မျှော်နေရမည်ကို စိတ်၌ မောနေရသည်။

နေ့ခင်းဖက် ရထားပေါ်တွင်လည်း ကျနော်သည် သူ့နံဘေး၌ထိုင်ရင်း စကား ပြောစရာမရှိဖြစ်ကာ ငြိမ်သက်နေရ၏။

"ဒို့ မနက်ဖြန်ကာ လက်ထပ်ပစ်ရအောင်လေ" ဟု ပြောလိုက်ချင်၏။

ထိုသို့ မပြောနိုင်သောအခါ အခြား နှစ်သက်စရာ စကား ဝါကျများကို ရှာဖွေ မတွေ့တော့ပေ။

သူနှင့်ကျနော်သည် စကားပြောစရာများ ကုန်ခမ်းနေသလိုပင် တထိုင်ခုံတည်း ထိုင်ပြီး တယောက်ကိုတယောက် ကြည့်လည်း မကြည့်မိ။ သူသည်လည်း သံလမ်း နံဘေး တောင်ခြောက်ကုန်းကလေးများကို စိတ်မပါဘဲနှင့် ကြည့်လာခဲ့သည်။
ဤရက်များ၌ကား သူ့အခြေအနေမှာ အဆိုးရွားဆုံး ဖြစ်နေခဲ့ပေပြီ။ သင်းသင်းနှင့် နုက သူ့ကို ထန်းလျက်များ တခါက် လေးငါးပိဿာတင်ရန် တိုက်တွန်းလာကြသည်ကို သူသည် ငေးကာ မျက်ရည်ဝေ့ကာ နားထောင်ခဲ့၏။ ဘာမျှ ပြန်မပြော။ မကြားသလိုပင် ငြိမ်သက်နေ၏။ နောက်ဆုံး ပြောလွန်းမက ပြောလာမှ သူသည် သက်ပြင်းချနေခဲ့၏။

“မလုပ်ဖူး၊ သူများပစ္စည်းကို ထန်းညက်တလုံးတောင် သူတို့ မယူရဘူး”

သူသည် မျက်ရည်ဝဲနေလျက်ဖြင့် ပြန်ပြောခဲ့၏။

ထိုအကြောင်းများကို သင်းသင်းနှင့် နုနုတို့သည် သူ့ကွယ်ရာ၌ ကျနော့်ကို ပြန် ပြောကြသောအခါ ကျနော်သည်လည်း ဘာပြန်ပြောရမည်မသိ။ ငြိမ်သက်နေခဲ့၏။

“ကိုရင်မောင်ကြီး မလုပ်နဲ့ဆိုလို့ မိညို မလုပ်တာပါ၊ ကိုရင်မောင်ကြီး ပြောပါအုံး၊ သူ့တို့အမေ အတော်မမာနေတာ၊ ကျမတို့က အိမ်နီးနားချင်းဆိုတော့ မမြင်ချင်ဘဲ မြင် မကြားခင်ဘဲကြားနေရတာ၊ သူလဲ တင်ပစေပေါ့ရှင် ...၊ အများလဲ ဒီလိုဘဲ လုပ်စားနေရတာ၊ ကျမတို့က ကိုယ်ပိုင် လယ်ယာ ရှိတာမှ မှုတ်ဘဲ၊ အများ မိုးခါးရေ သောက်တော့ ကိုယ်လဲသောက်ပေါ့”

ကျနော်သည် သင်းသင်း၏ မျက်နှာကလေးကို စိုက်ကြည့်နေခဲ့၏။ ခု ... သူ စကားပြောနေသည့် သူ့နှုတ်ခမ်းပါးပါးကလေးကို သူ မနှစ်မြို့ မသတီဘဲလျက်နှင့် လူပေါင်း ငါးဆယ်ကျော်က ရမက်ကြီးစွာ စုပ်နမ်းသွားခဲ့ပြီးပြီကို သတိရနေခဲ့သည်။

“အခုကြည့်လေ ... သူ ထမင်းတောင် ထုပ်နေနိုင်အောင် ဘယ်လိုလုပ်နေရပလဲ ဆိုတာ၊ သူတို့အိမ်သားတွေဆို ဘယ်လိုနေမလဲ၊ ဒါတောင် သုံးလွန်းလေးလွန်းတင် မှုတ်လား”

နုနု၏ အသံမှာ ဆို့နင့်နေခဲ့သည်။

“ဟုတ်တယ်ရှင် ... ကိုရင်မောင်ကြီး ပြောပြစမ်းပါအုံး၊ ကျမတို့ ပြောလို့တော့ မရတော့ဘူး၊ ကျမတို့လဲ ဘာမှ မတတ်နိုင်ဘူး၊ ဒီအချိန်က ဘယ်သူမှ ဘာမှ မတတ်နိုင်ကြဘူး မှုတ်လား၊ ကိုယ့်ဝမ်းစာတောင်မှ ကိုယ် မနဲ ကျဲရဲနေရတာ၊ ကြက်လို ယက် စားတယ်ဆိုတာက တော်သေးတယ်၊ ကြက်ကယက်လိုက်ရင် ကောက်စရာ တွေ့တာ မှုတ်လား”

ကျနော်သည် မောနေမိ၏။ အသက် ဆယ့်သုံးနှစ်ပင် မပြည့်သေးသော မခင်မြလေး၏ အဖြစ်ကို မြင်တွေးနေမိ၏။

နောက်တဘူတာတွင် ကျနော်သည် သူတို့တွဲမှ ဆင်းကာ ဂါတ်တွဲသို့ ကူးပြောင်းလာခဲ့သည်။

ရထားကြီးမှာ မတုန်မလှုပ် သူ့စက်အရှိန်အတိုင်း ပြေးလွှားနေသော်လည်း ကျနော့်စိတ်များမှာမူ တုန်လှုပ်ခြောက်ခြားနေခဲ့သည်။ ဝေခွဲ၍မရ။ ပိုင်းဖြတ်၍မရ။ တိုက်လည်း မတိုက်တွန်းချင်။ သူ့ဖာသာ ထန်းလျက်များ တင်လာလျှင်လည်း ကန့်ကွက်မည်မဟုတ်။ မလွဲသာမရှောင်သာ တင်ရတော့မည်ကိုကား သိလာပေပြီ။

ရထားကြီးသည် အင်တောကျယ် ဘူတာမှ ထွက်ခွာနေ၏။ ငရုံတောင်၊ လေင့် စင်တောင်၊ ဖိုးခိုကြီးတောင်၊ ငွေတွင်းတောင်၊ တောင်နီတောင်၊ မြေဖြူတောင်၊ ဘို့တောင်၊ ကြက်မောက်တောင် စသည့် သံလမ်း ဟိုဖက်သည်ဖက်၊ အနီးကပ် တောင်စဉ်တောင်တန်းများပေါ်၌ မြူခိုးများသည် မှိုင်းဆို့နေ၏။ ဤမှိုင်းဆို့နေခြင်းကား စိတ်ကို ငြိမ်းချမ်းစေသည်ကား မဟုတ်။ စိတ်အာရုံကို ထိုင်းမှိုင်း လေးလံစေသည်။

ဂါတ်ဗိုလ် ကိုထွန်းရင်သည် အပူအပင် ကင်းမဲ့စွာဖြင့် သူ့တရောပြားလေးကို ထုတ်လိုက်ပြီး သီချင်းတပုဒ်ကို စမ်းနေခဲ့၏။

“ရင်မောင် ဆိုကွာ”

သူသည် တရောသံ၊ ရထားသံများအကြား၌ ပြောနေခဲ့၏။

ကျနော်သည် ခေါင်းကိုယမ်းပြနေ၏။

“ဘာလဲကွ မောင်ရင် ကြေကွဲနေတာလား၊ ဒါဖြင့် လွမ်းကွာ၊ ဒါ လွမ်းခန်းပေါ့”

သူ့တရောသံကား ပျောက်ကွယ်သွားလိုက်၊ ပြန်ပေါ်လာလိုက်၊ ပျံ့လွင့်သွားလိုက်။ သူ၏ သီချင်းကို ချွဲချွဲပြစ်ပြစ် ဆိုနေသံမှာလည်း စိတ်ညစ်ညူးဖွယ်ရာပင်။

ညို့ ... ညို့ ... ဆိုင်း ... ဆိုင်း ...။
အုံ့ ... မှိုင်း ... ရီဝေ ...။

မျှော်လေလေ ... တိုင်း ...။

လွမ်းပုံသိ ... ထွေ ...။

အခါတိုင်းကဆိုလျှင် ကျနော်သည် သီချင်းဆိုမိတတ်သော်လည်း သည်တခါ တွင်ကား ထိုသီချင်းသံများမှာ အနှောင့်အရှက်ဖြစ်နေခဲ့ပေပြီ။

''တော်တော့ဗျ''ဟု လှမ်းပြောလိုက်သည်။

''ကိုထွန်းရင်ရဲ့ ... ခင်ဗျားက လွမ်းနေ၊ လွမ်းရေးထက် ဝမ်းရေးခက်တယ်ဗျ သိလား၊ လွမ်းရေးထက် ဝမ်းရေးခက်''

သူသည် ကျနော့်ကို နိုင်ငံရေးစကား ပြောသည်ထင်ကာ တရောအထိုးကို ရပ်လိုက်ပြီး လှမ်းကြည့်နေခဲ့၏။

''အဲဒီစကားမျိုး လွတ်လွတ်ကင်းကင်းမှာ သွားပြောကွာ၊ ငါကြောက်တယ်''

သူပြောနေသည်တို့ကို ကျနော်သည် စိတ်မဝင်စားတော့ပေ။

ကျနော်ကား ညိုညို့ အခက်အခဲများကို ကျနော် စုဆောင်းမိခဲ့သည့် ငွေကြေး အနည်းငယ်ထဲမှ ဖဲ့ကူညီသည်ကို သူလက်ခံလျှင် သူ့အတွက် တကွက် တခဏတော့ အသက်ရှူနိုင်မည်ကို တွေးနေမိ၏။ သူသည် ဤသို့ကူညီသည်ကိုလည်း လက်ခံနိုင် မည်မဟုတ်။ ကျနော်သည် သူ၏ လေးစားထိုက်သော မာနစိတ်ကလေးကို သိမြင်နေရ၏။ ထိုသို့ ကူညီခွင့် တောင်းဆိုသည့်အတွက် သူ စိတ်ထိခိုက်ရုံမှတပါး အရေးအရာ ရောက်မည်မဟုတ်။ သူ့ကို စော်ကားသည်ဟူ၍သာ ထင်ပေလိမ့်မည်။

ထိုနည်းဖြင့် ကူညီရန် စိတ်ကူးကို ကျနော်သည် မေ့ထားလိုက်ရ၏။

ရက်အတန်ကြာပင် သူ့အခက်အခဲများကို ဖြေရှင်းရန် နည်းလမ်းရှာကြည့်သော်လည်း ထန်းလျက်တင်သည့် ထွက်ပေါက်တခုမျှသာရှိသည်ကို တွေ့မြင်နေရသည်။

ထိုနည်းလမ်းကိုမူ ကျနော်သည် ဖွင့်လှစ်တင်ပြရက်မည်မဟုတ်။

ဤရက်များ၌ နံနက်များတွင် သူ့ကို မြင်တွေ့နေရသည်မှာ သူ့ မိသားစု အခက်အခဲကို ဖေါ်ပြနေသည့် စက်ကရိယာတခုလို ကြည့်နေရသလိုပင် ထင်လာရ သည်။ သူ့မျက်နှာကလေးပေါ်၌ ထိုအရာများသည် ပေါ်လွင်နေခဲ့၏။

သူ ထမင်းပင် ထုပ်မလာနိုင်သည့် ရက်ကလည်း နံနက်ပိုင်း ရထားကြီး ထွက် လာကတည်းက သူ့မျက်နှာမှာ အခါတိုင်းနေ့ရက်များကထက် ပိုမိုညိုးငယ်နေခဲ့သည်။

သူသည် သူ့ ထိုင်ခုံနောက်မှီကို မှီကာ အိပ်နေရင်းပင် သူ့မျက်နှာမှာ အားနည်းဖျော့မှိန်နေသည်။

အခါတိုင်းက သူ့တွင် မည်မျှသောကဖြစ်နေသည်ဖြစ်စေ ကျနော် ရောက်သွားလျှင် ကြိုးစားပြုံးကာ နှုတ်ဆက်လေ့ရှိသော်လည်း ထိုနေ့ကမူ သူသည် ကျနော် လျှောက်လာနေသည်ကို လှမ်းကြည့်ရုံမျှသာ ကြည့်နေသည်။

ညောင်တိုဘူတာတွင် ကျနော်သည် အခါတိုင်းနေ့များကလို ဟင်းဝယ်ရန် ရထားပေါ်မှ ဆင်းလာခဲ့လျှင် သူသည်လည်း သူစီးလာခဲ့သည့် တွဲပေါ်မှ ဆင်းလာ သည်။

ထမင်းဆိုင်ရှေ့သို့ ကျနော်ရောက်ပြီး ဟင်းဝယ်နေချိန်၌ သူသည် လူအများကို တိုးဝှေ့ကာ ကျနော်ရှိရာသို့ လျှောက်လာသည်။ ကျနော့် နံဘေး၌ လာရပ်သည်။ မောင်ခိုသမားများနှင့် အခြားခရီးသည်များသည် ကျနော်တို့ကို လှမ်းကြည့်ကြ၏။

''ကြက်သား သုံးကျပ်ဖိုးလား ဆရာ'' ဟု ဆိုင်ရှင်သည် ပြုံးပြီးမေးနေ၏။

''သူ ... ခဏ''

ညိုညိုသည် ကျနော့်ကို တတောင်ဆစ်ဖြင့် တွက်ကာ တိုးတိုးပြောပြီး ဆိုင်ရှေ့မှ လှည့်ထွက်သွားသည်။ ကျနော်သည် ထမင်းဆိုင်ရှင်ကို လက်ကာပြခဲ့ပြီး သူ့နောက်မှ လိုက်သွားရလေသည်။

သူသည် ဘူတာပလက်ဖောင်းအစွန်ဖက် ကုက္ကိုပင်အောက်ကျမှ ရပ်လိုက်၏။

ထိုနေရာမှာ ခရီးသည်များနှင့်လည်း အလှမ်းဝေးကွာနေသည်။ ကျနော်သည် သူ့နံဘေး၌ ကုက္ကိုမြစ်ကို ကန်ကာရပ်တန့်လိုက်၏။ သူ့ကို ကျနော်သည်ပင် ပြုံးမပြမိ။ သူ့စိတ်ထဲတွင် ထူးထူးခြားခြား ခံစားနေရမှုများမှာ သူ့မျက်နှာပေါ်၌သာ ပေါ်နေသည် မဟုတ်ဘဲ အရာအားလုံး ကိုပင် ဖုံးလွှမ်းထားနေသည် ထင်ရသည်။

သူသည် ခရီးသည်အများ လှုပ်ရှားရာဖက်သို့ တချက် လှမ်းကြည့်လိုက်၏။

အဝေးတွင်ကား ရထားခေါင်းတွဲကြီး ဖြုတ်သွားကာ ရေစက်မှ ရေများထည့်နေသည်။ ခရီးသည်များသည်လည်း ကျနော်တို့ကို လှမ်းကြည့်နေကြ၏။ မီးရထားဝတ်စုံ ဝတ်ထားသော ကျနော့်ကိုမူ ခရီးသည်တိုင်းကလိုလို သိနေသဖြင့် ကျနော်သည်လည်း သူ့ကိုညာတာသဖြင့် ဤနေရာ၌ ကြာရှည်ကြာမြင့် ရပ်မနေချင်။

"ဘာလဲ … ပြောလေ"

သူသည် ခေါင်းကို ဖြည်းဖြည်းမော့ပြီး မျက်လွှာကြီးဖွင့်ကာ ကျနော့်ကို ကြည့်နေ၏။ ထိုမျက်လုံးကြီးများထဲတွင် ကျနော့်ကို အားကိုးလို စိတ်များ ပြည့်လျှမ်းနေသလို ခံစားနေရသည်။ သူ့မျက်နှာမှာ မို့ကာ တင်းရစ်နေသည်။ မျက်လုံးများသည် ငိုထားဟန်ဖြင့် အစ်နေ၏။ သူ့အင်္ကျီလက်မောင်း တဖက်စုတ်နေသည်ကို ဖုံးကွယ်နိုင်ရန် သူသည် တဘက်ကို ထိုဘက်ပခုံးဖက်သို့ ပို၍ ဆွဲချခြုံထားနေပုံမှာ စိတ်ကို နာလာစေသည်။ ယခုပင်လျှင် သူသည် မငိုမိစေရန် စိတ်ကိုတင်းထားနေရပုံ ပေါ်နေသည်။

သူသည် ခေါင်းကို ပြန်ငုံ့လိုက်၏။

"သူ … ဟင်းမဝယ်နဲ့လို့ ပြောမလို့ပါ" ဟု ပြောနေသော စကားလုံးများမှာ သူ့ လည်ချောင်းဝတွင် အတစ်တစ်အဆို့ဆို့ ဖြစ်နေသည်။

"မှာထားပီးဘီ၊ ဘာပြုလို့လဲ"

"သူများ … သူများ … သူများ … ထမင်း ထုပ်မလာခဲ့ဘူး"

"ဘာပြုလို့လဲ"

"အိပ်ရာထ မိုးလင်းသွားလို့ပါ၊ ထမင်းချက်ချိန်မရတော့လို့၊ အဲတာပြောမလို့၊ သူ ဟင်းလဲမဝယ်နဲ့၊ ထမင်းလဲမဝယ်နဲ့၊ သူများတို့တွဲလဲ လိုက်မလာနဲ့သိလား၊ သူ ထမင်းတွေ ဟင်းတွေ ဇွတ်ဝယ်လာခဲ့ရင် ငိုရမှာဘဲ၊ သွားမယ် သွားမယ် … ငို … ငိုမိ တော့မယ်"

သူ ကုက္ကိုရွက်ခြောက်များကို နင်းကာ ထွက်ခွာသွားသောအခါ ကျနော်သည် ဘာလုပ်ရမည် မသိဘဲ ရပ်ကျန်နေရစ်ခဲ့၏။

သည်နေ့ နံနက်စာ သူတို့မိသားတစုလုံး ထမင်းငတ်နေခဲ့ပြီကို မသိ၍ မဖြစ်တော့။

သူ့အိမ်ရှိ ကျန် သူ့ကိုမှီခိုနေသူများကား သူ့ထက်စောစွာ ငတ်နေခဲ့ပေမည်။

ကျနော်သည် သူရှိရာသို့ ထမင်းဟင်းများ ဝယ်မသွားတော့ပေ။ ဝယ်ပြီး သွားခဲ့လျှင် သူငိုတော့မည်ကို အမှန်ပင် သိနေမိ၏။

ရထားထွက်လာခဲ့လျှင် ကျနော်သည် ဂါတ်ဗိုလ်တွဲပေါ်ရှိ ထိုင်ခုံတွင် ပစ်လှဲနေမိ၏။

ဂါတ်ဗိုလ် ကိုမောင်ကြီးက "မင်း ကောင်မလေးကို အိုကေ ပီးပလား"ဟု လှမ်းမေးနေသည်ကို ကျနော်သည် ပြုံးလည်းမပြမိ။ ခေါင်းလည်း ယမ်းမပြမိ။

အရက်ကလေး အနည်းငယ် သောက်တတ်သော လူအေးလူကောင်း ဂါတ်ဗိုလ် ကြီးသည် ရထားထွက်ခွာရန် အလံကို နှေးနှေးယမ်းပြနေသည်။

"ရင်မောင်တို့ကတော့ စွန်တယ်ကွာ" ဟု ပြောကာ သူသည် တဟဲဟဲရယ်ရင်း ကျနော့်ကို နောက်ပြောင်လာလေသည်။

ရထားကြီးသည် သူ့ခရီးစဉ်အတိုင်း ဆက်လက်ထွက်ခွာနေ၏။

ညိုညို၏ ခရီးစဉ်မှာလည်း မှောင်ခိုသူ ဖြစ်လာရန်သာလျှင် ရှိတော့သည်ကို ငြင်းဆန်၍ ရတော့မည်မဟုတ်။ ညိုညိုကား အခက်အခဲများလည်ပင်းကျော်အောင် နစ်လာနေခဲ့ပြီ ဖြစ်သော်လည်း သူ့မာနနှင့်သူ တင်းခံထားဆဲ။ သူ့မာနမှာ လေးစားထိုက်သော မာနဖြစ်သည်ကို အသိအမှတ် မပြု၍ ရမည်မဟုတ်။ သို့သော် ထိုမာနဖြင့် တင်းခံ၍ မရနိုင်တော့သည့် နောက်ဆုံးအချိန်များသည် တရိပ်ရိပ် နီးကပ်လာနေပြီကိုမူ သိရှိနေရလေပြီ။

ဤနောက်ပိုင်းရက်များတွင် ကျနော်သည် ဦးအောင်ကြီး၏ မေတ္တာတရားမှ ပေါက်ဖွားလာခဲ့သော စကားများကို ပို၍ နက်ရှိုင်းစွာ ထိတွေ့လာရလေသည်။

"သူတို့ခမျာများ အရမ်း ဖမ်းလား ဆီးလား မလုပ်ပါနဲ့ကွာ၊ မတော်လောဘနဲ့ လုပ်လာကြရင်တော့လဲ တမျိုးပေါ့၊ တော်ရုံတန်ရုံကလေး တင်ကြတာ မသိချင်ယောင် ဆောင်နေပါကွာ၊ များလာရင်တော့ သတိပေးပေါ့"

ကျနော်သည် မှောင်ခိုကုန်များကို ဖမ်းရ ဆီးရမည်ရှိတိုင်း သူ့စကားများကို နား၌ ကြားနေရ၏။ သူကား ဂါတ်ဗိုလ်သာဖြစ်သဖြင့် ဖမ်းဆီးရန် ကျနော့်လောက် တာဝန်မကြီး။ ကျနော်ကား မဖမ်းဆီးလျှင် ပြဿနာများကို မရှင်းနိုင်ဖြစ်ရပေမည်။

"မတတ်နိုင်ဘူးလေ … သူတို့လဲ သူတို့ဝမ်းရေးအတွက် သူတို့လုပ်ပေါ့၊ ငါလဲ ငါ့ဝမ်းရေးအတွက် ဖမ်းလား ဆီးလား လုပ်ရမှာပေါ့၊ ငါ အလုပ်ပြုတ် ခံနိုင်ပါ့မလား"

အပြန်ခရီးများတွင် ထန်းလျက်များစွာ တင်သော အတာစန်းကုန်းဘူတာနှင့် နီးကပ်လာလျှင် ကျနော်သည် ထိုဂါထာကို ရွတ်နေရသည်။ ထန်းလျက်တင်သူများ မတွေ့ပါရစေနှင့်ဟု ဆုတောင်းလာခဲ့ရ၏။

ထိုဆုတောင်းသည် မည်သည့်အခါတွင်မှ ပြည့်မည်မသိ။

အတာစန်းကုန်းသို့ ရထားဆိုက်ရပ်လိုက်လျှင် ဝဲယာနှစ်ဖက်မှ တောင်းကြီး တောင်းငယ်များ ရွက်ကာ ထမ်းကာ လူအများ ပြေးလာကြ၏။ ကျနော်သည် ကမန်း ကတန်း ရထားပေါ်မှ ခုန်ဆင်းလိုက်ပြီး …

"ထန်းညက်တွေ မတင်ကြနဲ့နော် … မတင်ကြနဲ့၊ အဆုံးမခံချင်ရင် မတင်ကြနဲ့၊ ဖမ်းရမှာဘဲ" ဟု အော်ပြောနေရ၏။

ကျနော် ဖမ်းမည်ကို သိကြလျက်နှင့်လည်း သူ့ထက်ငါ အမျိုးမျိုး ကျနော့်ကို ပြောကာ သူတို့သည် ဇွတ်တင်နေကြ၏။ တောင်းများကို ထိုးတင်နေကြ၏။ ဖမ်းဆီးမည်ကို ကြောက်ကြလျက်နှင့် တင်နေကြသော သူတို့စိတ်များကို ကျနော်သည် နားမလည်နိုင်။ သူတို့ကိုယ် သူတို့ပင် နားလည်ကြမည်မဟုတ်။

ကျနော်ကား သည်မျှ များပြားလှသည်ကို မဖမ်း၍လည်း မဖြစ်တော့သဖြင့် ပင်းချောင်းသို့ရောက်လျှင် မီးရထားရဲများအကူအညီ၊ ပင်းချောင်းဘူတာ ကုန်တင် ကုန်ချ အလုပ်သမားများ အကူအညီဖြင့် ဖမ်းဆီးရတော့၏။

ပင်းချောင်းဘူတာရှေ့တွင် တောင်းကြီးတောင်းငယ်များ စုထပ်သောအခါ တောင်ပုံရာပုံ ဖြစ်လာလေသည်။

ကျနော် ဖမ်းဆီးနေသည်ကို ရထားတစ်းလုံးရှိ မျက်လုံးပေါင်းများစွာသည် ဝိုင်းကြည့်နေကြ၏။

ဖမ်းဆီးပြီး ကုန်များကို ကတ္တားတင်ချိန်ပြီး ရုံပိုင်ထံ လွှဲအပ်ပြီး ပြန်လျှောက်လာခဲ့သောအခါ ထိုမျက်လုံးများသည် ကျနော့်မျက်နှာကို စိုက်ကြည့်နေသည်။

ထိုအထဲတွင် ညိုညို၏ မျက်နှာနှင့် မျက်လုံးများကို သတိထားမိပြန်သည်။ သူ့ မျက်နှာမှာ ကျနော့်ကိုကြည့်နေရင်း စိတ်ထိခိုက်နေပုံပေည်။ သူ့မျက်လုံးများသည် ကျနော့်ကို သူနှင့်မသိသူတဦးကိုကြည့်သလို စိမ်းနေကြ၏။

ရထားကြီး ထွက်လာခဲ့လျှင် ကျနော်သည် စိတ်ပင်ပန်း နွမ်းနယ်စွာဖြင့် သူ့အနား ရှိ ထိုင်ခုံတွင် ဝင်ထိုင်သည်။

ထိုအခါတွင်ကား ကိုယ်စိတ်နှစ်ပါး နွမ်းနယ်နေသဖြင့် ကျနော်သည် ထိုင်ခုံ နောက်မှီပေါ် အရုပ်ကြိုးပြတ် လှဲမှီလိုက်သည်။

သူသည် ကျနော့်ကို မကြည့်ရဲသလို မျက်နှာ အပြင်ဖက်သို့ လှည့်ထားသည်။ ထိုအခါများတွင် သူနှင့်ကျနော့်ကြား၌ အရံအတားကြီးတခုဖြင့် ကာဆီးထားကြသလို ခံစားနေရသည်။

"မတတ်နိုင်ဘူး၊ မတင်ကြပါနဲ့ဆိုတာ ဇွတ်တင်ကြတာကိုး၊ ကျနော် မဖမ်းလဲ ဒိပြင်က ဖမ်းကြမှာဘဲ"ဟု ကျနော်သည် ကိုယ့်ကိုယ်ကို ပြောနေသလို ပြောနေမိ၏။

ထိုလျှောက်လဲချက်မှာ ညိုညိုနှင့်တကွ အားလုံးအတွက်ဖြစ်၏။
အဖမ်းခံ အသိမ်းခံများ၏ မျက်လုံးများသည် ကျနော့်ကို မျက်ရည်ဝဲသော မျက်လုံးများဖြင့် ကြည့်နေကြသည်။ သူတို့သည် ပစ္စည်းများ ဆုံးရှုံးသွားကြသော်လည်း ကျနော့်ကို အပြစ်မြင်ဟန် မရှိကြ။

သူတို့သည် ရိုးသားသော အညာသူ အညာသား ဆင်းရဲသားများဖြစ်၏။ နစ်နံစပ် လုံချည်ဝတ်ကာ လုံချည်ကြမ်းများ ခေါင်းပေါင်းထားကြသည်။ ရထားကြီး ခုတ်မောင်းနေစဉ်၌ သူတို့သည် ကျနော်ထိုင်နေရာသို့ လျှောက်လာကြ၏။ သူတို့ပစ္စည်း ဘယ်ရွှေ့ဘယ်မျှ ပါသွားကြသည် ဝိုင်းပြောနေကြသည်။ ကျနော့်အပေါ်၌ ယုံကြည်နေကြ၏။ အခင်အမင်လည်း မပျက်။

"သွားကြဗျာ၊ ခင်ဗျားတို့ ဥစ္စာက အများကြီး မှုတ်လား၊ မဖမ်းလို့လဲ ကြည့်မကောင်းတော့ဘူး၊ မတင်မီက ကျနော် တောင်းပန်သားဘဲ၊ ခုလို လာပြောနေကြရင် ခင်ဗျားတို့ လူတွေပါ ထပ်ဖမ်းနေရအုံးမယ်၊ စဉ်းစားကြည့်ကြဗျာ ... ကျနော်မဖမ်းရင် ဒိပြင်နေရာတွေက ဖမ်းကြမှာဘဲ၊ မဖမ်းဘူးထား ... ပစ်စာတင်ရင် ကျနော်လည်း အလုပ်ပြုတ် ထောင်ကျ၊ ငါ့ဝမ်းပူစာ မနေသာလို့ လုပ်ရတာဘဲဗျာ"

အတန်ကြာအောင် ကျနော်သည် လာပြောပြသူများကို ရှင်းပြနေရ၏။ သူတို့သည် ကျနော့်ကို ခွင့်လွှတ်ကာ ထွက်ခွာသွားနေကြ၏။ အချို့သည် နားမလည်နိုင်ကြသဖြင့် သူတို့တောင်းလေးများကို ပြန်ပေးရန် ငိုယို၍ပင် တောင်းပန်နေကြသည်။

"အမေ့တောင်းကလေးတော့ မဖမ်းဘူးထင်တာကွယ်၊ ပိုက်ဆပ် နှစ်ဆယ်ဘိုး၊ အမေ့မြေးကလေး လက်စွပ် ရောင်းလာခဲ့တာပါ၊ အမေ့ကိုပြန်ပေးပါ"ဟု တောင်းပန်သူ လည်းရှိ၏။

ကျနော်သည် ပင်းချောင်းရုံပိုင်ထံ အပ်နှံခဲ့ပြီး ဖြစ်ပုံကို နားလည်အောင် မရှင်းပြ နိုင်သဖြင့် စိတ်မောလာရသည်။

"ငါ့သား ပြန်ပေးရင် ရပါတယ်၊ သူများတွေလဲ ဒီလိုဘဲ တင်နေကြတာဆိုလို့ အမေလဲ တင်တာပါ"

အင်္ကျီပွကြီးကို ဝတ်ထားကာ ဆံပင်များ ဖွေးဖွေးဖြူနေသော အမေအိုသည် ကျနော့်ခြေရင်း၌ထိုင်ကာ တတွတ်တွတ် ငိုပြောနေခဲ့၏။ မျက်ရည်များ သုတ်လိုက် ငိုလိုက် လုပ်နေ၏။

ကျနော်သည် အမေအိုကို ပွေ့ထူလိုက်သည်။ သူ နှစ်သိမ့်ကျေနပ်ရန် မည်သို့ ပြောရမည်ကိုလည်း မသိတော့ပေ။ ခရီးသည်အများသည် ကျနော်နှင့် အမေအိုကို လှမ်းကြည့်နေကြ၏။

ညိုညိုလည်း ကျနော့်ကို ငေးကြည့်နေသည်။

"အမေ ... နောက်ကို ငါးပိသာထက်လဲ ပိုမတင်နဲ့၊ အမေတင်ရတယ်လို့လဲ ဘသူ့မှ မပြောနဲ့၊ အမေ့တောင်းကို အမေ့ခုံအောက်ထားပါ၊ ဒါမှ ကျနော် ရှောင်တတ်မှာ"

ကျနော်သည် နံဘေးမှ မကြားစေရန် အသံနှိမ့်ပြီး တိုးတိုးကပ်ပြောနေရသည်။ ရထားခုတ်မောင်းနေသံ၊ အခြားခရီးသည်များ၏ အသံအောက်တွင် ကျနော့်အသံမှာ နစ်ဝင်ပျောက်ကွယ်သွားနေသည်။ အမေအို မသဲကွဲသဖြင့် ကျနော်သည် ထပ်ပြောနေရ၏။

အမေအို၏ ပခုံးနှစ်ဖက်ကို ပွေ့ထူနေစဉ် ကျနော့်စိတ်နှလုံးသားထဲတွင် ရုပ်ဝေး၌ နေသော ကျနော့်အမေကို သတိရနေသည်။ ကြည်ညို မေတ္တာစိတ်များ ပွားများလာနေသည်။ အမေအိုသည် ကျနော့်ကို ဆုတောင်းမေတ္တာများ ပို့သပြီး သူထိုင်ရာ အိမ်သာကြားဖက်သို့ လျှောက်သွားနေသည်။

"ကို့ အမေနဲ့ သိပ်တူတာ"ဟု ကျနော်သည် တီးတိုးရေရွတ်နေမိ၏။

ကျနော့်ရေရွတ်သံမှာ အလွန်တရာ ဝေးကွာနက်ရှိုင်းလှသော ဒေသမှ ဖြစ်ပေါ် လာခဲ့ရသလိုပင်။ ထိုစကားလုံးများကို ရွတ်ဆိုနေဆဲ၌ စိတ်အာရုံတခုလုံး ဆွတ်ပျံ့လာကာ ငိုချင်နေသည်။ ကျနော့်မျက်လုံးများပေါ်၌ မျက်ရည်များ တက်လာနေသည်။ ကျနော်သည် မျက်ရည်များ ပျောက်ကွယ်သွားစေရန် ပြုံးလိုက်ရသည်။

သင်းသင်း၊ နုနု၊ မအေးသွယ်တို့သည် ကျနော့်မျက်နှာကို ငေးကြည့်နေကြ၏။

ညိုညိုသည်လည်း ကျနော့်ကို လှမ်းကြည့်နေသည်။ သူ့ မျက်လုံးများမှာ နူးညံ့ နေကြ၏။ သူသည် တဖြည်းဖြည်း တရိပ်ရိပ် ပြုံးလာနေသည်။ ကျနော့် မျက်လုံးအိမ် အတွင်းသို့ နက်ရှိုင်းစွာ ထိုးဖောက်ကြည့်နေသလို ထင်နေရသည်။

သူသည် ကျနော့်ဖက်သို့ တိုးရွှေ့လိုက်၏။

"ဟိုက အမေ ထမင်းစားရာဘို့ ... ဒီက အမေ့ပစ္စည်းတွေ ဖမ်းရတာနော် ... သူ့ အလုပ်မျိုးတော့ ကောင်ကလေး ကြီးလာရင် မလုပ်ခိုင်းတော့ဘူး"

သူသည် အခြားသူများ မကြားနိုင်အောင် ခပ်တိုးတိုး ပြောနေသည်။

## (၈)

***အပေးအယူ***

ညနေအပြန် မှောင်ရီပျိုးလာလျှင် သူတို့သည် ကျနော့်ကို လာဘ်ပေးရန် ကျနော် ရှိရာတွဲသို့ တယောက်ပြီးတယောက် ရောက်လာကြသည်။ ကျနော်နှင့် စကား အနည်းငယ် ပြောဆိုကြပြီး ငွေများကပ်ပေးသွားသည်။

ကိုယ်ဝန် မပေါ့တပေါ်နှင့် လင်ရှိမယား မအေးမြင့်သည် ငွေပေးတော့မည်ပြုလျှင် ကျနော့်အနား၌ ကိုယ်ချင်းထိကပ် လာထိုင်တတ်သည်။ ကျနော့် ဒူးကို သူ့ပေါင်နှင့် ထိထားတတ်သည်။ သွေးနုနေသော သူ့ကိုယ်မှာ နူးညံ့နေ၏။ ရမက်ဆန္ဒကြောင့် သူ့အသားများသည် ပူနွေးနေလျက်။ သူ့နှုတ်ခမ်းမှ နှုတ်ခမ်းဆိုးဆေး ရနံ့သည် သင်းမြနေလျက်။ သူ့စိတ်ထဲတွင် မီးရထား အမှုထမ်းမှန်သမျှကို ကာမ ခါးပြများဟု အထင်သေးကာ သူ၏ ရမက်နှိုးဆွမှု အပြုအမူများသည် ရဲတင်းနေသည်။

သူသည် ကျနော့်လက်ကို ဆုပ်ကိုင်ပြီးမှ ငွေပေးသည်။

"ဒါဘဲနော် ... ကိုယ့်လူ"

သူက ဘာအဓိပ္ပာယ်နှင့်မှန်း မသိ ပြောလိုက်တတ်သည်။

သူ့အသံမှာ နွေးပူနေကာ နှစ်ယောက်ချင်း ကပ်ပြောနေသံမျိုး ဖြစ်၏။ သူ့ ယောကျ်ား ကိုအောင်ထွန်းသည် အခြားတနေရာရာ၌ ထန်းလျက်အိတ်များကို စုဆောင်း နေတတ်၏။

အချို့သည် ညောင်တိုဘူတာတွင် ကျနော် ထမင်းဟင်းများ ဆင်းဝယ်နေစဉ်၌ အနားလာ ကပ်ရပ်ကာ ပေးသွားကြသည်။

ကိုရွှေယောက်သည် နတ်မောက်ဘူတာ လဖက်ရည်ဆိုင်တွင် ကျနော် လဖက် ရည်သောက်နေစဉ်၌ စာပွဲရှေ့သို့ လျှောက်လာပြီး သတင်းစာကို ဆွဲကြည့်သည်။ သတင်းစာအောက်၌ တဆယ်တန်တရွက် ထိုးသွင်းသွားသည်။

သူသည် ဆိုင်မှမထွက်မီ "အောက်မှာ"ဟု တိုးတိုးကပ်ပြောသွားသည်။

ကျနော်သည် သတင်းစာအောက်မှ ဆယ်တန်တရွက်ကို အမှတ်မထင် ယူလိုက်သည်။ လာဘ်ပေးသည်ဟု တကြိမ်တခါမျှ မထင်မိပေ။ ကျနော် ငွေမယူလျှင်သာ ကိုရွှေယောက်ကြီး ရင်ထဲတွင် တလေးလေး ဖြစ်နေရသည်ကို တွေးမိသည်။ ကျနော့်ကို ငွေမပေးရသေးလျှင် သူ့ရင်ထဲ၌ လေးလံနေသည်။

ကျနော်သည် သူ့ငွေကို ဘောင်းဘီအိတ်ကပ်အတွင်း ထိုးသွင်းလိုက်ရင်း သူ လူကြားထဲသို့ တိုးဝင်သွားနေပုံကို ငေးကြည့်နေခဲ့မိသည်။ သူ့ခြေထောက်မှာ ဖိနပ်မပါ။ ခေါင်းမှ ဆံပင် ဘုတ်သိုက်သည် တဖွာဖွာ ဝဲပျံနေလျက်။ သူ့အင်္ကျီမှာ ချေးများကြောင့် ညိုမွဲရောင် တောက်နေလျက်။ သူ့ကျော၌ ချွေးများ နစ်နေလျက်။

"ကျနော် စေတနာနဲ့ ပေးတာပါဆရာ ... သူများတကာတွေလဲ ဒီလိုဘဲ စားနေ ကြတာဘဲ၊ တချို့များ တွဲလိုက်တင်တာ၊ တထောင် ကိုးရာကို ပက်ကနဲ ယူလိုက်ကြ တာ၊ ကျနော့် ထန်းညက်တလုံးမှ မမိစေရဘူးဆရာ၊ သိကြားမင်း ဆင်းရှာလို့တောင် မတွေ့စေရဘူး"ဟု သူသည် သူထန်းလျက်တင်ရာ အိမ်သာအမိုးပေါက်ကို အားကိုးပြီး လက်မထောင်လျက် ရဲရဲတင်းတင်း ပြောသွားတတ်၏။

တခါတရံ၌ ညိုညို့ရှေ့တွင် သူတို့ငွေပေးကြလျှင် ညိုညိုသည် မျက်စိမျက်နှာ ပျက်နေတတ်၏။ သူကလည်း အများနည်းတူ ကျနော့်ကို ငွေပေးချင်သည်။ မပေးနိုင်သဖြင့် စိတ်မကောင်းဖြစ်ကာ သိမ်ငယ်နေရရှာသည်ကို ကျနော် မတွေးမိခဲ့ပေ။

ငွေပေးငွေယူ လုပ်နေစဉ်၌ သူသည် မျက်နှာကို တဖက်သို့လွှဲကာ မှောင်ရီ ဆိုင်းနေသော ပတ်ဝန်းကျင်ကို ငေးကြည့်နေသည်။

ကျနော့်ကို အခြားမိန်းမများက လာ၍ ရောရောနှောနှော လုပ်သည်ကို သူ စိတ် မချမ်းမသာ ဖြစ်နေရသည်ဟု ကျနော်သည် သာမန်မျှသာ တွေးနေခဲ့၏။

ထို့ကြောင့် မအေးသွယ် ငွေလာပေးလျှင် ကျနော်သည် သူ့ကို ဂရုစိုက် ကြည့်နေခဲ့ရ၏။

မအေးသွယ်သည် အမှောင်ရိပ်ထဲတွင် ကျနော့်နံဘေး၌ လာ၍ တိုးကျစ်ထိုင်သည်။ သူ၏ နွေးအိသော ကိုယ်လုံးနှင့် တမင် ဖိကပ်ထားသည်။ သူ့ လက်တဖက်ကို အမှတ်မဲ့ ကျနော့်ပေါင်ပေါ် တင်လိုက်သည်။ သူက ကျနော့်ကို အသက်ရှိသည်ဟု မထင်။ စကားပြောလျှင် မျက်နှာကို ရှေ့ငိုက်ပြီး နှစ်ဦးသားကြားရုံ ခပ်တိုးတိုး ပြောသည်။ သူ့ အသံမှာ သံလိုက်သံ ပါနေခဲ့သည်။ သူသည် အငြိမ့်မင်းသမီးများ ထက် အသံ အထားအသို၌ ပို၍တော်သည်။ တမ်းတသံ၊ ရှိုက်မောသံ၊ အငမ်းမရအသံ၊ ရမက်ဆူပွက်သံ၊ ရမက်အင်္ဂါများ လှုပ်ရှားနေမှုကို အထင်းသား ဖော်ပြနေသံ။

''မအေးသွယ်တို့ကိုလေ ... တီဘီစီတွေကော ဂါတ်ဗိုလ်တွေကော၊ ရှုံပိုင်တွေ လက်မှတ်စစ်တွေကော မခင်တဲ့လူ မရှိဘူး သိလား၊ ရဲတွေလဲ အကုန်ခင်ကြတာ၊ ဦးလော်လီကြီးတို့၊ ကိုပျားတို့၊ ကိုထွန်းတင်တို့ ... နော် ... နော် ... ဘယ်သူမှ မအေးသွယ်ဆီက ပိုက်ဆပ်ယူကြတာ မဟုတ်ဘူး၊ မအေးသွယ်တို့လဲ ခင်တတ်ပါတယ်တော်၊ ရှင့်ညီညီချည့်မှခင်စရာ မဟုတ်ပါဘူး၊ ကဲ ... ပြောစမ်း မအေးသွယ့်ကို မခင်ဘူးလား၊ နဲနဲကလေးမှ မခင်နိုင်ဘူးလား၊ တော်ဘီ တော်ဘီ၊ နောက်ကို ရှင့်ကို စကားပြောမယ့်အစား ကျောက်ဆင်းတုကို သွားပြောနေ မယ်၊ မောတယ်၊ ရှင်တယောက်ဘဲ မအေးသွယ်ဆီက ပိုက်ဆံယူရက်တာ၊ သုံးကျပ်ဘဲ ယူနော် ...''

သူ၏ မျက်စောင်းထိုး မဲ့ရွဲ့ထားသည့် မျက်နှာကို မသဲမကွဲ မြင်နေရ၏။ သူ နေရာမှ ထသွားသောအခါ ကျနော်သည် ညီညီ မည်သို့ ခံစား နေရမည်ကို တွေးနေမိ သည်။

ကျနော်သည် ညီညီ့ခုံသို့သွားထိုင်ပြီး အစောက မအေးသွယ် ကျနော့်အနား လာထိုင်သည်မှာ ရိုးရိုးသားသား ဖြစ်ပါကြောင်း အစီရင်ခံရန် စိတ်စောနေရပြန်သည်။

ကျနော် သူ့ အနား၌ လာထိုင်သည်ကို ညီညီသည် လှည့်မကြည့်။

ထိုအခါတွင်ကား ရထားသည် အမှောင်ရိပ်ထဲတွင် မြို့လုင်မှ တိတ်တဆိတ် ထွက်ခွာရန် အားယူနေသည်။ ညီညီသည် အပြင်ဖက် မှောင်ပျပျ ထဲသို့ ငေးစိုက်နေ သည်။ သူသည် စိတ်၌ အားငယ်သိမ်ငယ်နေကာ ငြိမ်သက်နေသည်။ တခုခုကို အဆုံး အစမရှိ တွေးတောနေပုံမျိုးဖြစ်၏။

မြို့လုင်မှအထွက်တွင် များပြားလှသော ရှေးဟောင်းဘုရားများသည် အညာ ဆူးရစ်ခြုံများ အကြား၌ ငြိမ်သက်နေ၏။ တိမ်ကောနေပြီဖြစ်သော ကန်ဟောင်းများ ဖက်တွင် ငှက်ကလေးများ အုပ်လိုက်ချီ ပျံသန်းနေသည်။ ရထား ခုတ်မောင်းနေသံကြောင့် ငှက်ကလေးများ၏ ကျီကျီကျာ ကျာ တေးသံကိုမူ မကြားရ။

ညီအမသုံးဖော် စေတီသုံးဆူသည် ရထားနံဘေး၌ ဝေ့ကျန်ရစ်၏။ ကျနော်ကား ဉစ္စာစောင့်များဖြစ်ကာ ယခုတိုင်ရှိနေသေးသည်ဆိုသော ထိုညီ အမသုံးဖော်ထဲမှ အထွေးဆုံး အလှဆုံး ဉစ္စာစောင့်မကလေးကို စိတ်၌ ထင်မြင်ကြည့်ကာ ညီညီနှင့် ယှဉ်ကြည့် နေမိပြန်သည်။

စိတ်ကူးထဲ၌ ညီညီ့ ကိုယ်ပေါ်တွင် ပုဝါရှည်ကြီးတခု ခြုံပေးလိုက်၏။ ပြိုးပြိုး ပြက်ပြက် အဝတ်များကို ဝတ်ပေးကြည့်၏။ ထိုအဝတ်များ ဝတ်ပေးကြည့်သောအခါ ညီညီသည် ရုက်ရုက်ဖြင့် ဣန္ဒြေမဆယ်နိုင် ရယ်မောနေပြန်သည်။

ညီအမသုံးဖော်စေတီများ ပျောက်ကွယ်သွားလျှင် ထိုအတွေးများသည်လည်း ဖျတ်ကနဲ ပျောက်ပျက်သွားသည်။

''မအေးသွယ် ... ပိုက်ဆံလာပေးတာပါ''ဟု ကျနော်သည် ညီညီ့ကို ရှင်းချက် ထုတ်နေရသည်။

ကျနော်သည် ကိုယ်ကိုညွတ်လိုက်ပြီး သူကြားရုံသာ ပြောနေမိ၏။ ကျနော့်အသံ မှာလည်း တိုးသက်နေသည်။

''ကို့ကို မအေးသွယ်နဲ့ ဟိုထင်ဒီထင် ထင်နေမှာစိုးလို့ ပြောပြရတာ''

အတန်ကြာမှ သူသည် လှည့်ကြည့်လိုက်၏။ အမှောင်ရိပ် ရီရီဆိုင်းဆိုင်းတွင် ကျနော့်ကိုပြုံးပြရန် သူကြိုးစားနေသည်။ သူ့ အပြုံးပေါ်တွင်ကား သူ၏ အားငယ် သိမ်ငယ်နေမှုများ လွှမ်းနေပြန်သည်။ သူ့စိတ်၌ ထိခိုက်နေပုံကို သိသော်လည်း ဘာကြောင့် ထိခိုက်နေရသည်ကိုမူ မသိနိုင်။

''သူများ ဘာမှ မပြောပါဘူး''

ရှေ့မှ ထိုင်ခုံတွင် ထိုင်နေကြသည့် သင်းသင်းနှင့် နုနုတို့က ကျနော့်ကို ငွေထည့်ထားသော စာအိတ်ဟောင်းနှစ်ခု လှမ်းပေးနေသည့်အခိုက်တွင် သူသည် မျက်နှာ ကို တဖက်သို့ ပြန်လှည့်သွားသည်။

''ဒါဖြင့် ဘာဖြစ်နေရတာလဲ''

ကျနော် မေးသည်ကိုလည်း ပြန်မဖြေတော့ပေ။

အတန်ကြာလျှင် ရုပ်ဒြပ်ပစ္စည်းအပေါင်းသည် အမှောင်နှင့်ရောရှက်ကာ တစတစ ဝါးကာ ပျောက်ကွယ်သွားနေ၏။ ညိုညို၏ စိတ်ထိခိုက်နေရမှု အပေါင်းသည်လည်း ဤအမှောင်ထုကြီးအတွင်းသို့ ပြေးဝင်နေကြသည် ထင်သည်။ တချက်တချက်၌ သူ၏ သက်မချသံ ပေါ်လာနေသည်။ ဤသက်မချသံများကား အမှောင်ထဲ၌ ရုပ်ဒြပ် ပစ္စည်းများအဖြစ်ဖြင့် ထင်ရှားစွာ ပေါ်လာနေသည်ဟု ထင်နေရပြန်သည်။

ထိုအခါမှစ၍ နောက်ပိုင်းရက်များတွင် ကျနော်သည် ... "ညိုညို့ရှေ့မှာ ငွေမပေးကြနဲ့" ဟု အခြားသူများကို ပြောထားရ၏။

"ဘာပြုလို့လဲ"ဟု သူတို့မေးကြသည်ကို ကျနော်လည်း မဖြေနိုင်။

သူတို့ ညိုညို့ရှေ့တွင် ငွေပေးလျှင် ကျနော်လည်း မယူတော့ပေ။

သူတို့သည် ငွေပေးရန်အတွက် ညိုညို့ကိုပါ ရှောင်တိမ်းနေရသည်။

ရက်အတန်ကြာသောအခါ အချို့သည် ညိုညို့ကို မကျေမနပ် ဖြစ်လာကြ၏။ အချို့က ညိုညို့ကို သူတို့အား ဒုက္ခပေးမည့်သူလားဟူ၍ပင် သံသယဝင်လာကြသည်။ အချို့သည် ညိုညို့ကို သူတို့စိတ်ချယုံကြည်ရသူ၊ သူတို့နည်းတူ ထန်းလျက်ကုန်ကူးသူ ဖြစ်လာစေချင်ကြသည်။
ကျနော့် အဖေဆုံးကြောင်း အမေ့ထံမှ ကြေးနန်းရပြီး ကျနော် အရေးပေါ်ခွင့်ဖြင့် အဖေ့ကို သင်္ဂြိုဟ်ရန် ပြန်မည်ပြုသည့်နေ့တွင်လည်း သူတို့သည် ကျနော့်ကို ငွေများ စုဆောင်းပေးရန်အတွက် ညိုညိုမသိအောင် တိတ်တိတ် ကျိတ်တိုင်ပင်ခဲ့ကြသည်။

သို့သော် ထိုသတင်းမှာ ညိုညို့ထံ ဘယ်ကဘယ်သို့ ပေါက်ကြားသွားခဲ့သည် မသိ။

ထိုနေ့ နေ့ခင်းက ကျောက်ပန်းတောင်း၌ ခရီးသည်များ မရှိချိန်တွင် သူတို့ တတွေ ကျနော့်ကို ငွေများပေးရန် စုဝေးလာကြသောအခါ မလှမ်းမကမ်းမှ ညိုညိုပါ လိုက်လာသည်။ သူတို့သည် ဂါတ်တဲပေါ် စုဝေးတက်ရောက်လာကြပြီး ကျနော့်ကို ငွေများစာရင်းပြုလုပ်ကာ အပ်နေစဉ်၌ ညိုညို ဂါတ်တဲတဖက်ဝတွင် ရပ်နေသည်ကို မသိကြ။

"မညွန့်ရီ သုံးဆယ်၊ ဒေါ်ခွေး နှစ်ဆယ်၊ ဒေါ်ဒေါ်ညွန့် နှစ်ဆယ်၊ ရွှေယောက် သုံးဆယ်၊ ဦးပေါ်လာ နှစ်ဆယ်" စသည့် စာရင်းကို ကိုရွှေယောက်သည် ခဲတံဖြင့် တေးမှတ်နေ၏။

"ကိုရင်မောင့်ကို ယူတဲ့မိန်းမတော့ ကော်မှာနော်၊ မအေးသွယ်တို့တောင် ကိုရင်မောင့်ကို တရက်လောက် ယူပလိုက်ချင်လာဘီ၊ မိုးလင်းမှ အဆိပ်ခပ် သတ်ပစ်မယ်၊ ဒီ ကျောက်ဆင်းတုကြီးနဲ့ ကြာရှည်တော့ မပေါင်းနိုင်ပါဘူး" ဟု မအေးသွယ်ပြောသည်ကို အများက ဝိုင်း၍ ရယ်နေသည်။

"ကိုရင်မောင် မရှိရင် ကျုပ်တို့တော့ နောက်လူ အသစ်နဲ့ပေါင်းရမှာ ရင်လေးပါတယ်တော် ...၊ နောက်လူက ကုလားဆို၊ ကြက်သီးထလိုက်တာ၊ မစ္စတာ အေကော်နာတဲ့လား၊ ပိုက်ဆံ သိပ်တောင်းတဲ့လူဆို၊ ကျုပ်တို့ကို ဒီအတိုင်းတော့ ပစ်မသွားပါနဲ့ ကိုရင်မောင်ရယ် နောက်လူနဲ့လဲ ဆက်ပေးခဲ့ပါအုံး၊ ထုံးစံအတိုင်းပေါ့" ဟု မညွန့်ရီသည် သူ့ကိုယ်လုံး သေးသေးကွေးကွေးကြီးကို လှုပ်ယမ်းရယ်ကာ နောက်နေသည်။

"ဒါ ကိုရင်မောင့်အဖေအတွက် ကူတာနော် ... ကိုရင်မောင့်အတွက် ကူတာလို့ မှတ်မသွားနဲ့အုံး" ဟု အတင်က ပြောနေသည်။

ကျနော်သည် သူတို့ပြောဆိုနေကြသည်ကိုလည်းကောင်း ရယ်မောနောက်ပြောင် နေကြသည်ကိုလည်းကောင်း အာရုံမစိုက်ဘဲ သူတို့နောက် ကျော၌ ရပ်နေသည့် ညိုညို့ ကိုသာ လှမ်းကြည့်နေသည်။

သူသည်လည်း အများကိုကျော်ပြီး ကျနော့်ကို ကြည့်နေသည်။ နေပူထဲမှ ဖြတ်သန်းလာခဲ့သောကြောင့် ထင်သည်။ သူ့မျက်နှာကလေးမှာ နီမြန်းနေသည်။ သူသည် နဖူးမှချွေးများကို တဘက်ဖြင့် သုတ်နေ၏။

ချက်ချင်း ဂါတ်တဲ တခုလုံးပေါ်တွင် ဆူသံညံသံများ တိတ်ဆိတ်သွားသည်။ တင်တင်သည် ကျနော့်အနားတွင် ထိုင်နေရာမှ ထလိုက်သည်။ လူအများစုသည် ညိုညို့ကို မတွေ့မြင်ဘူးသည့် သူစိမ်းတဦးလို ဝိုင်းကြည့်နေသည်။

ကိုရွှေယောက်သည် ငွေများကို ကျနော့်ဦးထုပ်အတွင်းသို့ ထည့်နေရင်း "ဘာလဲဟေ့ မိညို" ဟု ခပ်တိုးတိုး လှမ်းမေးနေသည်။

ညိုညိုသည် အတွင်းဖက်သို့ တိုးဝင်လာသည်။ ကျနော့် ရှေ့နားအထိ လျှောက် လာသည်။ ကျနော့်ရှေ့တွင် ရပ်သည်။ သူ့ အိတ်ကပ်အတွင်းမှ နွမ်းကျေနေသော ငွေစက္ကူ ကျပ်တန်အလိပ်ကလေးကို ထုတ်သည်။ ကျနော့်ဦးထုပ်အတွင်းသို့ သူ့လက်ဖြင့် ထည့်သည်။

"အစောက စာရင်းဖတ်နေသံ ကြားပါတယ်၊ ညိုညို နှစ်ဆယ့်နှစ်ကျပ်လို့ ရေးလိုက်အုံးနော်"

သူက ကိုရွှေယောက်ကို လှမ်းပြောနေသံမှာ တုန်ယင်နေသည်။

ကိုရွှေယောက်သည် ကျနော့်ကို လှမ်းကြည့်နေခဲ့၏။ ကျနော်က စာရင်းရေးရန် ခေါင်းညိတ်ပြမှ သူသည် နားရွက်ကြားမှ ခဲတန်ကို ထုတ်ယူပြီး စာရင်းတေးမှတ်လေသည်။

အားလုံး ပြန်ဆင်းသွားကြသောအခါ ကျနော်သည် ညိုညိုကို ခဏနေခဲ့ရန် တားထားလိုက်သည်။

သူသည် ကျနော့်ရှေ့၌ ရပ်နေရစ်ခဲ့၏။ ကျနော်သည် စကားလုံးပေါင်း မြောက်မြားစွာ ပြောချင်နေသော်လည်း စကားစ ရှာမရ ဖြစ်နေပြန်သည်။ ထိုအခါတွင်မှ သူသည် ကျနော့်ကို အများနည်းတူ ငွေမပေးရသဖြင့် အားငယ်နေသည်ကို ကျနော် သည် သိလာရ၏။ ကျနော်သည် သူ့ငွေစက္ကူလိပ်ကလေးကို ဦးထုပ်အတွင်းမှ ဆွဲယူပြီး လက်အတွင်း၌ ဆုပ်နယ်ထားမိသည်။

သူသည် ကျနော့်ကိုကြည့်ပြီး ခေါင်းကိုငုံ့လိုက်သည်။

သူသည် ဤငွေကလေးများကို ရက်ပေါင်းများစွာ စုဆောင်းခဲ့ရခြင်း ဖြစ်သည် ကို ကျနော်တွေးနေမိသည်။

သူတို့ ဆန်မရှိသဖြင့် ထမင်းပင် ချက်မစားရသည့် အခါ၌လည်းကောင်း ... သူ့ အမေ နေဆိုးနေသည့် အခါ၌လည်းကောင်း ဤငွေကလေးကို သူသည် မသုံးစွဲခဲ့။

ငွေကို ကျနော်သည် ပြန်၍ မပေးရက် ဖြစ်နေရပြန်သည်။

"သူ ဘာပြောမလို့လဲ" ဟု သူက မေးနေသည်။

ကျနော်သည် သူ့ကိုပြောရန် စကားစမရှိဘဲ အတန်ကြာ ငြိမ်နေမိခဲ့သည်။

"မင်းငွေကို ကိုယူတယ်နော် ...၊ အဲတာ ကျေးဇူးတင်တဲ့ အကြောင်း ပြောမလို့ပါ၊ ဒါပေမယ့် ဒီတခါဘဲ ယူမှာနော် ...၊ ဒါ နောက်ဆုံး ဆိုတာလဲ ပြောချင်တယ်၊ ကို ပြောချင်တာတွေတော့ အများကြီးရှိတယ်၊ ခုတော့ ဘာပြောရမှန်းလဲ မသိတော့ဘူး၊ အချိန်လဲ မရှိတော့ဘူး၊ ဒီလိုလုပ်လေ ... အပြန်ကျရင် ညောင်တိုထွက်ရင် ဂါတ်တွဲကို မင်းလာခဲ့အုံး၊ အဖော်တယောက်လဲ ခေါ်ခဲ့နော်၊ တော်ကြာ လူအထင်သေးနေရင်လဲ မကောင်းဘူး၊ အဲဒီကျမှ အေးအေးဆေးဆေး ပြောမယ်၊ ခု အဖော်တွေရှိတုန်း သွားတော့၊ ဒီမှာ နှစ်ယောက်ထဲနေတာ အထင်သေးနေကြ အုံးမယ်"

သူ ဘူတာရုံသို့ ရောက်သွားသည်အထိ နောက်ကျောဖက်မှ ငေးကြည့်နေမိ သည်။

ကျနော်သည် သက်ပြင်းချခဲ့မိ၏။

သူ့ ငွေကို ပြန်ပေး၍လည်း မဖြစ်၊ ယူလည်း ယူ မထားရက်။ သူ ပျောက်ကွယ် သွားသည်အထိ ဘာလုပ်ရမှန်း တွေးမရ ဖြစ်နေခဲ့သည်။

သူပေးသည့် ငွေကလေးများ ကို အလိပ်မပျက် အမှတ်တရ သိမ်းထားရန် ဆုံးဖြတ်နေမိသည်။

နောက်ဆုံးတွင် ကျနော်သည် သူ့ကို တခုခုပြန်ပေးရန် တွေးမိမှ ရင်ထဲတွင် ပေါ့ပါးကြည်လင်သွားသည်။

ထိုနေ့က ကျောက်ပန်းတောင်းမှ ရထားကြီး ပြန်ထွက်လာခဲ့လျှင် ကျနော့်လက် ထဲတွင် သူ့အတွက် အင်္ကျီပိတ်စတခုနှင့် ထမီတထည် ပါလာခဲ့သည်။ ဤပစ္စည်းများ ကို သူမယူလျှင်လည်း သူ့မျက်မှောက်၌ လွှင့်ပစ်ခဲ့ရန် ဆုံးဖြတ်လာသည်။

အပြန်၌ ညောင်တိုမှ ရထားကြီး ထွက်လာခဲ့လျှင် သူနှင့် သူ့အဖော် သင်းသင်း သည် ဂါတ်တွဲပေါ် တက်ရောက်လာကြ၏။

သင်းသင်းသည် သူနှင့်ကျနော် လွတ်လပ်စွာ စကားပြောခွင့်ရစေရန် ဂါတ်တွဲ ရှေ့ဖက် ဝရံတာတွင် တယောက်တည်း ရပ်နေခဲ့သည်။

အလယ် ဂါတ်ဗိုလ် အခန်းကျဉ်းကလေးထဲ၌ ဂါတ်ဗိုလ် ကိုထွန်းအောင်သည် အသေအမျော အိပ်ပျော်လာခဲ့၏။

သူနှင့်ကျနော်သည် နောက်ဖက်ဝရံတာ လက်ရမ်းကိုမှီကာ နှစ်ယောက်ချင်း ဘေးချင်းယှဉ်ရပ်ကာ ငြိမ်သက်စွာ လိုက်ပါလာခဲ့သည်။

သူသည် ဝရံတာကိုမှီရင်း ခေါင်းငုံ့နေ၏။ ကျနော်သည် လက်ထဲ၌ အထည်များ ထည့်သည့် စက္ကူအိတ်ကို ဆုပ်ကိုင်ထားရင်း မည်သို့ စပြောရမည်ကို မသိ။

အတန်ကြာမှ "ပြောစရာရှိတယ်ဆို" ဟု သူသည် ခပ်တိုးတိုး စတင်မေးမြန်းသည်။

ကျနော်သည် ဘာမျှ မပြောဘဲ သူ့လက်အတွင်းသို့ စက္ကူအိတ်ကို ထည့်လိုက်သည်။ သူသည် စက္ကူအိတ်ကို ငုံ့ကြည့်လိုက်ပြီး ကျနော့်ကို အတင်းပြန်ပေးနေသည်။

"မယူဘူး ... မယူဘူး ... သူများ မိန်းမပျက် မဟုတ်ဘူး"ဟု ငြင်းဆန်နေရင်း မျက်ရည်များ ဝိုင်းလာသည်။

အသား တဆတ်ဆတ် တုန်လာသည်။ မျက်နှာကလေး မဲလာသည်။

ထိုအချိန်၌ နေရောင်ကို တိမ်တိုက်တတိုက်သည်လည်း ဖြတ်သန်းနေကာ နေခြည်များလည်း မှေးမှိန်နေသည်။ အရိပ်မဲကြီးများအတွင်း၌ ရထားသည် ဖြတ်သန်း နေ၏။

ကျနော်သည် မကြံစည်ဘဲလျက် သူ့တကိုယ်လုံးကို ရင်ခွင်အတွင်း၌ နှစ်မြှုပ် ပွေ့ဖက်ထားသည်။ သူ၏ တတွတ်တွတ် ငြင်းဆန်နေသံများသည် ကျနော့်ရင်ခွင်ထဲ၌ နှစ်မြုပ်ပျောက်ကွယ်သွားနေသည်။ သူ့ မျက်ရည်များဖြင့် ကျနော့်ရင်အုံမှာ ရွှဲနစ် လာနေသည်။ ကျနော်သည် သူ့ ငိုသံ ငြင်းပယ်နေသံများ အကြား၌ သူ့မျက်နှာကို ဆွဲမော့လိုက်ပြီး အထပ်ထပ်နမ်းပစ်နေမိ၏။ သူ့ကို ကျနော်မည်မျှချစ်ကြောင်း၊တကယ့် မေတ္တာဖြင့် ညီမလေးအရင်းကိုပေးသလို ပေးရကြောင်း၊ အစီအစဉ်မရှိ လျှောက်ပြော နေမိ၏။

နောက်ဆုံး၌ သူ့ကို ပေး၍ ရတော့မည်မဟုတ်ဟု သိလာရသည်။

သူသည် အထုပ်ကို လွှတ်ချထားသဖြင့်၊ ရထားလှုပ်ကာ ခုန်နေသဖြင့်၊ ကျမကျန်ရစ်ခဲ့စေရန် ကျနော်သည် ခြေထောက်ဖြင့် ဖိနင်းထားနေရသည်။

သူ့ကို နည်းမျိုးစုံဖြင့် ရှင်းပြနေသည်ကို သူ ငြင်းဆန်မြဲ ငြင်းဆန်နေသဖြင့် ကျနော်သည်လည်း စိတ်၌ ထိခိုက်လာသည်။

ကျနော်သည် သူ့ကို ဖြေလွှတ်လိုက်ပြီး အနည်းငယ် ဆတ်တွန်းတွန်းလိုက်၏။

"တော်ဘီ ... မင်း ဘယ်တော့မှ ကိုယ့်မေတ္တာကို နားလယ်မှာ မဟုတ်ဘူး"

ကျနော်သည် အော်ဟစ် ပြောဆိုနေမိ၏။

အိတ်ကို ကောက်ယူလိုက်ပြီး အိတ်အတွင်းမှ အကျီပိတ်စကို ဆွဲထုတ်လိုက်သည်။ ကျနော့်လက်အတွင်း၌ အကျီပိတ်စသည် ပြန့်သွားပြီး အလံနီကြီးတခုကို လွှင့်လိုက်သလို ဖြစ်၏။ ကျနော်သည် ကြက်မောက်တောင်ဆည် ရေသွင်းမြောင်းတူးနေကြသော အမျိုးသမီးများကို ပိတ်စ လှမ်းမြှောက်ပြကာ ဒေါသစိတ်ဖြင့် လွှင့်ပစ်ခဲ့သည်။

အကျီပိတ်စသည် လေစုတ်ယူသဖြင့် ရထားနောက်မှ အတန်ကြာ ဝေးဝေးအထိ လိုက်ပြေးလာနေသည်။ ရေသွင်းမြောင်း အလုပ်သမများသည် အော်ဟစ်ပြီး အုပ်စုလိုက် ရထားနောက်မှ ပြေးလိုက်လာနေသည်။

အတော်ကြာလျှင် ပိတ်စကျရာနေရာသို့ ရောက်လာကြ၏။ သူတို့ ဝိုင်းလုနေ သည်ကို ညိုညိုသည် လှမ်းကြည့်နေ၏။

သူသည် နှုတ်ခမ်းကို ကိုက်ထားပြီး အလုပ်သမများကို ငေးကြည့်နေရင်း မျက် ရည်များ ဝဲလာနေသည်။

"မင်း ကို့ကို အထင်သေးတာ ညိုညို၊ ကို့ကို လက်ဆောင်ပေးပီး မိန်းမသိက်တူးနေတဲ့ သိုက်သမားလို့ မင်းထင်တာ၊ နောက်လူအုပ်နဲ့တွေ့ရင် ဒီထမိန်ပါ ပစ်ချခဲ့မယ်"

ကျနော်သည် ဒေါသဖြင့် အော်ပြောရင်း ထမီကို ဆွဲထုတ်လိုက်၏။

သူသည် ငိုရှိုက်နေရင်းမှ ကျနော့်လက်ကို ဖမ်းဆွဲထားသည်။

"မင်းကို ပိုက်ဆံပြန်ပေးရမယ်၊ မင်း ကို့ကိုတော့ သူတောင်းစားပေးသလို ပေးသွားတာ မှတ်လား၊ ကို့ကို အထင်သေးတာ မှတ်လား၊ ကဲ ... ပြန်ယူလေ ... ဒီ ပိုက်ဆံပြန်ယူ၊ ကိုက ဒီငွေကို ဘယ်တော့မှ မသုံးဘူးလို့ ဆုံးဖြတ်ထားတာ၊ ကို့ တသက်လုံး အမှတ်တရ သိမ်းသွားဖို့ ဆုံးဖြတ်ထားတာ"

သူသည် ကျနော် သူ့ငွေများ ပြန်ပေးနေသည့်လက်ကို အတင်း ဖမ်းဆုပ်ထား သည်။

သူသည် ရုတ်တရက် ကျနော့် ရင်ခွင်အတွင်းသို့ ငိုရှိုက်ရင်း လဲ့မှီလိုက်သည်။ ကျနော့်ခါးကို သူ့လက်များဖြင့် တင်းကျပ်စွာ ဖက်ထားရင်း သူ့မျက်နှာဖြင့် ပွတ်တိုက် နေပြန်သည်။

အတန်ကြာလျှင် ကျတော်သည် စကားမပြောတော့ဘဲ သူ့လက်အတွင်းသို့ ထမီ စက္ကူအိတ်ကို ထည့်ပေးလိုက်သည်။ သူသည် ခပ်ဖွဖွ ဆုပ်ကိုင်ထားနေသည်။ အတာ စန်းကုန်းနား ကပ်လာမှ သူသည် ကျနော့် ရင်ခွင်အတွင်းမှထွက်လိုက်ပြီး ဝရံတာကို မှီရပ်သည်။

မျက်ရည်များသုတ်လိုက်ပြီး ငေးနေပြန်သည်။

"သူသွားမှာ ... ဆယ့်ငါးရက်တောင် ကြာမှာနော်၊ အကြာကြီးဘဲ"

သူ၏ ခပ်တိုးတိုးပြောသံမှာ ရထားခုတ်မောင်းနေသံ၊ သူ့ သက်ပြင်းချသံများနှင့် ရောထွေး ပျောက်ကွယ်သွားနေသည်။

သူ ဆက်ပြောနေသည့် အခြားစကားများမှာ သူ့အသံ တိမ်သွားနေသဖြင့် မကြားနိုင်တော့ပေ။

# (၉)

## *ပြန်၍ဆုံတွေ့သည့်အခါ ...*

ကျနော် ခွင့်ရက်စေ့သဖြင့် ပြန်လာခဲ့သည်။ ထိုညနေက သူသည်လည်း ကျနော် သူ့ကို တောင်တွင်းကြီးဘူတာရုံမှ လာကြိုနေလိမ့်မည်ဟု တွေးလာခဲ့သဖြင့် ကျနော်ပေးသည့် ထမီကို အမှတ်တရ ဝတ်လာခဲ့သည်။ သူ့ကို ကြိုတင်မြင်နိုင်စေရန် တံခါး ပေါက်ဝ၌ ထွက်ရပ်ပြ လာခဲ့သည်။

တောင်တွင်းကြီး၌ ရထားဆိုက်ရပ်လျှင် သူသည် အပြေးဆင်းလာသည်။ သူ့ နာနတ်ခြင်းများကို မြင်းလှည်းတစီးပေါ် ကမန်းကတမ်းတင်သည်။ ကျနော် ရပ် စောင့်နေရာ မြင်းလှည်းဂိတ်တဖက်ဘေးသို့ အပြေးအလွှား လျှောက်လာသည်။

ကျနော့် အနားတွင်ရပ်ပြီး သူသည် ကျနော့်ကို စကားမပြောနိုင် ဖြစ်နေခဲ့သည်။ ကျနော်လည်း အေးတိအေးစက်ဖြင့် ပြုံးရုံသာ ပြုံးနေသည်။ ကျနော့်ကို မှောင်ခိုသမားများသည် နောက်ပြောင် သွားနေကြ၏။

သူ့ကိုလည်း သင်းသင်းနှင့်နုနုတို့က "ဝမ်းသာနေပလားမိညို"ဟု အော်မေးနေ သည်။

သူသည် သူ့တောင်းများကို ယူသွားကြရန် သူ့အဖေါ်များကို ပြောလေသည်။

"ညိုညို လမ်းလျှောက်ရင်း ဖြေးဖြေးမှလာခဲ့မယ်၊ တောင်းတွေ ချထားနှင့်ကြနော်၊ ဒီလူ့ကို စစ်စရာ ဆေးစရာရှိတယ်" ဟု သူ့အဖော်များကို လှမ်းပြောသည်။

ထိုညနေမှာ သူနှင့်ကျနော် နှစ်ယောက်တွဲကာ ပထမဆုံး လမ်းအတူလျှောက်ကြသည့် ညနေ ဖြစ်သည်။

သူနှင့် ကျနော်သည် အုန်းတောရပ်ကွက် ဖြတ်လမ်းကျဉ်းကလေးတခုအတွင်းမှ ဈေးဖက်သို့ လျှောက်လာခဲ့ကြသည်။ နှစ်ယောက်စလုံး တိုင်ပင်ထားသလို အဖြေးလေး နိုင်ဆုံးနှေးကာ လျှောက်လာကြ၏။ သူသည် တဘက်တထည်ကို ခေါင်း၌ ရစ်ပေါင်း ထားသဖြင့် တကယ့်မိန်းမကြီး တဦးနှင့် တူနေပြန်သည်။ ပခုံးတွင်လည်း လွယ်အိတ် အနီတလုံးကို လွယ်ထားသည်။ သူ့အင်္ကျီမှာ ရက်ပိုင်းအတွင်းကမှ ချုပ်ထားသဖြင့် သစ်နေသည်။ ကျနော် လက်ဆောင်ပေးသည့် ထမီမှာလည်း သူ့အသားနှင့် လိုက်ဖက် နေသည်။ သူ့မျက်နှာမှာ ယခင်ကလို မှေးမှိန်မနေတော့ပေ။ တချက်တချက် ကျနော့်ကို ကြည့်သည့် သူ့မျက်လုံးများမှာ စိန်ရောင် တဖျတ်ဖျတ် လက်နေကြသည်။

အတော်ကြာကြာ အလှမ်းဝေးလာသည်အထိ သူနှင့်ကျနော် စကားမပြောမိ။ လမ်းမှာ ခရီးသွားများပြတ်နေ၏။ ဓာတ်မီးတိုင်မှ အလင်းရောင်နှင့်ဝေးရာ မှောင်ရိပ် ဖက်မှ ဖြတ်လျှောက်လာကြသောအခါ၌ ရင်ထဲတွင် နွေးလာပြန်သည်။

ကျနော်သည် သူ့ကို ရင်ခွင်အတွင်း ဆွဲသွင်းပွေ့ညှစ်ပစ်လိုစိတ်များ ပေါ်လာ သည်ကို မျိုသိပ်နေရပြန်သည်။ ပခုံးချင်း ယှဉ်လျှောက်နေခိုက်၌ သူ့လက်မောင်းသား များသည် ကျနော့်လက်မောင်းကို လာ၍ထိကြ၏။ သူ့ ရင်ခုန်သံများမှာ ဤလမ်းကျဉ်း ကလေးထဲ၌ လှိုက်ခုန်နေသည် ထင်သည်။

ဤလမ်း၌ လျှောက်နေစဉ်တွင် သူ့ကို ကျနော် မည်မျှသတိရနေသည်ကို ထုတ်ဖော်ပြောနေရန်မလိုဟု ကျနော် တွေးလာခဲ့၏။ ကျနော်သည် သူ့အတွက် အင်္ကျီပိတ်စ တခုနှင့် သူ့အမေအတွက် ပန်းနာဆေးများ ယူလာခဲ့၏။ လမ်းအတော်ဝေးဝေး လျှောက်လာပြီးသည်အထိ မပေးဖြစ်သေးပေ။

လမ်း ဓာတ်မီးတိုင်များအောက်တွင် သူနှင့် ကျနော်သည် မျက်လုံးချင်း ဆိုင်မိကြ၏။ နှစ်ယောက်စလုံး စကားမပြောဘဲ အချိန်ကိုက် စက်ကရိယာများလို တပြိုင်နက်တည်း ပြုံးလိုက်မိကြသည်။ သူ့မျက်နှာပေါ်တွင် ရှက်သွေးရောင်များ ပြေးနေပြန်သည်။

လမ်းဆုံးလုနီးမှ "ကဲ ... ပြောစရာရှိလို့ မှုတ်လား၊ ပြောစရာရှိ ပြောလေ" ကျနော်သည် သူ့ကို ခပ်တိုးတိုး မေးနေ၏။

သူသည် ကျနော့်မျက်နှာကိုကြည့်ရင်း ပြုံးနေပြန်သည်။

"သူ ပိန်သွားတယ်" ပြောပြီး ငြိမ်ငြိမ်သက်သက်ပင် ဆက်လျှောက်နေပြန်သည်။

တခါတခါ၌ သူ့မျက်နှာကလေးမှာ တခုခုကို နက်နက်ရှိုင်းရှိုင်း တွေးနေပုံမျိုးလည်း ပေါ်လာသည်။ တခါတရံ၌ အပြုံးရိပ်များသည် အမှတ်မထင် ဖြတ်သန်းသွားကြသည်။ လမ်းဆုံးလုနီးရောက်လာမှ သူသည် စကားများကို ခပ်တိုးတိုး ပြောလာသည်။ လမ်းကို ပို၍ နှေးလေးစွာ လျှောက်လာပြန်သည်။

"သူများကို မေ့နေတာမှုတ်လား၊ ဒီနေ့ သူ ဘူတာက လာကြိုနေမှာလို့ သင်းသင်းတို့နဲ့ အလောင်းအစား လုပ်လာခဲ့တာ၊ လာမကြိုဘဲများနေရင် သူ့ကို ခေါ်ကို မခေါ်တော့ဘူးလို့ စိတ်ကူးထားတာ၊ သူ လာကြိုနေလို့ပေါ့"

"ပြောစရာရှိတယ်ဆိုတာ အဲတာလား"

"မဟုတ်ဘူး" ဟု ပြောကာ သူသည် လမ်းကွေ့ဓာတ်မီးတိုင်အောက်တွင် ရပ်တန့် လိုက်ပြန်သည်။

ကျနော်သည်လည်း သူ့အနားတွင် ယှဉ်လျက် ရပ်နေမိ၏။

ရှေ့တွင် နှင်းမှုန်များကြားထဲ၌ မော်တော်ကားလမ်းမကြီးကို လှမ်းမြင်နေရ သည်။ လမ်းမကြီးသို့အကူး ကားဖြတ်မောင်းသည့် အုတ်တန်းတားကလေးပေါ်တွင် လည်း နှင်းမှုန် နှင်းစက်များ တဖြောက်ဖြောက် ကျနေသည်။

သူသည် ကျနော့်မျက်နှာကို မော့်ကြည့်နေ၏။

"ဒီနေ့ ကျောက်ပန်းတောင်းဈေးထဲမှာ သူနဲ့လိုက်မယ့် ပုဆိုးတထည်တွေ့လို့ ဝယ်လာခဲ့တာ၊ အဲတာပေးမလို့ပါ၊ လူကြားထဲမှာတော့ မပေးရဲဘူး၊ ရှက်ပါတယ်၊ အဲတာ မနက်ဖက် အလုပ်ဆင်းရင် ဝတ်လာခဲ့ရမယ်၊ သူနဲ့ ဘောင်းဘီနဲ့ လုံးလုံး လိုက် တာမဟုတ်ဘူး၊ ဘောင်းဘီဝတ်လိုက်ရင် လူကပိန်ပိန်နဲ့ မျောက်နဲ့သိပ်တူတာ၊ လုံချည် ဝတ်ရင် ချောရဲ့သားနဲ့၊ လုံချည်ဝတ်လည်း မှန်းစရာကြီးပါ၊ လုံချည်တောင် ညီအောင် ဝတ်တတ်တာ မဟုတ်ဘူး၊ တစတို ရှည်ကြီး၊ တခါလောက်တော့ မြို့လုင်က အရီးညို တို့အိမ် ခေါ်သွားရအုံးမယ်၊ အဲဒီအိမ်က ခွေးကြီးက ပုံပျက်ပန်းပျက် မြင်ရင် သိပ်ကိုက်တာ"

သူ ရယ်နေသော်လည်း ကျနော်သည် ငြိမ်သက်နေမိ၏။

သူ့လွယ်အိတ်အတွင်းမှ ထုတ်ယူနေသော လုံချည်မှာ ပေါက်ဈေးဖြင့် လေးဆယ် ကျော်မျှမပေးရဘဲ ရမည်မဟုတ်။ သူ့နား၌မူ နားတောင်းလေး တရံတောင် ဝယ်မဝတ်နိုင်။ သူသည် ကျနော် ထမီတထည် လက်ဆောင်ပေးသဖြင့် သူ့မှာနနှင့် ကျနော့်ကို အောက်ကျမခံ လုံချည်တထည် ပြန်ပေးနေခြင်းအတွက် ကျနော်သည် သူ့မာနကို ဦးညွှတ်လေးစားလိုစိတ်များလည်း ပေါ်လာနေရပြန်သည်။

သူသည် ဤလုံချည်တထည် ကျနော့်ကို ပြန်၍ လက်ဆောင်ပေးနိုင်ရန်အတွက် သော်လည်းကောင်း ... သူ့ မိသားစု၏ စုံးစုံးမြုပ်လာနေသော စားဝတ်နေရေး ပြဿနာ ကြောင့်သော်လည်းကောင်း ထန်းလျက်များကို တင်နေခဲ့ရပေပြီလားဟု တွေးနေမိ၏။

ကျနော့်ရင်ထဲတွင် အစောက ပျော်ရွှင်ကြည်နူးစိတ်ကလေးများသည် တဖြည်း ဖြည်း ပြယ်ကာ နှင်းထုကြီးအတွင်းသို့ ပျံ့သွားကာ ပျောက်ကွယ် သွားနေသည်။

ကျနော်သည် လုံချည်ကို လှမ်းမယူသော်လည်း ... အစောပိုင်းက ဖြစ်ပေါ်နေခဲ့ သည့် သူ့ စိတ်နှလုံးသားအတွင်းမှ ကြည်နူးရွှင်ပျမှုကလေးများ ပျောက်ကွယ်သွားမည် ကိုမူ စိုးရိမ်သောက ရောက်မိပြန်သည်။ ကျနော်သည် ကြိုးစားပြီး ပြုံးနေရ၏။

ကျနော်သည်လည်း သူ့အတွက် ယူလာခဲ့သည့် အင်္ကျီစနှင့် သူ့အမေအတွက် ဆေးထုပ်များကို ထုတ်ပြနေသည်။

သူသည် ထိုတိုက်ဆိုင်နေမှုအတွက် ပြုံးရယ်နေ၏။ သူ့မျက်လုံးများ ပို၍ ရွှန်းလက်တောက်ပလာနေသည်။

"တိုက်တိုက်ဆိုင်ဆိုင်နော် ... သူများကလဲ ဝယ်လာတာ၊ သူကလဲဝယ်လာ"

သူသည် ကျေနပ်နှစ်သိမ့်မှု ကြည်နူးရွှင်ပြမှုများ ပြည့်နေသည့်အသံဖြင့် တတွတ်တွတ် ပြောနေသည်။ သူ့ပုဆိုးကိုလည်း လှမ်းပေးနေသည်။

ကျနော်သည် သူ့ပုဆိုးကို လှမ်းမယူဘဲ သက်ပြင်းချလိုက်မိ၏။

"အဲတာ ... မင်းဖို့ရယ် ... မင်းအမေဖို့ရယ်၊ ကိုပေးတာကို မင်းမယူရင် ထားပစ်ခဲ့နော်၊ မင်းပေးတာကိုတော့ ကို မယူနိုင်ဘူး"

ကျနော်သည် အေးတိအေးစက် ပြောရင်း အထုပ်ကို သူ့ခြေထောက် အနားသို့ ပစ်ချလိုက်သည်။ ထိုအခါ၌ သူ့မျက်နှာပေါ်တွင် အစောက ဖြတ်သန်းနေသည့် ကြည်နူး ရွှင်လန်းမှုကလေးများ ပျောက်ကွယ်သွားတော့မည် ဖြစ်သဖြင့် ကျနော်သည် သူ့မျက်နှာကို မကြည့်နိုင်တော့ပေ။

ကျနော်သည် ထိုနေရာမှ ချာကနဲ လှည့်လိုက်ပြီး သူ အံ့အားသင့်နေစဉ် သုတ် သုတ်လျှောက်ထွက်လာခဲ့သည်။

သူ လှမ်းအော်ပြောနေသည်ကိုလည်း ဂရုမပြု။

"အို .. အို .. နေ .. နေ .. နေအုံး .. နေအုံး"

သူ၏ လှမ်းအော်သံမှာ နောက်ပိုင်း၌ ပျောက်ကွယ်နေရစ်ခဲ့သည်။ ကျနော်သည် အလာက လမ်းအတိုင်း မဟုတ်တော့ဘဲ သူလိုက်ပြေးလာမည် စိုးသဖြင့် လမ်းချိုးကလေးတခု၌ ချိုးကွေ့လိုက်၏။ ကျနော်ထင်သည့်အတိုင်းပင် သူ၏ ပြေးလိုက်လာသံကို ကြားရသည်။ ကျနော်သည် ငြိမ်သက်ရပ်နေလိုက်၏။

သူသည် ကျနော်ချိုးကွေ့သည့် လမ်းမြှောင်ကလေးကို ကျော်လွန်ကာ ... "နေအုံး ... နေအုံးလေ"ဟု အော်ရင်း ပြေးလိုက်သွားနေသည်။

ထိုညက ကျနော့် စိတ်အာရုံ၌ သူ့ခေါ်ကို ကြားယောင်နေခဲ့သည်။ သူ ပြေးလိုက်လာပြီး ကျနော့်ကို ကျော်လွန်သွားပုံကို မြင်ယောင်နေသည်။ ကျနော်သည် "ဘဝပြောင်းလေသူ" ဟု ခေါင်းစဉ်းပေးကာ ကဗျာတပုဒ် ရေးနေမိ၏။ ထိုကဗျာမှာ ကျနော်ကိုယ်တိုင်လည်း မနှစ်သက်။ ကျနော်သည် တပိုင်းတစ ရေးပြီး ကဗျာကို ဆွဲဆုတ်လွှင့်ပစ်၏။

ကျနော် အလုပ်ပြန်လုပ်နေသည့် ရက်များတွင် ကျနော့်စိတ်ထဲ၌ ညိုညို့ နာနတ် ခြင်းများအောက်ဝယ် ထန်းလျက်များ တိတ်တဆိတ် တင်လာနေခဲ့ပြီ ... ဟူ၍သာ ယုံကြည်နေသည်။ ထို့အတွက် အပြစ်တင်ရန် အကြောင်းလည်း ရှာမတွေ့နိုင်။ သူကလည်း သူ ထန်းလျက်များကို တင်နေရပြီဖြစ်ကြောင်း ကျနော့်ကို ထုတ်ဖော်ပြော နိုင်မည်လည်းမဟုတ်။

ကျနော်သည် သူ့ အနားသွားထိုင်လျှင် သူသည် ရထားပြတင်းဝမှ မျက်နှာကို အပြင်သို့ လှည့်ထားနေစဉ်၌ သူ့ မျက်လုံးအိမ်တွင် မျက်ရည်များ ပြည့်လာနေသည်ကို ကျနော်သည် နောက်ကျောဖက်မှ လှမ်းကာ မြင်တွေ့နေရသလို ခံစားနေခဲ့ရသည်။

ကျနော်နှင့်သူသည် အတူတူ ထိုင်နေခဲ့ပါလျက် စကားများလည်း မပြောဖြစ်။

ညောင်တိုသို့ရောက်လျှင်လည်း ကျနော်သည် သူတို့ ထမင်းဝိုင်းသို့ မဝင်တော့ ပေ။

များစွာသော ရက်များ၌ ကျနော်သည် ဂါတ်တွဲပေါ်တွင်သာ ခိုကပ်နေခဲ့သည်။ သူတို့တွဲသို့ လက်မှတ်ပင် တက်မစစ်ဖြစ်တော့ပေ။ ဤရက်များ အတွင်း၌ သူနှင့် ကျနော့်အကြား၌ အစိမ်းရောင် ခန်းဆီးစကြီးတခုဖြင့် ဆွဲကာ ခြားနားထားသလို ခံစား နေခဲ့ရသည်။

သူသည် ကျနော့် လက်ဆောင်ပစ္စည်းများကို ပြန်ပေးရန် ကြိုးစားခဲ့သေး၏။

"မယူချင်ရင် လွှင့်ပစ်ခဲ့ပေါ့"ဟု ကျနော်ကပြောလျှင် သူသည် မျက်ရည်များ ဝဲလာနေရပြန်သည်။

ကျနော့်ကို သူဝယ်ထားသည့် ပုဆိုးလက်ဆောင်ပေးရန်လည်း မကြိုးစားတော့ပေ။ တခါတရံ ဘူတာတခုခုတွင် ကျနော် သူတို့တွဲရှေ့မှ လမ်းဖြတ်လျှောက်သွားလျှင် သူသည် သူထိုင်နေရာ ပြတင်းဖက်မှ လှမ်းကြည့်နေတတ်သည်။

ထိုရက်များတွင် မိုးသည်လည်း ချိန်ခါဟုတ်ဘဲ ညိုမဲလာတတ်သည်။ နေ ခြစ်ခြစ်တောက် ပူလောင်နေဆဲ၌ မိုးသည် ရုတ်တရက် မှိုင်းဆို့လာလျှင် သက်ရှိသက်မဲ့ အရာဝတ္ထုအပေါင်းသည်လည်း ညိုညစ်မဲပုပ်လာကြသည်။ ဤမဲပုပ်ရစ်မှောင်နေမှုများ သည် နလုံးသားကို လာ၍ အရောင်ဟပ်နေကြပြန်သည်။ နမိတ်ဆိုးကြီးတခု ဖတ်ကြား နေခြင်းကို နားထောင်နေရသလိုပင်။

ညိုညို့ ထန်းလျက်တောင်းများကို ကျနော် စစ်ဆေးမိသည့် နေ့ကလည်း ညောင်တိုမှ ရထားထွက်လာသောအခါ မိုးကြီးသည် ပြိုမယောင် မဲမှောင်ကာ ရထားကြီးပေါ် နိမ့်ဆင်းကျလာနေခဲ့သည်။ ရထားကြီးသည်လည်း နမိတ်ဆိုးကြီးဟု ထင်ရသော အရိပ်မည်းကြီးအောက်မှ လွတ်မြောက်စေရန် အားသွန်ခုတ်မောင်းနေခဲ့သည်။

ကျနော်သည် ညိုညိုတို့တွဲကို လက်မှတ်စစ်လာခဲ့သည်။ သူတို့ကို ကျော်လွန် လာခဲ့ပြီး တွဲအလယ်သို့ ရောက်လျှင် ခရမ်းချဉ်သီးတောင်း သုံးတောင်းကို ထန်းလျက်ပါသည်ဟု မသင်္ကာဖြစ်ကာ ခြေဖြင့် ကန်ကြည့်လိုက်သည်။

ထိုတောင်းသုံးတောင်းမှာ အောက်ဖက်၌ ထန်းလျက်များ ပါနေသဖြင့် လေးလံ နေကာ ကန်၍ လှုပ်သင့်သလောက် မလှုပ်ပေ။

ကျနော်သည် တောင်းတတောင်းပေါ်တွင် ခြေထောက်တဖက် တင်ထားပြီး မျက် လုံးဝဲကာ ပိုင်ရှင်ကို ရှာကြည့်လိုက်သည်။

လူပေါင်းများစွာကို ကျနော်သည် တကြိမ်တည်း သိမ်းကြည့်လိုက်သည်။

ခရီးသည်အများသည်လည်း ကျနော့်ကို လှမ်းကြည့်နေကြသည်။ အချို့သည် ပြောလက်စ စကားများကို ရပ်ဆိုင်းထားကြသည်။ အကယ်၍ ရထားခုတ်မောင်းနေသံ သာ ဆူညံမနေခဲ့လျှင် အပ်ကျသံကိုပင် ကြားရမတတ် တိတ်ဆိတ်နေလိမ့်မည်။ နုနု၊ သင်းသင်း၊ မအေးသွယ်၊ မအေးမြင့်၊ တင်တင်တို့၏ မျက်နှာများကိုလည်း တွေ့ရ၏။ ထိုအထဲ၌ ကျနော့်ကို စိုက်ကြည့်နေသော ညိုညိုမျက်နှာကလေးမှာ ရှေ့သို့ပြေးထွက် လာသလို ထင်လိုက်ရသည်။

သူ့မျက်နှာမှာ အခြားသူများလို ဣန္ဒြေမရှိတော့ဘဲ သွေးဆုတ်ဖြူယော်သွားသည်။ သူ့မျက်လုံး ဝိုင်းဝိုင်းစက်စက်ကြီးများလည်း ပို၍ ဝိုင်းစက် လာနေသည်။ သူ့ မျက်နှာမှာ ဖြူယော်နေရာမှ သွေးများ ပြန်ပြည့် နီမြန်းလာသည်။ ထို့နောက် မှိုင်းညစ် လာပြန်သည်။

သူက သူ့တောင်းပါဟု ကျနော့်ကို လှမ်းပြောနေသကဲသို့ ထင်နေရ၏။ ကျနော် ပင်းချောင်းသို့ရောက်လျှင် အလုပ်သမားများ အကူအညီဖြင့် ဆွဲချ ဖမ်းဆီးလိုက်တော့ မည်ဟု သူတွေးကြောက်လိုက်ပုံသည်လည်း ကွက်ကနဲ ပေါ်လာသည်။ သူသည် ကျနော်ရှိရာသို့ ထပြေးချင်လာ သဖြင့် သူ့မျက်လုံးများမှာ ဣန္ဒြေမရ ဖြစ်လာနေသည်။

ထိုအချိန်တို စက္ကန့်ပိုင်း ကလေးအတွင်း၌ ကျနော်သည် သူ့အနေနှင့် မလုပ်လျှင် မဖြစ်တော့သောကြောင့် လုပ်ရသည်ဟု အမှန်အတိုင်း တွေး လိုက်မိ၏။ ရာပေါင်းများစွာသော အခြား မိန်းမကောင်းကလေးများကဲ့သို့ သူ ဖြစ်ပေါ်ပြောင်းလဲလာခြင်းမှာလည်း ဖြစ်ရိုးဖြစ်စဉ် ကလေးမျှ ပေတကား။

ကျနော်၏ ကြည်လင်နေသော စိတ်များမှာလည်း ညစ်ထိုင်းလာသည်။

ကျနော်သည် ထိုနေရာမှခွာလိုက်ပြီး ဆက်လက်၍ လက်မှတ်များကို ဘာမှမမြင် ရဘဲ ခဲတံဖြင့် ရမ်းခြစ်စစ်ဆေးသွားသည်။ ဤတွဲပေါ်မှ လျင်မြန်စွာ ဆင်းပြေးသွား လိုစိတ်သာ ပေါ်နေခဲ့သည်။

အတာစန်းကုန်းဘူတာတွင် ရထားအရှိန်မသေမီ၌ ဖျတ်ကနဲ ခုန်ဆင်းပြီး နောက် တွဲသို့ တက်လာခဲ့သည်။

တွဲဝ၌ ရပ်နေမိ၏။ ထန်းလျက်တောင်းငယ်များ၊ အထုပ်အပိုးငယ်များကို သယ်ဆောင်ကာ ရေကြီးသုတ်ပျာ တင်နေကြသူများကိုလည်း ကျနော် သည် တားဆီးလား ဖမ်းဆီးလား မလုပ်ချင်တော့ပေ။ ညိုညို့တောင်းများနှင့် အခြား ကျနော့်ကို အသိပေးထားသည့် ထန်းလျက်များကို ဝကွက် ချန်လုပ်ခဲ့ပြီး ... ဤ တကယ်ပင် မသိနားမလည် ရိုးသားရှာသော သူဆင်းရဲများ၏ ပစ္စည်းကလေးများကို ဖမ်းဆီးသိမ်းယူလိုစိတ် မရှိတော့ပေ။

ကံထရိုက်တာ ကိုရွှေသီးသည် ပြေးလာပြီး "ဆရာ ထန်းညက်တွေ၊ ထန်းညက်တွေ"ဟု ကျနော့်ကို မျက်နှာလုပ်ကာ အော်ပြောသည်။

ကျနော်သည် သူ့ကို ခေါင်းတချက် ညိတ်ပြလိုက်၏။

ချက်ချင်းပင် ရထားသည် ဥသြသံရှည်တချက်ကို ညစ်ထုတ်အော်ဟစ်လိုက် သည်။ မနိုင်မနင်း ဝန်လေးကြီးကို သယ်ဆောင်ကာ ရထားကြီး သည် ဘူတာကလေးမှ တရွေ့ရွေ့ ထွက်ခွာလာသည်။

ထို ရထား စထွက်ဆဲ၌ ညိုညိုသည် သူ့တွဲပေါ်မှ ဆင်းလိုက်၏။ သူ့ကို ကျနော်သည် အမှတ်မဲ့ ငေးကြည့်နေမိသည်။ သူသည် ကျနော့်ကို မြင်သွားပြီး တွဲပေါ် လှမ်းခိုတက်လိုက်သည်။

သူ့လက်မှာ မမိလိုက်ဘဲ သူသည် ပြန်ပြုတ်ကျသွား၏။ သူ့ ဂျပန်ဖိနပ်ကလေး မှာ သဲကြိုးပြတ် ကျန်ရစ်ခဲ့သည်။ သူသည် ဒုန်းပြေးလိုက် လာနေ၏။ ရထားတစင်းလုံး သူ့ကို လှမ်းကြည့်ကြပြီး ဗလုံးဗထွေး အသံများဖြင့် အော်ဟစ်နေသည်။ ဤအချိန်တို ကလေးအတွင်း၌ မည်သူမျှ သံကြိုးဆွဲပြီး ရထားကို ရပ်တန့်ပစ်ရန် စိတ်ကူးမရကြ။

ဒုတိယအကြိမ် သူသည် ရထားကို မှီလာခဲ့သည်။ သူသည် လက်ကိုင်ကို လှမ်းဆွဲတက်လိုက်ပြန်သည်။ သည်တကြိမ်တွင်မူ လက်ကိုင်ကို မိမိရရ ကိုင်မိသွား သဖြင့် သူ့ကိုယ်ကလေးမှာ တွဲလဲ ဆွဲပါလာသည်။ သူ့ ပခုံးမှ တဘက်သည် ပြုတ်ကျ သွားကာ လေအရှိန်ဖြင့် ရထားဘီးအောက် ရောက်သွားသည်။

ကျနော်သည် သူ့ကို ချိုင်းနှစ်ဖက်မှ ကိုင်မြှောက်ပြီး တွဲပေါ် ဆွဲတင်လိုက် သည်။

ကျနော်နှင့်ယှဉ်၍ ရပ်မိချိန်တွင် သူ့အသားများမှာ တဆတ်ဆတ် တုန်နေသည်။ သူ့မျက်နှာသည် ကြောက်ရွံ့ သွေးဆုတ် ဖြူယော်နေသည်။ သူနှင့် ကျနော်သည် တယောက်မျက်နှာကို တယောက် အကြာကြီး ငေးစိုက်ကြည့်နေမိကြသည်။

သူသည် ကျနော့်ကို စိတ်ဖြင့် စကားပေါင်းမြောက်မြားစွာ ပြောဆိုနေသော်လည်း နှုတ်မှကား စကားတလုံးမှ ထွက်မလာ။ ကျနော့်တွင်လည်း သူ့ကို စကားပြော စရာမရှိ ဖြစ်နေ၏။ ပြောရန်ရှိသော စကားပေါင်းများစွာ၊ အကြောင်းအရာပေါင်းများစွာ သည် ရုတ်တရက် အဝေးသို့ ထွက်ခွာသွားကြသဖြင့် ထိုအခိုက်အတန့်တွင်ကား ကျနော့် စိတ်နှလုံးသားများအတွင်း၌ ဘာမျှမရှိ။

ကျနော်သည် သူ့ထံမှ မျက်နှာလွှဲလိုက်ပြီး သံလမ်းနှင့်ယှဉ်လိုက်လာနေသည့် ကြက်မောက်ဆည် ရေပေးတူးမြောင်းများကို အဓိပ္ပာယ်မရှိ ငေးကြည့်လာမိသည်။ လွင်တီးခေါင်အတွင်းရှိ အညာရွာကလေးများ၊ နွမ်းခြင်း ဖုံးဆိုးကြီးများ၊ ထန်းတောကြီး များ၊ မန်ကျည်းတောကြီးများ၊ ခပ်ဝေးဝေးရှိ တောင်တန်းကြီး၊ ဤအရာဝတ္ထုအပေါင်း ပေါ်၌ ကျနော်မနှစ်မြို့သော မိုးကြီးသည် ပိတ်သည်းဆို့ဆိုင်းနေသည်။ မှိုင်းညို့ညို့ ညစ်ထေးနေသော အရောင်အသွေးသည် နှလုံးသားကိုလာ၍ ရိုက်ဟပ်နေပြန်သည်။

ကျနော်သည် သူ့ကို လှည့်မကြည့်ဘဲ “ဘာပြုလို့ ဒီလောက် ဣန္ဒြေပျက်ရတာ လဲ” ဟု ညည်းတွား ရွတ်ဆိုမိသလို မေးနေခဲ့မိသည်။

“ကို သိပါတယ် ညိုညိုရယ် ... မင်း ကို့ကို ဖွင့်မပြောရဲဘူး ... ဖွင့်မပြောရက် ဖူး ... ဖွင့်မပြောချင်ဘူး မှုတ်လား၊ မင်း ကို့ကို ချစ်တာဟာ ဒီအခွင့်အရေးတွေ လိုချင် လို့လို့ ကိုထင်လာမှာ စိုးတယ် မှုတ်လား၊ ဒီလိုလုပ်တာ ဘယ်နှစ်ခါ ရှိပလဲ”

“ဆယ်ခါ ...”

“ဆယ်ခါ ဟုတ်လား”

“ဆယ်ခါပါ”

“ဂါတ်ဗိုလ်တွေကော ... ရဲတွေကော အသိပေးတယ် မှုတ်လား”

“ဟုတ်ကဲ့ ပေးပါတယ်”

ကျနော်သည် သူ့စိတ်၌ မထိခိုက်စေလိုသဖြင့် ဘာမျှမဖြစ်သလို မထူးဆန်း သလို ပြုံးလိုက်ချင်၏။ သို့သော် ပြုံးနိုင်မည်ကား မဟုတ်။ ကျနော်သည် သက်ပြင်း မချမိစေရန် ထိန်းချုပ်နေသည်။ အပြင်သို့ ဖွင့်မထုတ်လိုက်သည့် သက်ပြင်းအပူငွေ့ သည် ရင်ထဲသို့ ပြန်လှည့် သွားပြန်သည်။

“ဣန္ဒြေရရ လုပ်ပေါ့၊ ရဲတွေနဲ့ကော အားလုံးနဲ့ကော ဆက်ဆံတဲ့နေရာမှာ တည်တည်မှန်မှန်ပေါ့၊ သူတို့နဲ့ အရောင်းအဝယ် ဖက်စပ်သဘော ပေါ့ကွယ်၊ အမြတ်ကို အချိုးကျ မှန်မှန်ပေးပေါ့၊ ကို ပြောစရာတွေ အများကြီးရှိတယ်။ စိုးရိမ်တာပေါ့လေ၊ ကို ပြောချင်တာတွေ မင်းနားလယ် ပါတယ်၊ နားလယ်တယ် မှုတ်လား”

“ဟုတ်ကဲ့”

ကျနော် သူ့ဖက်သို့ မျက်နှာလှည့်လိုက်ပြီး သူ့ပခုံးပေါ် လက်တင်ကာ သူ့ကို ငေးကြည့်နေပြန်သည်။ သူသည်လည်း ကျနော့်ကို အပြစ်ကင်း စင်သည့်၊ ခလေးဆန် သည့် သူ့မျက်လုံး ဝိုင်းဝိုင်းစက်စက်ကြီးများဖြင့် ပြန်၍ ကြည့်နေသည်။

သူသည် မျက်တောင်မခါ။ မလှုပ်ရှား။ သူ့နှဖူးမှ ဆံစကလေးများမှာမူ လေ ကြောင့် တဖွာဖွာ ဝဲနေသည်။

သူ၏ အပြစ်ကင်းစင် ကြည်လင်နေသော မှန်သားလိုမျက်နှာကလေးကြောင့် သူ့ကို ကျနော်သည် တဏှာသမုဒယများ ကင်းစင်သွားကာ ညီမကလေး အရင်းလို ထင်လာနေပြန်သည်။

“ပီးတော့လဲ ပြောစရာရှိသေးတယ်”

ကျနော်သည် ရယ်သံဖြင့် ပြောနေမိသည်။

“ဟုတ်ကဲ့”

"အဲတာ ဘာလဲ သိလား … အဲတာ ဘာလဲ ဆိုတော့ … ကို ညီညီ့ကို ချစ်တယ်"

ကျနော်သည် အိမ်သာကြား၌ သူ့ကို ချိုင်းအောက်မှ ပင့်မပြီး ရင်ခွင်အတွင်းသို့ သိမ်းပွေ့လိုက်သည်။ နှစ်ယောက်ပေါင်း တသားတည်း ဖြစ်သွားအောင် ဖိကပ်ထား သည်။ သူသည် ဟန်ဆောင်ရှုန်းမှုန်းသိသိ ရှုန်းနေသည်။ ကျနော့်စိတ်တွင်လည်း သူနှင့် နှစ်ယောက်ထဲ ကမ္ဘာသစ် တခုသို့ ရောက်နေရသလို ထင်လာပြန်သည်။ သူ၏ နွေးအိ နီထွေးနေသော ပါးကို နှုတ်ခမ်းဖြင့် ဖိကပ်ထားနေသည်။

အတန်ကြာမှ အနည်းငယ် ဖြေလွှတ်လိုက်ရင်း … "ဆင်ရိုင်း ကျုံးသွင်းသလိုဘဲ၊ မင်းလဲ တဖြေးဖြေး ယဉ်လာဘီနော်" ဟု သူ့နားအနီးကပ်ကာ ခပ်တိုးတိုး ပြောနေမိသည်။

ဤအခိုက်အတန့်တွင်ကား စိတ်များသည် လွတ်လပ်ပေါ့ပါး လာနေကြသည်။

သူသည် ရှုန်းထွက်နေရင်း … "သူကလဲကွယ်၊ သူများ စိတ်ညစ်နေပါတယ်ဆို၊ လွှတ်စမ်းပါအုံး၊ မောနေဘီ"

ကျနော် ဖြေလွှတ်လိုက်လျှင် သူ့အင်္ကျီကို ဆွဲဆန့်နေသည်။ သူ့မျက်နှာမှာ ရှက်သွေးများ ကြွလာနေပြန်သည်။ ကျနော့်ကို မော့ကြည့်ရင်း သက်ပြင်း ရှူနေပြန် သည်။

"သိပ်ဆိုးတဲ့လူ"

သူက ကြည်နူးစွာ တိုးတိုးညည်းညည်း ပြောနေသည်။

ပင်းချောင်းနှင့် နီးကပ်လာလျှင် ကျနော်သည် သူ့ကို အနားမှ ခွာသွားရန် ပြော လိုက်ရ၏။

ပင်းချောင်းရဲများ ရှာဖွေဖမ်းဆီးတော့မည်ကို တွေးမိပြီး သူသည် မျက်စိမျက်နှာများ ပျက်လာသည်။ မျက်လုံးများမှာ စိုးရိမ်သောကဖြင့် ဝိုင်းစက်လာကြပြန်သည်။ သူ့ရင်ထဲတွင် ကယ်မည့်သူကို တစာစာ ငိုကြွေးတမ်းတနေသံများ အပြင်သို့ ထွက်လျှံ လာနေသလိုပင်။ သူသည် အားကိုးမဲ့စွာဖြင့် ခရီးသည်အများရှိရာသို့ လျှောက်သွားနေသည်။

## (၁၀)

***အမှောင်တွင်းမှသံသရာ***

ထိုအခါမှစ၍ သူနှင့် မီရထားရဲများ၊ ဂါတ်ဗိုလ်များ ဖော်ရွှေစွာ ပြုံးကာရယ်ကာ ဆက်ဆံနေသည်ကို တွေ့ရလျှင် ကျနော်သည် မိမိနှင့် မည်သို့မျှ မပတ်သက်သလို နေ နိုင်လာအောင် ကြိုးပမ်းနေခဲ့ရသည်။

သူသည် ဆုံးခန်းတိုင်အောင် ပျက်စီးနေသည့် တင်တင်၊ မအေးသွယ်တို့နှင့်လည်း ရောရောနှောနှော ပေါင်းသင်းနေရသည်။

ရံဖန်ရံခါတွင် မိန်းမမှုပွေသူ ရဲသားတဦးဦး၊ ဂါတ်ဗိုလ်တဦးဦး၊ လက်မှတ်စစ် တဦးဦးက သူ့အနားမှ မခွာဘဲ စကားစရှာပြီး ပြောဆိုရယ်မော နေလျှင် ကျနော်သည် ထို ရယ်သံ မောသံ ပြောဆိုနေသံများကို မကြားချင်တော့ပေ။ မမြင်ချင်။ ထိုအခါ၌ ကျနော်သည် သူ့ကို လှည့်မကြည့် နှုတ်မဆက်ဘဲ သူ့ရှေ့မှ ဖြတ်သွားသည်။

ကျနော် ထိုသို့ပြုမူသည်ကို သူသည်လည်း စိတ်ထိခိုက်ကာ မျက်နှာကလေး သိမ်ငယ်နေပြန်သည်။

ထိုနေ့မျိုးတွင်ကား ကျနော်သည် သူရှိရာသို့ မသွားတော့။

"သူ့ကို မလုပ်စေချင်ဘူး၊ ဒါပေမယ့် သူလုပ်ရမှာပေါ့လေ၊ ဒါဟာ ရေစီးကြောင်း ဆိုရင် သူလဲ ရေဖြစ်တော့ ဒီရေစီးကြောင်းအတိုင်း မျှောရမှာ ပေါ့၊ ဒီလိုမှဘဲ သူတို့ မငတ်အောင် နေနိုင်မယ်၊ သူ့အမေအတွက် ဆေးဝယ်နိုင်မယ်၊ ခု သိပ်မကြာသေးဘူး၊ သူ့နားပေါ်မှာ နားတောင်းကလေး ဖြစ်လာဘီ၊ သူ အဝတ်အစားကလေးတွေလဲ ပြိုးပြိုး ပြက်ပြက် ဝတ်နိုင်လာဘီ၊ သူလုပ်တာ မှန်ပါတယ်၊ လုပ်ရမှာဘဲပေါ့"

ကျနော်ကား ဂါတ်တွဲနောက်ဖက် ဝရံတာတွင် ထွက်ရပ်ရင်း ထိုအတွေးများကိုသာ ထပ်ကာ ပြန်ကာ တွေးနေရ၏။ အရာရာကို ဦးနှောက် အလေးပေးကာ ပိုင်းဖြတ် နေရ၏။

ညနေဘက်များတွင် မောင်ရီပျိုးစ ပြုလာလျှင် ကျနော်သည် ဟိုစဉ်ကလိုပင် သူ့ အနား၌ သွားထိုင်သည်။

"ရဲတွေကို ပိုက်ဆံပေးစရာရှိရင် မှန်မှန်ပေးနော်၊ ငွေတော့ ရှောမပေးနဲ့" ဟု ကျနော်သည် နှစ်ယောက်ကြားရုံသာပြောကာ မပြတ် သတိပေး နေတတ်သည်။

ထိုအခါများတွင် သူသည် ကျနော် ဘာကြောင့်မေးနေသည်ကိုသိကာ သူ့ မျက်လုံးဝိုင်းကြီးများ အရည်လဲ့လာကာ ကျနော့်ကို ငေးကြည့်နေသည်။ ခေါင်းကို တချက် ဆတ်ကနဲညိတ်သည်။

"တခေါက် ဘယ်လောက်ပေးရသလဲ"

"တဆယ်"

သူ့ အသံမှာလည်း တိုးသက်နေသည်။

ကျနော်သည် မှောင်ရီရီထဲဝယ် သူ့ကို ပြန်၍ ငေးကြည့်နေပြန်သည်။ သူသည် အဝတ်အစားသစ်များဖြင့် ပို၍ တောက်ပလာသည်။ ကျနော် လက်ဆောင်ပေးသည့် အကျီနှင့် ထမီမှာ သူနှင့် ပို၍လိုက်ဖက်နေသည်ဟု ရင်ထဲတွင် အတိုင်းမရှိ ကြည်နူး လာပြန်သည်။ ကျနော်သည် အမှောင်ကို အားကိုးကာ ထိုင်ခုံအပေါ်၌ ထောက်ထား သည့် သူ့လက်အပေါ် ကျနော့်လက်ဖြင့်ဖိကာ ဆုပ်ကိုင်ထားလိုက်သည်။

သူသည်လည်း လက်ကို ပြန်မရုပ်သိမ်းဘဲ ငြိမ်သက်နေ၏။ အမှောင်ရိပ်ထဲ၌ သူ့ထံမှ ပေါင်ဒါနံ့၊ ဒေါနပန်းရနံ့၊ နှုတ်ခမ်းဆိုးဆီရနံ့များကြောင့် စိတ်များ၌ ထုံယစ် လာနေရပြန်သည်။

"ပိုက်ဆံတော့ သူတို့မယူဘူးလို့ ဘယ်လောက်ငြင်းငြင်း ယူအောင်ပေးနော်၊ ပိုက်ဆံမယူရင် ထန်းညက်လဲ မတင်နဲ့ပေါ့"

ကျနော်သည် သူ့အနား တိုးရွှေ့လိုက်၏။

"သူတို့နဲ့ စလိုက်စရောလဲ နေရမှာပေါ့ကွယ်၊ ဘယ်လောက်အထိ နေရမယ် ဆိုတဲ့ အတိုင်းအတာတော့ ရှိရမှာပေါ့၊ သူ့စည်းကိုယ့်စည်း ရှိရမယ်၊ သူတို့ထဲမှာ ကိုထွန်းတင်တို့လို ကိုပျားတို့လို ကိုလော်လီတို့လို တကယ့် လူရိုးလူကောင်းတွေလဲ ရှိပါတယ်၊ ထွန်းမောင်တို့လို လူယုတ်မာတွေလဲ ရှိတယ်၊ ဆက်ဆံရေးမှာ လိုအပ်တာလောက်တော့ လုပ်ပေါ့၊ ခု ကိုပြောနေတာ ကို သဝန်တိုလို့ ပြောနေတာလို့များ မင်း တွေးနေသလား၊ အင်း … သဝန်တိုတာလဲ ဖြစ်ချင်ဖြစ်မှာပေါ့ကွယ်၊ မင်းကို ကို ချစ်တာကိုး၊ တနေ့ကျရင် ကို အတည်ယူမယ့် မိန်းကလေးကိုး၊ သဝန်တိုတယ် ဆိုရင်လဲ ကိုမှန်ပါတယ်၊ ကို အခုပြောနေတာတွေဟာ အမှန်တော့ အမှန်တွေဘဲ မှုတ်လား၊ ပြော သင့်တာတွေဘဲ မှုတ်လား၊ ကဲ … ကဲ .. ဒီအကြောင်း ပြောနေရတာ မောပါတယ်၊ ဒိပြင်အကြောင်း ပြောကြစို့ကွယ်၊ နေ့တိုင်း ဒါချည့်ပြောနေရတာ မောဘီ"

သူသည် ပင့်သက်ကို လေးလေးတွဲ့တွဲ့ ချနေသည်။

ခေါင်းကို ငုံ့လိုက်သည်။

"သူများ မအေးသွယ်လို ဈေးမဆစ်တတ်ဖူး၊ တင်တင်လိုလဲ ပိုက်ဆံမပေးဘဲ မတင်ဘူး၊ ပိုက်ဆံပေးစရာရှိရင် တောင်းသလောက် ပေးလိုက်တာဘဲ၊ ကို့ဖို့ တပြားမှ ကျန်ကျန် .. မကျန်ကျန် …၊ ဒါမှ စိတ်ချမ်းသာရမယ်ဆိုတာ သိပါတယ်၊ စိတ်ချကွယ်"

ထိုစကားသံများသည် ကျနော့် ရင်ခွင်အတွင်းသို့ တိုးဝှေ့ဝင်ရောက်လာကာ အသားကိုဖောက်ကာ စိမ့်ဆင်းသွားနေသည်။

နှစ်ယောက်စလုံး စကားများစွာ ပြောရန်ရှိသော်လည်း ပြောရမည့်စကားများကို ချုပ်တည်းထားကာ ငြိမ်သက်နေကြသည်။ ကျနော်ကား သူ့ အနား၌ တိတ်တဆိတ် ငြိမ်သက်စွာ ထိုင်နေရခြင်းကို ကြည်နူးနေခဲ့သည်။

များသောအားဖြင့် နေ့ခင်းဖက် အပြန်ခရီးတွင် ပင်းချောင်းသို့ မရောက်မီ ကျနော်သည် သူ့အနားတွင် သွားထိုင်လေ့မရှိ။

သွားထိုင်မိလျှင်လည်း ပင်းချောင်းနှင့် နီးကပ်လာနေချိန်၌ သူ ကြောက်ရွံ့ တုန်လှုပ်နေပုံကို မြင်တွေ့နေရသည်မှာ စိတ်ချမ်းသာနိုင်ဖွယ်မရှိ။

ပင်းချောင်းနှင့်နီးကပ်လာလျှင် တဂျုံးဂျုံး ခုတ်မောင်းလာသည့် ရထားကြီး၏တွဲ များမှာ လူသံသူသံ ငြိမ်သက်လာသည်။ မှောင်ခိုသူများသည် တယောက်မျက်နှာကို တယောက် အားကိုးမဲ့စွာ ကြည့်နေကြသည်။ စကား တလုံးမျှမပြော။ အသံမရှိ။ မည်သူမျှ သက်ပြင်းလည်းမချ။ သူတို့မျက်လုံးများမှာ သူတို့စိတ်အဆောက်အဦများ၏ တံခါးပေါက်များ ဖြစ်ကြသဖြင့် ရင်ထဲ၌ဖြစ်ပေါ်ခံစားနေရသော ဝေဒနာ အစုစုသည် သူတို့ မျက်လုံးများပေါ်၌ ထင်ရှားစွာ လာ၍ ဟပ်နေကြသည်။

ဤအချိန်တွင်ကား ညိုညိုသည် လူက နေရာတွင် ငြိမ်သက်စွာထိုင်နေသော် လည်း သူ့မျက်လုံးများမှာ ကြောက်ရွံ့မှု တုန်လှုပ်မှုများဖြင့် အငြိမ်မနေ ပျာယာခပ် လှုပ်ရှားလာသည်။ ပလက်ဖောင်းပေါ်၌ တန်းစီရပ်နေကြသော ရဲသားများကို မြင်တွေ့နေရလျှင် သူသည် အသက်ရှူ နိုင်တော့မည်မဟုတ်။

ပင်းချောင်း၌ ရှာဖွေရေးများ ဖမ်းဆီးထားလျှင် မအေးသွယ်၊ တင်တင်တို့ကဲ့သို့၊ မအေးရွှေတို့ကဲ့သို့ မိန်းကလေးများသည် သူတို့ပစ္စည်းများ ပြန်ရရေးအတွက် သူတို့ ကိုယ်ခန္ဓာများကို စွန့်ကျဲလှူဒါန်းရန် ရထားပေါ်မှ ဆင်းနေရစ်ခဲ့ကြ၏။

တင်တင်ကား ဘယ်ဆီက ဘယ်လိုရလိုက်မှန်းမသိသည့် ကိုယ်ဝန်တခုလည်း အမြတ်ရနေခဲ့ပြီ။ သူ့ကိုယ်ဝန်မှာ မသိမသာကလေးမျှသာ ရှိသေး၏။

ပင်းချောင်း၌ ရထားကြီး အခွံချည်းသက်သက် လိမ့်ထွက်လာသောအခါ ... ကျနော်သည် လူစီးတွဲတခု၏ တနေရာ၌ရပ်ကာ ပင်းချောင်းဘူတာကို ကျောပေး လိုက်ပါလာခဲ့သည်။ စိတ်အာရုံအမြင်၌မူ ဆင်းနေရစ်ခဲ့သော အမျိုးသမီးများ၏ အရှက်ကမ်းကုန်နေပြီဖြစ်သော၊ အဆီပြန်နေသော၊ နီမြန်းနေသော သားသမင်ကဲ့သို့ အပြစ်ကင်းစင်သည့် မျက်လုံးကလေးများရှိသော ... ထိုမျက်နှာများသည် တဝဲဝဲ ပါလာနေကြသည်။

ပျက်စီးတယ်ဆိုတာဘာလဲ။

မိန်းကလေးတယောက် ပျက်စီးတယ်ဆိုတာဘာလဲ။

ဤသူဆင်းရဲမကလေးများကား ပျက်စီးနေကြပြီလား။

ကျနော့် အမြင်အတွေးများကား "အခြေအနေကပေးသော အတွေ့အကြုံ၊ ထို အတွေ့အကြုံ၏ မူလဇစ်မြစ်ကို သစ္စာတရားဖြင့် ခွဲစိတ်ရှာဖွေလိုက်သောကြောင့်" ပြောင်းပြန်ပြောင်းလဲသွားကြသည်။

ဤမိန်းကလေးများကို ပျက်စီးနေသော မိန်းကလေးများဟု ကျနော်မမြင်နိုင်။

တခါတရံ၌ လူစုမိကြသောအခါ တင်တင်၏ ကိုယ်ဝန်ကို လက်သည်ရှာဖွေကြရင်း ကျနော်တို့သည် လူ့ဘုံလောက၏ အပေါ်ယံမှ ရယ်စရာများကိုသာ ရှုပ်ကြည့်ကြကာ တကယ်ရယ်ချင်သည် မဟုတ်ဘဲ ရယ်မောခဲ့ကြ၏။

"တင်တင်တို့ကတော့ နမူနာဘဲ၊ သူများတွေ လင်မရှိဘဲ ဗိုက်ပေါ်လာရင် ဖျက်ချရတာနဲ့ ဘာနဲ့၊ တင်တင်ကျတော့ ပြဿနာရှင်းလိုက်တာ ဘယ်လောက်လွယ်သလဲ၊ ချွေးခံအင်္ကျီ ဗိုက်ကျယ်သီးလေးတွေ တလုံးပြီးတလုံး ဖြုတ်လိုက်တာဘဲ၊ ဘယ်ဝေနေယျသတ္တဝါတွေကိုမှ ဒုက္ခမပေးတော့ဘူး၊ ခပ်တည်တည် နေလိုက်တာဘဲ၊ ဒါပေမယ့် ကျုပ်တို့ကတော့ ကြည့်မနေရက်ဖူးမှတ်လား၊ တရားခံတွေ့အောင် ရှာကြရမယ်"

ရယ်စရာများကို ရှာကြံပြောတတ်သည့် ဂါတ်ဗိုလ်ကိုမောင်ရီသည် ဂါတ်တွဲထဲတွင် ရထားခုတ်မောင်းနေစဉ်၌ ဟက်ဟက်ပက်ပက် ရယ်လိုက်ပြီး မှောင်ခိုကုန်သည် ဦးပေါ်လာကြီးကို လက်ညှိုးထိုးပြနေသည်။

ဦးပေါ်လာသည် လူကြီးပီပီ ရှက်ရှက်ဖြင့် မျက်နှာကြီးနီမြန်းလာကာ ပြုံးနေခဲ့သည်။

"တရားခံ ဦးပေါ်လာ...၊ ဒါ မောင်မင်းကြီးဘဲ ဖြစ်ရမယ်၊ ကျနော် အခိုင်အမာ ပြောရဲတယ်ဗျာ၊ မယုံရင် တင်တင့်ခလေး မွေးလာတာ စောင့်ကြည့်၊ ဦးပေါ်လာနဲ့ ချွတ်စွပ်တူနေရမယ်။ သွားမပါဘူးလေ... သွားဖုံးကလေး တမြုံ့မြုံ့နဲ့"

"ဒီဆရာလေး လက်ချက်နေမှာပေါ့၊ တီဘီစီတွေဟာ လက်ကော ခြေကော အားလုံးကော သွက်ကြတာ" ဦးပေါ်လာသည် တဟဲဟဲရယ်ရင်း ကျနော့်အပေါ် လွှဲချ နေပြန်သည်။

"ဟုတ်တယ်... တီဘီစီကလေး မွေးလာမှာ" ဟု ကိုရွှေယောက်သည်လည်း ကျနော့်ကို လက်ညှိုးထိုးပြောရင်း ... တသောသော ရယ်နေသည်။ ထိုအချိန်တွင်ကား ဤပြက်လုံးများမှာ ပွဲအကျဆုံးဖြစ်နေခဲ့သည်။

"မဟုတ်သေးဘူးဗျ၊ သူက ခင်ဗျားတို့ အချင်းချင်းတွေမှ ပိုပြီးစေတနာထားတာ၊ မယုံရင် တင်တင် မွေးလာတာ စောင့်ကြည့်၊ ကိုရွှေယောက်ဆံပင်လို နီကျင်ကျင် တွန့်ကောက်ကောက်လေး နေရမယ်"

"အေးဗျာ အနဲနဲ့ အများဆိုတာတော့ ပါမှာပေါ့၊ ကျနော် ရွှေယောက်လည်း ယောက်မိချင် ယောက်မိမှာပေါ့ဗျာ၊ ဟဲ...ဟဲ... အခုမှ သူတော်ကောင်းတွေ လုပ်မနေကြပါနဲ့၊ ဒါပေမယ့် တကယ့်တရားခံဟာ ကျနော်တို့အထဲက မဟုတ်ဘူး၊ ဒါဟာ ရဲသားတွေလက်ချက်ကော မဖြစ်နိုင်ဘူးလားဗျာ၊ ဒီကောင်မလေးက သူတို့နဲ့ ပိုပြီး နီးနီးစပ်စပ် နေတာ"

"ဟာ ဒါတော့ မှားတယ်ဗျို့၊ ဒီ ဃရာဝါသ ကိစ္စထဲ ဘယ့်နှယ်ကြောင့် သူတော်ကောင်းတွေ ဆွဲထည့်ရတာလဲဗျာ"

ကိုမောင်ရီသည် အလံကိုယမ်းပြနေရင်း တသောသော ရယ်နေခဲ့သည်။

ကျနော့်စိတ်၌လည်း တင်တင့်အကြောင်းမှာ ဖြစ်ရိုးဖြစ်စဉ် ကလေးအဖြစ်ဖြင့် ပေါ့ပေါ့ဆဆကဲ့သို့သာ တွေးနေခဲ့သည်။

ပြည့်တန်ဆာမကလေးများသည် ပြည့်တန်ဆာအလုပ်ကို သူတို့ဝမ်းရေးအတွက် အလုပ်တခုအဖြစ်ဖြင့် ရိုးသားစွာ လုပ်ကိုင်နေကြခြင်း ဖြစ်သည်ဟု တွေးလာမိသည်။

တခါတရံတွင်မူ "ညိုညိုသည်လည်း မှောင်ခိုသမ၊ ထိုမှတင်တင်လို မိန်းကလေး၊ ထိုမှဖာဖြစ်သွားလျှင်" စသည့် အတွေးများကို ကျနော်သည် ရင်၌ တင်းကျပ်လေးလံစွာ ဖြင့် တွေးတောလာနေရပြန်သည်။

ကိုမောင်ရီကား ထိုသို့ ကျနော် မရယ်မပြုံးဖြစ်နေသည်ကို မနှစ်သက်တတ်ပေ။

သူသည် ဂါတ်တွဲပေါ်တွင် သူနှင့်ကျနော် နှစ်ယောက်တည်း ကျန်ခဲ့ချိန်၌ ကျနော့်လည်ပင်းကိုဖက်ထားရင်း သူ့ခံယူချက်များကို တဟားဟား ရယ်သံနှောကာ ပြောနေတတ်သည်။

"ရင်မောင်ရာ… မင်းကို ငါကြည့်ကြည့်နေရတာ ငါ့စိတ်ထဲမှာ ဘုရားအလောင်း သူတော်ကောင်းကလေးကို ဖူးမျှော်ကြည်ညိုနေရသလိုဘဲ၊ ဟဲ…ဟဲ…၊ ရင်မောင်ရ သူတော်ကောင်းဆိုတာ မှတ်ထားကွ၊ ငတ်တာဘဲ၊ ငတ်တယ်၊ အေး … မင်းက မှောင်ခို တွေ တင်လာရင် စိတ်ညစ်လာကော၊ ဒါကို စိတ်ညစ်စရာလို့ မှတ်နေရင် ဒီအချိန် ဒီကာလမှာ ရဲဘော်ဟာ ဖောက်ပြန်နေတဲ့ ရဲဘော်ဘဲ၊ ဒါကို ရဲဘော်တို့ ငါတို့အတွက် စိတ်ညစ်စရာကနေ ငွေတွေ ရွှေတွေ ဖြစ်လာအောင် ယုံကြည်ချက် ရှိရမယ် … ခံယူ လာတတ်ရမယ် … ကျင့်သုံးလာတတ်ရမယ်၊ လချီးတဲ့ … ဟားဟား၊ ဟေ့ ရင်မောင်ရ ငါသာ တီဘီစီဆိုရင် ကားဝယ်စီးပလိုက်တာပေါ့ကွာ၊ ဆန်းသလား …။

"မှတ်ထားဟေ့၊ တားမြစ်ကုန်တွေ ရှိနေတုန်းမို့သာ ငါတို့တတွေ မျက်နှာ ပွင့်လန်းနေကြတာ၊ တော်ကြာ မရှိတော့ဘူးဆိုမှ ငါတို့ နောင်တရကြမှာ၊ အဲဒီကျတော့ မှ လက်မှတ်မဲ့ ခရီးသည်ကလေးတွေဆီက တမူးတောင်းစားရ တပဲတောင်းစားရ၊ ရဲဘော်ရာ မဝေးလှတော့တဲ့ အနာဂါတ်ကာလမှာ ဒီမှောင်ခိုကုန်တွေ မရှိတော့ဘူးလို့ တွေးကြည့်လိုက်စမ်းပါ၊ ဘယ်လောက်များ စိတ်ထိခိုက်စရာ ကောင်းလိုက်ပါ့မလဲ၊ ဘယ်လောက်များ ကြေကွဲဖို့ ကောင်းလိုက်ကြမလဲ၊ ဒီအကြောင်းသာ မြို့လုပ်သိန်းလွင် ကြီးသိရင် ဝတ္ထုတပုဒ်ရေးမှာ၊ အဲဒီငပေါကြီး အက်(စ)စီလုပ်ရတာ ထမင်းမဝတော့လို့ တဖက်တလမ်းက စာရေးဆရာလုပ်မယ်ဆိုပြီး ဗလာစာအုပ်တအုပ်နဲ့ စာတွေ ထရေးနေ တယ်ဆိုတာ မင်းမကြားမိဘူးလား၊ ဒီကောင်ကြီး ခုဆိုဝတ္ထုတွေ အုပ်နှစ်ဆယ် လောက်တောင် ဖတ်ဖူးနေဘီကွ"

အတော်ကြာ၍ ကိုမောင်ရီ၏စကားများ အဆုံးသတ်သွားလျှင် ကျနော်သည် ဂါတ်တွဲနောက်ဖက် ဝရံတာသို့ ထွက်ရပ်ကာ ကျနော်၏ အစောက ရယ်မောလိုစိတ် အားလုံးသည်လည်း ကြက်သန်း ကြက်လေးပျောက် တဖျတ်ဖျတ် ပျောက်ကွယ်သွား နေသည်။

ကျနော်သည် မှောင်ခို အရှုပ်အထွေးများကြား၌ ငြီတွယ်ကာ ပါနေရသူအဖြစ် ဖြင့် မိမိကိုယ်ကို ပြန်၍ မြင်နေရသည်။ ညိုညို ကိုယ်တိုင် မှောင်ခိုသူဖြစ်လာခဲ့ကာ သူ့ကို မတားဆီးနိုင်တော့သဖြင့် အခြားသူများကို မဖမ်းလိုတော့သည့် စိတ်များမှာ တချိန်ထက်တချိန် ပို၍ ရင့်မာလာနေခဲ့သည်။ ညိုညို့ကို အကာအကွယ်ယူပြီး အခြား မှောင်ခိုသမားများသည်လည်း ပို၍ အတင့်ရဲလာနေကြ၏။

ဤအရှုပ်အထွေးများမှာ တခုနှင့်တခု လိမ်ယှက်လာကြကာ ရှုပ်ထွေးသည်ထက် ပို၍ ရှုပ်ထွေးလာနေသည်။

နောက်ပိုင်းရက်များတွင် ကိုယ်ပျက်နေကြသည့် သူတောင်းစား အုပ်စုတစုပါ ဤအရှုပ်အထွေးထဲ ပါလာသည်။

ပထမရက်များတွင် သူတို့တတွေ သံကုန်တွဲတတွဲပေါ်၌ ထန်းလျက်များတင်ပြီး လိုက်ပါနေကြသည်ကို ကျနော်လည်း သတိမထားမိခဲ့။

နေပူပြင်းသည့် တနေ့လည် ကျောက်ပန်းတောင်းဘူတာတွင် ရထားရပ်ထား စဉ်၊ ကျနော် ဂါတ်တွဲပေါ်တွင် တုံးလုံးလဲနေစဉ် သူတို့အုပ်စုသည် ထန်းလျက်များကို သယ်လာကြပြီး သံကုန်တွဲပေါ် တင်ကြ၏။ ခရီးသည်များ မရောက်သေး။

ကျနော်တွေ့မြင်ရသဖြင့် သူတို့ကို မတင်ကြပါရန် တောင်းပန်သည်။ သူတို့ သည် ဆက်၍ တင်မြဲတင်သည်။

ထိုနေ့က ကျောက်ပန်းတောင်းမှ ရထားထွက်လာခဲ့သောအခါ သူတို့သည် သံကုန်တွဲ၏ တံခါးရွက်လေးခုကို လေဝင်စေရန် ဖွင့်ပြီး ထန်းလျက် အိတ်များအပေါ်၌ ထိုင်ကာ လိုက်ပါလာခဲ့ကြသည်။

ကျောက်ပန်းတောင်းနှင့် အင်တောကျယ်အကြား တနေရာ၌ ရထားဆောင့် သဖြင့် သူတို့ ကရော်ကမယ် ဖွင့်ထားသည့် သံတံခါးရွက်သည် ဝုန်းကနဲ ပစ်ရိုက်လိုက်၏။ အပေါက်အနီးရှိ ကိုးနှစ်အရွယ်ခန့် မိန်းခလေး နဖူးကိုရိုက်မိကာ ခလေးမ လေး လဲကျသွားသည်။

သူ့ဖခင်သည် ခလေးမကလေးကို ရင်ခွင်အတွင်း၌ ပွေ့ပြီး နှာနှပ်နေသည်။

သံတံခါးရိုက်သံကြောင့် ကျနော်နှင့် ဂါတ်ဗိုလ်သည် ထွက်ကြည့်လိုက်ကြ၏။ လမ်းခုလတ်၌ ရထားကို ဘရိတ်ဆွဲအုပ်ကာ ရပ်လိုက်ရတော့ သည်။

ရဲများ အကူအညီဖြင့် သူတို့ကို စစ်ဆေးရသည်။ ထန်းလျက်အိတ်များကို ပစ်ချ၊ လူများကို ဆင်းခိုင်းပြီး ရထားကြီးကို အလံသုတ်သုတ်ပြကာ ထွက်လာ ရသည်။

သူတို့ လူတဆယ့်ငါးယောက်မျှသည် သံလမ်းနံဘေး ကန်ဘောင်ကြီးအပေါ်၌ တန်းစီရပ်နေကြ၏။ ကျနော်တို့ကို ရွံရှာစက်ဆုပ်သည့် မျက်လုံးများဖြင့် ကြည့်နေ၏။ ဒဏ်ရာရနေသည့် ခလေးမကလေးကို ပွေ့ချီထားသည့်ဖခင်၏ မျက်ရည်များ၌ မျက်ရည်များ ပြည့်လာနေသည်။ ရထားထွက်လာသောအခါ သူသည် ကျနော့်နာမည် ခေါ်ပြီး လှမ်းဆဲနေခဲ့၏။

"ဟေ့ ... မအေ (–) ရင်မောင် ...၊ ဒို့လဲ လူတွေပါကွ၊ ့အေ (–) ရ၊ ဒို့ကျတော့ မတင်ရဘူးလားကွ၊ မင်းတို့ တရားတယ်ဟေ့၊ သိပ်တရားတဲ့ လူတွေ၊ ငါ (–) မသားတွေ၊ ဒို့ကို ဒီလို နှိပ်စက်နိုင်အောင် ကျန်းမာကြပါစေဗျာ၊ ချမ်းသာကြပါစေဗျာ ... ကြံတိုင်းအောင်လို့ ဆောင်တိုင်းမြောက်ကြပါစေ၊ လိုရာဆုနဲ့ တလုံးတ၀ထဲ ပြည့်စုံနိုင်ကြပါစေ၊ သာဓုဗျာ ... သာဓုပါ...သာဓုပါ"

ထိုအသံသည် ကျနော့်နောက်မှ အရိပ်ကဲ့သို့ ပြေးလိုက်လာနေသည်။

သူတို့ကို လှည့်မကြည့်တော့သော်လည်း ကျနော်၏ အမြင်မှတ်စိတ် အာရုံ၌ ကား သူတို့ ကန်ဘောင်ကြီးနံဘေး၌ စုရပ်နေပုံ ပါလာနေသည်။ သူတို့ကျောဘက်၌ သူတို့ကိုယ်ပေါ် ထိုးနေသော ညောင်ပင်ကြီးသည် အုပ်ဆိုင်းနေ၏။ ကန်ဘောင်၌ စိမ်းပြာနေသော ကန်ရေပြင်သည် အေးမြကာ မလှုပ်မရှား ငြိမ်သက်နေသည်။

သူတို့ကား လမ်းခုလတ်၌ မသန်စွမ်းတော့သော ခန္ဓာကိုယ်များကို သယ်ဆောင်ကာ၊ ထန်းလျက်အိတ်များကို ထမ်းပိုးကာ လူနာတယောက်ကို ပွေ့ယူကာ ဘယ်ဆီသို့ သွားကြမည်နည်း။

ရထားတစင်းလုံးမှ လူများသည် သူတို့ကို ထွက်ကြည့်နေကြ၏။ ကိုရွှေယောက် သားကလေးသုံးယောက်၏ မျက်လုံးအိမ်များ၌ လူသားတို့၏ မေတ္တာတရားကြောင့် မျက်ရည်များ ပိတ်ဖုံးလာနေကြသည်ကို နောက်တွဲမှပင် လှမ်းမြင်နေရ၏။ ညိုညိုသည် လည်း ကျနော့်ကို လှမ်းကြည့်နေ၏။

"သူတို့လဲ လူတွေဘဲဗျာ၊ လူတွေဘဲမှတ်လား"

ကျနော့် နှလုံးသားများသည်လည်း ကျနော့် ဦးနှောက်များကို ထိုမေးခွန်းများ ခွန်းဆင့်ခွန်းဆင့် မေးမြန်းနေသည်။

ကျနော်သည် ဂါတ်တွဲခုံတခုပေါ်၌ ကိုယ်ကို ပစ်လှဲ ထိုင်နေမိ၏။

"ဒီလိုလုပ်မှဘဲ ရင်မောင်ရေ့ ... ဒီလိုမှမလုပ်ရင်လဲ မရတော့ဘူး"ဟု ဂါတ်ဗိုလ် ကိုမောင်ကိုကြီးက ကျနော့်ကို လှမ်းပြောနေသည်။

ဤသို့ပြုလုပ်ခဲ့ခြင်းသာလျှင် ပြဿနာကို ဖြေရှင်းရာ၌ အမှန်ဆုံးဖြစ်သည်ဟု ကျနော်သည် အကြိမ်ကြိမ် သုံးသပ်နေမိ၏။

စင်စစ် ပြဿနာတခုကို ဖြေရှင်းရာ၌ ကျနော်သည် မေတ္တာတရားဖြင့်သာလျှင် သိမ်မွေ့စွာ ဖြေရှင်းလိုသူ၊ ကျနော်သည် လူသားအချင်းချင်း၏ မေတ္တာတရားကို အကြွင်းမဲ့ ယုံကြည်ကိုးကွယ်သူ။

ထိုနေ့က ကျနော်သည် စိတ်နှလုံး မကြည်လင်တော့သဖြင့် ဂါတ်တွဲပေါ်မှ မဆင်းတော့ဘဲ ငြိမ်သက်စွာ လိုက်ပါလာခဲ့၏။ လက်မှတ်ကိုသော်လည်းကောင်း၊ မှောင်ခိုကုန်များကိုသော်လည်းကောင်း မရှာဖွေ မစစ်ဆေးနိုင်တော့ပေ။ တန်ဆာမဲ့ ကုန်ပစ္စည်းများကို ကန်ထရိုက် ဘူတာလေးများမှ ခရီးသည်များ တင်ဆောင်ကြသော်လည်း ကျနော်သည် စစ်ဆေးပြီး တန်ဆာမလုပ်ပေး။ ညနေခင်းများ၌ ညိုညိုတို့တွဲသို့ ကူးသွားလေ့ရှိသော်လည်း ထိုညနေကမူ မသွားတော့ပေ။

မြို့သစ်မှ ထွက်လာခဲ့သောအခါ၌ ညိုညိုသည် ရထားတံခါး၀တွင် ထွက်ရပ်ပြီး ကျနော်ရှိရာ ဂါတ်တွဲသို့ လည်ပင်း တရှည်ရှည်ဖြင့် ကြည့်လာသည်။ သူသည် မှောင်မှောင်ရီရီ၌ အဝေးကပင် လှမ်းပြီး မသိမသာ ပြုံးပြနေ၏။ သူက သူရှိရာသို့ အကြောင်းတခုကြောင့် ကျနော့်ကို လာစေလိုသည် သိသော်လည်း ကျနော်သည် ဂါတ် တွဲပေါ်မှ မဆင်းချင် ဖြစ်လာခဲ့ရသည်။

ဆဒ္ဒံချောင်းသို့ ရထားဝင်ရောက်ဆိုက်ရပ်လိုက်လျှင် တောင်တွင်းကြီး အဝင်၌ ရှောင်တခင် လက်မှတ်စစ်ဆေးမည်ကို ကြောက်သဖြင့် လက်မှတ်မဲ့များနှင့် မှောင်ခိုသမားများသည် သူတို့တွဲပေါ်မှ ပြေးဆင်းလာကြပြီး ကျနော် လက်မှတ်ရောင်းရာ ပလက်ဖောင်းပေါ်တွင် လက်မှတ်များ (ဆဒ္ဒံမှ တောင်တွင်းကြီး ပြားသုံးဆယ်) လာယူကြသည်။ သူတို့ထဲ၌ ညိုညိုလည်း ပါသည်။ ကျနော့်ကို စကားပြောရန်ရှိသဖြင့် လက်မှတ်ကို နောက်မှယူသည်။

ဤအချိန်ကား အမှောင်စိုးလာသဖြင့် မှောင်ခိုပစ္စည်းများ ဝှက်ရန် လွယ်ကူချိန် တခြားဘူတာ ဖမ်းဆီးရေးများမှ လွတ်မြောက်လာချိန် ဖြစ်သဖြင့် မှောင်ရီရီထဲ၌ သူ့ မျက်နှာကလေးမှာလည်း ရွှင်လန်းတောက်ပစွာ ပြုံးရယ်ထားနိုင်သည်။ ကျနော့်ကို ကြည့်နေကြသော သူ့မျက်လုံးများသည် ရွှန်းပြက်နေကြသည်။

“သူ လာမလားလို့ … နတ်မောက်တုန်းက သမောသီးသုပ် ဝယ်ပီးစောင့်နေတာ၊ သူမလာတာနဲ့ အကုန်စားပလိုက်ရတာဘဲ၊ ဘာပြုလို့ မလာတာလဲ”

သူသည် အသံကို ခပ်တိုးတိုးပြုကာ မေးနေသည်။ ကျနော်သည် လက်မှတ်ပေါ်တွင် နေ့စွဲတံဆိပ်တုံးကို ဖြည်းဖြည်းနှိပ်နေသည်။

“ချစ်တယ်ကွယ်”ဟု ပြောနေမိသည်။

“တော်စမ်းပါ၊ မေးတာတော့ မပြောဘူး၊ ကဲ လက်မှတ် သုတ်သုတ်ပေးစမ်းပါ၊ တော်ကြာ ရထားထွက်သွားမယ်”

ကျနော်သည် လက်မှတ်ပေးရင်း လက်မှတ်ကို မလွှတ်ပေးဘဲ သူ့လက်ကို ဖမ်း ဆုပ်ထားနေသည်။

ဂါတ်ဗိုလ် ကိုမောင်ကိုက ဂါတ်တွဲပေါ်မှ “ဟေ့ သုတ်သုတ်လုပ်၊ ဒီကို ခေါ်လာ ခဲ့ပါလားကွ၊ ဒီမှာ ရောင်းပေါ့”ဟု လှမ်းအော်၍ နောက်နေသည်။

သူသည် ကျနော့်လက်ထဲမှ လက်မှတ်ကို ဆက်ကနဲ ဆွဲလုလိုက်ပြီး သူ့တွဲသို့ ပြေးသွားသည်။

ရထားထွက်လာသောအခါ ညိုညို့ကို အကာအကွယ်ပေးသော ချစ်စရာ လှပသည့် အမှောင်သည်လည်း ပို၍ နက်ရှိုင်းလှပစွာ မှောင်လာနေသည်။

## (၁၁)

***အမှောင်တွင်းမှသံသရာ***

မကြာမကြာ ရထားကြီးသည် အပြန်ခရီး၌ နောက်ကျနေတတ်သည်။

ထိုအခါ နတ်မောက်ဘူတာမှ ထွက်လာခဲ့လျှင်ပင် ဘူတာတဖက်ရှိ တောင်ကြော ကုန်းမြင့်ကလေးများပေါ်ဝယ် မှောင်ရီလည်း ဆိုင်းလာနေခဲ့ပြီ။ တောစပ်များ၊ လယ်ကွင်းပြင်များ ယာခင်းဟောင်းများသည် မပီမသ ရေးခြယ်ထားသည့် ပန်းချီကားချပ် ဖြစ်လာ၏။ အမှောင်ရိပ်သည် မှောင်ခိုသမားများအတွက် ကိုးကွယ်ရာဖြစ်လာသည်။

သူတို့မျက်နှာများမှာ မရှင်းမလင်း အလင်းရောင်အောက်၌ ပေါ့ပါးလတ်ဆတ် လာကြသည်။ သည့်ထက်ပို၍ မှောင်လာလျှင် သူတို့သည် ချောင်ထဲ၌ ဝှက်ထားကြ သော ထန်းလျက်အိတ်များ တောင်းများကို လွတ်မြောက်လာကြပြီ အထိမ်းအမှတ်ဖြင့် စုဆောင်းနေကြသည်။

သူတို့ထံမှ ပေါ့ပါးလန်းဆန်းလာမှုများသည် ကျနော့်ကိုပင် ကူးစက်လာနေကြ သလား ထင်သည်။ ကျနော်သည် ညိုညို့နံဘေး၌ ထိုင်ရင်း ကျနော့်ကို ကျနော် မေးခွန်းတခုမေးနေသည်။ ကျနော်သည်ပင် မှောင်ခိုသမားတပိုင်း ဖြစ်လာနေခဲ့ပြီလား။

“နေ့တိုင်း … နေ့တိုင်းနော် … ဒီလိုချည့် ရထားကြီး နောက်ကျ နောက်ကျနေ ရင် သိပ်ကောင်းမှာဘဲနော်”

ညိုညို၏ ရွှင်လန်းပေါ့ပါးစွာ ပြောနေသံမှာ ကျနော့်အတွေးများနှင့်လာ၍ စပ်ဟပ် ဆက်သွယ်နေပြန်သည်။ ထိုအခါတွင်ကား ကျနော်သည်လည်း သူ့လိုပင် လွတ်မြောက်လာမှုအတွက် ဝမ်းသာနေကာ သူ့လိုပင် တိတ်တဆိတ် ဆုတောင်းနေမိ သည်။

သူသည် မီးရောင်မှိန်မှိန်အောက်တွင် ကျနော့်ကို လှည့်ကြည့်နေသည်။ သူ့ မျက်နှာပေါ်မှ ချွေးဥချွေးစက်ကလေးများကို တို့ပတ် ပုဝါဖြင့် တို့ယူနေသည်။

“ဟုတ်တယ် … ဒီလိုဆိုရင် ကောင်းမှာဘဲ၊ ဖမ်းမှာ ဆီးမှာလဲ မကြောက်ရတော့ ဘူး၊ အင်း … မဖမ်းဆီးပြန်ရင်လည်း ထန်းညက်ဈေးတွေ ကျကုန်မှာပေါ့၊ ဈေးကျ ကုန်ရင်လဲ ဘယ်ကောင်းတော့မလဲ”

သင်းသင်းသည် ခပ်တိုးတိုး ရယ်မောနေ၏။

ထိုနေ့မျိုးတွင် ညိုညို၊ သင်းသင်း၊ နုနှင့် သူတို့တတွေသည် စိတ်အေးချမ်းသာ စွာဖြင့် စကားများစွာ ပြောလာခဲ့ကြ၏။ စကားပြောရသည်မှာလည်း လွတ်လပ်နေကြ သည်။ ကျနော်သည်လည်း မှောင်ရိပ်ခိုပြီး ညိုညို့လက်ပေါ် ကျနော့်လက်ဖြင့် ဖိထားကာ မလွှတ်တမ်း ဆုပ်ကိုင်ထားနေမိသည်။

"ဦးပေါ်လာကြီးတို့ လှည်းတွေနဲ့ ထည့်ကတွေ ချနေကြတာ သိသလား၊ လေးအိမ်က ထည်ကတ်တွေလေ ...၊ သိန်းအောင်လဲ ပါတာပေါ့၊ အဲတာ ဦးပေါ်လာကြီး ထန်းညက် လှည်းသုံးစီး အချင်းချင်း အလိမ်ခံရလို့ ဦးပေါ်လာကြီး ကြုံကြုံချ ငိုရတယ်တဲ့ ... ဒီလူကြီး သနားပါတယ်နော် ...။ ဦးပေါ်လာကြီးငိုတော့ မည္ဟနဲ့ရှီလဲ မျက်ရည်တွေကျလို့တဲ့၊ ကိုရွှေယောက်ကြီး ပြောတာ"

"ဘယ်သူမှသာ မသိလိုက်တာ၊ မမသိန်းရှင် ထန်းညက်တွေ ကုန်ရထားနဲ့ သုံးတွဲတောင်တင်တာတဲ့၊ အင်တောကျယ်က တင်တာ၊ ဂါတ်ဗိုလ် ကိုမောင်ရီလေ ...၊ တတွဲလေးရာနဲ့ ကိုမောင်ရီ ထောင့်နှစ်ရာ ရတယ်တဲ့၊ ဆဒ္ဒံချောင်းမှာ ရထားစက်ပျက် တယ်ဆိုပြီး သုံးနာရီလောက် ရထာရပ်ပြီး ချတာ၊ ပိုက်ဆံရှိတဲ့ လူတွေကျတော့လဲ တတ်နိုင်တယ်နော် ...၊ ဒို့ထန်းညက်တွေလဲ သူ့ဆီဘဲ သွင်းရတာ၊ သူတို့ကျတော့ ဈေး ထဲ ပြောင်ပြောင် ချရောင်းနေလဲ ကိစ္စမရှိဘူး၊ ဒို့ သွားရောင်းကြည့်စမ်းပါလား"

"ဒါနဲ့ အခုတလော ပင်းချောင်းက မရှာတော့တာ သိလား၊ မခင်သိန်းတို့ မခင်လှတို့ မိသိန်းတို့ မပါတော့လို့၊ အောင်နိုင်မြင့်က သူတို့ကို ညိုးနေတာ၊ ဓာတ်တွေ ကလဲ ရှုပ်လိုက်တာနော်၊ သပွတ်အူဘဲ၊ အဲတာ ကျောင်းတော်ကရန်စတဲ့ ..."

"ကိုရင်မောင် ... မနေ့က ဂါတ်ဗိုလ်ကိုစံရီကြီး ပိုက်ဆံတဆယ်တောင် ပြည့် အောင် မရလို့ သူ့မိန်းမကို မျက်နှာ ဘယ်လိုပြရမယ်မသိဘူး ဆိုပြီး ငိုတယ်ဆို"

"မူးနေလို့ ငိုတာပါ"

ကျနော်သည်လည်း စိတ်လက်ပေါ့ပါးလာကာ ကိုစံရီ ငိုရပုံကို ရယ်စရာအဖြစ်ဖြင့် ရှင်းပြနေမိပြန်သည်။ ကိုစံရီကား မူးလာလျှင် ငိုစရာရှာကာ ငိုတတ်သူဖြစ်၏။ မူးလာလျှင် ကိုစံရီ၏ မျက်လုံးများသည် မျက်ရည် အလိုလို ဝဲလာကာ ငိုရန်အသင့် ဖြစ်နေတတ်သည်။

ကျနော်သည် ဤကဲ့သို့ စိတ်လက်ပေါ့ပါးလာသည့် နေ့များတွင် ... မှောင်ရိပ်ဖက် ထောင့်ကျကျ၌ ထိုင်ရင်း၊ ညိုညို့လက်ကို ဆုပ်ကိုင်ထားရင်း၊ ပြဇာတ်မင်းသားဟန်ကို ရယ်စရာ အတုခိုးကာ ခေါင်းကိုစောင်းလိုက် ငဲ့လိုက် ညုလိုက် လုပ်ရင်း၊ ညိုညို့ကို သီချင်းတပုဒ်ပုဒ် တီးတိုး ဆိုပြ လာမိတတ်သည်။

ထိုအခါများတွင် သူ့မျက်နှာသည်လည်း အမှောင်ရိပ်ထဲဝယ် ပြုံးနေသည်။ လရောင် မှိန်ပျပျသည် သူနှင့် ကျနော့်အကြား၌ ကျနေ၏။ သူသည် ရှက်လာကာ ကျနော့်မျက်နှာကို မကြည့်ရဲတော့ပြန်ပေ။ ကျနော့်လက်မောင်းကို တချက် ဆွဲလိမ် လိုက်သည်။

"တော်စမ်းပါ ... ရှက်စရာကောင်းလိုက်တာ၊ မကြည့်ရဲတော့ဘူး"

ပြောရင်း သူသည် တခစ်ခစ် ရယ်နေသည်။

"ကျယ်ကျယ်တော့ မဆိုရဲဘူး"

"ဆိုရဲတယ်ဗျာ"

"ဒါဖြင့် ဆိုကြည့်စမ်း"

"ဟိုသီချင်း ဆိုပြမယ်နော် ... မောင့်အနားမှာ ခင်လေးထိုင်လို့ တီတီတာတာ ပြောတတ်ပြန်သေးတယ် ... နော်"

သူသည် ကျနော့်ကို တချက် လိမ်ဆွဲလိုက်ပြန်သည်။

"အဲတာ မဆိုရဘူး ... သူများကို စောင်းပြောတာ"

ကျနော်သည် ထိုသီချင်းကိုပင် တီးတိုးညည်းညည်း ဆိုနေမိသည်။ သူ့လက်ကို ခပ်ဖွဖွ ဆုပ်ကိုင်ထားသည်။ ကျနော်သည် သူနှင့် နှစ်ယောက် တွဲနေရသလို စိတ်၌ ခံစားနေရသည်။ သူ့မျက်နှာပေါ်မှ အပြုံးရိပ်များကို အမှောင်ပျပျ၌ ရှာကြည့်နေသည်။ သူကလည်း ကျနော့်ကို မျက်လွှာကြီးပင့်ကာ ကြည့်နေသည်။ ကျနော်တို့နှစ်ဦးစလုံး စိတ်၌မူ မေးခွန်းတခုကို တပြိုင်နက်တည်း မမေးရဲ မေးရဲဖြင့် မေးနေကြ၏။ 'ဘယ်တော့ ကျနော်တို့ အတူတကွ နေရမှာလဲ။ ဘယ်အခါတွင် သားသမီးတွေ တလေကြီးနှင့် စုစုရုန်းရုန်း ပျော်ပျော်ပါးပါး နေနိုင်မည့် နေ့ရက်များ ဆိုက်ရောက်လာမှာလဲ။' ထိုနေ့ရက်များမှာ မမြင်ရသေးသည့် အနာဂါတ်၌သာ ရှိနေကြသည်ကို နှစ်ယောက် စလုံး သိနေကြ၏။

သီချင်းထဲတွင် လေပြင်းမုန်တိုင်းကျပြီး ကိန္နရီမောင်နှံ ကွဲကွာသွားကြသည့် အပိုဒ်ရောက်လာလျှင် သူသည် ဝမ်းနည်းလာနေပြန်သည်။ သူ့ မျက်လုံးထဲ၌ ကိန္နရီ မောင်နှံငိုကြွေးနေကြဟန်ကို မြင်တွေးနေသည်။

သူ့မျက်လုံးအိမ်၌ ရွှန်းလက် တောက်ပနေမှုများသည် မှိန်ဖျော့လာနေသည်။ သူ့ နှုတ်ခမ်းပေါ်၌ ဝဲနေသည့် အပြုံးရိပ် အတွန့်ကလေးသည် တဖြည်းဖြည်း ပျောက်ကွယ်သွားသည်။ သူ၏ ဝမ်းနည်းတတ်သော၊ အားငယ်တတ်သော မျက်နှာကလေးမှာ ငြိမ်သက်လာကာ တဖြည်းဖြည်း ဝမ်းနည်းရိပ်ကလေးများ သန်းလာနေသည်။

''တော်တော့ကွယ်၊ အဲဒီသီချင်းကို ဘယ်တော့မှ မဆိုနဲ့၊ အဲတာ နမိတ်မရှိတဲ့ သီချင်းကြီး''

သူသည် ကျနော့်လက်ကို ပြန်၍ ဆုပ်ကိုင်ထားနေရင်း ခပ်တိုးတိုး ပြောနေပြန် သည်။

ကျနော်သည်လည်း သီချင်းအဆို ရပ်လိုက်သည်။

သူ့လက်ချောင်းကလေး တခုအပေါ်၌ မကြာမီ ရက်ပိုင်းအတွင်းကမှ သူဝယ် လိုက်သည့် လက်စွပ်ကလေးကို အမှတ်မဲ့ စမ်းနေမိ၏။

'ဤလက်စွပ်ကလေးမှာ ထန်းလျက်များမှ ဖြစ်လာသည့် လက်စွပ်ကလေး၊ အမှောင်ရိပ်သံသရာမှ ထွက်ပေါ်လာခဲ့ရသည့် ရွှေတိုရွှေစကလေး' ဟု တွေးနေမိပြန်သည်။

မကြာမီ သူ့ထန်းလျက်များ အဖမ်းခံလိုက်ရလျှင် သူ့လက်ပေါ်မှ ဤလက်စွပ် ကလေးသည်လည်း ပျောက်ကွယ်သွားရလိမ့်မည်။

ညိုညိုသည်လည်း လေးငါးကြိမ်ထက်မနည်း အဖမ်းအဆီး ခံခဲ့ရပြီးဖြစ်သဖြင့် ဖမ်းဆီးသည်မှာ သူ့အတွက် ဘာမျှ မထူးဆန်းသလို ရိုးလာစ ပြုလာနေခဲ့ပေပြီ။

သူ့ ထန်းလျက်တောင်းများကို ရထားပေါ်မှ ဆွဲချနေကြစဉ်တွင် သူသည် သူ့ ပစ္စည်းမဟုတ်သလို ဣန္ဒြေရရ နေနိုင်လာခဲ့ပြီ။

သူ့မျက်မှောက်၌ပင် သူ့ပစ္စည်းများကို အလုပ်သမားများ ဆွဲချနေကြ၏။ ဤသို့ ဖမ်းဆီးနေဆဲအချိန်များ၌မူ ရထားကြီးတစင်းလုံးမှာ အလုပ်သမားများ၏ လှုပ် ရှားနေသံများမှလွဲ၍ အခြားအသံ မရှိ၊ ငြိမ်သက် တိတ်ဆိတ်နေတတ်သည်။

ကုန်ပစ္စည်းများဖမ်းပြီး ရထားကြီးပြန်ထွက်ခွာခဲ့မှ သူသည်လည်း အခြားသူများ ကဲ့သို့ ငြိမ်သက်နေသော စက်ရုပ်များ အဖြစ်မှ လူပြန်ဖြစ် လှုပ်ရှားလာလေသည်။ သူ့မျက်တောင်များကို ပုတ်ခတ် လှုပ်ရှားလာသည်။

ရထားကြီးသည်လည်း လူ့ဘုံလောက၌ ဘာဖြစ်နေပြီကို မသိလိုက်သော ပိတ်ပိတ်ပိန်း နားလေး နားထိုင်းကြီးကဲ့သို့ ... သူ့ဖာသာ ဆူညံစွာ ဥသြဆွဲပြီး ထွက်ခွာ လာသည်။ ပင်းချောင်းအထွက်၌ ထန်းတောကြီးများသည် ပတ်လည်ဝေ့ကာ ကျန်ရစ် နေခဲ့သည်။

ရထားပေါ်၌ ဆူညံသံများ ပွက်လောရိုက်လာသည်။ ငိုလုလုအသံများဖြင့် ဆဲဆို ကြ၏။ ပေါက်ကွဲမတတ် ကျိန်ဆဲသံများ ဆူညံလာသည်။

''ဖမ်းပေါ့ ... နောက်တခါဖမ်းရင် တခါတင်မယ်၊ အခါတရာဖမ်းရင် တထောင် တင်မယ်''

''ဒီလိုပေါ့ မိညိုရယ် ...လွတ်တဲ့အခါလွတ်၊ အဖမ်းခံရတဲ့အခါလည်း ရှိမှာပေါ့'' ဟု သင်းသင်းက ပြောနေသည်။ သင်းသင်း၏ စကားလုံး များသည် သင်းသင်းကိုပင် ပြန်၍ အားပေးနေသည်။

ညိုညိုကား မွှန်ထူထုံထိုင်းနေသလို ငြိမ်သက်နေ၏။

ထိုအချိန်တွင် ကျနော်သည် သူ့အနားတွင် ထိုင်နေရင်း သူ့ကို စိတ်တွင်းမှ အားပေးနေမိသည်။ သူသည်လည်း ကျနော်ရှိနေသောကြောင့် အားရှိ နေသည် ထင်သည်။ ကျနော်သည် သူ့ဒုက္ခကို ဝေမျှခံစားနေရ၏။

သူ့ပစ္စည်းများ အဖမ်းခံ အသိမ်းခံရခြင်းကို ကျနော့်ပစ္စည်းများ အဖမ်းခံရသလို ထင်နေခဲ့ပြန်သည်။

တခါတရံ၌ကား ကျနော်၏ သူ့ကိုချစ်သူလိုချစ်နေမိသော စိတ်မှာ ထို့ထက်များစွာ ပိုမိုနက်ရှိုင်းသော မေတ္တာတရားအဖြစ်သို့ပင် ကူးပြောင်းသွား နေသည် ထင်ရသည်။ သူနှင့်ကျနော့်ကြား၌ ရှိသော ဖိုမတပ်မက်မှု အမှေးပါးကလေးသည် ကွဲပျက်သွား၏။ ရင်ထဲမှ ဂရုဏာများသည် တစိမ့်စိမ့် ကြီးထွားလာနေပြန်သည်။

ထိုအခါများ၌ကား သူ့လက်မောင်းကလေးကို ဆုပ်ကိုင်ထားသည့် ကျနော့် လက်များမှာ တပ်မက်စိတ်မပါဘဲနှင့် ပို၍ တင်းကျပ်လာသည်။ သူ့ကို တအူတုံဆင်း ညီမကလေးလို တွယ်တာလာသည်။ ညီမကလေးဘဲ ဖြစ်ပါစေဟု စိတ်၌ ဆုတောင်း လာသည်။ သူ့မျက်နှာကလေး မှာလည်း ကျနော်နှင့် ပို၍ တူလာနေသည် ထင်မိပြန် သည်။

''မောင်ရင်တို့ကြည့်ရတာ မောင်နှမကလေး နှစ်ယောက်ကို ကြည့်ရသလိုဘဲ''ဟု ရထားလိုက် စာတိုက်ဗိုလ် ကိုကျော်စိန်ပြောဘူးသည်ကို ထိုအခါများတွင် ကျနော်သည် အမှတ်ရလာနေကာ သူ့မျက်နှာကလေးကို ငေးစင်းကြည့်နေမိသည်။

သူ့ မျက်လုံးများမှာလည်း ကျနော့်ကို ချစ်သူကဲ့သို့ တွယ်တာနေခြင်း မဟုတ် တော့ဘဲ ... အားကိုးလိုစိတ်၊ ယုံကြည်စိတ်များဖြင့် ပြည့်လျှမ်းကာ တောက်ပနေသည် ထင်မိသည်။

တခါတရံ လမ်းခုလတ်၌ ရထားကြီး စက်ပျက်နေသဖြင့် အမှောင်ထဲ၌ ရပ်ထား ရ၏။

ထိုအခါများတွင် ကျနော်သည် စာအုပ်စာတမ်းများကိုယူပြီး သူတို့တွဲသို့ ကူး ပြောင်းသွားသည်။

သူသည် အချိန်အတန်ကြာကပင် ကျနော့်ကို အားကိုးလိုစွာ မျှော်နေခဲ့ရှာသည်။

ကျနော်လည်း အမှောင်ထဲ၌ သူ့အနားတွင် အသားချင်းထိကပ်ထိုင်လိုက်သည်။

"ဘာပြုလို့ ခုမှလာရတာလဲ၊ ဒီမှာဘဲ ထိုင်နေနော် ...၊ ဟိုဟိုဒီဒီ ရောက်သွား မနေပါနဲ့"

သူက သူ့အဖော်များ မကြားစေရန် ခပ်တိုးတိုး ပြောသည်။

ရထားပေါ်၌ မီးမလင်းသဖြင့် ဟိုတကွက် သည်တကွက် ဖရောင်းတိုင်ကလေးများသာ ထွန်းညှိထားကြ၏။ လေတိုက်လိုက်လျှင် ဖရောင်းတိုင်များသည် ဟုတ်ကနဲ ငြိမ်းသွားကြ၏။ ထိုအခါ၌ကား ဘာမျှ မမြင်ရအောင် မဲမှောင်လာသဖြင့် ကျနော်သည် သူ့အနားသို့ တိုးကပ်လိုက်ပြီး သူ့ဂုတ်ပိုးသားကို တချက် နမ်းလိုက်၏။ သူက ကျနော့် ကို တွန်းလွှတ်သည်။

"ဟိုဘက်မှာထိုင်"

သူက အသံအုပ်ပြီးပြောသည်။

"ဟိုဘက်မှာ စာအုပ်တွေထားရတယ်၊ နှစ်ယောက်ကြားကထား၊ အလယ်ကထား"

"ဘယ်ဖြစ်မလဲ၊ စာအုပ်တွေ ကျိုးကုန်မှာပေါ့"

သူသည် ကျနော့်လက်မောင်းကို တချက်လိန်ဆွဲသည်။ ပြင်းပြင်းထန်ထန် မဟုတ်သော တက်တချက်ခေါက်သည်။ ကျနော်သည်လည်း အမှောင်ထဲ၌ ပြုံးနေမိပြန် သည်။

ဖရောင်းတိုင်မီးများ ထွန်းညှိကြသောအခါ ... "ဒုက္ခပါဘဲ၊ ဒီမီးတွေကို ဘာပြုလို့ ထွန်းကြပါလိမ့်နော်..." ဟု ကျနော်သည် ရယ်သံတဝက်ဖြင့် ပြောနေမိသည်။

ညဥ့်နက်လာလျှင် သူ့အဖော်နှစ်ယောက်လည်း တဖက်ခုံပေါ်တွင် တယောက်ကိုတယောက် မှီပြီး အိပ်ပျော်သွားကြသည်။ သမ်းဝေသံများ ကြားရသည်။ "ရထားကြီးက ဘယ်တော့ပီးမှာလဲ"ဟု ညည်းညူကြသည်။ စက်ဗိုလ်သည် ရထားခေါင်းတွဲကို ထုနက် ပြင်ဆင်နေသည်။ အဝေးတောစပ်ဆီမှ ဂျီဟောက်သံများ ကြားရသည်။ လရောင်ပျပျ၌ အညာကုန်းကမူ မြက်ခင်းပြင်များပေါ်တွင် ယုန်ကလေးများ နှုတ်ခမ်းမွေးသပ်လိုက် ပြေးဆော့ကစားလိုက် လုပ်နေသည်ကို သူနှင့်ကျနော်သည် ရထားပြတင်းဝမှ ငေးမော ကြည့်နေမိကြ၏။

သူ့အသက်ရှူသံ ကြားရသည်။

သူ့အသက်ရှူသံ၌ နွေးနေပြန်သည်။

ညလေပြေများသည် တောင်ကုန်းစောင်းများ၊ ချိုင့်ဝှမ်းများဆီမှ ပြေးလာနေ သည်။

"သူ အိပ်ချင်အိပ်ပါလား"

ညိုညို၏ စကားပြောသံမှာ နွေးနေသော နှလုံးသားအတွင်းမှ ဖြတ်သန်းလာ သည်။

"အိပ်ချင်ဘူး"

"မှောင်နေတာဘဲ၊ ကြောက်စရာကောင်းလိုက်တာနော် ..."

"ဘာကိုကြောက်တာလဲ"
"အားလုံးဘဲ"

"ကိုလဲ ပါသလား"

"အမယ် ... အမယ် ... သူ့ကို ဘာလို့ ကြောက်ရမှာလဲ"

ကျနော်သည် သူ့မျက်နှာအနားသို့ ပို၍ တိုးကပ်လိုက်သည်။ သူ့လက်မောင်းကို ခပ်ရှုရှု ဆုပ်ကိုင်ထားသည်။ ရယ်သံဖြင့် ...

"ခုလို အခါဆိုတော့ ကိုကလဲ မတရား ကြံချင်ကြံမှာပေါ့၊ အဲတာတော့ ကိုလဲ ကိုယ့်ကိုယ်ကို စိတ်မချရဲဘူး" ပြောနေမိသည်။

သူသည် ကျနော့်ကို တွန်းလွှတ်ပြန်သည်။

"သွား ... ဒါဖြင့်သွား ... ဟုတ်တယ်၊ သူ့ကိုလဲ ကြောက်ရမှာဘဲ၊ သူလဲ တီဘီစီ မှတ်လား၊ ကဲ ...ပြောစမ်း ...ဟိုနေ့က ရထားမိုးချုပ်နေတုန်းကလေ ... သူ မအေးသွယ် ကို အိမ်သာနားသွားတာ ဘာလုပ်တာလဲ၊ မှန်မှန်ပြောစမ်း၊ မလိမ်နဲ့နော်၊ သိပြီးသား သိလား"

"ကိုက တီဘီစီပေမယ့် သူတော်ကောင်းပါ"

"အန္တရာယ်ဘဲ" ဟု သူက ပြောနေသည်။

အတန်ကြာလျှင် ကျနော်သည် စာအုပ်များကို သူနှင့် ကျနော့်ကြားတွင် ချလိုက်သည်။ ထိုင်ခုံ တဖက်အစွန်းတွင် ထိုင်ရင်း အနာဂါတ်ကာလကို မျှော်လင့်ချက်များဖြင့် မျှော်တွေးနေမိသည်။ မိသားစုနှစ်ခု၏ စားဝတ်နေရေးအတွက် သူသည်လည်း တွေးနေပုံရသည်။ သူ့အမေ၏ ကျန်းမာရေး အခြေအနေကို မေးကြည့်သည်။ သူသည် အတော်နှင့်ပြန်မဖြေဘဲ တွေနေသည်။

"သက်တော့သက်သာလာဘီ၊ အရင်ကလောက် ချောင်းမဆိုးတော့ဘူး၊ ပန်းနာထရင်တော့ မောမောနေတယ်၊ သူ ဝယ်လာခဲ့တဲ့ဆေးနဲ့ တဲ့တယ်၊ အဲတာ အမေက ခဏခဏပြောတယ်၊ ဘာပြုလို့ မေးတာလဲ ... ဟင် ..."

"ကိုတို့ ဘယ်တော့ အတူနေရမလဲလို့ တွေးနေမိလို့ပါ၊ ညီညီတို့အမေ နေကောင်းလာရင် သိပ်ငဲ့စရာမလိုတော့ဘူး မှတ်လား"

"ဘာပြုလို့ အတူနေရမှာလဲ"

"မနောက်စမ်းနဲ့"

ပြောရင်း ကျနော်သည် လှစ်ကနဲ ပြုံးလိုက်မိ၏။ သူနှင့်ကျနော်သည် တဦးကို တဦး သဲသဲကွဲကွဲ မမြင်ရဘဲနှင့် မျက်နှာချင်းဆိုင်ကာ အတန်ကြာ ငေးကြည့်နေကြ သည်။ သူ့ကိုလည်း ကျနော်မပိုင်ဟု တွေးနေမိ၏။

"အတူတူနေချင်တာ ချစ်လို့ပေါ့၊ ဘယ်တုန်းကချစ်တာလဲလို့ မေးအုံးမလို့ မှတ် လား၊ တကယ်ပါ၊ ကို တကယ်တွေးနေတာ၊ ပြီးတော့ ဒီအတိုင်း မင်းကို ကို စိတ်မချ ချင်တော့ဘူး၊ ပိုင်ထားလိုက်ချင်တယ်၊ စိတ်ချစရာလည်း မရှိဘူး မှတ်လား၊ ခုတောင်မှ ကို ကာကွယ်ပေးထားလို့"

"သူများလည်း သူ့ကို စိတ်မချဘူး၊ နေ့တိုင်းဘဲ သူ မိန်းမတွေနဲ့ ပူးပူးကပ်ကပ်နေရင် သူများ သိပ်ငိုချင်တာ၊ အော်အော်ငိုပလိုက်ချင်တာ"

သူသည်လည်း ခပ်တိုးတိုး ပြောနေသည်။

ထို့နောက် ပြောစရာစကားများ ကုန်ခမ်းသွားသလို နှစ်ယောက်စလုံး ငြိမ်သက် နေမိကြသည်။ ရထားကြီး မီးရှိန်အား ပြန်ပြည့်လာပြီး ထိုနေရာမှ ထွက်ခွာလာခဲ့ကြ သည်အထိ စကားမပြောဖြစ်ကြတော့ပေ။ အိပ်ပျော်နေသူများသည် နိုးလာခဲ့ကြ၏။ ရထားတွဲပေါ်ရှိ မီးလုံးများသည်လည်း ပြန်၍ လင်းလာကြပြန်သည်။

ခပ်ဝေးဝေး မှောင်ရိပ်ကျသော ခုံတခုံမှ မအေးသွယ်၏ တခစ်ခစ်ရယ်သံသည်လည်း ရထားခုတ်မောင်းနေသံဖြင့် ရောထွေးပေါ်လာနေပြန်သည်။ အစောက ရှေ့အနား ခုံတခုပေါ်၌ ထိုင်နေခဲ့သည့် လင်ရှိအပျို မအေးမြင့်လည်း သူ့နေရာ၌ မရှိတော့ပေ။

ကြားဘူတာတခုတွင်ကား မအေးမြင့် ပြန်တက်လာသည်။

သူသည် ကပိုကယိုဖြစ်နေ၏။ အားအင်ကုန်ခမ်း နွမ်းနယ်လာသည်။ မျက်နှာပေါ်၌မူ ကျေနပ်သော အပြုံးကလေးတခုမှာ ဝေ့ပါလာသည်။ သူသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသော သူ့ယောကျာ်းနံဘေး၌ ခပ်ဖြည်းဖြည်း ဝင်ထိုင်လိုက်လေသည်။
ကျနော်ကား စိတ်များ ရှုပ်ထွေး နောက်ကျိုလာနေသည်မှာ ဘယ်အခါတွင်မှ အနည်ပြန်ထိုင်တော့မည် မဟုတ်ဟုပင် ထင်လာခဲ့သည်။

ဤမိန်းကလေးများမှာ အမှောင်ထဲ၌ သံသရာလည်နေရ၏။ အမှောင်သည် သနားစဖွယ်ဖြစ်သော သူတို့ကို တစတစ ရစ်ပတ်လာကာ နောက်ဆုံး၌ ဝါးမျို စားသောက်ပစ်လိုက်၏။ အမှောင်ကို အသုံးချတတ်သော ကျားရဲများသည် မှောင်လာလျှင် တောကြီးမျက်မည်းထဲမှ ထွက်ပေါ်လာကြသည်။

ကျနော်သည် ထွန်းမောင်လိုလူမျိုး မီးရထားပေါ်တွင် လိုက်ပါနေသမျှ မိန်းမ ကောင်းကလေးများစွာမှာ ဆုံးခန်းတိုင် ပျက်စီးသွားရမည်ကို နိယာမတရားတခုလို တွေးလာမိတတ်သည်။

ထွန်းမောင်သည် မိန်းမကျလောက်သည့် ရုပ်လည်းရှိ၏။ လိမ္မာပါးနပ်သည်။

နေ့လည်ဖက်တွင် ကျောက်ပန်းတောင်း၌ ရထားကြီးဆိုက်ရပ်ထားစဉ် သူသည် ရဲတွဲပေါ်မှ အခြားရဲသားများနှင့်အတူ ညိုညိုတို့ သင်းသင်းတို့ မြို့ထဲမှပြန်အလာကို မျှော်နေတတ်၏။

မှောင်ခိုသမကလေးများ ပြန်လာချိန်ကား ဘူတာရုံသို့ ခရီးသည်များ မဆိုက်ရောက်သေးမီ ဖြစ်သည်။ ထိုအချိန်တွင်မှ သူတို့အတွက် ဂုက်ရ ကဲ့ရ လွယ်ကူသည်။

ညိုညိုရောက်လာလျှင် သူသည် ရဲတွဲမှ ထွက်ရပ်ပြီး လက်ယပ်လှမ်းချေမည်။

ညိုညိုသည်လည်း ခေါင်းပေါ်တွင် ထန်းလျက်တောင်းရွက်ထားရင်း ... မျက်နှာ ၌ ချွေးများဥနေလျက်၊ ကျောပြင်တခုလုံး ချွေးများနစ်နေလျက် သူ့ရှေ့တွဲအောက်မှ သွားရပ်ရသည်။

သူသည် ညိုညို့မျက်နှာနှင့် ရင်သားများကို စိုက်ကြည့်ရင်း ထန်းလက်မည်မျှ တင်မည်ကို ထုံးစံအတိုင်း ရယ်မောမေးသည်။

ညိုညိုက ပြန်ဖြေပြီး ဖြစ်သော်လည်း သူသည် စကားဖြတ်မပစ်သေးဘဲ အခြား စကားစများ၊ ရယ်စရာများရှာကာ အရွှန်းအပြက်များ ပြောနေသည်။

"ညိုညိုက မညိုပါဘူး၊ ဝါဝါလို့ နာမယ်ပြောင်းဘို့ ကောင်းတာ၊ ဒါမှမဟုတ်ရင် လှလှလို့ပြောင်းပါလား၊ ကို့ ညီမက တကယ်လှတာ၊ တကယ့်ကိုလှတာ၊ ကိုတို့တောင် ငေးယူရတယ်၊ ကြည့်လေ လှလေပေါ့" ဟု ပြောနေသည်။

"ကဲ ... ပိုက်ဆံ ဘယ်လောက်ယူမလဲ ပြောပါ၊ ကျုပ်ဖာသာ လှတာ မလှတာ တော်နဲ့မဆိုင်ပါဘူး"

ညိုညိုသည်လည်း မျက်နှာထားနှင့် ပြောသည်။

သူသည် ငွေလှမ်းပေးသည့် ညိုညို့လက်ကို ဖျတ်ကနဲ ဆွဲဆုပ်ထားပြီး တဟဲဟဲ ရယ်သည်။ ညိုညိုသည် ဆောင့်ရုန်းပြီး ထွက်လာခဲ့၏။

တခါတရံတွင်ကား ဤသို့ ဖွတ်ထွက်သွား၍ မရ။

အပြန်၌ နတ်မောက်ဘူတာမှ ရထားထွက်လာခဲ့လျှင် ညိုညိုတို့ သဘော်သီးသုပ် ဝယ်စားလေ့ရှိသည်။ ထိုအခါ၌ သဘော်သီးသုပ် စားရာသို့ ထွန်းမောင် ရောက်လာတတ်သည်။

သူသည် အနား၌ လာရပ်ပြီး ... "ကိုတို့တော့ စားဘို့ မခေါ်တော့ဘူးလား၊ အေးလေ ဘယ်ခေါ်ချင်မှာလဲ၊ ကိုတို့က တီဘီစီလောက်မှ လခ မရှိတာကိုး" ဟု သူသည် ခနဲ့တတ်၏။

ညိုညိုသည်လည်း စိတ်ညစ်စွာဖြင့် ခေါ်လိုက်ရသည်။

သူသည် ညိုညို့နံဘေး၌ ဣန္ဒြေမပျက် ဝင်တိုးထိုင်သည်။

ချိုင့်ထဲမှ သဘော်သီးသုပ်ကို နှိုက်စားရင်း မျက်နှာငုံ့ကာ ညိုညို့ပါးနှင့် နီးကပ် အောင် ကပ်သည်။

"သဘော်သီးသုပ်က မွှေးလိုက်တာ" ဟု သူသည် ရယ်ရင်းပြောသည်။

ညိုညိုပေါင်ပေါ်မှ လက်သုတ်ပုဝါကို လက်ဖြင့် အုပ်ကိုင်ပြီး လှမ်းယူသည်။

"ညိုညိုကတော့ တနေ့တခြား ဝလာတယ်" ဟု ပြောရင်း အခြားရယ်စရာ စကားများစွာကို ပြောနေတတ်၏။

ညိုညိုသည် သူ့ကို စကားပြန်မပြောဘဲ မျက်နှာကို တခြားသို့ လှည့်ထားသည်။

သူသည် သင်းသင်းတို့နှင့် စကားတဖောင်ဖောင် ပြောလာသည်။ သင်းသင်းကော နုနုပါ သူနှင့် မလွတ်ကင်း။ ဤမိန်းကလေးများကား သူ့ရယ်သံအောက်၌ ရင်ခုန်နေကြပြန်သည်။

ထွန်းမောင်ပါသည့် နေ့များတွင် ကျနော်သည် ညိုညိုအနားမှ မခွာဘဲ ထိုင်နေသည်။ တခါတရံ၌ ထွန်းမောင်က ကျနော်နှင့် ညိုညိုကို နောက်ပြောင်ချင်လာလျှင် ကျနော်သည် မျက်နှာတည်တည် ထားလိုက်သည်။ ကျနော်ကား ညိုညိုကို ငဲ့ညှာရသဖြင့် ပြဿနာများကို အေးဆေးစွာ ဖြေရှင်းသည့်နည်းဖြင့် ထွန်းမောင်ကို ပြုံးသည့် အခါပြုံး၊ ရယ်မောသည့်အခါ ရယ်ပြီး ဆက်ဆံနေရသော်လည်း ရင်ထဲတွင်မူ စက်ဆုတ် ရွံရှာမှုများမှာ တောမီးကဲ့သို့ အရှိန်ပြင်းသည်ထက် ပြင်းလာနေသည်။

တခါတရံ၌ မခံရပ်နိုင် ဒေါသများ ဖြစ်လာရ၏။ ညိုညို့ကို ထန်းလျက် မတင်တော့ရန် တားမြစ်ချင်လာသော်လည်း ဤစားဝတ်နေရေးအတွက် ဖြေရှင်းနေရသော ရေစီးကြောင်းကြီးကို တားဆီး၍ ရမည်မဟုတ်။

ရထားပေါ်တွင် လက်မှတ်စစ်အဖွဲ့ ပါလာသည့်နေ့များတွင် ကျနော်သည် ညိုညိုအတွက် လက်မှတ်တစောင် ဆင်းဝယ်ပြီး သူထိုင်နေရာသို့ သွားပေးသည်။

သူသည် ရထားပြတင်းဝမှ ကျနော့်ကိုငုံ့ကြည့်နေရင်း သူ့မျက်နှာမှာ နားမလည်နိုင် ဖြစ်နေခဲ့သည်။ သူ့ မျက်လုံးများမှာ ရိုးသားစွာဖြင့် အဖြေရှာမရနိုင်အောင် ဖြစ်နေ သည်။

သူသည် ကျနော်ပေးနေသည့် လက်မှတ်ကို လှမ်းမယူ။

"သူများ ... ဘာ ... ဘာပြုလို့ ... ယူရမှာလဲ"

သူသည် အသံတုန်တုန်ဖြင့် တိုးတိုး ကပ်မေးနေသည်။

"ယူစမ်းပါ၊ လက်မှတ်တစောင် ဘယ်လောက် တန်ဖိုးရှိလို့လဲ၊ သုံးကျပ်ထဲပါ"

"ပြောလိုက်ရင် ပြီးတာမှုတ်လား"

"အဲဒီအထဲမှာ မင်းမပါဘူး၊ မင်းကို ထည့်မပြောဘူး၊ သိပ် နားဝေးတာဘဲ"

ကျနော်သည် အလိုလို ဒေါသဖြစ်လာကာ လက်မှတ်ကို ပစ်ချပစ်ခဲ့၏။ ကျနော် ဒေါသဖြင့် ထွက်လာခဲ့သည်ကို သူသည် နားမလည်နိုင်ဘဲ ကျနော့် ကျောပြင်ကို ငေး ကြည့်နေမည်။

ငွေသုံးကျပ်သည် ဆင်းရဲလှသူများ အတွက် မနည်းပါးသော အရေအတွက် ဖြစ်၏။ ကျနော်ကား လက်မှတ်စစ်တဖွဲ့လုံးကို ကျွေးမွေးထားပြီး ဖြစ်သဖြင့် ကျနော် စာရင်းပြလိုက်လျှင် ထိုလက်မှတ်မဲ့များကို လက်မှတ်စစ်အဖွဲ့က စစ်တော့မည် မဟုတ်ပေ။

ကျနော်သည် ထိုစာရင်းထဲတွင် ညိုညိုကို မထည့်ချင်။

လက်မှတ်စစ်အဖွဲ့မှာ လူကောင်းဟူသော ပစ္စည်းသည် ရှားပါးလှသော ရတနာဖြစ်၏။ ထိုအထဲ၌ မိန်းမကိစ္စအတွက် နာမည်အကြီးဆုံး လက်မှတ်စစ်တဦးမှာ တောင့်တောင့်ဖြောင့်ဖြောင့် နိုင်ငံခြားရုပ်ရှင်မင်းသားဟန် ပေါက်နေသည်။ သူ့ကို အထင်ကြီးမိသော မိန်းကလေးပေါင်း မြောက်များစွာမှာ သူတို့လက်မှတ်စစ်တဖွဲ့လုံးနှင့် ညားကြရလေတော့သည်။ သူတပါး သားမယားလည်း ရှောင်သူမဟုတ်။

ဤဒေသရှိ ဆင်းရဲသူ တောသူတောင်သားများ၊ ဖျင်ကြမ်းအဝတ်ကိုပင် လုံလောက်စွာ မဝတ်နိုင်ကြသူများ၊ ရိုးသားဖြူစင်ကြသူများမှာ သူတို့ကို အထင်လည်း ကြီးတတ်ကြသည်။

သူသည် ညိုညိုအနားရောက်လျှင် လက်မှတ်စစ်ပြီးသွားသော်လည်း အကြောင်းမရှိ အကြောင်းရှာကာ စကားများနေတတ်ပြန်သည်။ တခါတရံ လက်မှတ် ဆက်၍ မစစ်တော့ဘဲ ညိုညိုအနားတွင် ဝင်ထိုင်သည်။

သူသည် ညိုညိုခေါင်းကို ရင်းနှီးစွာ ပုတ်လိုက်ပြီး …

"ကိုတို့လာမှ လက်မှတ်ယူစီးတာနော် … ဖိုးရင်မောင် ယူပေးတာမှတ်လား၊ ဒီအကောင် သိပ်သဝင်ကြောင်တဲ့အကောင်၊ နောက်ကို ဘယ်တော့မှ ယူမစီးနဲ့၊ ကိုက မယူရဘူးလို့ ပြောတယ်လို့ ပြောလိုက် ကြားလား၊ မင်းနဲ့ ဖိုးရင်မောင်နဲ့ မောင်နှမဆို၊ ဖိုးရင်မောင် ကို့ကို ပြောထားဘူးပါတယ်၊ ကဲ … ပြောစမ်း ဘယ်နှစ်ဝမ်းကွဲ တော်တာလဲ၊ ဘယ်ဘက်က တော်တာလဲ၊ မှန်မှန်ပြောနော် … လိမ်ရင် ကိုတို့က မျက်နှာ ကြည့်လိုက်တာနဲ့ သိတယ်။ လက်မှတ်စစ်ဆိုတာ အကင်းပါးတယ်"

သူသည် တဟဲဟဲ ရယ်နေ၏။

ညိုညိုသည်လည်း ပြုံးနေသည်။ ညိုညိုက ဤလက်မှတ်စစ်က သူ့ကို အကယ်ပင် ခင်မင်နေသည်ဟု တွေးချင်တွေးနေမည်။ ထိုသို့ တွေးမိလျှင်ကား နောက်တပတ် သူတို့လက်မှတ်စစ်အဖွဲ့ ပါလာသည့်နေ့တွင် ဤရိုးသား ဖြူစင်လှသော မိန်းမကောင်းကလေးများမှာ လက်မှတ်စစ်တဲ့ပေါ် လိုက်သွားရပြီး လူစင်စစ်က ဖါဖြစ်သွားရတော့မည်။

ကျနော်ကားညိုညို့ကို သတိပေးသင့်သည်ထက်လည်း ပို၍ မပြောချင်။

ကျနော့်စိတ်၌ကား ညိုညို၏ ချစ်သူအပေါ်၌ ထားသော သစ္စာတရားကိုလည်း အကြွင်းမဲ့ ယုံကြည်နေသည်။ စိတ်၌ သောကများလည်း ဖြစ်နေခဲ့ရပြန်သည်။ စိုးရိမ် စိတ်များသည် တမျှင်းမျှင်း အုံကြွလာနေကြပြန်သည်။

နောက်တော့ ကျနော်သည် "လက်မှတ်စစ်တွေထဲက တချို့လူတွေအကြောင်း ကြားဖူးသလား" ဟု အရိပ်အမြွက် ပြောလာရသည်။

"သူများ သိပါတယ်၊ ဒီလူတွေ ဘယ်ဘူတာမှာ မယားငယ် ဘယ်နှစ်ယောက်ရှိ တယ်၊ မီးရထား အမှုထမ်းချင်း မယားတောင် ရှောင်ကြတာ မဟုတ်ဖူး ဆိုတာအထိ သိပါတယ်၊ လူတင်ပါမှ နွားကျားကိုက်တာပါ၊ သူက အစိုးရိမ် သိပ်လွန်တာဘဲ"

ညိုညိုသည် ကျနော့်မျက်နှာကိုကြည့်ရင်း ပြုံးနေ၏။ ထိုအပြုံးများထဲ၌ ခိုင်မြဲသော သစ္စာတရားကို တွေ့နေရသလို ထင်သည်။ သူ့မျက်လုံးထဲတွင် တောက်နေသည့် အရောင်ထဲ၌ သူ၏နှလုံးသားမှ ခိုင်မာမှုများ လာ၍ ထင်နေသည် ထင်မိသည်။

ကျနော့်ရင်ထဲမှ ပူလောင်သော သောကများမှာ အရှိန်ပြယ်လာသော်လည်း ပျောက်ပျက်၍ကား မသွား။ အကြွင်းအကျန်ကလေးများမှာ နှလုံးအိမ်၌ ငြိစွဲနေခဲ့ ပေသည်။

နောက်ပိုင်းရက်များ၌ တောင်တွင်းကြီးမှ အဖမ်းအဆီးများ အမိန့်အရ ပို၍ တင်းကျပ်လာသည်။

တောင်တွင်းကြီးသို့ ရထားဝင်တော့မည်ဆိုလျှင် လူတိုင်း မျက်နှာငယ်ကလေး များနှင့် ဖြစ်လာကြ၏။

ကျနော်သည်လည်း ညိုညိုမျက်နှာကို ကြည့်မိတိုင်း စိတ်မချမ်းမသာ ဖြစ်လာ နေရသည်။

သူတို့သည် ဤအခက်အခဲများကို ရှောင်ကွင်းနိုင်ရန် ဆဒ္ဒံချောင်းဘူတာတွင်ပင် ရထားပေါ်မှ ဆင်းသက်ပြီး မြင်းလှည်းများဖြင့် ညအခါ၌ တိတ်တဆိတ် တောင်တွင်း ကြီးသို့ ဝင်ကြသည်။

ဆဒ္ဒံချောင်းသို့ ရထားဆိုက်ရပ်လိုက်လျှင် အမှောင်ထဲ၌ အထုပ်အပိုးများ အားလုံးချကြ၏။ စက်ဗိုလ်သည်လည်း ရထားကို ကြာကြာရပ်ပေးသည်။ မှောင်ခိုသူများနှင့်တကွ ထန်းလျက်အားလုံး မြေကြီးပေါ်ရောက်ကုန်မှ အခွံချည်းသာကျန်သော ရထားကြီးသည်လည်း အမှောင်ထဲ၌ တရွေ့ရွေ့ ဆက်လက်ခုတ်မောင်းသွားသည်။

ရထားကြီး၏ ပျော်ရွှင်ပေါ့ပါးစွာ ဥသြဆွဲလိုက်သံကို ဆဒ္ဒံချောင်း ဘူတာကုန်းပေါ်ရှိ မှောင်ရိပ်ထဲမှ ကြားရသည်။

အလင်းရောင်များကား ရေးပျပျမျှသာ ရှိတော့၏။ အမှောင်သည် ရှိစုမဲ့စု အလင်းရောင်စုကလေးကို လိန်ရှက်နေသည်။ ကုက္ကိုပင်ကြီးများသည်လည်း အမှောင်ရိပ် မဲမဲကြီးများအဖြစ်ဖြင့်သာ ငြိမ်သက်နေကြ၏။

ဘူတာကုန်းပေါ်၌ လူအများ အသံမထွက်ဘဲ လှုပ်ရှားပြေးလွှားကာ အသင့်ကြို နေကြသည့် မြင်းလှည်းများပေါ် ထန်းလျက်များတင်နေကြစဉ်၌ ကျနော်သည်လည်း ထိုလူအုပ်ထဲ၌ ပါနေပြန်သည်။

ကျနော့်ကို အများက ဝိုင်းဝန်း သတိပေးကြသော်လည်း ကျနော်သည် လက်ဝှေ့ပွဲများ၌ စင်ပေါ်တက်ရပ်ရသလို ရင်ခုန်ကာ ပျော်နေသည်။ ဤစွန့်စားမှုကို ကျနော်သည် အပျော်တမ်းအလုပ်တခုလို ထင်နေ၏။ ကောင်းကင်ယံ၌ မီးပုံးပျံနှင့် ပျံရသလို ဖြစ်၏။ ထိုအခါများတွင်ကား ဤမှောင်ရိပ်ထဲမှ လူသားများမှာ သူတို့ဝမ်းရေးအတွက် ကြောက်ရွံ့လုပါလျက်ဖြင့် စွန့်စားနေရသည်ကို ကျနော်သည် နက်ရှိုင်းစွာ မတွေးနိုင်၊ နက်ရှိုင်းစွာ မခံစားနိုင်၊ မတွေ့ထိနိုင်။

မြင်းလှည်းများသည် အမှောင်ရိပ်ထဲ၌ အသံမမြည်ဘဲ ရွေ့လျားလာကြ၏။ ချောင်းသဲပြင်ကြီးကို တိတ်တဆိတ် ဖြတ်ကူးနေစဉ်တွင် "လရောင် မလာခင် ရောက်မှ၊ အသံမမြည်စေနဲ့နော်" ဟု တီးတိုး ရေရွတ်သံများမှာ ကျနော့်အတွက် အပျော်ခရီးထွက်လာသလို ဖြစ်နေသည်။

ကျနော်သည် ထန်းလျက်များ လေးလံစွာ တင်ထားသော မြင်းလှည်းတစီးပေါ်တွင် မညွန့်ရီနှင့် ညိုညို့ကြား၌ ရောက်နေသည်။ မညွန့်ရီ၏ ပိဿာ ခုနစ်ဆယ်မျှသာ ရှိသည့် သေးသေးကွေးကွေး ကိုယ်လုံးကြီးကြောင့် မြင်းလှည်းသည် သဲပြင်ထဲ၌ တဖက်သို့ အိနေသည်။

"ဒီလူ ဘာလိုက်ရှုပ်တာလဲ၊ ဒါ အပျော်ကစားတာ မဟုတ်ဘူး"

မညွန့်ရီက အသံနိမ့်ပြီး ပြောသည်။

"မှောင်ခိုမလို့ပေါ့ ရီရီရဲ့"

"ကိုရင်မောင် ... တော့ကို နရင်း မအုပ်လောက်သေးလို့ ကြည့်နေတာ"

မညွန့်ရီသည် အလွန်ကြီးမားကာ ဖားပြုပ်ကြီးလို ကုန်းထနေသည့် သူ့လက်ဝါး ကို အမှောင်ထဲ၌ မြှောက်ပြနေသည်။

ကျနော်လည်း ငြိမ်နေလိုက်ရသည်။

ညိုညိုသည် အသံကျိတ်ပြီး တခိခိရယ်နေသည်။

ကျနော်သည် ညိုညို့ခါးကို လက်ဖြင့်ရစ်ပတ်ပြီး ဖက်ထားသည်။ သူသည် မြင်းလှည်းအခုန်တွင် ကျနော့်ပခုံးကို ခေါင်းလာမှီသည်။ ကျနော့် ရင်အုံပေါ်တွင် သူ့ခေါင်းဖြင့် မသိမသာ ဝှေ့နေသည်။ ကျနော့်လက်ကို ညင်သာစွာ ဆုပ်ကိုင်ထားနေ သည်။

ကျနော့်အတွက်ကား ပျော်စရာ ဖြစ်နေသည်။ အကယ်၍ တနေရာရာမှ ဖမ်းဆီးလိုက်လျှင် ကျနော်ကား မည်သို့မျှ ဖြေရှင်း၍ ရမည်မဟုတ် သည်ကို ကြိုတင်တွေးခဲ့မိသော်လည်း ထို ကြုံတွေ့လာမည့် အန္တရာယ်များကို ကျနော်သည် မေ့နေ၏။

အမှောင်ထဲ၌ ရှိသော ကျောင်းကုန်းရွာကို တိုးတိုးတိတ်တိတ် ဖြတ်ကျော် လာသည်။ မကြာမီ ကျောက်ခင်းလမ်းပေါ် မြင်းလှည်းများ တက်လာ ကြ၏။ မြင်းခွာသံမထွက်စေရန် မြင်းလှည်းများကို အနှေးဆုံး မောင်းနေကြ၏။

လရောင်များသည် အရှေ့ဖက်တောင်တန်းဆီမှ စ၍ ဖြည်းဖြည်းချင်း လင်းလာသည်။ ရွက်သစ်များ ဝေနေသော တောစပ်များဆီမှ လေတိုးဝှေ့ သံများ ပျံ့လွင့်လာနေသည်။ လူ့ဘုံလောကကြီးမှာ တိတ်ဆိတ်ငြိမ်သက်လာနေသည်။ ခဏတာဘဲဖြစ်ဖြစ် ငြိမ်သက်ငြိမ်းချမ်းမှုကား အခိုက် အတန့်၌ ဖြစ်ပွားလာနေသည်။ ဤ ငြိမ်သက်ငြိမ်းချမ်း မှု၊ လွတ်လပ်မှု၊ အချုပ်အနှောင်ကင်းမဲ့မှုမှာ ခဏတာမျှတာ ဖြစ်သည်ကိုကား ကျနော့် လိုပင် အများသည်လည်း တွေးမိကြလိမ့်မည် ထင်သည်။

"ကိုရင်မောင်ကြီး ... တော့ကို ထမင်းစားခေါ်တာလဲ တခါမှ မလာဘူးတော် ..."ဟု မညွန့်ရီက ပြောနေသည်။

"ဦးပေါ်လာနဲ့ လာမယ်လေ"

"တော့ အဘက သွားမရှိတော့လို့ ထမင်းမစားနိုင်တော့ဘူး ကိုရင်မောင်ရဲ့၊ ဆန်ပြုတ်ဘဲ သောက်နေရတာ"

"ဝါးခွံ့ရင် ရပါတယ်ဗျာ"

"တော်စမ်းတော် ... မဦးမချွတ်တွေ၊ တော်တို့နောက်တာနဲ့ အဖိုးကြီး မျက်နှာ မထားတတ်တော့ဘူး သိလား၊ ကျုပ်ကို ရဲရဲ မကြည့်ရဲတော့ဘူး၊ တော်ကြာ ဒါကြီးက တရားနောက်နားပါ လုပ်လာမှာ၊ ကဲ ... ကိုရင်မောင်၊ ဒီနေ့ ထမင်းစား လာမလား မလာဘူးလား၊ ပြတ်ပြတ်ပြော"

"တော်ကြာ မညွန့်ရီက တသက်လုံးကျွေးနေချင်တယ်ဆို ကျနော်တော့ ဒုက္ခဘဲ"

"နောက်မနေစမ်းနဲ့ ကိုရင်မောင် ... တော့ပုံမျိုးကို ကျုပ်က တိုင်မှတ်လို့ ထုံး မသုတ်ဘူး"

ညိုညိုသည်လည်း တခစ်ခစ်ရယ်မောနေရင်း ကျနော့်လက်ထဲသို့ သူ့လက် ကလေးတဖက်ကို အသာ လာထည့်ထားသည်။

"လူချောပါ မမရီရယ် ...၊ ကျမတို့ကတော့ ထုံးသုတ်ရုံမကဘူး ... ရွှေတောင် ချထားချင်တယ်"ဟု ပြောနေသည်။

"ဟုတ်ဖူးလားနော်"

"ဟုတ်တာပေါ့"
ကျနော်သည်လည်း အသံကို ထိန်းချုပ်ရယ်မောနေသည်။

တောင်တွင်းကြီးမှ မီးရောင်များ ကောင်းကင်သို့ လှမ်းတက်နေသည်ကို မြင်လာ ရသည်။

မတော်တဆ ရှာဖွေရေးများ သတင်းရကာ စောင့်ဖမ်းနေမလားဟု စိုးရိမ်စိတ်များ ဝင်လာနေကြသည်။ စိုးရိမ်စိတ်များသည် သွေးကြောမကြီးမှ တဆင့် အကြောသေး အကြောမျှင်ကလေးများအတွင်းသို့ပါ တဒိတ်ဒိတ် စီးဆင်းနေသည်ဟု ထင်လာရသည်။

စကားသံများ မထွက်တော့ပေ။ သက်မချသံများ ကြားလာရ၏။ ညိုညို့ လက် ဖဝါးပြင်တွင် ချွေးဥကလေးများ စို့လာနေသည်။

"နောက်ကို သူ မလိုက်နဲ့တော့နော် … အခုနေတုန်း ဖမ်းမိရင် လူပါ အမိခံရမှာ၊ သူများတို့က ထောင်ကျချင်လဲကျ လုပ်နေကြတာ၊ သူများ သူ့အတွက် စိုးရိမ်တာ၊ အလုပ်ပြုတ်သွားမှ ဆိုးတာနော် … နောက်ကို မလိုက်တော့နဲ့"

သူက မြို့အဝင် သင်းချိုင်းကုန်းကို ဖြတ်ကျော်နေစဉ်၌ ထိုစကားများကို တုန်ယင်စွာ အသံ မပွင့်တပွင့်ဖြင့် ပြောနေခဲ့သည်။

ကျနော်သည်လည်း ထိုစကားလုံးကလေးများကို ခြေရာခံကာ တီးတိုး လိုက်လံ ရေရွတ်ကြည့်နေမိသည်။

## (၁၂)

***လောင်ကျွမ်းနေသောနေ့ရက်များ***

တရက်ထက်တရက် အဖမ်းအဆီးများ ပို၍ တင်းကျပ်လာသည်။ ဤရက်များတွင် မှောင်ခိုသူများ တဦးချင်း လက်လျှော့ စွန့်ခွာသွားနေသည်။ ထိုအထဲ၌ လူငယ်များနှင့် အစဉ်အမြဲ ကလေးကလား စကားပြောပြီး ရယ်မောနေတတ်သော ဦးပေါ်လာကြီး၊ မခင်လှ၊ မခင်သိန်း၊ မိသိန်း၊ ကုလားမမိသန်း၊ သူတို့တတွေလည်း ပါသွားသည်။

လိုက်ပါနေကြသူများမှာလည်း ရက်စဉ်ရက်ဆက် မဟုတ်ကြတော့ပေ။

"ဦးပေါ်လာကြီးက မလိုက်ဘဲနေလို့လဲ နေနိုင်တာပေါ့တော် …၊ နောက်ပိုင်းမှာ စားစရာရှိတဲ့လူ မှတ်လား။ ကျမတို့ဘဲ ဘယ်သူတွေ ဘယ် လောက်ဖမ်းနေနေ၊ ဟောဒီက ကိုရင်မောင်ကြီးနဲ့ ရှီးမြေကျပေါင်းနေရမှာ၊ ကျမတို့ဘဲ သစ္စာအရှိဆုံးနော်"

အေးစက်စက်နေတတ်သော မမြသိန်း၏ ပြက်လုံးမှာလည်း ရွှင်လန်း ကြည်နူးစရာ ပြက်လုံးမဟုတ်တော့ပေ။

ဤပြက်လုံး၏ နောက်စွယ်၌ ညည်းတွားရေရွတ်သံ၊ သက်မချသံများ ပါနေသည်။ ဖြစ်လိုရာ ဖြစ်စေတော့ဟု စိတ်လျှော့ချလိုက်သံ၊ အားကိုးရာ မျှော်လင့်ရာမဲ့စွာ ငိုကြွေးလိုက်သံများသည် ပြက်လုံးနောက်ဆွယ်ရှိ နှလုံးသားများအပေါ်၌ ထင်ဟပ်နေသည်။

တောင်တွင်းကြီး ရှာဖွေရေးများသည် ဘူတာရုံမှသာမဟုတ်၊ မြို့အဝင်မှလည်း မြင်းလှည်းများကိုစောင့်ဖမ်းနေသည်။ နယ်ကျော်ကာ နတ်မောက် အထိ တောင်တွင်း ကြီးရှာဖွေရေးများ ချီတက်လာကာ ကြွားဝင့်စွာ စောင့်ဖမ်းလာကြသည်။

ကျောက်ပန်းတောင်းတွင်လည်း ရှာဖွေရေးများနှင့် ထန်းလျက် ဖြန့်ချိသူတဦး ဈေးမတည့်သဖြင့် ပဋိပက္ခဖြစ်လာကာ ရှာဖွေရေးချင်း ခြေချင်း လိန်နေသည်။

ပင်းချောင်းရုံပိုင် ဂျပုသည်လည်း ပထမတွင် မှောင်ခိုသူအချို့နှင့် မတည့်ရာမှ ခုအခါတွင် ဤလမ်းတာဝန်ခံ လက်မှတ်စစ်အဖွဲ့နှင့်ပင် မသင့် မတင့်ဖြစ်လာကာ သူ ဖမ်းဆီးနိုင်ကြောင်း အာဏာကုန်ပြလာနေသည်။

ထိုအခါတွင် မြော်လင့်ချက်ကင်းမဲ့စွာဖြင့် စက်ရုပ်များကဲ့သို့ လိုက်ပါနေကြ သည့် မှောင်ခိုသူများမှာ တဆယ်ထက်ပို၍ မတင်ဝံ့။ သူတို့သည် တပိဿာစစီ အထုပ်ကလေးများ ပြုလုပ်ကာ အနှံ့ လျှောက်ဝှက်ထားသည်။ ဖမ်းမကုန်၍ ကျန်သည့် အထုပ်ကလေးများကို ဆဒ္ဒါချောင်းမှ ထွက်လာလျှင် အမှောင်ထဲ၌ လိုက်လံစုဆောင်းသည်။ တောင်တွင်းကြီးအဝင် သဖန်းကုန်းရွာထိပ်၌ ရထားကို ဖြေးနှေးစွာ ခုတ်ပေးသဖြင့် သူတို့ ဆင်းကျန်နေရစ်ခဲ့သည်။

သူတို့ထံမှ လက်မှတ်ခ၏ တဝက်မျှကိုပင် ကျနော်သည် မယူရက်တော့။ မီးရထားရဲများမှာမူ လစာနည်းပါးကြသူများ ဖြစ်သဖြင့် မယူချင်သော်လည်း ယူနေကြရသည်။

"ငါတို့ ပိုက်ဆံတောင် မယူချင်တော့ဘူးဟာ၊ နင်တို့မြင်ရတာ စိတ်ကို မောနေတာဘဲ"

ပိန်ပိန်ပါးပါး ရဲကြပ်ကြီးတဦးက ညည်းတွားလေသည်။

ညိုညိုသည်လည်း အခါနှစ်ဆယ်ထက်မနည်း မဖမ်းခံခဲ့ရပြီးပြီ။

မကြာမီ သူ့လက်ပေါ်မှ လက်စွပ်ကလေးသည်လည်းကောင်း၊ နားပေါ်မှ နားတောင်းကလေးသည်လည်းကောင်း ပျောက်ကွယ်သွားခဲ့သည်။ သူ့ကိုယ်ပေါ်မှ အဝတ်များသည်လည်း မတောက်ပတော့။ သူ့မျက်နှာမှာလည်း ညှိုးမှိန်လာနေပြန်ပြီ။

သူကား ထမင်းပင် ထုပ်မလာနိုင်သည့် ကုန်စိမ်းသည်ဘဝ၏ အဆိုးဆုံးအခြေအနေနှင့် မခြားနားတော့ပေ။ ထိုအခါကမူ သူသည် မှောင်ခိုလုပ်လျှင် ထွက်ပေါက်ရှိသေးသည်။ ယခုမူ သူ့တွင်း၌ ရှိသမျှ အသက်ရှူပေါက်များအားလုံး ပိတ်ဆို့နေပြန်ပြီ။ သူ့အမေ၏ ကျန်းမာရေး အခြေအနေမှာလည်း ဆေးဝါးများ လျှော့လိုက်ရသည်နှင့် တပြိုင်နက် ပြန်၍ ဆိုးလာနေခဲ့ပြီ။

ညနေခင်းများ၌ ရထားပေါ်တွင် သူ့နံဘေး၌ ယှဉ်ထိုင်နေစဉ်၌ သူတွေ့ကြုံ ခံစားနေရသည့် အပူရှိန်များသည် ကျနော့်ကို လာ၍ ရိုက်ဟပ်နေသလိုပင်။

သူ့ခေါင်း၌ ပဲဆီရနံ့များ သင်းနေပြန်ပြီ။ သူ့ဂုတ်ပေါ်၌ ဆံစကလေးများ ဝဲနေသည်။ သူသည် အပူရုပ်ကို မပူရုပ်ဆင်ကာ သူ့မျက်နှာကို ရွှင်လန်းအောင် ကြိုးစား၍ ပြုံးရယ်နေပုံမှာ စိတ်ထိခိုက်ဖွယ်ရာ ဖြစ်နေခဲ့သည်။ ညနေခင်းများ၌ ဝင်လုဆည်းဆာ နေခြည်ဟပ်သဖြင့် သောကဝေနေလျက်နှင့် သူ့မျက်နှာကလေးမှာ ဝင်းပနေတတ်ပြန်သည်။

ရထားကြီးသည်လည်း တံလျှပ်ထကာ အပူရှိန်ပြင်းထန်သည့် ကွင်းပြင်ကြီးထဲ၌ ဖြတ်သန်းနေရသည်။

သံလမ်းနှင့် မနီးမဝေး လိုက်ပါလာသည့် ယင်းချောင်း သဲပြင်ကျယ်ကြီးပေါ်၌ အပူရှိန်တံလျှပ်များသည် ကောင်းကင်သို့ တရိုတ်ရိုတ် တက်နေသည်။ နေဝင်တော့မည်ဆိုလျှင် ယင်းချောင်းကမ်းပါးရှိ သစ်ပင်အုပ်စုကလေးများနှင့် တဖက်တောင်ကုန်းနိမ့် ကလေးများပေါ်ရှိ သစ်ပင်တောအုပ်ကလေးများမှာ ညိုးယော်သွားနေသည်။ ချောင်းပြင်ပေါ်ရှိ ဆည်းဆာပန်းချီကားချပ်မှာ ဝမ်းနည်းဖွယ်ရာ အရောင်လေးကြီးများဖြင့် မှိုင်းညစ်လာနေသည်။

"နေကြီးဝင်တော့မှာ ကြည့်ရတာ စိတ်မောစရာကြီးနော်၊ နီနေလိုက်တာ စူးနေ တာဘဲ၊ ရင်ထဲမှာကို လာပြီး ပူနေတယ်၊ မောနေတာဘဲ"

သူက လှည့်မကြည့်ဘဲ ပြောနေတတ်သည်။

'မင်းကြည့်ရတာ မောနေတာဘဲ'ဟူ၍ ကျနော်သည် သူ့ကို ပြန်ပြောလိုက်ချင် သော်လည်း ငြိမ်သက်နေလိုက်သည်။

ရထားခုတ်မောင်းနေစဉ်၌ ပြတင်းဝမှ ဝင်လာသော လေထဲတွင်လည်း အပူငွေ့ များပါနေကာ အေးချမ်းမှုကား ဘယ်နေရာတွင်မျှ မရှိနိုင်ဟု ထင်လာမိပြန်သည်။

"ဗေဒင်တွက်တတ်ရင် သိပ်ကောင်းမယ်နော် ... ဘယ်နေ့မှာ ဘယ်ကဖမ်းမယ်၊ ဘယ်နေ့မှာ ဘယ်ကမဖမ်းဘူးဆိုတာ သိရင် သိပ်ကောင်းမှာ၊ အဲဒီလိုဆို သူများပစ္စည်း ကို သူတို့ယူတာ ဘယ်ခံမလဲ၊ သူတို့ဖမ်းမယ့်နေ့မှာ အိမ်မှာ ဇိမ်နဲ့ အိပ်နေလိုက်မှာပေါ့ နော်"

သူသည် ကလေးလိုတွေးနေ၏။ ထိုအတွေးကြောင့် သူ့မျက်နှာပေါ်မှ အားငယ် နေမှုများသည်ပင် လျော့သွားသည်ဟု ထင်နေရပြန်သည်။ အမှန်ကား ထိုစိတ်ကူးယဉ် အတွေးများမှာ တွေးပြီးလိုက်လျှင် ချက်ချင်း ငြိမ်းသေသွားသည်။

အမှန်၌ ခုအချိန်တွင် စိတ်အေးချမ်းနေသူဟူ၍ မရှိနိုင်ပေ။

အလွန်ပျော်ပျော်ရွှင်ရွှင်နေတတ်သော ကိုရွှေယောက်ကြီးပင် အခါတိုင်းကလို ရယ်ရယ်မောမော မနေနိုင်။ ကိုရွှေယောက်ပင် ရထားပေါ်၌ ရံဖန်ရံခါသာ ပါလာတော့သည်။

ကိုရွှေယောက်၏သားတယောက်မှာ ဆဒ္ဒံချောင်းဘူတာ၌ ထန်းလျက်အိတ်များ ကို မြင်းလှည်းပေါ်တင်ရင်း မြွေကိုက်သေဆုံးသွားခဲ့ရသည်။ ခုအခါ၌ ရထားပေါ် တွင် ကိုရွှေယောက်၏ သားနှစ်ယောက်သာ လိုက်ပါနိုင်တော့သည်။

ကိုရွှေယောက်သည် ထန်းလျက်များကို မြင်ပင် မမြင်ချင်တော့ပေ။

"မထူးပါဘူးဆရာရယ်၊ မကောင်းမှုလုပ်ရတာချင်း အတူတူ ဓားပြတိုက်တာ ကောင်းပါတယ်" ဟု သူတွေးလာသည်။

သို့သော် သူသည် ဓါးပြလည်း တိုက်ရဲသူမဟုတ်ချေ။ ထန်းလျက် မတင်၍လည်း မဖြစ်။ သူ၏ထန်းလျက်များ အဖမ်းမခံရအောင် တင်နေနိုင်သည့် မီးရထား အိမ်သာတခုမှ ခေါင်မိုးပေါက်ကိုလည်း မစွန့်ပစ်နိုင်။
သူသည် သူ့သားနှင့် သွားခဲ့ လာခဲ့ ပြေးခဲ့ လွှားခဲ့သည့် နေရာများကို မကြည့်မြင်ချင်။ ညနေတိုင်ရောက်လာပြီး နေရောင်မှိန်လာလျှင် သူ့သားမြွေကိုက်ခံရသည်ကို သတိရလာကာ သူ့မျက်နှာတပြင်လုံးမှာ နီမြန်းလာတော့သည်။ ထိုအချိန်၌ သူသည် မည်သူ့ကိုမျှ စကားမပြောတော့ပေ။

ကိုရွှေယောက်၏ အဖော်တဦးဖြစ်သည့် ကိုထွန်းခင်သည်လည်း ရထားကြီးကို စွန့်ပစ်ထွက်ခွာပြေးရလေသည်။

ကိုထွန်းခင်သည် ထန်းလျက်များ အကြိမ်ကြိမ် အဖမ်းခံရသဖြင့် ကြွေးများ လည်ပင်းအထိ နစ်နေသည်။ သူသည် နောက်ဆုံးအခေါက်က ဆတ်သွားမြို့မှ မျှင်ငါးပိတပုံး အကြွေးယူပြီး တင်လာခဲ့သည်။ သူ့တွင် အကြွေးထူလှသဖြင့် သူသည် ထို မျှင်ငါးပိပုံးအတွက် လဘက်ရည်ဘိုးများ မပေးနိုင်ရှာတော့သဖြင့် ကျနော့်ကိုလည်းကောင်း၊ ရဲသားများကိုလည်းကောင်း အသိမပေးတော့ပေ။

ထိုသို့ အသိမပေးသည်ကို ရဲသားတဦးက သူတို့ကို မထီလေးစားလုပ်သည်၊ သူတို့အာဏာကို ဖီဆန်သည်ဟုဆုံးဖြတ်ပြီး ငါးပိပုံးကို ပင်းချောင်းဘူတာ၌ ဖမ်းအပ် လိုက်တော့သည်။

ပင်းချောင်းမှ ရထားကြီးထွက်ခွာလာခဲ့သောအခါ ကိုထွန်းခင်သည် ယောကျ်ား ကြီးတန်မဲ့နှင့် ကြုံကြုံချ ငိုခဲ့ရသည်။

"ကျနော် ရိုင်းတဲ့လူ မဟုတ်ပါဘူးဗျာ … အမြဲတန်း ပေးသင့်တာ ပေးနေတာပါ၊ ခုတခေါက်သာ ပိုက်ဆံမပေးမိတာပါ၊ ကျနော့်ကို ဒါလောက် မရက်စက်ဖူးလို့လဲ ထင်လို့ပါ"ဟု သူသည် ဖမ်းဆီးသူ ရဲသားရှေ့၌ တတွတ်တွတ် ပြောငိုသည်။

ရဲသားသည်လည်း ခရီးလွန်ပြီးဖြစ်သဖြင့် ဘာမျှ မတတ်နိုင်တော့ပေ။ ရဲသားမှာ စိတ်မကောင်းလည်း ဖြစ်နေစဉ် …

သူ့စိတ်ထဲမှ 'နောက်ကို ကျုပ်တို့ကို ဖုတ်လေတဲ့ငပိ လုပ်ရဲသေးလား'ဟု ရင်ကော့ကာ မေးမြန်းနေသည်။

အတာစန်းကုန်းတွင် ရထားဆိုက်ရပ်လိုက်လျှင် ကိုထွန်းခင်ကြီးသည် ရထားပေါ်မှ ဆင်းသွားတော့သည်။

သူသည် အတာစန်းကုန်း ထန်းလက်တဲ ဘူတာကလေးသို့ ခြေထော့ကျိုးဖြင့် လျှောက်သွားနေသည်။ သူသည် ကိုယ်ရေပြားရောဂါသည်ဖြစ်၍ ခြေထောက်တဖက် မကောင်းတော့ပေ။ ကင်းပတ်ရှူးအနီကို စီးထားသည်။

ရထားကြီး ထွက်ခွာလာခဲ့သောအခါ ဤကိုယ်ရေပြားရောဂါသည် မှောင်ရိုသမား ဒုက္ခိတ၏ ထော့ကျိုးထော့ကျိုး လျှောက်သွားနေဟန်မှာ ဝေးသည်ထက် ဝေးလာသည်။ နောက်ဆုံး အမဲစက်ကလေးအဖြစ်မှ ပျောက်ကွယ်သွားလေသည်။

ထိုအခါမှစ၍ ကိုထွန်းခင်ကို ရထားပေါ်၌ မမြင်တွေ့နိုင်တော့။

မညွန့်ရီကြီးကိုပင် ရထားပေါ်၌ မှန်မှန် မမြင်တွေ့ရတော့ပေ။

"မတတ်နိုင်ဘူး ကိုရင်မောင်၊ လုပ်စားလဲ မိုးခေါင်၊ ခိုးစားလဲ ခွေးဟောင် မှုတ်လား၊ မအေးမြင့်တို့ မအေးရွှေတို့လို ဘိန်းကုန်ကူးနေတာဘဲ ကောင်းမယ်၊ ဘိန်းကမှ အန္တရာယ်ကင်းသေးတယ်၊ ကျမလဲ ရှမ်းပြည်ဖက်သွားဘို့ စိတ်ကူးနေဘီ"

မညွန့်ရီက ငေးပြီးပြောသည်။

ညနေခင်းများတွင် ကျနော်သည် ညိုညို့နံ့ဘေးတွင် ထိုင်ရင်း သူ့အတွက် လမ်းစများကို ရှာဖွေကြည့်နေမိသည်။

လမ်းစများအားလုံးမှာ ပျောက်ကွယ်နေကြပြီ။ မျှော်လင့်ချက်ဟူ၍လည်း ဘယ်မှာမှ မမြင်နိုင်။ စိတ်များသည် အလိုလို မောလာမိ၏။ သူသည် သူ့မိသားစု၏ စားဝတ်နေရေးကို ဖြေရှင်းရင်း ဖာဖြစ်သွားလျှင်လည်း ထိုအတွက် အပြစ်တင်နိုင်စရာ မရှိ။

ကျနော်သည် ခုချက်ခြင်း သူ့ကို လက်ထပ်ပစ်ရန်လည်း တွေးကြည့်သည်။ သူ့အိမ်ထောင် မိသားစုနှင့် ကျနော့်မိဖများ အိမ်ထောင်စု နှစ်ခုတာဝန်ကို ခုအချိန် ကုန်ဈေးနှုန်းများ မိုးထိမြင့်တက်နေဆဲ၌ ကျနော် မည်သို့မျှ တာဝန်ယူနိုင်မည်မဟုတ်။ ထိုအတွေးမှာ မဖြစ်နိုင်သောစိတ်ကူးယဉ် အတွေးအဖြစ်ဖြင့် သူ့ဖာသာ ပျောက်သွား နေသည်။

နောက်တော့ မွန်းကျပ်လွန်းနေချိန်၌ သူ့အတွက် အသက်ရှူပေါက်ကလေး တခုတလေကို အခွင့်အရေးရလျှင် ရသလို ဖွင့်ပေးရန်သာ တွေးလာရသည်။

ကျနော်သည် ထန်းလျက်များကို ခရမ်းချဉ်သီးများဖုံးကာ ခရမ်းချဉ်သေတ္တာ အယောင်ဆောင်ပြီး တင်ပေးရန် တွေးလာမိသည်။

အင်တောကျယ်မှ ခရမ်းချဉ်သေတ္တာများ တင်လေ့ရှိသည်။ အင်တောကျယ်မှာ ကျနော် တန်ဆာလုပ်ပေးသည့် ကျနော်ပိုင် ဘူတာလည်း ဖြစ်သည်။ တန်ဆာကို အခြားသူ တဦးဦးကို လုပ်ခိုင်းပြီး ကျနော်ပိုင်သည့် ဆဒ္ဒံချောင်းဘူတာတွင် ချယူလျှင် အန္တရာယ်လည်း မရှိနိုင်။ သည်ကြားထဲ ရှာဖွေရေးများသည်လည်း တန်ဆာလုပ်သည့် ပစ္စည်းများကို စစ်ဆေးလေ့မရှိ။ အကယ်၍ စစ်ဆေးလျှင်လည်း ကျနော် မသိကြောင်း ငြင်းကွယ်၍ ရနိုင်သည်။ တန်ဆာလုပ်ရာ၌ အချိန်တိုကလေးအတွင်းတွင် မည်သူမျှ အားလုံးကို စစ်ဆေးနိုင်မည် မဟုတ်ပေ။

တညနေ၌ ကျနော်ပြောသမျှ ကိုနားထောင်ရင်း ခေါင်းကိုသာ တွင်တွင်ခါနေသည်။

သူသည် ရထားတွဲထောင့်ဖက်တွင် ကျနော့်လက်ကို သူ၏ ချွေးစေးထန်းနေသည့် လက်များဖြင့် ဆုပ်ကိုင်ထားသည်။ သူ့မျက်လုံးများဖြင့် ကျနော့် တကိုယ်လုံးကို ထွင်းဖောက်ကြည့်နေသည်။ မျက်လုံးအိမ်များထဲ၌ မျက်ရည်များ ပြည့်လာနေသည်။ သူ့စိတ်၌ နာကျင်စူးရှနေသည့် ခံစားရမှုများသည် အကြောအမျှင်များအတိုင်း စီးဆင်းလာသည်။ သူ့လက်ချောင်းကလေးများမှ တဆင့် ကျနော့် စိတ်နှလုံးပြင်ပေါ် ဆင်းသက်လာနေသည်။

"ဟင်အင်း ... ဟင်အင်း ... အဲတာတော့ မလုပ်ဖူး၊ သူ့ကို ထိခိုက်မှာပေါ့၊ သူ အလုပ်ပြုတ်သွားရင် သူများကိုသူများ သတ်သေမှာ"

သူသည် ကတုန်ကယင်ဖြင့် ပြောနေသည်။

"မပြုတ်ပါဘူး၊ မင်း ရဲတွေကိုသာ ပိုက်ဆံပေးထား၊ သူတို့လည်း တာဝန်ရှိတာဘဲ၊ ဖြစ်လာရင် သူတို့က ကိုယ့်ကိုလွှဲချ၊ ကိုယ်က သူတို့ကိုလွှဲချ၊ ဘယ်လိုရှောင်ရမယ်ဆိုတာ ကို သိပါတယ်၊ မင်းအမေ နေမကောင်းဘူး မှုတ်လား၊ သင်းသင်းကပြောတယ်၊ မင်းကို့ကို ဖွင့်မပြောပေမယ့် ကို သိပါတယ်။ ခုတော့ ဒီနည်းနဲ့ ဖြေရှင်းရုံဘဲ၊ ဒီရက်တွေမယ် ထန်းလျက်တင်တဲ့ လူတွေလဲ ပါးနေတယ် မှုတ်လား၊ လသာတုန်း ဗိုင်းငင့်ပေါ့ ကွယ်၊ ဒီတခါတော့ များများစားစား လုပ်လိုက်၊ ထန်းလျက် လေးရာလောက် တင်လိုက်။ ဒီလို လုပ်ရတာဘဲ၊ ကြွေတလက် ကြက်တခုန်ပေါ့၊ မင်းမှာ အရင်းအနှီး မရှိတော့ဘူး မှုတ်လား"

သူသည် အချိန်များစွာကြာအောင် ငိုင်နေသည်။ ကျနော်သည် ထပ်ပြန်တလဲလဲ တိုက်တွန်းနေ၏။ ယာယီလွတ်မြောက်ခွင့်ရရန် သူ့တွင် ထိုနည်းလမ်းမှတပါး မရှိ။ ကျနော့်လက်ကို ဆုပ်ကိုင်ထားသည့် သူ့လက်ချောင်းကလေးများမှာ တစတစ ခွန်အား ကုန်ခမ်းကာ ပြေလျော့လိုက်လာနေသည်။

ဆဒ္ဒံချောင်းနား နီးလာလျှင် အမှောင်ရိပ်များ ဆိုင်းလာသည်။

အရာဝတ္ထုအပေါင်းသည် အမှောင်ရိပ်များအောက်၌ ရောထွေးသွားကြသည်။ အရာဝတ္ထုအပေါင်း၏ ရုပ်ပုံဖော် ကောက်ကြောင်းများမှာ အမှောင်ထုကြီး ဖြစ်လာပေပြီ။ ဤအမှောင်ကား အသက်ရှူပေါက်ကလေးပင် မရှိတော့အောင် ပိတ်သည်းနေသည့် အမှောင်။ ကြောက်မက်ဖွယ်ရာ အမှောင်။ မကောင်းဆိုးရွားများ စားမည်တကဲကဲပြုကာ ကြိမ်းဝါးခြိမ်းချောက်သံကြီးများသာလျှင် အဆက်မပြတ် မြည်ဟိန်းနေသော အမှောင်။

ကျနော်သည် သူ့လက်ကလေးကို ဆုပ်ကိုင်ရင်း ထပ်၍ တိုက်တွန်းနေသည်။

သူသည် အမှောင်ထဲ၌ သက်ပြင်းတချက် ညည်းတွားလေသည်။

"အရင်းအနှီးတော့ သေသေချာချာ ပြောပြရင် အကြွေးပေးကြမယ့် လူတွေ ရှိပါတယ်"

ထိုစကားများကို ပြောနေစဉ်တွင် သူ့စကားသံ တိုးတိုးမှာ တုန်ယင်အက်ကွဲနေခဲ့သည်။

မကြာမီ တရက်တွင် ထိုအစီအစဉ်အတိုင်း လုပ်ဖြစ်သည်။

သူသည် ထန်းလျက်သေတ္တာများကို ခရမ်းချဉ်သေတ္တာအဖြစ်ဖြင့် အင်တောကျယ်မှ မိန်းမတဦးကို တန်ဆာလုပ်ခိုင်းထားသည်။

သူကိုယ်တိုင်မှာ အမြန်ရထားဖြင့် ရှေ့မှ ကြိုတင်ပြေးနှင့်သည်။

လမ်းတလျှောက်လုံးတွင် ကျနော်နှင့်တကွ ရဲသားများ ထိတ်လန့်လာခဲ့ကြသော်လည်း ပင်းချောင်းကို ကျော်လွန်လာခဲ့သည်။ အခြားဘူတာများမှလည်း အစစ်အဆေးမရှိ လွတ်မြောက်လာသည်။ နတ်မောက်ကို လွန်လာခဲ့လျှင် စိုးရိမ်ရန် မရှိတော့ပေ။

မြို့သစ်မှ လွတ်မြောက်လာခဲ့လျှင် ရင်ထဲ၌ ရှင်းလင်းပေါ့ပါးနေကာ ကျနော်သည် လူစီးတွဲတတွဲ၏ တွဲဝတွင်ရပ်ရင်း သူ့ကို ချက်ချင်း မြင်တွေ့ချင်လာသည်။

မြို့လှိုင်၌ သူသည် ဦးကောင်းဖုံဆိုင်ရှေ့တွင် အသင့်စောင့်နေသည်။ ရထားရပ် သည်နှင့် တပြိုင်နက် ကျနော်ရှိရာသို့ ပြေးလာသည်။

ရထားထွက်လာသောအခါ သူနှင့် ကျနော်သည် တွဲ၀ အမှောင်ရိပ်ထဲ၌ အတူ ယှဉ်ရပ်လာခဲ့ကြသည်။

"ဘယ်လိုလဲ ... ဟင်"

သူသည် အေးတိအေးစက် လုပ်နေသည့် ကျနော့်ကို လက်မောင်း အတင်း ဆွဲလှုပ်ရင်း ကတုန်ကယင်ဖြင့် မေးလာခဲ့သည်။

မှောင်ရီဆိုင်းစ၌ မြို့လှိုင်မှာ အေးငြိမ်းနေသည်။ အလင်းရောင် အကြွင်းအကျန် များသည် ပုဇွန်ဆီအသွေးကြွကာ မြို့လှိုင် ဘုရားစေတီများ အကြား၌ ဟိုသည် ကွက်ကြား ထွန်းနေသည်။ ချက်ချင်းပင် မြို့လှိုင်သည် အဝေး၌ ငြိမ်သက်နေရစ်ခဲ့ သည်။

ကျနော်သည် လွတ်လပ်သော ဤရထားတွဲဝ၌ သူ့ကျောပေါ် လက်ကို အသာ အယာ တင်လိုက်သည်။ သူ့မျက်နှာကလေးကို တစိမ့်စိမ့် ကြည့်နေသည်။ ကျနော် သည် မပြုံးမိရန် စိတ်တင်းထားသည်။ မရတော့ပေ။ သူကလည်း ငြိမ်သက်ပြီး ကျနော့်ကို ပြန်ကြည့်နေသည်။
သူ့ပခုံးပေါ်မှ တဘက်စတခုမှာ မို့မောက်နေသည့် သူ့ ရင်သားညွန့်ပေါ်တွင် ဝဲကျနေသည်။

"ပြောစမ်းပါ"

သူက ထပ်မေးနေသည်။

"သေတ္တာတွေ ပါခဲ့သေးရဲ့လား"

ကျနော်သည် သူ့ကို စကားမပြောဘဲနေကာ နောက်ပြောင်နေသည်။ သူသည် ကျနော့် လက်မောင်းကြွက်သားများကို အားမလို အားမရဖြစ်ပြီး လိမ်ဆွဲနေသည်။

အတော်ကြာမှ "ရင်မောင်တို့လုပ်ရင် ပိရိပါတယ်"ဟု ကျနော်သည် နှုတ်ခမ်းမဲ့ ကာ ရုပ်ရှင်လူကြမ်းဟန်ဖြင့် ပြောဆို ရယ်မောလာခဲ့သည်။

"မောနေတာဘဲ၊ ရှာတွေ့ကုန်ရင် သူ အလုပ်ပြုတ်သွားမှာ၊ နောက်တော့ ဒါမျိုး မလုပ်တော့ဘူး၊ အမြန်ရထားနဲ့တုန်းက သူများ ရင်လေးလိုက်တာ၊ သူများရင်လေးလာရင် တခုခုဖြစ်မယ်ဘဲထင်တာ၊ နမိတ်ကလဲ မကောင်းဘူး၊ မျက်ရည်ခံတွေ တဆတ်ဆတ် လှုပ်နေတာ၊ အဲတာ အိမ်သာ ထဲဝင်ပြီး ငိုရတယ်"

သူ့အသံသည်လည်း တုန်ယင်နေသည်။

ဆဒ္ဒါံချောင်း၌ သူသည် အသင့်စောင့်ကြိုနေကြသူများဖြင့် သေတ္တာများကို ချယူကာ ဆင်းနေရစ်ခဲ့သည်။

ကျနော်သည် လူစီးတွဲ၀ အမှောင်ထဲတွင် တယောက်တည်း ရပ်မြဲ ရပ်လာခဲ့ သည်။

ခု တခဏအတွက်ကား သူ့ကို ကျနော် ကူညီနိုင်ပြီ။ နောင် အရှည်အတွက်မူ ရင်၌ လေးလံ ပင်ပမ်းနေရဆဲပင်။

ကျနော်သည် မိမိကိုယ်ကို အပေါ်ယံသာ ကြည့်ရှုသူ ... ပေါ့ပေါ့ဆဆမျှသာ ခံစားတတ်သူ၊ အစိုးရိမ်သောကမရှိသူ ဖြစ်ချင်လာသည်။

ဘာ့ကြောင့် နောင်အရှည်အဝေးအတွက် တွေးနေရသလဲ။

ဘာ့ကြောင့် မရေရာသော အရာများကို အမှောင်ထဲ၌ ကြိုးစားရှာဖွေနေသူ ဖြစ်နေရသလဲ။

နွေ၏ နောက်ဖက် အစွန်ပိုင်းရက်များ၌ မှောင်ခိုသူများအတွက် အသက်ရှူပေါက်များ တကြိမ် ရလာကြပြန်သည်။

ပင်းချောင်းရှာဖွေရေးများ၊ တောင်တွင်းကြီးရှာဖွေရေးများသည် အနာရောဂါဆိုး တခု ခဏမျှမြိုနေသလို ငြိမ်သက်နေပြန်သည်။

မညွန့်ရီ၊ မအေးသွယ်၊ သင်းသင်း၊ နုနု၊ မခင်သိန်း၊ မခင်လှ၊ မအေးမြင့်၊ ကိုအောင်စိန်၊ ကိုစိုးမောင် စသူများ တကြော့ပြန် လိုက်လာကြသည်။

"အတင် မွေးတဲ့ကလေးကတော် ကိုရင်မောင်ကြီးနဲ့ တရုပ်ထဲ၊ ကိုရင်မောင်ကြီးလို နှာခေါင်းချွန်းချွန်းနဲ့၊ ပါးချိုင့်ကလေးနဲ့၊ နဖူးကလဲ မောက်မောက်၊ အရပ်ကလည်း မြင့်မြင့်၊ ခါးကလဲ ကုန်းနေသေးတယ်"

မအေးသွယ် နောက်ပြောင်သည်ကို အားလုံး ဝိုင်းဝန်း ရယ်မောလာကြပြန် သည်။

ဤရက်များအတွင်း၌ ကျနော်သည် ကျောက်ပန်းတောင်းဈေးသို့လည်း ညီညို ထန်းလျက်ဝယ်သည့် နေရာများသို့ လိုက်ပါသွားသည်။

တခါတရံ၌ ကျနော်သည် သူ့ကို ချိန်းဆိုထားပြီး ကျောက်ပန်းတောင်းဘူတာရုံ နောက်ကြောဖက်ရှိ ကျောက်တောင်ကြောပေါ်မှ သုံးဆူတန်းစေတီကုန်းမြင့်ပေါ်တွင် သူ့ကို စောင့်နေသည်။ ထိုနေ့တွင် သူသည် ဈေးသို့ ကမန်းကတမ်း သွားပြီး ကျနော် ချိန်းရာသို့ ရောက်လာသည်။

သူသည် ကုန်းမြင့်ပေါ် မတ်မတ်ရပ် လေ့ကားမြင့်ကြီးအတိုင်း စွန့်စား တက်ရောက်နေရစဥ်၌ အသဲတထိတ်ထိတ် ရင်တဖိုဖိုဖြင့် ကြောက်ရွံ့နေသည်။ အပေါ် သို့ရောက်လျှင် ကျနော်ရပ်နေရာ ဇရပ်အတွင်းသို့ ပြေးဝင်လာသည်။

"ကြောက်လိုက်တာကွယ် ... အသဲတွေတုန်နေတာဘဲ"

ကျနော်သည် သူ့ကို ငေးကြည့်ရင်း ပြုံးရုံသာ ပြုံးနေခဲ့သည်။ သူကမူ ဤ လွတ်လပ်ကာ လူသူကင်းပြတ်သည့် နေရာ၌ သူ့ကို အငမ်းမရ ပွေ့ဖက်ဖျစ်ညှစ်ပစ်မည် ထင်ကာ ရင်ဖိုနေသည်။ သူ့မျက်နှာမှာ ရှက်သွေးကြွနေပြန်သည်။

ကျနော်သည် သူ့ကို ပွေ့ဖက်လိုသည့် စိတ်များကို ချုပ်တည်းကာ သူနှင့်အတူ ဘုရားဝတ်ပြုသည်။ ဝတ်ပြုစဥ်၌ သူသည် အသံမထွက်ဘဲ တတွတ်တွတ် နှုတ်ခမ်း လှုပ် ရွတ်ဆိုသည်။

သူ ဘာဆုတောင်းသည်ကို ကျနော်သည် မမေး။

ဘုရားဝတ်ပြုပြီးလျှင် သူနှင့်ကျနော်သည် ကျောက်တောင်စွန်း၌ ဘေးချင်း ယှဉ်ရပ်ကာ ငြိမ်သက်နေကြသည်။ သူ စကားပြောမည်ပြုလျှင် ကျနော်သည် လက်ကာ ပြထားလိုက်သည်။ သူသည်လည်း ကျနော်၏ ငြိမ်ငြိမ်သက်သက်နေစေလိုသည့် ဆန္ဒ ကို သဘောပေါက်လာသည်။ ကျနော့်နံဘေး၌ မလှုပ်မရှက် ငြိမ်သက်ရပ်နေသည်။

ဤကျောက်တောင်ကုန်းထိပ်မှာ ငြိမ်သက်အေးငြိမ်းနေသည်။ တောင်ခိုးများ ဝေ့လာသည်။ လေများ တိုးဝှေ့လာသည်။ အောက်ဖက်ရှိ ကမ္ဘာ့ဌာန်းကျောင်းတိုက်များသည်လည်း ငြိမ်သက်နေသည်။ ဟိုဖက်တောင်စဥ် တောင်တန်းများပေါ်ရှိ ရွှေတောင်ဦး၊ လွမ်းစေတီ၊ အခြား စေတီတော်များမှ ဆွဲလဲသံများ ပျံ့လွင့်လာသည်။ အခြား တောင်ကုန်းများသည် ဤကျောက်တောင်ကုန်းအောက်၌ ငြိမ်သက်နေသည်။ အဝေးရှိ ပုပ္ပားတောင်မကြီးမှ မြူခိုးများ ဝေ့လာနေသည်။ ကျောက်ပန်းတောင်း တမြို့လုံးကို စီးမြင်နေရသည်။

သူသည် ကျနော့်ရင်ခွင်အတွင်းသို့ လှဲမှီလိုသဖြင့် သူ့ပခုံးကို ကျနော့်ဖက်သို့ ညွှတ်ကိုင်းသည်။

ကျနော်သည် မသိမသာ နောက်ဆုတ်ကာ သူ့ကို လက်ကာပြလိုက်ပြန်သည်။

သူသည် ကျနော့်ကို ရိုက်နှက်ပစ်လိုသော်လည်း သည်းခံနေရပုံမျိုးဖြင့် ငြိမ်သက်နေသည်။ အတော်ကြာလျှင် သူသည် "ဘာမှ ပြောစရာမရှိဘူးမှတ်လား"ဟု ခပ်တိုးတိုးမေးသည်။

ကျနော်သည် ခေါင်းကိုသာ ယမ်းပြလိုက်၏။

သူသည် ကျနော့်ကို နှုတ်မဆက်ဘဲ ဆင်းသွားလေသည်။

နောက်ပိုင်းရက်များတွင် ဤသုံးဆူတန်းစေတီ ကျောက်တောင်ကုန်းထိပ်၌ နှစ်ယောက်တွေ့ဆုံကြလျှင် သူသည်လည်း စကားမပြောရန်၊ အတတ်နိုင်ဆုံး တိတ်ဆိတ် ငြိမ်သက်စွာနေရန် အကျင့်ရလာသည်။ ကျနော့်ကို နားလည်လာသည်။ သူကိုယ်တိုင်လည်း ကျနော့်လိုပင် ငြိမ်သက်သော၊ သိမ်မွေ့အေးငြိမ်းသော ကြည်နူးမှု ကို ခံစားတတ်လာသည်။

ဤကဲ့သို့ ချစ်သူနှစ်ဦး လွတ်လပ် တိတ်ဆိတ်သည့်နေရာ၌ တွေ့ဆုံပြီး စကားမပြောဘဲ ဘုရားအတူ ဝတ်ပြု၊ အတူရပ်ကာ၊ ဣန္ဒြေကြီးမားစွာနေရသည်ကို သူ နှစ်သက်လာသည်။

ကျနော်တို့နှစ်ယောက် ဤကုန်းတော်ပေါ်၌ နေရချိန်များနှင့် ရထားပေါ်တွင် နေရချိန်များမှာ ငရဲနှင့် နိဗ္ဗာန်လို ခြားနားပေသည်။

ရထားပေါ် ပြန်ရောက်လျှင် ဆူညံရှုပ်ပွေမှုများဖြင့်သာ ရောထွေးနေတော့ သည်။ မည္ထွန့်ရီ၏ ထန်းလျက်တောင်းများ လူ အလိမ်ခံလိုက်ရသည် ဆိုသော အသံမျိုးကို မကြား၍ မရ။ ဘယ်မိန်းကလေးကို ဘယ်သူတွေက ဖျက်ဆီးလိုက်ပြန်ပြီ ဆိုသော စကားကို မကြား၍ မရ။ မကြင်ယုံတယောက် ငရုတ်သီးများနှင့် မိသဖြင့်၊ သူ့အဖော်များကို မဖော်ဘဲ အနစ်နာခံလိုက်သဖြင့် အမှုဖြစ်၊ ထောင်ကျသွားပြီဆိုသည့် သတင်းကို မကြား၍ မရ။ ပင်းချောင်းတွင် ယခင်ဖမ်းဆီးနေသော ရဲများ ပြန်လာကြပြန်ပြီ ဟူသော သတင်းကို မကြား၍ မရ။

ဤအဖြစ်အပျက်များမှာ ရေလှိုင်းလို နိမ့်လိုက် မြင့်လိုက်ဖြင့် မတည်ငြိမ်နိုင်ပေ။

သည်တကြိမ်၌ ပင်းချောင်းရှာဖွေရေးများ၏ ရှာဖွေဖမ်းဆီးမှုသည် ပို၍ တင်းကျပ် ပြင်းထန်လာသည်။ ထန်းလျက်တပိသာ အထုပ်ကလေးများပင် မချန်။ မှောင်ခိုသမားများ၏ အသံများမှာလည်း ကျယ်ရာမှ တိုးသက်သွားကြသည်။ ပင်းချောင်းရဲများသည် ပိုင်ရှင်များကိုပါ ဖမ်းဆီးကာ သုတ်သင်ရှင်းလင်းပစ်ချင်လျက် ပိုင်ရှင်များ မမိသဖြင့် ပို၍ ဒေါသဖြစ်လာကြသည်။

နောက်ဆုံး၌ ရဲများ ဒေါပွလွန်းသဖြင့် သူတောင်းစားအထုပ်ကိုပါမချန် သိမ်းဆီးလေတော့သည်။

ပင်းချောင်း၌ ရထားရပ်လျှင် ဖမ်းသံ၊ ဆီးသံ၊ ရဲများ ဒေါပွသံများဖြင့် ပွက်လောရိုက် ဆူညံနေတော့သည်။

ဖြူစောထီးမှ ဘဝပြောင်းလာသော ရဲသားသည် သူတောင်းစားကြီး ပခုံးမှ ထန်းလျက်ထုပ်ကို ဆွဲယူလိုက်ပြီး မျက်မမြင်သူတောင်းစားကြီးကို ဘယ်ကဲ့သို့ အရေးယူရမည်မသိ ဖြစ်သဖြင့် ပို၍ ဒေါပွနေသည်။

သူသည် သူတောင်းစားကြီး၏ ဆုတောင်းမေတ္တာ ပို့သနေသည့် ပါးစပ်ကို လိုက်၍ ပိတ်လိုက်ချင်ပုံ ရနေသည်။

သူတောင်းစားသည်လည်း ရှာဖွေဖမ်းဆီးရေးများကြား၌ သူ့ပခုံးမှ ထန်းလျက်ထုပ် ဆွဲယူလိုက်သည်ကို ဂရုမပြုဘဲ ဆက်လက်၍ တောင်းရမ်းသွားသံမှာ ရဲသားကို အရွဲ့တိုက်နေသလို ဖြစ်နေပြန်သည်။

“သနားကြပါခင်ဗျ၊ သနားကြပါခင်ဗျ၊ ကျုပ်ဟာ ဟိုတုန်းက နတ်မောက်ဘူတာက ကူလီအလုပ်သမားကြီး မြဒင်ပါဗျ၊ သူတောင်းစားမျိုး မဟုတ်ပါဘူး၊ ဘဝအကြောင်းက မကောင်းတော့ မျက်စိနှစ်ကွင်း အလင်းကွယ်ပျောက်လို့ ဟောဒီ မြေးကလေး တယောက်နဲ့ ရွာစဉ်ရှောက် တောင်းစားနေရပါတယ်ခင်ဗျ”

နောက်ပိုင်းရက်များတွင် ပင်းချောင်း၌ ဆိုက်ရပ်လျှင် ဤအသံများဖြင့် ဆူပွက် လာသည်။

ပင်းချောင်းရဲများသည် ပိုင်ရှင်ဖော်ထုတ်ရန်လည်း ကြိုးပမ်းလာသည်။

“ဒါ နင့်အထုပ် မှတ်လား”

ဖြူစောထီးဘဝမှ စုတေလာခဲ့သော ရဲသားသည် ခုံတခုံအောက်မှ တပိသာခန့် ထန်းလျက်ထုပ်ကို ဆွဲယူလုက်ပြီး မျက်နှာထားဖြင့် တရားခံ ရှာတတ်လာသည်။

ညိုညိုသည် ခါးကော့၍ ကိုယ်ကို မတ်လိုက်သည်။

သူ့မျက်နှာမှာ နီမြန်းနေသော်လည်း သူသည် ဣန္ဒြေမပျက်စေရန် စိတ်တင်း ထားသည်။

“မဟုတ်ဖူး”ဟု သံပြတ်နှင့်ဖြေလိုက်သည်။

“အေး ... အမြဲတမ်း နင်တို့မျက်နှာတွေချည့် မြင်မြင်နေရတာ တရားခံ ရှာမရဘူး၊ နင်တို့ တီဘီစီပါ ဖမ်းပစ်လိုက်မယ် သိလား၊ ခု နင်တို့ကို ငါဖမ်းနိုင်တယ်”

“ဖမ်းနိုင်ရင် ဖမ်းပေါ့”

“တယ်... ငါလေ... ဟေ့ ဒီအထုပ်တွေ အောက်ချကွာ၊ ထန်းညက် တလုံးတွေ့ ရင် တလုံးကိုဖမ်း၊ ဒီမှောင်ခိုတွေ အမြစ်ကို မပြတ်ဖူး၊ ခပ်ကြမ်းကြမ်းလုပ်မှ ရမယ့်ဟာတွေ”

ဤအသံများကြားထဲတွင် သူတောင်းစားအိုကြီး၏ “ကျန်းမာကြပါစေ ... ချမ်းသာကြပါစေ ... သတ္တဝါအများ ကိုယ်စိတ်နှစ်ပါး ချမ်းသာကြပါစေ”ဟု ဆုတောင်း မေတ္တာ ပို့သသံသည် ရောထွေးနေသည်။

ရထားကြီး ထွက်ခွာလာခဲ့သော အခါ၌ကား ဤအသံအပေါင်းသည် နောက်၌ ကျန်နေရစ်ခဲ့၏။

ရထားကြီးပေါ်တွင် မည်သူမျှ စကားမပြောကြဘဲ ငြိမ်သက်လာနေခဲ့သည်။ ရထားခုတ်မောင်းနေသံသာလျှင် ဆူညံနေသည်။ မည်သူမျှ စကားမပြောချင်ကြတော့ပေ။ သူတို့ပြောနေကျ စကားများမှာ အပ်ကြောင်းထပ်နေပြီ ဖြစ်သဖြင့် ဤ ညည်းညူ သံများကို သူတို့ကိုယ်တိုင် မည်သူ့ထံကမှ မကြားချင်တော့ပေ။

ထိုညနေက လူအများက ညိုညို့ကို မှောင်ခိုသမလေးအဖြစ် သိနေကြပြီကို တွေးလာမိကာ ကျနော်သည် သူ့အတွက် ပို၍ စိုးရိမ်သောက ဖြစ်လာခဲ့၏။ သူသည် လည်း သူ့ကို ရဲသားတဦးက စွပ်စွဲလိုက်သည်ကိုသာ တွေးလာခဲ့သည်။ သူ့နောက်မှ သူ့အရိပ်သည် ထပ်ကြပ်မကွာ ပြေးလိုက်လာနေသည်ကို မကြောက်ရွံ့၍ မဖြစ်တော့။

တညနေခင်းလုံးလုံး သူ့အနား၌ ထိုင်ကာ စာရင်းများ လုပ်လာခဲ့သော်လည်း ကျနော်သည် သူ့ကို စကား တလုံးမျှ မပြောမိ။

ဤကဲ့သို့ ရထားတစင်းလုံး အဖမ်းအဆီး ခံရစဉ်တွင် လွတ်မြောက် ကျန်ရစ်ခဲ့သူမှာ ကိုရွှေယောက်နှင့် သူ့သားနှစ်ယောက်သာ ဖြစ်လေသည်။

မြို့သစ်မှ ရထားထွက်ခွာလာခဲ့လျှင် ကိုရွှေယောက်သည် လက်ဖက်ရည်ဘိုးပေးရန် ကျနော်ရှိရာသို့ ရောက်လာပြန်သည်။ ကျနော် ငြင်းဆန်သော်လည်း သူသည် ဆယ်တန်တရွက်ကို အတင်းအကျပ် ပေးနေပြန်သည်။

"စိတ်မပျက်ပါနဲ့ဟာ"

သူက ညိုညို့ကို အားပေးလေသည်။

သူသည် နေရာမှ မခွာသေးဘဲ အချိန်အတန်ကြာအောင် ငြိမ်သက် တွေဝေနေ သည်။ သူ၏ မျက်နှာမှာ အမှောင်ရိပ်ထဲ၌ မှိုင်းရင့်နေသည်။

ညိုညို့ကို ကူညီလိုသည့် သူ၏စိတ်ဓာတ်မှာ အမှောင်ရိပ်ထဲတွင်ပင် သူ့မျက်နှာပေါ်၌ ပေါ်လာနေသည်။ သူ့ မျက်လုံးအိမ်၌ စိတ်ထိခိုက်လာနေဟန်များ ပေါ်နေသည်။

သူ ဘာကြောင့် အနားမှ မခွာသေးဘဲ ရပ်နေသည်ကို ကျနော်သည်လည်း မသိနိုင်။

မြို့လုင်ကို ကျော်လွန်လာသည်အထိ သူသည် မခွာသေး။

"သွားတော့လေ … ကိုရွှေယောက်"ဟု ကျနော်ပြောသော်လည်း သူသည် ငြိမ်နေခဲ့၏။

နောက်ဆုံး၌ သူသည် ကျနော်နှင့် ညိုညို့ကို ဤရထားပေါ်ရှိ အိမ်သာတတွဲတွင်ပါသည့် ခေါင်မိုးမှ အပေါက်အကြောင်းကို ဖွင့်ပြောလေသည်။ ဤကိစ္စမှာ သူ့ အသက်နှင့်ထပ်တူ စောင့်ထိန်းထားရမည့်အရာ ဖြစ်သည်ကို ကျနော်လည်း ခံစားရသည်။

"ဒါကြောင့် အဲဒီ အိမ်သာပါတဲ့ ရထားနဲ့ ကိုက်ပီး ကျနော် နှစ်ရက်မှ တပတ်လိုက်တာ"

သူက လျှို့ဝှက်ပြီး အသံတုန်တုန်ဖြင့် ပြောနေသည်။

"အဲဒီ အပေါက်က ငါးဆယ်ဆန့်တယ်၊ ကျနော်နှစ်ဆယ်၊ ကျနော့်သား သုံးယောက်ရှိတုန်းက သူတို့က သုံးဆယ်၊ ခြေနိုင်လက်နိုင် ပြေးလွှားကောင်းရုံပေါ့ ဆရာ၊ ခုတော့ ကျနော့်သားကြီးလဲ မရှိတော့ဘူး၊ အဲဒီမှာ မိညို တဆယ်တင်"

သူသည် စကားပြောနေရင်း အသံများ တုန်လာသည်။ သူ့သားကြီးကို သတိရလာသည်။

သူ နေရာမှ ထသွားသည်အထိ ကျနော်လည်း သူ့ကို စကားပြန်မပြောမိ။ ညိုညိုသည်လည်း သူ့ကို ကျေးဇူးတင်သည်ဟု ပြန်မပြောလိုက်။ သူသည် နေရာမှ ငြိမ်သက်စွာ ထွက်ခွာသွားသည်။

အတန်ကြာသည်အထိ ကျနော်သည် ငြိမ်သက်နေမိ၏။ ဘဝတူ လူသားချင်း အပေါ်၌ ထားရမည်ဟု အသိမရှိဘဲ သူ့အလိုလို နှလုံးသားမှ ပေါက်ဖွားလာခဲ့သည့် ထိုမေတ္တာတရားမှာ နက်ရှိုင်းလှသည်ဟု ခံစားနေရပြန်သည်။

## (၁၃)

**နောက်ပိုင်းနေ့ရက်များ**

"ဘာလိုလိုနဲ့နော် … မိုးတွေတောင်ရွာလာပီ"

နောက်ပိုင်းနေ့ရက်များ၌ ညိုညိုသည် ထိုစကားစုကို အမှတ်မဲ့ ပြောနေတတ် သည်။

သူသည် သူ့လက်ကို ရထားပြတင်း အပြင်ဖက်သို့ ဆန့်ထုတ်ထားသည်။ သူ့ လက်ဖဝါးပြင်ပေါ်၌ မိုးပေါက်များသည် တဖြောက်ဖြောက်ကြွေကျနေ၏။ မိုးစက်များ သည် ရထားပြတင်းဘောင်မှတဆင့် သူ့မျက်နှာပေါ် လွင့်စင်နေသည်။

"ဘယ်တော့များ သူများတို့ အတူ နေကြရမှာလဲ ... ဟင်"ဟု သူ့စိတ်တွင်းမှ မေးနေသံကို ကျနော့် စိတ်အာရုံဖြင့် ကြားနေရသည်။

သူ ထိုသို့ တကယ်ဖွင့်ဟမေးလိုက်လျှင် မည်သို့ ဖြေရမည်ကို မသိ။

မှောင်လာလျှင် သူသည် သူ့လက်တဖက်ကို ကျနော့် လက်ဖဝါးထဲ လာထည့်သည်။

ကျနော်သည် နွေးနေသည့် သူ့လက်ကလေးကို ဆုပ်ကိုင်နေရင်း ... ဤရက်များ အတွင်း၌ သူ့အမေ ကျန်းမာရေး ချို့တဲ့လာနေသည်ကိုလည်း တွေးနေမိ၏။

သူ့ကုန်များ မကြာမကြာ အဖမ်းခံနေရသည်ကိုလည်း တွေးမိသည်။

ကိုရွှေယောက်ကြီး ပြထားသည့် အိမ်သာအမိုး၌ အပေါက်ပါသော ရထားတွဲမှာလည်း မြစ်ငယ်တွဲပြင်ရုံသို့ ပို့လိုက်ပြီ ဖြစ်သဖြင့် ညီညီ့ ထန်းလျက်များကို ခိုးဝှက်တင်ရန် နေရာမရှိတော့သည်ကိုလည်း တွေးနေမိသည်။

ထွန်းမောင် အပါအဝင် မီးရထားရဲသားအချို့နှင့် မညွန့်ရီတို့ မသင့်တင့်ကြသဖြင့် ခုရက်ပိုင်း၌ တောင်တွင်းကြီးဘူတာမှ အဖမ်းအဆီးများ ပို၍ ထူပြောနေသည်ကိုလည်း တွေးနေမိသည်။

မကြာမီကပင် မီးရထားပေါ်မှ ဆင်းသက် ပျောက်ကွယ်သွားကြသည့် ကိုစိုးမောင်နှင့် မအေးသွယ်တို့ကိုလည်း သတိရနေမိပြန်သည်။

ကိုစိုးမောင်သည် စစ်သားဟောင်းလည်း ဖြစ်၏။ တောခို ရဲဘော်လည်း ဖြစ်ဘူးသည်။ ထောင်လည်း ကျဘူးသည်။

သူသည် စကားပြော ချိုသာသည်။

ထန်းလျက်များကို ကျောက်ပန်းတောင်းအထိ လိုက်မတင်။

အတာစန်းကုန်းမှ ထန်းလျက်များကို တင်သည်။

ထန်းလျက်များကို တင်ပြီးလျှင် သူသည် ကျနော်ရှိရာ ဂါတ်တွဲပေါ် တက်လာသည်။

"ညီရေ့ ... ဒီနေ့တော့ ဆယ့်ငါးဘဲ ပါတယ်၊ ညီ ပိုက်ဆံယူအုံးမလား၊ မယူတော့ဘူး မှတ်လား ညီရာ ..."

သူသည် ဆေးတံကို ဖွာရှိုက်ရင်း ပြုံးပြီး ပြောတတ်သည်။

"သုံးကျပ်တော့ ပေးအုံးဗျာ"

"တော်ပလား"

"ထပ်ပေးအုံးမလို့လား"

"တော်ဘီပြောမလားလို့ မေးတာပါကွာ"

သူသည် ရယ်မောရင်း ကျပ်တန်သုံးရွက်ကို ထုတ်ပေးတတ်သည်။

တခါတရံ၌ သူနှင့်ကျနော်သည် စကားကောင်းနေတတ်၏။ "အကိုက ညီ့ကို တကယ့်ညီလေးလို ယုံတယ်"ဟု ပြောတတ်သည်။

သူသည် မအေးသွယ်ကို သူ အတည်တကျ ပေါင်းသင်းချင်သည့် အကြောင်းများလည်း ပြောပြသည်။

"ဟိုတုန်းက အကို့မှာ သမီးတယောက် ရှိဖူးတယ်၊ အကို ထောင်ကျနေတုန်း မိန်းမလဲ နောက်ယောကျာ်း ယူတာပေါ့၊ အကို့သမီးလေး ဆုံးသွားတယ်၊ အဲတာ မအေးသွယ် သမီးလေးကို အကို့သမီးလို့ ယုံနေတယ်ကွာ၊ စိတ်ဆိုတာ ဈွလန်းမိရာဘဲ၊ တကယ်ကို ယုံနေတာ၊ ခလေးက နှစ်ခါလည်လောက် ရှိသေးတာမှတ်လား၊ အမှန်တော့ မအေးသွယ် ကိုယ်တိုင်ကိုက ဘယ်သူနဲ့ရတဲ့ ကလေးမှန်း မသိဘူး၊ ဒါ ပိုကောင်းတာပေါ့ကွာ၊ ခလေးကလဲ အကို့ကို အဖေ အရင်းလို့ ယုံမှာ၊ အကို မအေးသွယ်ကို မကြိုက်လှပါဘူး၊ ချစ်တော့ ချစ်တယ်၊ သနားတာလို့ ပြောရမှာ

ပေါ့၊ ဒီမိန်းကလေးက မိဖမဲ့ မှတ်လား၊ ဒါကြောင့် အကာအကွယ်မဲ့တဲ့ လူကျော်တန်တား ဖြစ်နေရတာပေါ့၊ အတည်ယူမယ့် ယောကျ်ားရှိရင် တကယ့်တည်တည်တံ့တံ့ မိန်းကလေးနေမှာ၊ သူ့ မျက်လုံးတွေ ကြည့်ပါလား၊ စိတ်ထား ဘယ်လောက် ဖြူစင်တယ်ဆိုတာ၊ ဒါတွေ ထားတော့ ကွာ၊ အကိုက မဖြူဥကလေးကို အိပ်မက် မက်နေတယ်၊ ဒီခလေးလေးကို ဘာလို့ ဒါလောက် စွဲလန်းနေမိမှန်း မသိပါဘူး”

သူသည် ရထားခုတ်မောင်းသံကို ကျော်လွှန်ရန် အော်ပြောနေရသည်။ သူ့နဖူး၌ ဝဲကျနေသော ဆံပင်များကို သပ်တင်နေရင်း သူ့မျက်နှာမှာ ကြည်နူးချမ်းမြနေခဲ့သည်။

“အကိုက တကယ်ယူမယ်ဆိုတာ သူမယုံဘူးကွာ၊ လေးငါးခါပြောတော့ အကို့ ကို ဖက်ငိုတာဘဲ၊ ဒို့ ဒီက ဝေးတဲ့နေရာကို သွားကြမယ်၊ ဘယ်ကို သွားရမယ် ဆိုတာတော့ တွေးမရသေးဘူး”ဟု သူသည် ရယ်သံဖြင့် ပြောနေတတ်သည်။

သူ၏ အစီအစဉ်မှာ ဖြေးဖြေး အေးအေးမှဟု ထင်ခဲ့သည်။

ထိုအစီအစဉ်အတိုင်းမှာ စိတ်ချမ်းသာဖွယ်ရာချည်းပင် ဖြစ်လာတော့မည်ဟု တွေးခဲ့ရသည်။

သို့သော် သူသည် အမြန်ဆုံး စီစဉ် ဆုံးဖြတ်ခဲ့ရသည်။

သူတို့ မထွက်ခွာမီ တရက်က အတာစန်းကုန်းဘူတာမှ တက်လာခဲ့ပြီး သူသည် ကျနော့်ကို နှုတ်ဆက်သွား၏။

ထိုနေမှာ မိုးဖွဲများ စတင်ကျသောနေ့ ဖြစ်သည်ကို ကျနော်သည် မည်သည့် အခါတွင်မှ မေ့နိုင်မည် မဟုတ်ပေ။

အတာစန်းကုန်းဘူတာမှ ရထားထွက်လာခဲ့သောအခါ သူနှင့်ကျနော်သည် ဂါတ်တွဲပက်လက်၏ နောက်ဖက်ဝရံတာ၌ မိုးဖွဲကလေးများကြားတွင် ရပ်လာခဲ့ကြသည်။ သူသည် ထန်းလျက်အကြောင်းလည်း မပြောတော့ပေ။ ကျနော့်ကို ငွေသုံးကျပ် ပေးလှူရန်လည်း မေ့နေသည်။

မိုးများသည် အရပ်ရှစ်မျက်နှာ၌ ငိုနေသလို ညို့ဆိုင်းနေသည်။ အပြာရောင်များ ဖုံးလွှမ်းနေသည်။ မိုးစက်မှုန်များသည် ကျနော်တို့ မျက်နှာများပေါ် ကျနေသည်။

“ဒီညဘဲ အကို မအေးသွယ်ကို ယူလိုက်တော့မယ် ညီရာ”

သူသည် ရထားသံကို ကျော်လွှန်စေရန် အော်ပြောနေသည်။

သူ့မျက်နှာမှာ မဲပုပ်နေသည်။ သူ့မေးကြောကြီးများ တင်းလာနေသည်။ မျက်လုံးများ နီရဲလာနေသည်။ သူသည် စိတ်လှုပ်ရှားစွာဖြင့် သူ့ဆံပင်များကို သပ်တင် နေသည်။

“မအေးသွယ်ဟာ မိန်းမပျက်ပေါ့ ဟုတ်လား၊ ဒါ လူတိုင်းသိပါတယ်၊ သူနဲ့ မအိပ်ဖူးတဲ့ လက်မှတ်စစ် မရှိဘူး၊ မညားဖူးတဲ့ ရဲမရှိဘူး၊ ဂါတ်ဗိုလ် မရှိဘူး၊ ရုံပိုင် မရှိဘူး၊ ကွာ ... ပေါ်တာ ... ဂျမဒါကအစ၊ ဒါပေမယ့် အကို အတည်အကျ ယူတော့မယ်ဆိုတာ လူတိုင်းကို ကြော်ငြာပြီးသား၊ ဒီအချိန်မျိုးမှာ အမဲမဖျက်သင့်တော့ဘူး မှတ်လား ...

“တနေ့က ဟိုကောင် ... ဟိုကောင်ဆိုရင် ညီ သိပါတယ်၊ ကောင်မလေးကို ထန်းလျက်ကော လူကော ဖမ်းမယ်လုပ်တယ်ကွာ၊ ကောင်မလေး ကလဲ ခုနေတော့ ထောင်မကျချင်တော့ဘူး မှတ်လား၊ အဲတော့ ခေါ်ရာလိုက်သွားရတယ်၊ မထူးတော့ဘူးလေ၊ ပျဉ်းမနား ခေါ်သွားတယ်၊ အဲတာ ဟိုကောင်က သူ့ အပေါင်းအသင်းတွေကို ကောင်မလေးနဲ့ ဧည့်ခံတာ၊ လူ လေးဆယ်လောက်၊ ကုန်တွဲပေါ်မှာပေါ့ကွာ၊ ကောင်မလေး သတိလစ်သွားမှ ပစ်ထားခဲ့ကြတာ၊ ခု ကောင်မလေးကို ဆေးကျိတ်ကု နေတယ် ...

“ညီ ... အကို လူတွေအများကြီး သတ်ဖူးပါတယ်၊ စစ်တပ်ထဲမှာရော တောထဲမှာရော တာဝန်ပေးလို့ သတ်ဖူးပါတယ်၊ ခုတော့ လူမသတ်ချင်တော့ဘူး၊ အကို ထောင်ထဲဝင်ရင် ကောင်မလေး ပိုဒုက္ခရောက်မှာပေါ့ကွာ၊ မနက်ဖြန်ကာ ကောင်မလေး အိပ်ရာထနိုင်ပါဘီ၊ အကို ဒီနေ့ညဘဲ တရားဝင်လက်ထပ်မယ်၊ မနက်ဖြန်ကာ ခေါ်သွားမယ်၊ ဘယ်ကိုသွားရမယ်ဆိုတာတော့ မသိသေးဘူး၊ ဒီက ထွက်သွားဖို့ဘဲ အရေးကြီးတာ၊ အဲတာ ညီ့ကို အကို နှုတ်ဆက်တာ”

နောက်ရက်မှစ၍ သူ့တို့ကို မတွေ့မြင်နိုင်တော့ပေ။

သူတို့ ဘယ်ဆီ ထွက်ခွာသွားကြပြီကို မည်သူမျှ သိနိုင်ကြမည် မဟုတ်။

ကျနော့် နားထဲတွင်ကား ကိုစိုးမောင်၏ စကားသံများသည် ပဲ့တင်ရိုက်ခတ်နေခဲ့၏။ ထိုစကားလုံးများသည် မအေးသွယ်တယောက်ကို ကွက်၍ ထွန်းညှိပြသည်ကား မဟုတ်။

ညိုညိုသည်လည်း သူတို့လိုပင် ရထားကြီးကို အပြီးတိုင် စွန့်ပယ် ထွက်ခွာသွား ရလိမ့်မည် ဟူ၍ကား ကျနော်သည် မတွေးဘူးခဲ့။

စင်စစ်၌ ဤနေ့ရက်များမှာ ညိုညို ရထားပေါ်၌ နောက်ဆုံးလိုက်ပါနေသည့် နေ့များဖြစ်သည်ကို အကယ်၍ ကြိုတင်သိရှိနိုင်ခဲ့လျှင်လည်း အတူသွား အတူနေရစဉ် ၌ ဖြစ်ပေါ်ခဲ့ရသည့် ခဏတာ ကြည်နူးမှုကလေးများသည် ရှိနိုင်တော့မည် မဟုတ်ပေ။

ညဦးပိုင်းများ၌ တောင်တွင်းကြီးတွင် ရထားဆိုက်လျှင် ညိုညိုသည် မြင်းလှည်း ပေါ် ထန်းလျက်တောင်းများ တင်ပေးလွှတ်လိုက်ပြီး ကျနော်နှင့် အတူ မိုးရွာကြီးထဲ၌ မြို့ထဲသို့ ခြေလျှင်လျှောက်ကြသည်။
မိုးများ တဝေါဝေါ သွန်းချနေစဉ်၌ ကျနော်တို့ နှစ်ယောက်စလုံးသည် လွတ်လပ်ပျော်ရွှင် နေခဲ့ကြ၏။

ကျနော်တို့သည် ရေပင်လယ်ဝေနေသည့် လမ်းပေါ်၌ ထီးတလက်တည်း အတူဆောင်းကာ လျှောက်သွားကြ၏။ သူ့ပခုံးတဖက်နှင့် ကျနော့်ပခုံး တဖက်မှာ မိုးရေများ နစ်နေသည်။ မိုးရွာသံသည် ဆူညံနေ၏။ အမှောင်ရိပ်များ အုပ်ဆိုင်းနေသည်။

ကျနော်တို့နံဘေး လမ်းမပေါ်မှ မြင်းလှည်းများ ဖြတ်မောင်းနေကြသည်။

ကျနော့်စိတ်ထဲ၌ သူနှင့်ကျနော်မှာ ညားစ ဇနီးမောင်နှံလို ထင်နေပြန်သည်။

ကျနော်သည် သူ့ခါးကို သိမ်းဖွေလိုက်၏။ သူသည် ကျနော့်လက်ကို အတင်း ဖြုတ်နေ၏။ မရသောအခါ ပေါက်ပြဲသွားအောင် ဆိတ်ဆွဲလိုက်လေသည်။ ကျနော့် လက်ကို ဖြေလွှတ်လိုက်ရသော်လည်း ကျနော်သည် သူ့ကို လမ်းလျှောက်နေရင်း နမ်းပစ်လိုက်ပြန်သည်။

“သိပ်ကဲတယ် ... မုန်းစရာကောင်းလိုက်တာ”

သူက ပြောလိုက်သည်။

“ချစ်စရာကြီးပါ”

“အမယ် ... ဒီပုံကြီးလား ချစ်စရာကြီး”

“သေသေချာချာကြည့်ရင် ချစ်စရာ တွေ့လာမှာပေါ့”

သူသည် ခပ်တိုးတိုး ရယ်သည်။ ကျနော့်လက်ကို လိမ်ဆွဲလိုက်ပြန်သည်။

သူနှင့်ကျနော်သည် တတ်နိုင်သမျှ အနှေးဆုံး လမ်းလျှောက်နေကြ၏။ ကျနော် မြန်သွားလျှင် သူသည် ကျနော့်လက်ကို ဖမ်းဆွဲထား၏။ မင်္ဂလာလမ်းထိပ် ရောက်လျှင် သူက ရှေ့ဆက်သွားပြီး ကျနော် ထမင်းဆိုင်အတွင်း ဝင်နေခဲ့ကာ လမ်းခွဲသွားရလိမ့် မည်။

ထိုအခိုက်အတန့်၌ကား နှစ်ဦးစလုံးပင် လမ်းကို သည်ထက်ပို၍ ရှည်စေချင်ကြသည်။ နှစ်ယောက်စလုံးပင် ကိုစိုးမောင်နှင့် မအေးသွယ်တို့ ခုအချိန်၌ ဘယ်ဆီရောက် နေကြမည်ကို တွေးနေမိကြ၏။ ထိုအတွေးကို သူသည်လည်း ဖြတ်တောက်ပစ်ချင်လာ ပုံရသည်။

“ပင်းချောင်းရဲ့တွေ နယ်ပြောင်းသွားရတာ သူများတို့ မေတ္တာပို့လို့နေမှာ”

သူသည် စကားကို မဆီမဆိုင်ပြောရင်း ရယ်နေပြန်သည်။

ခုရက်များ၌ ပင်းချောင်းမှ အဖမ်းအဆီးများ လွတ်ကင်းနေပြန်ပြီ။ သို့သော် တောင်တွင်းကြီး၌ကား ပို၍ အဖမ်းအဆီး ထူထပ်နေသည်ကို ကျနော် သတိရလာပြန် သည်။ ညိုညိုသည်လည်း ထန်းလျက် တဆယ်ထက် ပို၍ မတင်ဝံ့။ သူ့အမေ၏ အပန်းနာမှာ ဆေးမဝယ်နိုင်သဖြင့် ပို၍ ဆိုးနေသည်ဟု သင်းသင်းပြောသည်ကို သတိရလာပြန်သည်။

ကျနော်သည် သူ့အခက်အခဲအတွက် တကြိမ်ထပ်၍ ဖြေရှင်းရန် တွေးလာမိ သည်။

ဤနည်းမှာ ခဏတာ လွတ်မြောက်ခွင့်ရသော နည်းဖြစ်သည်။ ကြာရှည် လွတ်မြောက်ခွင့်ရရန်မှာမူ သူ့မိဖများ ကျနော့် မိဖများကို ပစ်ပယ်ကာ ဇွတ် အိမ်ထောင်ပြုလိုက်ကြရန်၊ သို့မဟုတ် မအေးသွယ်နှင့် ကိုစိုးမောင်တို့လို အားလုံးကို စွန့်ပစ် ထွက်ပြေးကြရန် ဖြစ်သည်။ သူတို့ကား ကျနော်တို့ထက် ပို၍ ကံကောင်းထောက်မ ပေသည်။

ညိုညို၏ အတွေးများမှာလည်း မအေးသွယ်တို့ထံ ရောက်သွားပြန်သည်။

“ခုနေ မအေးသွယ်တို့ ဘယ်ဆီများ ရောက်နေကြမလဲ မသိဘူးနော် ...”

သူက အသံတိုးတိမ်စွာ ပြောနေသည်။

"ကိုစိုးမောင်ကြီးက မအေးသွယ့် ခလေးကို သိပ်ချစ်တာဘဲတဲ့၊ သူတို့ ပျော်နေ ကြမှာဘဲနော်၊ သူတို့ကျတော့လဲ ဘယ်သူမှ မိဖတွေ ငဲ့စရာရှိတာမှ မဟုတ်တာနော်"

သူ့အသံများမှာ မိုးရွာသွန်းနေသံများအောက်၌ နစ်မြုပ်သွားနေသည်။

ကျနော်သည် မိုးရေစိုရွှဲနေသော သူ့လက်ကလေးကို တင်းကျပ်စွာ ဆုပ်ကိုင်ထား နေသည်။

ဒို့လဲ ဇွတ်ယူလိုက်ကြမယ်လေ၊ ဘာဖြစ်ဖြစ်ပေါ့၊ ဒီလိုတော့ မင်းမလုပ်ရက်ဖူး မှုတ်လား၊ ဒို့ ဒီလိုချည့်တော့ အမြဲသွားနေရမှာ မဟုတ်ပါဘူး၊ ညရှိရင် နေ့ရှိတာပေါ့၊ မိုးရွာရင် မိုးတိတ်တာ ရှိတာပေါ့၊ ဒို့ဟာ ကမ္ဘာခြားနေကြတာမှ မဟုတ်ဖဲ၊ ဒီလိုပေါ့ ကွယ်၊ နေ့မှာ တယောက်မျက်နှာ တယောက်မြင်ရတာ၊ ညကျတော့ မင်းမျက်နှာကို ပြန်တွေးကြည့်မယ်၊ မင်းအသံ ပြန်နားထောင်ကြည့်နေမယ်၊ ခုနေကိုသာ မိုက်မိုက်ကန်းကန်း ထန်းညက်တွေ လိုမ့်တင်ခိုင်းနေရင် ငွေတွေဖြစ်လာနိုင်တယ်၊ ဒါတော့ မလုပ်ဖူး၊ အန္တရာယ်ကြီးတယ်၊ တနေ့တော့ မြော်လင့်ချက် ရှိလာမှာပေါ့။

ကျနော့် ထိုအတွေးများကို သူသိနေမည်ဟု ထင်မိပြန်သည်။

## (၁၄)

### မိုးတွေကမှောင်နေသည်

ထိုနေ့က အင်တောကျယ်ဘူတာတွင် ခရမ်းချဉ်သီး ဖုံးထားသော သူ့ထန်းလျက် သေတ္တာများကို တင်နေစဉ် ကတည်းက မိုးကောင်းကင်မှာ မှောင်ပိန်းလာနေသည်။

အမှောင်ရိပ်များအောက်၌ တောင်တန်းကြီးများ တဖြည်းဖြည်း ပျောက်ကွယ် သွားသည်။ ထန်းတောညိုကြီးများသည် ညစ်မှိုင်းသွားသည်။

အလုပ်သမားများက သူ့သေတ္တာများကို တင်နေဆဲ ...၊ ထွန်းမောင်အပါအဝင် ရဲသားနှစ်ဦးက ဝတ်ကျေတမ်းကျေ ရှာဖွေနေဆဲ၌ ညိုညိုသည် ကျနော်ရှိရာ ဂါတ်တွဲ နောက်ဖက် လှမြင်ကွယ်ရာသို့ ရောက်လာခဲ့သည်။

ထိုအခါတွင်ကား မိုးဖွဲမှုန်ကလေးများပင် သူနှင့်ကျနော့် အပေါ်၌ ကျနေသည်။ သူသည် လည်ပင်း၌ ပတ်ထားသည့် တဘက်ဖြင့် သူ့မျက်နှာပေါ်မှ ချွေးဥများနှင့် မိုးရေစက်များကို သုတ်သည်။ အစီအစဉ်အတိုင်း ဖြစ်မလာသဖြင့် သူ့မျက်နှာမှာ စိုးရိမ် ဟန် ပေါ်နေသည်။ သူ ကျနော့်ကို စကားပြောလျှင်လည်း သူ့အသံများမှာ ထို စိုးရိမ်စိတ်ဖြင့် တုန်ယင်နေသည်။

"သူများ စာပို့မမှီဘူး၊ ဒီရထားနဲ့ လိုက်ရမှာဘဲ၊ လိုက်လို့ ရတယ်မှုတ်လား၊ ရှေ့ဆုံးတွဲက စီးပါ့မယ်"

ကျနော်သည် သူ့ကို မစိုးရိမ်ရန် ပြောခဲ့၏။ အကယ်၍ တနေရာရာတွင် ဤ တန်ဆာလုပ်ပြီး ကုန်များကို စစ်ဆေးခဲ့လျှင် ကိုယ်လွတ်ရုန်းသွားရန် ပြောခဲ့သည်။

သူသည် ရထားတဖက်မှ လှည့်၍ ရှေ့ဆုံး လူစီးတွဲသို့ သွားသည်။ ထိုနေ့တွင် မောင်ခိုတဦးမျှ မပါသဖြင့် ရှေ့ဆုံးတွဲ၌ သူ့တွင် အဖော်မရှိ။ ကျောက်ပန်းတောင်းမှ ထွက်လာကတည်းက ရထားတတွဲတွင် လူ ကိုးယောက် ဆယ်ယောက်မျှသာ ပါရှိ သဖြင့် မိုးမှောင်ကြီးကို ဖြတ်သန်းပြီး ထွက်လာခဲ့သည့် ရထားကြီးတစင်းလုံးသည်လည်း တိတ်ဆိတ် ခြောက်ကပ်နေခဲ့သည်။ လမ်းတလျှောက်လုံး၌ မိုးမှောင်ကြီးသည် ရှေ့မှ ဖြတ်ဆီးနေသည်။ အချို့နေရာများ၌ အလင်းရောင်များရှိသော်လည်း အင်တော ကျယ်မှ ထွက်လာကတည်းက များသောအားဖြင့် ရထားကြီးမှာ အမှောင်ရိပ်ထဲ၌ စမ်းတဝါးဝါး ခရီးနှင်နေရသလိုပင်။

ရံဖန်ရံခါ၌ မိုးမှုန်ကလေးများသည် ရထားနံရံကို လာ၍ ထိမှန်နေကြသည်။

သံလမ်းအကွေ့များ၌ ရှေ့ဆုံးတွဲ ပြတင်းဝမှ ကိုယ်တပိုင်း ထွက်ပြနေသော ညိုညို့ကို လှမ်းမြင်နေရသည်။ သူသည် ကျနော်ရှိရာ ဂါတ်တွဲသို့ မျှော်ကြည့်နေတတ် သည်။

ကျနော်ကား မြို့သစ်သို့ ရောက်သည်အထိ ဂါတ်တွဲတွင်သာ ငြိမ်သက်နေခဲ့သည်။ ခရီးသည် နည်းပါးလှသဖြင့် လက်မှတ်စစ်ရန်လည်း မလိုအပ်ပေ။ ညိုညို ရှိသည့်တွဲသို့ သွားလျှင်လည်း မတော်တဆ ထန်းလျက်သေတ္တာများ စစ်ဆေးသည်နှင့် ကြုံနေခဲ့လျှင် ဖြေရှင်းရခက်နေမည်ကို တွေးမိသည်။

အန္တရာယ်ရှိသော ဘူတာများကို ဖြတ်ကျော်လာခဲ့မိမှ ကျနော်သည် ရင်ထဲတွင် ပေါ့ပါးလာသည်။ မြို့သစ်သို့ ရောက်လျှင် နေလည်းဝင်သွားပေပြီ။

ထိုဘူတာမှ ထွက်လာခဲ့သောအခါ လမ်းတလျှောက် ခြိမ်းချောက် လိုက်လာနေခဲ့သည့် မိုးကြီးသည် ရထားအထွက်၌ တဝေါဝေါ ရွာချလိုက်လေသည်။

ဤမိုးကြီး စတင်ရွာချိန်၌ ကျနော်သည် ပလက်ဖောင်းပေါ်၌ ရှိနေ၏။ မိုးရွာသဖြင့် နီးရာလူစီးတွဲသို့ ပြေးတက်လိုက်လေသည်။

ထိုအချိန်၌ ရထားကြီးကား ဥသြတချက်ဆွဲကာ မိုးရွာကြီးကို ဖြတ်သန်းကာ ခုတ်မောင်းနေပေပြီ။ ရထားသည် ရှေ့မှ မီးများကို ဖွင့်လိုက်၏။

လူစီးတွဲများ၌ကား မီးများပျက်နေသဖြင့် မှောင်နေသည်။
ကျနော်တက်လိုက်သည့် တွဲပေါ်ရှိ ခရီးသည် အချို့သည် ဖရောင်းတိုင်များကို ထွန်းနေကြ၏။ ထိုတွဲ၏ တဖက်ရှိ ခုံတန်းလျားများမှာ တာဝန်ကျ မီးရထားရဲသားများ လိုက်ပါသည်။ ကျနော်တက်သည့် အပေါက်မှ လျှောက်သွားသောအခါ ရဲသားများကို တွေ့ရသည်။

ထိုအထဲ၌ ရဲသားထွန်းမောင် မရှိသည်ကို ကျနော်သည် သတိထားမိလိုက် သည်။ ချက်ချင်းပင် စိုးရိမ်စိတ်များ ဖြစ်ပေါ်လာကာ ကျနော်သည် ထွန်းမောင်ကို အနှံ့ အပြား လိုက်ရှာကြည့်၏။ ထွန်းမောင်ကို မတွေ့ရလျှင် ရင်ထဲ၌ ထူပူလာသည်။

ကျနော့်ကို အခြားရဲသားများ နှုတ်ဆက်ကြသည်ကိုပင် ဂရုမစိုက်မိတော့ပေ။ ကျနော့်စိတ်များသည် အစိုးရိမ် လွန်လာကြ၏။

ခုအချိန်၌ ရှေ့ဆုံးတွဲ၌ ညိုညိုတယောက်တည်း ဖြစ်ချင် ဖြစ်နေမည်ကို တွေးလိုက်မိသည်။

မီးပျက်သဖြင့် မှောင်လည်းမှောင်နေ၏။

ထွန်းမောင် ရှေ့ဆုံးတွဲသို့ ရောက်နေမည်ကို အသေအချာ တွက်မိသောအခါ ရင်ထဲ၌ မခံမရပ်နိုင် ဖြစ်လာသည်။

ကျနော်သည် ညိုညို့ မျက်နှာကလေးကို မြင်လာ၏။ အပြစ်ကင်းစင်သော၊ ဖြူစင်သန့်ရှင်းသော ဤ ဆင်းရဲသူ မိန်းကလေး၏ တရှိုက်ရှိုက် ငိုသံများကို ကြားယောင်လာသည်။

"ခုမှ သတိရတယ်၊ ကျနော့်လွယ်အိတ် ရှေ့တွဲမှာကျန်ခဲ့တယ်၊ လက်မှတ်တွေနဲ့"

ကျနော်သည် ရဲသားများကို အော်ပြောလိုက်၏။

ကျနော်သည် ရှေ့ဆုံးတွဲသို့ ကူးသွားရန် ချက်ချင်း ဆုံးဖြတ်လိုက်လေသည်။

ချက်ချင်းပင် ရဲများကို ဖြတ်သန်းကာ ကျနော်သည် အမှောင်ထဲ၌ ခုံများကို ရှောင်ရှားရင်း ရှေ့သို့ ပြေးနေမိသည်။

"ရင်မောင် ၊ မကူးနဲ့၊ လက်ကိုင်တွေ ချော်နေတယ်"

ရဲကြပ်ကြီး ဦးအောင်စိန်သည်လည်း စိုးရိမ်စွာ အော်ဟစ်နေသည်။

"သွားမှဖြစ်မယ်"ဟု ကျနော်သည် ပြန်အော်ခဲ့၏။

ဤအချိန်၌ကား ကျနော်သည် မည်သည့် အန္တရာယ်ကိုမျှ မတွေးမိတော့ပေ။

တွဲအကူး၌ ရှေ့တွဲ လက်ကိုင်ကို အမှောင်ထဲတွင် စမ်းရှာနေစဉ်၌ ကျနော်သည် ကျနော့်တကိုယ်လုံးကို မိုးသီးမိုးပေါက်ကြီးများ ထိမှန်နေခြင်းကိုကား ဂရုမစိုက်မိပေ။

မြခင်လေးကို ထွန်းမောင် ကြံစည်လိုက်ပုံကို ဤအချိန်တိုကလေး အတွင်း၌ပင် သတိရနေသည်။ မြခင်လေးကား ထွန်းမောင်ကို တမ်းတမ်းစွဲ ဖြစ်နေခဲ့၏။ ခလေးမ ကလေးမှာ အပျိုဖော်ပင် မဝင်သေး။ ဤ ခလေးမကလေး သူ့ကို တမ်းတမ်းစွဲ ဖြစ်နေသဖြင့် ထွန်းမောင်သည် သူမှ တဆင့် သူ့အပေါင်းအသင်းများကို ပေးအပ်လိုက်ပြန်သည်။ ဤခလေးမကလေး၏ မျက်နှာမှာ ကျနော့် မျက်လုံးအိမ်ထဲ၌ တဝဲဝဲ ပေါ်နေသည်။ မအေးမြင့်၊ မအေးရွှေ၊ မအေးသွယ်၊ တင်တင်၊ သင်းသင်း၊ နုနု၊ အခြားမိန်းကလေးများ အားလုံးမှာ ဤလမ်းသို့သာလျှင် သွားခဲ့ရ၏။ ထွန်းမောင်မှ တဆင့် အခြားလက်များသို့ ကူးပြောင်းသွားရသည်။

ကျနော့်နားထဲ၌ ထွန်းမောင်၏ "မင်း ထောင်ကျသွားချင်သလား" ဟု ပြောနေသံ၊ ညိုညို၏ တောင်းပန်နေသံများသည် မိုးသံ၊ ရထားသံများနှင့် ရောထွေးသွားနေသည်။

မိုးသည်လည်း အော်ဟစ်ရွာနေသည်။

တွဲလက်ကိုင်များသည် ချော်နေ၏။

ကျနော်ကား ရထားတွဲနှစ်ခုကြားသို့ ရောက်လာခဲ့၏။ ခြေထောက်ကို လွှဲကာ အခြားတွဲသို့ ကူးလိုက်ပြန်သည်။

ကျနော့်တကိုယ်လုံး မိုးရေများ နစ်နေသည်ကို သတိမထားမိတော့ပေ။

ကျနော်သည် အခြားတွဲသို့ ရောက်လျှင် ခရီးသည်များကို ဂရုမထားဘဲ တိုက်တိုက်ခိုက်ခိုက် ပြေးသွားသည်။ ခရီးသည်များသည် ဖရောင်းတိုင်များကို ကြိုးစား ထွန်းညှိနေကြ၏။ ကျနော်ကား မွန်ထူနေသဖြင့် ဘယ်အရာကိုမျှ သတိမရတော့ပေ။ ရထားကို ဘရိတ်ကြိုးဆွဲရပ်လိုက်ရန်ကို နောင်မှ တွေးမိသည်။
ကျနော် အခြားတွဲများကို ဆက်၍ ကူးနေစဉ်၌ အပြင်ဖက်တွင် လေများလည်း တဝှီးဝှီး တိုက်နေသည်။ လျှပ်စီးလက်လိုက်သောအခါ အမှောင်ထဲ၌ ပြေးနေသော ရထားကြီးကို ဖျတ်ကနဲ မြင်တွေ့လိုက်ရသည်။

နောက်ဆုံးတွဲသို့ကူးရန် အားယူချိန်၌ကား ရထားကြီးသည် ပုလင်းချောင်း တန်တားရှည်ကြီးကို ဖြတ်ကျော်နေခဲ့ပေပြီ။

ဤ တောင်ကျချောင်းပြင်ကျယ်ကြီးထဲ၌ ဆင်တပ်ကြီးတခု တောင်ပေါ်မှ ပြေးဆင်းလာနေသလို ရေလုံးကြီးများသည် တဝေါဝေါ ပြိုဆင်းနေသည်။ ချောင်းကမ်းပါးများသည် ပြိုကျနေသည်။

ကျနော်ကား ကြောက်စိတ်များ ဝင်လာနေသည်။ ဤ တန်တားကြီးကို ဖြတ်ကျော်ပြီးသည်အထိ မစောင့်နိုင်။

ကျနော့် မျက်လုံးထဲ၌ အမှောင်ထဲတွင် ခုံတန်းလျားတခုပေါ် ညိုညိုကို ဆွဲလှဲနေသည်ကို မြင်နေရ၏။

"အမေ ... အမေ ... မကယ်နိုင်တော့ဘူးလား"

ထိုအသံကို ကြားနေရသည်။

ကျနော်သည် အန္တရာယ်ကို မတွေးနိုင်တော့ဘဲ ဟိုတွဲဖက်လက်ကိုင်ကို ရှာလိုက်၏။ ဖြတ်ကူးလိုက်သည်။ ဤအချိန်၌ကား ရထားသည် တန်တားကြီးကို ဖြတ်ကူးနေ ချိန်ဖြစ်သဖြင့် ကျနော့်ကျောဖက်တွင် တန်တားသံဘောင်ကြီးများ တဝှီးဝှီး အော်မြည်ကာ ဖြတ်သန်းသွားနေသည်။ ကျနော်သည် ကျောနှင့်သံဘောင်ကြီးများ မရိုက်မိစေရန် ကိုယ်ကို သစ်ရွက်လို ပြားချပ်နေအောင် ကပ်ထားရင်း ကူးနေရ၏။

နောက်ဆုံးတွဲသို့ရောက်လျှင် တံခါးကို ညင်ညင်သာသာ တွန်းဖွင့်လိုက်လေ သည်။ တံခါးသည် လျှောကနဲ ပွင့်ထွက်သွား၏။ ကျနော်သည် တံခါးဝ၌ ငြိမ်သက်စွာ ရပ်နေလိုက်သည်။

ကျနော် တွေးလာသည့် အတိုင်းပင် အမှောင်ထဲ၌ ရုန်းကန်သံ၊ ဆောင့်တွန်းသံ၊ ဆဲဆိုသံ၊ ခြိမ်းခြောက်သံ၊ လဲကျသွားသံများကို ကြားရသည်။

တဖြည်းဖြည်း အမှောင်ထဲမှ သူတို့အရိပ်များကို တွေ့ရသည်။

လျှပ်စီးတချက် လက်လိုက်ချိန်တွင် ထွန်းမောင်က ညိုညို၏ကိုယ်မှ အင်္ကျီကို ဆွဲဆုတ်လိုက်သည်ကို မြင်လိုက်ရသည်။

အင်္ကျီ စုတ်ပြဲသွားသံ ကြားရ၏။

ကျနော်သည် ထွန်းမောင်နောက်မှ ပြေးကပ်လိုက်၏။

ပခုံးမှ ဆွဲမြှောက်လိုက်သည်။ ထို့နောက် တကိုယ်လုံး ဖိအား အသုံးချကာ ရင်ဝ တည့်တည့်သို့ အားသွန် ထိုးချလိုက်သည်။ ကျနော်ကား အပျော်တမ်း ဘောက်ဆာ သမားအဖြစ်က အလေ့အကျင့်များ အားလုံး ပြန်ရလာသည် ထင်ရသည်။

တချက် အသံထွက်ပြီး လဲကျသွား၏။ နောက်တချက် ထပ်ထိုးရန် အားယူ လိုက်ချိန်တွင် ကျနော့်ခြေထောက်များသည် သေနတ်ကို နင်းမိလိုက်သည်။

ကျနော်သည် သေနတ်ကို ကုန်းကောက်လိုက်ပြီး ပြောင်းဖက်မှ ဆုပ်ကိုင်လိုက်၏။ ရင်ထဲမှ မခံမရပ်နိုင်၊ စုပြုံပေါက်ကွဲလာကြသော ဒေါသများသည် လျှပ်စစ်ဓာတ် ကဲ့သို့ လက်အတွင်းသို့ စီးဆင်းသွားကြသည်။

ကျနော်သည် သေနတ်ဒင်ဖြင့် သူ့ ဦးဆက်ဟု ထင်ရသည့်နေရာကို စိတ်ခွန်အား ရှိသမျှ အားကုန် လွှဲရိုက်ချလိုက်၏။

"ခွပ်"ကနဲ မြည်သံသည် မိုးသံ၊ လေသံ၊ တန်တားသံ၊ ချောင်းရေကျသံ၊ ပုရစ်အော်သံ၊ ရထားခုတ်မောင်းသံများအကြား၌ ထင်ရှား ပြတ်သားစွာ အားရကျေနပ် ဖွယ်ရာ ပေါ်လာသည်။

"သေပြီ"ဟု ကျနော်သည် လျှင်မြန်စွာ တွေးလိုက်မိ၏။

ဤ ရထားတွဲတွင် လူသတ်မှုအတွက် သက်သေမရှိ။ သူ့ ဦးဆက် ပွင့်သွားပြီဟု ထင်နေ၏။ အရိုက်တည့်တည့်မိလျှင် ပထမ ထိုးလိုက်သည့် လက်သီးချက်ဖြင့်ပင် သေသွားနိုင်သည်။

ကျနော်သည် ဘာလုပ်ရမည်ကို စဉ်းစားရန်ပင် သတိမရ။ ဘာကြောင့်မှန်း မသိ သေနတ်ကိုကား ကြမ်းပြင်ပေါ် ဝုန်းကနဲ လွှတ်ချလိုက်မိသည်။ ညိုညိုသည် လူးလဲ ထရပ်နေ၏။

"သူ မှုတ်လားဟင် ... သူမှုတ်လား ... ဘုရားသိကြား မလို့ပေါ့၊ အကိုရင်မောင် မှုတ်လား"
"ဟုတ်တယ် ... ဘုရားသိကြား မလို့ ကို ရောက်လာတာ"

ကျနော်သည် ကယောင်ခြောက်ခြားဖြင့် သူ့စကားကို ခြေရာထပ်နင်း ပြောနေမိ သည်။

သူ့ကို ချိုင်းမှ မမြှောက် ပွေ့ထူနေမိသည်။

သူသည် ကျနော့်ရင်ခွင်အတွင်းသို့ တိုးဝေ့ရင်း ရှိုက်ကြီးတငင် ငိုနေသည်။ စုတ်ပြတ်နေသော သူ့အင်္ကျီကြောင့် အကွယ်အကာမရှိ ဟင်းလင်းပွင့်နေသည့် သူ့ ရင်သားများမှာ ကျနော့်လက်မောင်းဖြင့် ထိနေသည်။

မိုးရေများသည် ကျနော်တို့ ကျောပြင်ဖက်မှ ပက်သွင်းနေသည်။

သူ သေဘီ ... ဒါ လူသတ်မှုဘဲ ... အလောင်းကို ဖျောက်ပစ်ရမယ်၊ အို ... ပုလင်းချောင်း တန်တားတောင် လွန်လာဘီ၊ ရှေ့ စွန်ချောင်း ရောက်တော့မယ်၊ စွန်ချောင်းကျရင် ရေထဲ ကန်ချပစ်ခဲ့မယ်၊ စွန်ချောင်းလဲ ရေစီးသန်တာဘဲ၊ ဒါဆို ကိစ္စပြီးတာပေါ့ ...

"ဒါ လူသတ်မှုဘဲ၊ လူသတ်မှုဘဲ" နှင့် ကျနော်သည် ဒလစပ် တွေးနေမိ၏။

'လူသတ်မှုလဲ ဘာဖြစ်သလဲ၊ ဖြစ်လာသမျှ အကောင်းချည့်ပေါ့'

ကျနော်သည် ညိုညို့ကို တွန်းဖယ်နေမိ၏။

ထွန်းမောင့် အလောင်းကို ဖျောက်ဖျက်တော့မည်ဟု ပြောနေမိ၏။

"စွန်ချောင်းနဲ့နီးလာဘီ၊ လွှတ်စမ်းကွယ်၊ အလောင်းကို အပေါက်ဝဖက် ရွှေ့ထားမှ" ဟု အော်ပြောနေမိသည်။

သူသည် ကျနော့်ကို အားကုန်ဖက်ထားသည်။

သူ့ လက်များသည် တဆတ်ဆတ်တုန်နေ၏။ သူ့ အသားစိုင်များသည် တုန်နေကြ၏။

"မီးခြစ် ခြစ်ကြည့်ပါ"

သူသည် ကြောက်လန့်တကြား အော်ပြောနေ၏။

ထိုအခါတွင်မှ ကျနော်သည်လည်း ထွန်းမောင် သေ မသေ ကြည့်ရန် သတိရ လာသည်။ ဘောင်းဘီအိတ်ထဲမှ မီးခြစ် ထုတ်ခြစ်နေမိသည်။ မီးခြစ်မှာ ရေများစိုနေသည်တကြောင်း ... ကျနော့်လက်များ တုန်နေသည်တကြောင်းကြောင့် ရုတ်တရက် မတောက်နိုင်ပေ။ အတော်ကြာမှ တောက်လာသည်။

ကျနော်တို့သည် မီးရောင်အောက်၌ ငုံ့ကြည့်လိုက်ကြ၏။

ထွန်းမောင်ကို ကျနော်ရိုက်စဉ်က မှောက်ခုံဟု ထင်ခဲ့သော်လည်း ထွန်းမောင်ကား ပက်လက်လဲကျခဲ့သဖြင့် နဖူးကိုသာ ထိသွားခဲ့သည်။ နဖူးမှာ သေနတ်ဒင်စောင်းဖြင့် ရိုက်မိသဖြင့် ဟက်တက်ကွဲနေ၏။ မိုးများရွာနေသည့် အထဲ၌ပင် သူ့နဖူးမှ သွေးများသည် ကြမ်းပြင်ပေါ် စီးကျနေကြ၏။ သူသည် မသေသေးပေ။ သတိကား လစ်နေပေပြီ။

"မသေသေးဘူး၊ ဒါပေမယ့် သတ်ပစ်မှ ဖြစ်မယ်၊ ဒီကောင် မင်းကို အခဲကျေမှာ မှုတ်ဖူး၊ လူမိုက်ဆိုတာ ဆေးမရှိဘူး၊ လူယုတ်မာဆိုတော့ ပိုဆိုးတယ်"

ကျနော်သည် အသံနိမ့်ပြီး ပြောနေမိ၏။

မီးခြစ်မှာ ဝေ့သဖြင့် ဟုတ်ကနဲ ငြိမ်းသွားလေသည်။

သူသည် ကျနော့်ကို ထပ်၍ ပွေ့ဖက်ထား၏။ အသေ တွယ်ကပ်ထားသည်။

"ဖယ်ပါအုံး မီးရောင်မြင်နေရဘီ၊ ပုတီးကုန်း ရောက်တော့မယ်၊ ဒီအကောင်ကြီးကို ချောင်းထဲ ပစ်ချရမယ်"

"ဟင်အင်း ... ဟင်အင်း ... ကြောက်တယ်၊ ညိုညို ကြောက်တယ်"ဟု သူသည် စူးစူးဝါးဝါး အော်နေသည်။

သူသည် ထွန်းမောင်ကို မသတ်ဘဲနှင့် အိမ်သာထဲ ထည့်ပိတ်ထားရန် ပြောနေသည်။
ကျနော် ကိုယ်တိုင်လည်း လက်စဖျောက်ပစ်ခဲ့ခြင်းသာ အမှန်ဆုံးဖြစ်သည်ကို တွေးခဲ့သော်လည်း လူတယောက်ကို သွေးအေးစွာ အစဖျောက်ပစ်ရန်မှာ မလွယ်သည် ကို ခံစားလာနေရပြန်သည်။ ထိုအချိန်က ထွန်းမောင် အသက်ရှင်နေလျှင် မည်မျှ အန္တရာယ်ကြီးမားမည်ကို အမှန်အတိုင်း ကြိုတင် တွေးနေမိပါလျက်နှင့် ကျနော်သည် ဖျောက်ဖျက်ပစ်လိုစိတ် မရှိတော့ပေ။

ထို့ကြောင့်ပင် ထွန်းမောင်ကို အနီးရှိ အိမ်သာအတွင်းသို့ ပစ်သွင်းလိုက်မိ သည်။ သူ့သေနတ်မှ ကျည်ဆံများ၊ သူ့ခါးပတ်မှ ကျည်ဆံများ ထုတ်ယူပြီး လွှင့်ပစ်ခဲ့ ၏။ သေနတ်ကိုပါ အိမ်သာထဲ ပစ်သွင်းလိုက်သည်။ အပြင်မှ မင်းတုန်း ထိုးပိတ်လိုက် သည်။

ကျနော်သည် ညိုညို့ကို လက်မှဆွဲပြီး တွဲ၏ အခြားအစွန်ဖက်သို့ ဆွဲခေါ်လာ ၏။

မိုးများလည်း ပါးစပြုလာလေသည်။

တွဲအစွန် ထောင့်ဖက်ခုံတွင် ကျနော်သည် သူ့ကို ပွေ့ပြီး ထိုင်ခိုင်းလိုက်၏။

"ဘာပြုလို့ လူမရှိတဲ့တွဲမှာ တယောက်ထဲ လာစီးရတာလဲ"ဟု အပြစ်တင် မေးနေမိသည်။

"သူ လာမလားလို့ပေါ့"

"ဘုရားရေ ... ကို လာမယ်ထင်လို့"

"ဟုတ်တယ်၊ သူရောက်လာတာဘဲ မှုတ်လား"

ကျနော်သည် သူ့ကို ချိုင်းအောက်မှ ပင့်မ ပွေ့ထားရင်း အသက်မရှူဘဲ ငြိမ်သက်နေမိ၏။

ထိုတခဏအချိန်၌ သူ့ကိုယ်မှာ ပက်လက်အိပ်သည့် အနေအထား မကျတကျ ဖြစ်နေသည်။ မိုးလည်းစဲပြီ ဖြစ်သဖြင့် ကြယ်ရောင်မှိန်မှိန်ဖြင့် သူ့တကိုယ်လုံးကို မြင်နေရ၏။ သူကလည်း အမှောင်ထဲ၌ ကျနော့်ကို ငေးစင်းကြည့်နေသည် ထင်ရ၏။

ကျနော်သည် မေ့နေရာမှ ထွန်းမောင်အကြောင်း သတိရလာပြန်သည်။ ထွန်း မောင်၏ ကျင့်ကြံရန် ကြိုးစားပုံကို တွေးမိပြန်သည်။

သူ့ကို ချက်ချင်း လက်ထပ်မှ ဖြစ်မည်ဟု စဉ်းစားနေမိ၏။

ဟုတ်တယ် ... ယူပစ်ရမယ်၊ နောင်ရေးဆိုတာ သူ့ပဖာသာ ပြေလယ်လာမှာပေါ့၊ ဒါဟာ ငါကြောက်နေတာဘဲ၊ တခါတရံမယ် ဇွတ် မျက်စိမှိတ် ဆုံးဖြတ်လိုက်တာ အမှန်ဆုံးပေါ့၊ ဒီလိုဘဲ သူတောင်းစားတွေတောင် အိမ်ထောင်ပြုကြသေးတာဘဲ၊ ငါ ငွေစုငွေချေးမှာ အပ်ထားတဲ့ငွေကို ထုတ်လိုက်မယ်၊ သူ့ကို အပ်ချုပ်စက် ဝယ်ပေးမယ်၊ သူ့ စက်ချုပ်တဲ့ ဝင်ငွေကို သူ့အမေကို စရိတ်ထောက်ပေါ့၊ လွယ်ပါတယ် ... လွယ်လွယ်ကလေးပါ၊ ကြည့်စမ်း ... အစက ငါ မတွေးခဲ့မိဘူး၊ ကဲ ... အိမ်ထောင်ပြု လိုက်ကြတာပေါ့၊ ဒီရက်အတွင်းမှာ ပြုလိုက်ကြတာပေါ့၊ ဒီလိုလုပ်မယ်လေ၊ မြို့လုင်မှာ ဒီတွဲကို ခရီးသည်တယောက်မှ တက်မလာဘူးဆိုရင်ပေါ့၊ အလောင်းအစား လုပ်မယ်၊ ဆုံးဖြတ်ရခက်ရင် မျောက်ပန်းလှန် ဆုံးဖြတ်ရတာပေါ့လေ ...

မြို့လုင်အဝင် စွန်ချောင်းကို ဖြတ်ကျော်နေစဉ်၌ ကျနော်သည် သူ့ကို တင်းကျပ်စွာ နမ်းနေမိ၏။ ရင်ခုန်သံများ ဆူညံနေသည်။ 'ဒီတွဲကို ဘယ်သူမှ မလာပါစေနဲ့' ဟု ဆုတောင်းနေမိ၏။

"လွှတ်အုံး ... လွှတ်အုံး ... အသက်ရှူမရတော့ဘူး"

ကျနော်သည် မလွှတ်ဘဲ နမ်းနေမိသည်။

မြို့လုင်၌ ဆုတောင်းအတိုင်း ခရီးသည် တယောက်မှတက်မလာပေ။

ကျနော် သူ့ကို မလွှတ်ဘဲ ပွေ့ဖက်ထားဆဲ၌ ရထားကြီးသည်လည်း ဆက်၍ ထွက်လာနေပြန်သည်။

"မင်းကို ခုချက်ချင်း ယူလိုက်တော့မယ်၊ ကို ဆုံးဖြတ်ပြီးဘီ၊ မင်း စက်ချုပ်ပေါ့၊ မင်းတို့အမေကို အဲဒီငွေနဲ့ ထောက်ပံ့ပေါ့၊ လေးအိမ်မှာ စက်တွေပေါပါတယ်၊ အဲဒီကို သွားကြမယ်၊ ဟိုရောက်ရင် ကိုတို့ လင်မယားလို့ ပြောတာပေါ့"

"ရုက်စရာ ကောင်းလိုက်တာ၊ လွှတ်စမ်းပါအုံး၊ မှောင်လိုက်တာနော်၊ သိလား ... မှောင်တော့ သူ့ကို ကြောက်ကြောက်လာတယ်"

သူသည် လွှတ်စမ်းပါပြောရင်း ကျနော့်ကို သူ့လက်ဖြင့် သိမ်းရစ်ပွေ့ထားနေ သည်။

သူနှင့်ကျနော်သည် ပို၍ ပူးကပ်နေသည် ထင်ရ၏။
သူ၏ မောလှိုက်စွာ အသက်ရှုသံကို ရင်ခုန်သံနှင့်ရောကာ ကြားနေရသည်။

"ကိုတော့လေ ... မှောင်လာတော့ မင်းကို ချစ်လာတယ်"

သူသည် ကျနော့်လက်မောင်းကို လိန်ဆွဲလိုက်ပြန်သည်။

## (၁၅)

### ချစ်သက်ခုနစ်ရက်

လေးအိမ်ရွာ၌ ကျနော်တို့သည် ညားစ ဇနီးမောင်နှံဟု ပြောပြီး အပ်ချုပ်စက် ဝယ်ရင်း တည အိပ်ခဲ့ကြ၏။

ကျနော်တို့ ကိုယ်တိုင်ကလည်း ညားစအခါဟု ယုံကြည်နေခဲ့သည်။ လေးအိမ် ရွာမှ နေ့ခင်းဖက် အပြင်သို့ ထွက်လာခဲ့လျှင် သူသည် ကျနော့် လက်မောင်းကို ညားစ လင်မယားလိုပင် မလွှတ်တမ်း ဆုပ်ကိုင်ဖက်တွယ်ထားခဲ့လေသည်။

"သူက သူများတို့ ညားနေပြီပြောတော့ ကိုသိန်းအောင်ကြီး ပြုံးနေတာ ရုက်လိုက်တာ"ဟု သူသည် ပြောလာခဲ့၏။
ကျနော်သည် သူ့ကို ယာခင်းများရှိရာ တောစပ်ဖက်သို့ ခေါ်လာခဲ့၏။ ထိုနေရာ၌ နှစ်ယောက်ထဲ လွတ်လပ်စွာနေလိုစိတ် ပေါ်နေပြန်သည်။ ရွာထိပ်ရှိ တောင်ကျ ချောင်းတန်တားပေါ်တွင် ရပ်ရင်း ကျနော်သည် ကျနော်ယုံကြည်ရာဖြစ်သည့် စာပေအကြောင်းကို သူ နားမလည်မှန်း သိပါလျက်နှင့် သူ့ကို အလေးအနက် ပြောနေမိပြန်သည်။

သူ စာတလုံးမှ ဖတ်တတ်သူမဟုတ်မှန်း ကျနော်သိပါသည်။

သို့သော် သူနှင့်ကျနော်မှာ နှစ်ယောက်မဟုတ်ဟု ထိုအခါက ကျနော်သည် ခံစားနေရ၏။ သူသည် ကျနော့်မျက်နှာကို စိုက်ကြည့်နေရင်း "စာရေးတယ်ဆိုတာ ပိုက်ဆံတော့ရမှာပေါ့"ဟု မေးနေခဲ့သည်။

အောက်ဖက် ချောင်းပြင် ရေသားပြာပေါ်၌ သူနှင့်ကျနော်ရပ်နေသည့် အရိပ် နှစ်ခုမှာ ရွှင်လန်းချမ်းမြေ့စွာ ပြုံးရယ်နေကြလေသည်။

"အဲဒီအခါကျရင် ခု ကိုတို့ ရောက်လယ်ကြတာတွေ စာထဲမှာ ထဲ့ရေးမယ်၊ ကိုတို့ သွားလယ်တဲ့ ယာခင်းကလေးတွေ စိမ်းနေတာ စိတ်ချမ်းသာစရာ ကောင်းတယ် လို့ ရေးမှာပေါ့၊ တောထဲမှာ မင်းနဲ့ကိုနဲ့ လွတ်လွတ်လပ်လပ် စကားပြောတာ ရေးမယ်၊ မင်းက ရုပ်ရှင်ထဲကလို မြက်ခင်းပေါ်ပြီး ကောင်းကင်ကြီးကို မော့ကြည့်နေတော့ ... ကိုကလဲ ရုပ်ရှင်ထဲကလို မင်းရှေ့က ဖြတ်လျှောက်လာ"

သူသည် ကျနော့်ကို လိန်ဆွဲလိုက်ပြန်ပြီး နှစ်ခြိုက်စွာ ရယ်လိုက်သည်။

"သူ့ရုပ်ကြီးက မင်းသားနဲ့လဲ တူဘဲနဲ့"

" ဒါပေမယ့် မင်းရုပ်က ဘယ်မင်းသမီးမှ မမှီအောင် လှတယ်မှတ်လား၊ မင်းရဲ့ ယောကျ်ားလဲ ရုပ်ရှင်မင်းသား ဖြစ်သွားတာပေါ့ ..."

"ဘာ ... မင်းယောကျ်ားလဲ"

သူသည် ကျနော့်ကို ယိုင်သွားအောင် တွန်းလိုက်၏။

ယာခင်းများရှိရာဖက်သို့ သွားနေရင်း သူသည် ကျနော့်ကို မှောင်ခိုသမ အချို့ နှင့် စွပ်စွဲပြီး အမျိုးမျိုး မေးခွန်းများ မေးလာခဲ့သည်။ ကျနော်သည်လည်း သူကျေနပ်အောင် ရှင်းပြရသည်ကို စိတ်ပင်ပန်းလာခဲ့ရသည်။

"သူ့ကို အလုပ်ထွက်ခိုင်းမှ ဖြစ်မှာပါ၊ ဒါမှ စိတ်ချမ်းသာရမှာ"

သူသည် ငွေတရာမျှ စုဆောင်းထားပြီးဖြစ်သဖြင့် သူနှင့်သူ ကျနော်တို့ချင်း ယူနိုင်အောင် နွားမွေးမည် ကြံစည်ခဲ့ပုံကိုလည်း ပြောပြလာသည်။

"ခုနေ ငွေတရာဆို နွားမပေါက်စကလေး နှစ်ကောင်တော့ရတယ်၊ အဲတာ သုံးနှစ်မွေးလိုက်ရင် နွားတွေမွေးလာကော၊ နောက်ငါးနှစ်ဆို နွားမ တအုပ် ဖြစ်လာမှာ ပေါ့၊ မရီပါနဲ့၊အဲတာဆို သူများတို့ သူဌေးဖြစ်နိုင်တယ်၊ သူ့ကို အလုပ်ထွက်ခိုင်းရမယ်"

တောင်ကုန်းနှစ်ခုနှင့် ယာခင်းကွက်များကို လွန်လာခဲ့ပြီး တောင်ကုန်းထိပ် တနေရာ၌ ကျနော်တို့သည် ရပ်နေမိကြ၏။ ကျနော်တို့အပေါ်၌ မိုးသားပျပျသည် အုပ် ဆိုင်းနေ၏။ အနိမ့်ဖက်၌ ချောင်းကလေးသည် ကွေ့ကောက်စွာ စီးဆင်းနေ၏။ ကျနော် နှင့် သူကား ကမ္ဘာမြေပြင်ပေါ်၌ နှစ်ယောက်တည်း ရှိနေသလို ထင်နေရပြန်သည်။

သူသည် ကျနော့်နံဘေး၌ ငြိမ်သက်စွာရပ်ရင်း တခုခုကို နက်နက်ရှိုင်းရှိုင်း တွေးနေခဲ့ပြန်သည်။

အတန်ကြာမှ ...

"သူများတို့ တကယ်ယူကြတော့မှာနော် ... သူများတို့ ညားရင် သူ ... သူများ ကို မရိုက်ရဘူးနော်"

သူက ခပ်တိုးတိုး ပြောနေသည်။

ကျနော်သည် သူ့လက်ကလေးကို ဆုပ်ကိုင်ထားရင်း သူ့မျက်နှာကလေးကို အကြာကြီး ငေးကြည့်နေမိသည်။ သူ၏ ထို ခလေးစိတ် ခလေး အတွေးမှာ ရယ်မော၊ ပြောင်လှောင်စရာ မဟုတ်တော့ပေ။

ထိုအတွေးကြောင့် ကျနော်သည် သူ၏ခလေးစိတ်ထားကို သိနေရ၏။ သူ၏ ဖြူစင်သော ခလေးစိတ်ထားကလေးမှာ ပေါ်လွင်လာနေသည်။

"အေးပါကွယ် ကို မရိုက်ပါဘူး၊ အရိုက်မခံချင်ရင် ဟို ထန်းတောထဲရောက်အောင် လိုက်ခဲ့ရမယ်နော်"

ကျနော်သည် ရယ်သံဖြင့် ပြောနေရသည်။

သူသည် ကုန်းထိပ်ပေါ်မှ ကျနော်နှင့် ဘေးချင်းယှဉ် ဆင်းလာခဲ့သည်။

တောင်ကုန်းအဆင်း တဝက်တွင် "ပီးတော့ သူ ... သူများကို ပစ်မသွားရဘူး နော်"ဟု တတွတ်တွတ် ပြောလိုက်လာသည်။

ကျနော်တို့သည် ယာခင်းအလွန် ထန်းတောအစ၌ ထိုင်လိုက်ကြ၏။ ချောင်းကလေးမှာ ထန်းတောအလယ်မှ ဖြတ်၍ စီးဆင်းနေသည်။ ကျနော်သည် သူ့ပခုံးပေါ်တွင် လက်တင်ထားရင်း ကျနော်ရဘူးသည့် ကဗျာတပုဒ်မှ တပိုင်းတစကို ရွတ်ပြနေမိသည်။ ကဗျာမှာ 'ပျော်ရွှင်ခြင်း' ဟု ခေါင်းစဉ်းတပ်ထားသည်။

ပင်လယ် ရေလွှာပြင်ထက်ပေါ်မှ ဖင်ယော်ငှက်ကလေးများ ဝဲပျံ မြူးပျော် နေပုံကိုကြည့်ရင်း ... မိုးတိမ်ပြာများအောက်၌ တဖျတ်ဖျတ် တောက်ပနေသည့်၊ လှုပဖြာကျနေသည့် ရောင်ခြည် ငွေမျှင်တို့ကို ငေးရင်း၊ သဲသောင်စပ် ပေါ်လှိုင်း ကြက်ခွပ်ကလေးများ ပြေးတက်လာပုံကို ကြည့်ရင်း ချစ်သူ၏ ညိုစိမ့်စိမ့် မျက်နှာကလေးကို အပူအပင်ကင်းမဲ့စွာ ငေးကြည့်နေရခြင်းမှာ ကြည်နူး ချမ်းမြဖွယ်ပါတကား။

ထိုနေ့ ထိုရက်သို့ ရောက်ရန် ချစ်သူတိုင်း မှန်ကန်စွာ ကြိုးပမ်းလာနိုင်

မည့် နေ့ရက်သည်သာ 'ပျော်ရွှင်ခြင်း' မည်ပေလိမ့်မည်။

"အခုလဲ ကိုတော့ အဲဒီ ကဗျာလေးလိုဘဲ ညိုညို ... မင့်စကားသံကို နားထောင်ရင်း။ ဟိုမှာ ချောင်းရေစီးနေသံကို နားထောင်ရင်း၊ ထန်းလက်တွေ လေတိုးသံ နားထောင်ရင်း မင့်မျက်နှာကလေးကို ကြည့်နေချင်တယ်"

သူသည်ကျနော့်ကို ငေးကြည့်နေသည်။ မျက်တောင်ကို ပုတ်ခတ် ပုတ်ခတ် လုပ်နေသည်။သူ့မျက်လုံးများမှာ ကျနော့်ကို အံ့အားသင့်နေဟန် ပေါ်နေသည်။

" သူ့ စကားတွေက ဘာတွေမှန်းလဲ မသိဘူး''

သူက အရိုးခံအတိုင်း ခပ်တိုးတိုး ညည်းပြောနေသည်။

ကျနော်သည် သူ့ပခုံးကို ကိုင်လှုပ်ရင်း ရယ်နေမိသည်။ ကျနော် ရွတ်ပြသည့် ကဗျာကိုလည်း သူသည် နားလည်မည်မဟုတ်။

"ကဲ ... မင်းပြောချင်တာ ပြောစမ်းပါ"

သူသည် တခုခုကို လေးလေးနက်နက် တွေးနေပြန်သည်။ အတော်ကြာအောင် သူသည် ငြိမ်သက် တိတ်ဆိတ်နေ၏။ သူ့အသက်ရှူရှိုက်သံကိုသာ ကြားနေရ၏။ မိုးဖွဲ မိုးမှုန်ကလေးများ ကျလာသည့်တိုင်အောင် သူသည် မလှုပ်ရှားပေ။

နေရောင်ခြည်များ ပျောက်ကွယ်သွားကာ မိုးသည် ညို့လာ၏။ မိုးမှုန်ကလေး များသည် ခဏမျှသာ ကျနော်တို့အပေါ်မှ ရုပ်တိုက် ပြေးသွားကြ၏။ သူ့ နဖူးပြင် ပေါ်တွင် မိုးစက်ကလေးများ တစက်နှစ်စက် တင်သွားလေသည်။

အတန်ကြာမှ သူသည် ကျနော့် မျက်လုံးအိမ်ထဲသို့ တခုတခုကို နက်နက်ရှိုင်းရှိုင်း ရှာဖွေသလို စိုက်ကြည့်နေပြန်သည်။

သူက …

"သူများတို့ အိမ်ထောင်ကျပြီး မတော်တဆ သူများသေသွားရင် သူ နောက်မိန်းမ မယူရဘူးနော်၊ မနေပါဘူး၊ သူ ယူမယ့် လူကြီးပါ၊ နောက်မိန်းမယူရင် သူများ ဟိုဘဝကနေ ပြုစားမှာဘဲ"

လေးလေးပင်ပင်ကြီး ပြောနေသည်။

ကျနော်လည်း မရယ်နိုင်တော့ပေ။

ကျနော်သည် သူ့လက်ကို ခပ်ဖွဖွ ဆုပ်ကိုင်ထားနေမိသည်။

"မင်းသေရင် ကိုယ်လဲ လိုက်သေမှာဘဲ ထင်တယ်၊ အခု မင်းပြောသွားတဲ့ စကားတွေကြောင့် ရင်ကွဲနာနဲ့ သေမယ်ထင်တယ်၊ လွမ်းကြင်ငှက်တွေလိုပေါ့၊ တကောင်သေရင် ကျန်တဲ့တကောင်ပါ လိုက်သေမှာလေ …"

ကျနော်သည် သူ့ကို အငြိမ့်သမကလေးတယောက်နှင့် သူ့ချစ်သူအကြောင်းကို ပုံပြင်ကလေးတခုလို ပြောနေမိသည်။ သူတို့နှစ်ဦးမှာ တူဝရီးဝမ်းကွဲလည်း တော်သည်။ တနေ့တွင် ဇာတ်ကပြီး အပြန်၌ ကားမှောက်သဖြင့် အငြိမ့်သမကလေးမှာ ဆေးရုံပေါ်၌ သူ့တူ ချစ်သူ၏ ရင်ခွင်ထဲ၌ ကွယ်လွန်သွားခဲ့သည်။ သူ့ချစ်သူသည် အလောင်းကို ပွေ့ပိုက်ထားရင်း တက်ချက်သွားရာမှ သတိပြန်လည်မလာဘဲ သေသွားခဲ့သည်။

"မင်းများ သေရင် ကိုလဲ အဲဒီလို ဖြစ်မှာဘဲ ထင်တယ်"

ကျနော်သည် လေးနက်စွာ ခံစားကာ ပြောနေမိသည်။

ဤအကြောင်းမျိုး တွေးရသည်မှာ စိတ်ချမ်းသာဖွယ်ရာ မဟုတ်သော်လည်း အကယ်၍ သူသည် ကျနော့် ရင်ခွင်ထဲတွင် ထိုသို့ သေဆုံးနေခဲ့လျှင် ကျနော်ပါ လိုက်ပြီး သေသွားနိုင်သည်ဟု ထင်နေမိပြန်သည်။

ကျနော်သည် သူ့ကို ပွေ့ညှစ်ထားမိ၏။

"သူ … အဲဒီလိုတော့ လိုက်မသေရဘူး၊ သူများ သေပြီးရင် သူများက လူ့ဝမ်းထဲ ပြန်ဝင်စားမှာ၊ သူများ အပျိုပြန်ဖြစ်လာရင် သူနဲ့ ပြန်ယူမှာပေါ့၊ အဲဒီအချိန်ထိအောင် သူ စောင့်နေရမယ်နော် …"

သူသည် ကျနော့် ပေါင်ပေါ်တွင် လှဲအိပ်ရင်း ပြုံးနေ၏။

ကျနော်သည်လည်း ဆရာကြီးရွှေဥဒေါင်း၏ 'ရူပနန္ဒီ' မှ ချစ်သူကို နှစ်ပေါင်း နှစ်ထောင်ကျော်ကျော် စောင့်နေရရှာသည့် ရူပနန္ဒီမင်းသမီးကြီး၏ ရုပ်ပုံလွှာကို မြင်တွေးနေမိပြန်သည်။ မသေမပျောက် နေနိုင်လျှင် ချစ်သူကို ပြန်၍တွေ့ဆုံရန် နှစ်ပေါင်း နှစ်ထောင် စောင့်နေနိုင်သည်ဟု တွေးမိသည်။

"ကိုက နှစ်ပေါင်း နှစ်ထောင်တိတိ စောင့်နေမယ်"

သူသည် ပြုံးလျက် မော့ကြည့်နေရင်း ခေါင်းခါယမ်းနေသည်။

"များပါတယ်၊ အဲဒီလောက်ကြီး မလိုပါဘူး၊ ဆယ့်ခုနစ်နှစ်ထဲ စောင့်ပါ၊ အဲဒီ လောက်ဆိုရင် သူများ အပျို ပြန်ဖြစ်လာမှာဘဲ"

ကျနော်သည် သူ့နဖူးကို ညင်သာစွာ နမ်းနေမိ၏။

ထိုညနေက သူ့နံဘေး၌ ကျနော်သည် ယှဉ်အိပ်ခဲ့၏။

နှစ်ယောက်စလုံး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားကြသည်။

နေဝင်စ၌ ရုတ်တရက် မိုးကြီး ရွာချလိုက်သော အခါတွင်မှ နှစ်ယောက်စလုံး အိပ်ရာမှ လန့်နိုးလာကြ၏။ မိုးရွာကြီးထဲ၌ ရုတ်တရက် မထသေးဘဲ သူ့ကို အတင်း ပွေ့ထားရင်း နှစ်ယောက်စလုံး နှစ်နှစ်ခြိုက်ခြိုက် လွတ်လပ်စွာ ရယ်မောခဲ့ကြသည်။

ထိုညက ... လေးအိမ် ကံထရိုက်တာ သိန်းအောင် စီစဉ်ပေးသည့် ရွာ့ မြောက်ဖျားရှိ သီးသန့် အိမ်တလုံးပေါ်တွင် သူနှင့်ကျနော်ကား လွတ်လပ်စွာ အိပ်ခဲ့ကြ၏။ မကြာမီ ရက်ပိုင်းအတွင်း၌ လက်ထပ်ယူကြမည် ဖြစ်သဖြင့် နှစ်ယောက်စလုံး ပျော်ရွှင်မိကြသည်မှာ မီးခိုးမဆုံး မိုးမဆုံး ဖြစ်ပေသည်။

ထို့ပြင် အတာစန်းကုန်းဘူတာ ကံထရိုက်တာ စီစဉ်ပေးသဖြင့် အတာစန်းကုန်း ရွာတွင် တည အိပ်ခဲ့ကြ၏။

ဆင်သေကန်မှာ တရက်၊ အင်တောကျယ်မှာ တရက်၊ ရွှေပန်းပင်မှာ တရက်၊ ဝွေးကုန်းမှာ တည။

တောင်တွင်းကြီးတွင်လည်း သူနှင့်ကျနော်သည် ရွှေအင်းတောင်စေတီ၌ ပန်း၊ ဆီမီးများ ကပ်လှူရင်း ဆုတောင်းခဲ့ကြ၏။

"ဘဝတိုင်း ဘဝတိုင်း အတူနေရအောင် ဆုတောင်းနော်"

သူသည် ကျနော့်ကို ခပ်တိုးတိုး ပြောခဲ့လေသည်။

တညနေ၌ သူနှင့်ကျနော်သည် ရတနာပွင့်လှကန် ရေလယ်ဘုရားသို့ သွား၍ ဖူးခဲ့ကြသေးသည်။ ဘုရားရင်ပြင်ပေါ်၌ကား အတူယှဉ်၍ ထိုင်ခြင်းမှာ ရိုင်းပျသည်ဟု ယူဆ၏။

ထိုညနေက ကန်ဘောင်ရှိ အုတ်ခုံတခုပေါ်၌ သူနှင့်ကျနော် ယူမည့်နေ့ရက်ကို ကန့်သတ်လာကြ၏။ ထိုအကြောင်းကိုသာ နှစ်ယောက်သား တတွတ်တွတ် ပြောလာ ခဲ့ကြသည်။

သူနှင့်ကျနော်ကား လက်ထပ်ပေါင်းသင်းရန်မှတပါး အခြား မဖြစ်နိုင်ဟု ယုံကြည်ခဲ့ကြ၏။

ထို့ကြောင့်ပင် သူနှင့်ကျနော် နောက်ဆုံးတညတာ၌ တောင်တွင်းကြီးရှိ မီးရထားအမှုထမ်း ကျနော့်အိမ်ပေါ်တွင် တွေ့ကြသော အခါတွင်လည်း ကျနော်တို့ သည် လွတ်လပ်စွာ ပျော်ရွှင်နေခဲ့ကြ၏။

ထိုညက ကျနော်သည် သူ့ ထန်းလျက်များကို သူ့ဖောက်သည် မသိန်းရှင်ထံ ပို့ပေးအပြီး၌ သူ့ကို တောင်တွင်းကြီး ခေတ်သစ် သြဘာညွှန့် ရုပ်ရှင်ရုံရှေ့၌ သွားဆုံတွေ့သည်။

ကျနော်သည် သူ့ကို ခေါ်လာခဲ့၏။

မင်္ဂလာလမ်းထိပ် ရောက်သောအခါ မိုးသည် ရုတ်တရက် သဲသဲမဲမဲ ရွာချလိုက်သည်။

ကျနော်သည် သူ့ကို မိုးကာအင်္ကျီထဲ ဆွဲသွင်းလိုက်သည်။

မင်္ဂလာလမ်းမှာ ဓာတ်မီးတိုင်များ အလှမ်းဝေးသည့်အထဲ အချို့ ကျွမ်းနေကြ သဖြင့် မှောင်မည်းနေသည်။ မန်ကျည်းပင် အရိပ်များကြောင့် ပို၍ မှောင်နေခဲ့၏။ ကျနော်သည် မိုးရွာကြီးထဲတွင် သူ့ကို မိုးကာအောက်၌ နမ်းနေရင်း ပျော်နေမိပြန် သည်။

" ဒီလမ်းက ဖြတ်လမ်းလေ ညိုညိုရဲ့၊ ဘူတာရုံသွားတဲ့ ဖြတ်လမ်း၊ ပြီးတော့ ချစ်ဗိမာန် ဆောက်ချင်ရင် သိပ်မြန်တဲ့ ဖြတ်လမ်း၊ မှောင်လိုက်တာ မဲလို့၊ ဘယ်သူမှ မမြင်ရဘူး မှတ်လား"

သူ့ကိုယ်လုံး သေးသေးကလေးမှာ ကျနော့်ရင်ခွင်ထဲ၌ ပျောက်ကွယ်ခမန်း ဖြစ်နေသည်။ သူသည် ကျနော့်ဗိုက်ကို လိန်ဆွဲလိုက်၏။

"သူ ဒီလမ်းကစောင့်ပြီး ဘယ်နှစ်ယောက်ကို ဒီလို လုပ်ဖူးသလဲ မသိဘူး၊ သူများ မလိုက်ချင်တော့ဘူး"

မိုးသံများကြား၌ ကျနော်သည် အော်၍ ရယ်နေမိ၏။

"မင်း မလိုက်ချင်တာ ကို့ အိမ်ပေါ်ရောက်မှ ပြောကွယ်"

အိမ်သို့ရောက်သောအခါ သူ့တကိုယ်လုံးမှာ ရွှဲနစ်နေသည်။

သူ့အတွက် အဝတ်လဲစရာလည်း မရှိတော့ပေ။ ကျနော့် ပုဆိုးများမှာလည်း ပင်းမင်းဆိုင် ရောက်နေကြ၏။ နောက်ဆုံး၌ သူသည် ကျနော့် ဘောင်းဘီကိုသာ ဝတ်ရလေသည်။ သူ အဝတ်လဲနေစဉ်၌ သူ ရှက်နေသဖြင့် ကျနော် မျက်နှာလွှဲထားရ၏။ ကျနော်သည် သူ့ကို ကျောပေးကာ ဘီရိုထဲမှ အရက်ပုလင်းကို ဆွဲယူနေ၏။

သူသည် ဘောင်းဘီကြီး ပွရောင်းရောင်းကိုလဲပြီး တခစ်ခစ် ရယ်ရင်း ကျနော် ရှိရာသို့ လျှောက်လာသည်။

ကျနော့်ရှေ့၌ သူသည် ဟန်ပါပါ ခါးထောက်ရပ်လိုက်၏။

မိုးကြီး သည်းထန်စွာ ရွာနေသဖြင့် သူနှင့်ကျနော်သည် လွတ်လပ်စွာ ရယ်လိုက်မိကြပြန်သည်။ ထိုအခါတွင်ကား ... ကျနော့် အိမ်ကလေးပေါ်ရှိ အရာဝတ္ထု အပေါင်းမှာ ပို၍ လှပလာကြသည်ဟု ထင်ရ၏။ သူနှင့် ကျနော် အိပ်ရန် ဝယ်ထားခဲ့သည့် လူတယောက်မျှ မအိပ်ဖူးသေးသော ကုတင်မှ ပေါ်လစ်ရောင်သည်လည်း ပို၍ တောက်ပလာသည် ထင်ရသည်။

သူက ...

"သူ အရက်သောက်သလား၊ သူများနဲ့နေရင် မသောက်ရဘူးနော်"

ဟု ပြောနေပြန်သည်။

"နဲနဲကျဉ်းကျဉ်းပါ ညီညီရယ်၊ မင်းနဲ့ရရင် မသောက်တော့ပါဘူး"

သူသည် ဖျတ်ကနဲ ပုလင်းကို ဆွဲလုလိုက်သည်။

" ဒါဖြင့် မသောက်တော့နဲ့လေ ...၊ အခု သူများနဲ့ ညားနေဘီ မှတ်လား"

သူ အရောက်ပုလင်းကို ဘီရိုထဲ ပြန်ထည့်အပြီးတွင် ကျနော်သည် သူ့ကို ဖွေကနဲ ပွေ့ယူလိုက်ပြီး သူ့ကို အရုပ်ကလေးတခုကို ပစ်တင်လိုက်သလို ကုတင်ပေါ်ပစ်တင်လိုက်၏။ သူသည် ကုတင်ပေါ်ရှိ ဖုံမွေ့ရာပေါ်၌ လိမ့်သွားစဉ်တွင် ခလေး ကလေး ဆော့ကစားပြီး ရယ်သလို တခစ်ခစ် သိမ့်သိမ့်ခါအောင် ရယ်နေပြန်သည်။

"ဟောဟို ဘီရိုအသေးကလေးက မင်းအဝတ်အစားတွေ ထည့်ဖို့၊ ဟိုမှန်တင်ခုံ က မင်းအလှပြင်ဖို့၊ ဟောဒီ ခုတင်က ဒို့နှစ်ယောက် အတူအိပ်ဖို့၊ ကဲ ... အခု အစမ်း အိပ်ကြည့်ရအောင်လေ"

သူသည် ကျနော့်ရင်အုံကို တဒိုင်း ဒိုင်း ထုနေ၏။

"စကား အကောင်းပြောစမ်းပါ"

သူသည် ကျနော့်ရင်ခွင်ထဲမှ လူးလဲရုန်းကန် နေပြန်သည်။

"မင်း အရက်မသောက်နဲ့ဆိုလို့ ကို မသောက်တော့ဘူးနော်၊ မင်းလဲ ကို့စကား နားထောင်ရမယ်နော်၊ ဟုတ်လား၊ ဒါဖြင့် မင်း မှောင်ခိုကုန် မကူးရတော့ဘူး"

"ဘာပြုလို့"

"အခု မင်းနဲ့ ကိုယ်နဲ့ အိမ်ထောင်ကျနေပြီလေ ..."

ပထမ၌ သူသည် နှစ်နှစ်ခြိုက်ခြိုက် ပြုံးနေသည်။

ခဏမျှအကြာ၌ သူသည် ပြုံးနေစဉ်၌ပင် တခုခုကို နက်ရှိုင်းစွာ တွေးလိုက်မိ သလို တည်ငြိမ်သွားပြန်သည်။

အစောပိုင်းက ရယ်သံများ လွှမ်းမိုးနေခဲ့သည့် စက္ကန့်ပိုင်း အချိန်တိုကလေးမှာ ယခု မရှိတော့ပေ။

ကျနော်သည် မျက်ရည်များ ဝိုင်းလာနေသည့် သူ့မျက်လုံးအိမ်ကို ငေးကြည့်နေ မိ၏။

သူသည် နှုတ်ခမ်းကို ဆတ်ကနဲ ကိုက်လိုက်ပြန်သည်။

"သူများ မှောင်ခိုကုန်ကူးနေရတာ သိပ်ပျော်လို့ လုပ်နေတာလို့ သူ ထင်နေသ လားဟင် ..."

သူက ခပ်တိုးတိုး ပြောနေသည်။

"ဂျပန်ခေတ်က ဂျပန်ကို မာစတာ ခေါ်နေကြရတဲ့ မိန်းခလေးတွေဟာ ခေါ်ချင်လွန်းလို့ ခေါ်ကြရတယ် ထင်သလားဟင် ...၊ အဲဒီ မိန်းခလေးတွေ ဘာဖြစ် ကျန်ခဲ့သလဲ ...

"အခုလဲ သူများ မှောင်ခိုကုန်ကူးလို့ သူ့မယား ဖြစ်လာရတာလို့ ပြောစရာ ဖြစ်နေတယ် မှတ်လား၊ မိန်းမဆိုတာ ဘယ်မိန်းမဖြစ်ဖြစ် သူတို့ကို သူတို့ တန်ဖိုးထား ချင်ကြတာဘဲ ...

"ဖာ ဖြစ်တာတောင်မှ ငါးကျပ် တဆယ်"

ကျနော်သည် သူ့ပါးစပ်ကို ပိတ်ထားလိုက်၏။

"တော်တော့ကွယ် ... တော်ပါတော့"

ကျနော်တို့သည် တဦးကိုတဦး စိတ်ထိခိုက်စွာဖြင့် ကြည့်နေမိကြသည်။ သူသည် ပါးစပ်ကိုဖွင့်ပြီး အသက်ရှူနေသည်။ သူ့ မျက်လုံးအိမ်မှ မျက်ရည်များသည် တလိမ့်လိမ့် ကြွေကျလာနေကြ၏။

ကျနော်သည် သူ့ပါးပေါ်မှ မျက်ရည်များကို ကျနော့်ပါးဖြင့် ပွတ်တိုက်နေမိပြန် သည်။

" ဒါတွေ မပြောနဲ့ ညိုညိုရယ်၊ မင်းကို ကို ဘယ်လောက်ချစ်တယ် ဘယ်လောက်ချစ်တယ်ဆိုတာ မင်း သိပါတယ်၊ ကို့ကို နှိပ်စက်နေသလိုဘဲ"
ထိုညက အတော်ကြာမှ ကျနော်တို့သည် ထိုစကားများကို မေ့ပစ်နိုင်ကြ၏။

သူ့ကို တောင်းရမ်းယူရန်အတွက် ကျနော့်အမေကို မှာထားရာ အမေရောက်လာ မည့်ရက်ကို ကျနော်တို့သည် ပျော်ရွှင်ကြည်နူးစွာဖြင့် လက်ချိုးရေတွက်နေမိကြပြန် သည်။ ရွှေလ ဆန်းလျှင် အမေလည်း ရောက်အလာ ... ကျနော့်ခရီးစရိတ် သုံးလစာ လည်း ပါအလာနှင့် အံကိုက်နေသည်။ ရွှေလဆန်း၌ ငွေစုငွေချေး အသင်းမှ ကျနော် ရစရာရှိသည့် ငွေများလည်းရမည်။

ကုတင်ပေါ်၌ ကျနော်တို့သည် မျက်နှာချင်းဆိုင် အိပ်နေကြရင်း ပြောစရာ စကားများ မဆုံးနိုင် ဖြစ်နေကြပြန်သည်။

"ခလေး ဘယ်နှစ်ယောက် မွေးပေးမလဲ"

ကျနော်သည် မေးနေခဲ့၏။

သူက လက်ဆယ်ချောင်း ထောင်ပြရင်း ပြုံးနေပြန်သည်။

"ခလေးတွေကို မင်းက ရိုက်မှာဘဲ၊ အဲတော့ ကိုက ရှေ့က ဆီးကာရင် မင်း ကို့ကိုပါ သိမ်းရိုက်မယ့် မိန်းမပါ၊ ပီးတော့မှ ခလေးတွေ ရိုက်ပီးမှ မင်းပါ ရောငိုမှာ မှတ်လား၊ ကဲ ... မင်းမှာ ဗိုက်ကြီး တခွဲသားနဲ့ ဖြစ်နေရော ...၊ ဒီလို ညအိပ်ရာထဲမှာ မင်းက ပက်လက်အိပ်နေရော၊ အထဲက အကောင်ကို ဒို့နှစ်ယောက် စောင့်ကြည့်နေတာ ပေါ့၊ အဲဒီအကောင်က ခြေကားယား လက်ကားယား လှုပ်နေရင် ဒို့က အပြင်က လှမ်းဖမ်းထားမယ်၊ ဒီကောင် အထဲမှာ အတင်းရုန်းနေမှာနော်"

သူသည် ကျနော့်ကို လိန်ဆွဲနေ၏။

"ရှက်စရာတွေ တော်စမ်း"ဟု ငေါက်နေ၏။

ကျနော်ကား သူ ကိုယ်ဝန်ကြီး တခွဲသားနှင့် ဖြစ်နေလျှင် သူ့ကို လက်တွဲကာ ဂဏ်ယူဝါကြွားစွာ ညနေတိုင်း လမ်းလျှောက်ရင်း ကျနော့်စိတ်၌ ကြည်နူးနေမည်ကို ကြိုတင် တွေးနေမိပြန်သည်။ ထိုအခါတွင်ကား သူ့ကို ကျနော်ချစ်သည့် မေတ္တာမှာ ယခုထက် အဆများစွာ ပို၍ စင်ကြယ် ကြည်လင်နေမည်ကို တွေးသိနေသည်။

သူက သူနှင့် မတည့်သည့် အစားအစာကို ချဉ်ခြင်းတပ်ပြီး မျက်ရည်တဝဲဝဲဖြင့် တတွတ်တွတ် တောင်းနေလျှင် ကျနော်ကား မပေးမိရန် မနည်းထိန်းချုပ်ရပေမည်။

မိုးသည် ထိုညကို အမှတ်တရဖြစ်ရန် တသဲသဲ ရွာနေခဲ့သည်။ လေးနာရီ၌ သူသည် တုန်းမောင်းခေါက်သံကို နားထောင်ပြီး သက်ပြင်းချနေပြန်သည်။

"နာရီတွေကလဲ မြန်လိုက်တာနော်"

သူသည် ညည်းညူနေသည်။

သူသည် ကျနော့်ကို အိပ်ပျော်နေသည်ထင်ပြီး နှိုးသည်။ အိမ်တခုလုံး သေသေ သပ်သပ် ဖြစ်စေရန် သိမ်းဆီးသည်။ အဝတ်များကိုလဲပြီး မျက်နှာကို သနပ်ခါးမှုန့်များ လူးပြီး ကုတင်အနား လျှောက်လာကာ ရပ်ပြန်သည်။

" ဒီနေ့ တနင်္ဂနွေနေ့ ... ကို့နားရက်၊ မင်း မပြန်ပါနဲ့လား၊ မင်း ဒီမှာရောက်နေ တာ ဘယ်သူမှလဲ သိတာမဟုတ်ပါဘူး"

ကျနော်သည် သူ့လက်ကလေးကို ဆွဲကိုင်ထားသည်။

"အမေ နေမကောင်းလို့ ဆေးလုံးက မနက်ရောက်မှ ဖြစ်မှာမို့ပါ၊ သူများလဲ ဒီက မပြန်ချင်တော့ပါဘူးကွယ်"

ရှေ့လမဆန်းမီ ရက်များ၌ကား သူသည် မှောင်ခိုအလုပ်ကို ရက်အနည်းငယ်မျှ လုပ်နေရပေမည်။ ထိုရက်များအတွင်း၌ ထွန်းမောင် မပါမည့် ရက်များကို ကျနော်သည် သူ့ကို တွက်ပြနေမိ၏။ ထွန်းမောင်ကား အိမ်သာထဲမှ သတိရလာကာ ဆေးရုံတက်ပြီး ဆေးရုံမှ ဆင်းလာခဲ့သည်မှာ ရက်ပိုင်းမျှသာ ရှိသေးသည်။

## (၁၆)

### နောက်ဆုံးနေ့မှ နောက်ဆုံးမိနစ်များ

ထိုနေ့မှာ သူ ထန်းလျက်များ ပြန်တင်လာခဲ့သည့်နေ့ ဖြစ်သည်။

ထိုနေ့တနေ့လုံး သူသည် ကျနော့်ကို သူ့အနားတွင် သူထိုင်သည့် ခုံပေါ်၌သာ ရှိစေချင်သည်။ တလက်မမျှ ဝေးသည်ကိုပင် သူမနှစ်သက်။ လူကြားထဲတွင် ဖြစ်သောကြောင့် ဣန္ဒြေကြီးနှင့် နေရသည်ကို သူသည် အကျဉ်းထောင်၌ အချုပ်အနှောင်ကျနေသလို ခံစားနေရပြန်သည်။

"သူ ဒီမှာဘဲ ထိုင်နေပါ၊ ဘယ်မှ မသွားပါနဲ့၊ ဘယ်သူနဲ့မှလဲ စကားမပြောပါနဲ့၊ သူ ထထသွားရင် လိုက်လိုက်ကြည့်ရတာ၊ သူများကို ဆေးခပ် ထားတယ်ထင်တယ်"

သူသည် ထိုစကားများကို ခပ်တိုးတိုး ပြောလာခဲ့သည်။

"သူများတို့ အတူတူ နေရတော့မှာနော် ... ဘယ်နှစ်ရက် ကျန်သေးလဲ၊ ဆယ်ရက်ကြီးတောင်မှလား၊ အကြာကြီးဘဲ၊ ဒီကြားထဲ ဒီလိုဘဲ ဣန္ဒြေကြီးနဲ့ နေရမှာနော်၊ စိတ်ညစ်စရာကြီး"

ထိုနေ့မှာ သူ့တသက်၌ အလှဆုံးနေ့ ဖြစ်နေသည်။ ညနေပိုင်း၌ ရထားပြတင်းဝ တွင် ထိုင်နေစဉ် ဆည်းဆာနေခြည်ကြောင့် သူ့မျက်နှာမှာ ရွှန်းမြနေပြန်သည်။ ထိုနေ့က သူသည် သူနှင့် အလိုက်ဖက်ဆုံး အနီပေါ်မှ အညိုပြောက်နှင့် အင်္ကျီကလေး ကို ဝတ်လာခဲ့သည်။ သူ့ခေါင်းပေါ်၌ ဒေါ်နပန်းခက်များ ဝေနေခဲ့သည်။ ကျနော့်ကို ကြည့်သည့် သူ့မျက်လုံးကြီးများမှာ ချစ်ရည်ရွှဲနေသည်။ သူ့ ရယ်လိုက်သံကလေးများ မှာ ရွှင်မြူးနေသည့် သူ့နှလုံးသား အတွင်းမှ ဖြတ်သန်းလာခဲ့သဖြင့် ချွင်ချွင် မြည်အောင် သာယာနေသည်။ ပြတင်းဝမှ လေများ တိုးဝှေ့သဖြင့် သူ့နဖူးပြင်ထက်၌ ဆံယဉ်စကလေးများ ဝဲနေသည်အထိ ကျနော်သည် အသေးစိတ် မှတ်မိနေသည်။

" ဒို့ဟာ လင်မယားနော် ..."

ကျနော်သည် သူ့ဖက်သို့ တိမ်းငဲ့ပြီး ပြောလာခဲ့သည်။

"ဟုတ်လဲ ဟုတ်ဘဲနဲ့"

သူပြောလိုက်သံမှာ ကျနော့် နှလုံးသားပြင်ပေါ်တွင် စီးဆင်းသွားသည် ထင်ခဲ့သည်။

ဆဒ္ဒံချောင်းကို လွန်လာပြီး၊ သူ ထန်းလျက်တောင်းကို သိမ်းပြီး၊ ရထား တွဲပေါက်ဝ၌ အသင့်ရပ်နေချိန်တွင်လည်း ကျနော် သူ့အနား၌ ရပ်နေခဲ့သည်။

မီးရောင်လဲ့လဲ့အောက်၌ ကျနော်သည် သူ့လက်ကလေးကို ဖမ်းဆုပ်ထားသည်။ သူသည်လည်း သူ့ကိုယ်ကို ကျနော့်ဖက်သို့ တိုးကပ်ပေး နေသည်။

ဤမိနစ်များမှာ နောက်ဆုံးမိနစ်များ ဖြစ်သည်ကို မည်သူသည် ကြို၍ သိမြင်နိုင်ပါမည်နည်း။

ဤအခိုက်၌မူ သူ့ကို ကျနော်မည်မျှ နက်ရှိုင်းလွန်းစွာ ချစ်နေမိသည်ကို ကျနော်သည် သိနေမိခဲ့သည်။

" ဒီနေ့ မိုးမရွာဘူးနော်၊ ကြယ်ကလေးတွေ ပေါက်နေတယ်၊ အမေ နေမကောင်းလို့ထင်တယ်၊ သူများ စိတ်ထဲမှာ လေး ... တေးတေးကြီး ဖြစ်နေတယ်"

"စိတ်လေးတာတွေ ဖယ်ထားစမ်းပါ၊ ကို့ဆီ လာခဲ့စမ်းပါ၊ ကဲကွယ် ... ကို့ ကို ပြောစမ်းပါ၊ လာခဲ့မယ်လို့ ပြောစမ်းပါ၊ စိတ်အေးရအောင်လို့"

ထိုအခါတွင်ကား ရထားသည် တောင်တွင်းကြီးမြို့ ဆင်ခြေဖုံးသို့ ဝင်လာခဲ့ပြီ ဖြစ်သဖြင့် ကျနော်သည် သူ့ကို ဖြေလွှတ်လိုက်ပြီး ပခုံးလှုပ်ကာ မရမက ပြောလာခဲ့ သည်။

နောက်ဆုံး၌ သူသည် ...

"သူကလဲကွယ် လာခဲ့ပါမယ်ဆို"

ဟု ညည်းသံဖြင့် ပြောလေသည်။

ဘူတာနား နီးလာသဖြင့် သူ သတိပေးသောကြောင့် ကျနော်သည် သူ့အနားမှ ခွာလာခဲ့သည်။ သူက "ထွန်းမောင်ကြီး ရှိရင်တော့ ဒုက္ခဘဲ" ဟု ညည်းနေခဲ့သည်။

အမှန်၌ ထိုနေ့မှာ ထွန်းမောင်တို့အဖွဲ့ ပျဉ်းမနားသို့ လိုက်ရမည့်နေ့ ဖြစ်သဖြင့် ထွန်းမောင်ရှိနေမည်ကို မစိုးရိမ်ရပေ။

သို့သော် ထွန်းမောင်ကား ညိုညို့အပေါ်၌ အခဲကျေနိုင်သူ မဟုတ်။

ထို့ကြောင့် သူသည် ညိုညို့ကို ဖမ်းဆီးရန်အတွက် ဘူတာစောင့် တာဝန်ကျ ရဲတပ်ဦးနှင့် တာဝန်လဲလှယ်လိုက်သည်။

ရထားရပ်ချိန်တွင် ကျနော်သည် ဂါတ်တွဲသို့ ကူးပြောင်းပြီး ဂါတ်တွဲပေါ်မှ စာအုပ်များကို ယူလာခဲ့သည်။

ထိုအချိန်တွင်ပင် ဓာတ်မီးတလက်ဖြင့် ညိုညို့ကိုရှာနေသော ထွန်းမောင်ကို ကျနော် လှမ်းမြင်ရလေသည်။

ထွန်းမောင်သည် တဝေါဝေါ ဆင်းနေကြသည့် ခရီးသည်များကို ရှောင်ရှားပြီး ညိုညိုစီးလာခဲ့သည့် တွဲတည့်တည့်သို့ လျှောက်သွားသည်။ သူသည် ဓာတ်မီးဖြင့် လှမ်းထိုးကြည့်ပြီး ညိုညို့ကိုမြင်သဖြင့် ထိုတွဲဖက်သို့ သုတ်သုတ်လျှောက်သွားသည်။

ကျနော်သည်လည်း ထွန်းမောင်နောက်မှ ပြေးလိုက်သွားသည်။

ထိုအချိန်၌ ကျနော်တို့ရထားသည် နံပတ်၁-လမ်း၌ ရပ်နေ၏။

နံပတ် ၂-လမ်းမှာ ပျဉ်းမနားမှ ဆိုက်လာမည့် လော်ကယ်ရထားအတွက် ဖြစ်သည်။

နံပတ် ၃-လမ်းတွင် ကုန်ရထားတစင်း ရှန်တိန်လုပ်နေသည်။

နံပတ် ၂-လမ်းမှာ မှောင်ရိပ်ကျနေသည်။

နံပတ် ၃-လမ်းတဖက် ကုန်ရုံဖက်မှ မီးရောင်ကို ကုန်ရထားဖြင့် ကွယ်ထား သည်။

ပလက်ဖောင်းပေါ်မှ မီးရောင်များကို လူစီးရထားဖြင့် ကွယ်ထားပြီးသား ဖြစ်နေသည်။

ထွန်းမောင်၏ လက်နှိပ်ဓာတ်မီး အရောင်သည် ညိုညို ထန်းလျက်တောင်း ရွက်ပြီး ကြောက်ရွံ့လှစွာဖြင့် မွှန်ထူစွာ သနားစဖွယ် ပြေးနေရှာသည့် မှောင်ရိပ်ကျသော နံပတ် ၂-လမ်း အပေါ်၌ တကောက်ကောက် လိုက်ပြေးသည်။

"မပြေးနဲ့ဟေ့" ဟု ထွန်းမောင်က လှမ်းအော်သည်။

ဤအချိန်၌မှာကား လူ လူချင်း အမဲလိုက်နေသောအခါ ဖြစ်၏။

ညိုညို့အသိဉာဏ်၌ ရန်သူ့လက်မှ လွတ်မြောက်အောင်ပြေးရန် ဇောတခုမျှသာ ရှိသည်။ သူသည် ဘာမျှ မြင်နိုင်မည်မဟုတ်။ ဘာမျှ တွေးနိုင်မည်မဟုတ်။ သူ၏ စဉ်းစားချိန်ဆနိုင်သည့် ဦးနှောက်များအပေါ်၌ ကြောက်သွေးများ လွှမ်းနေသည်။

ဤ ကြေကွဲဆုတ်နစ်ဖွယ်ရာ အဖြစ်အပျက်တခု ဖြစ်ပျက်နေချိန်မှာ လျှပ်တပျက် မျှသာ ကြာသည်။

ညိုညိုသည် ကြောက်ဇောလွှမ်းနေရှာသဖြင့် နံပတ် ၃–လမ်း၌ ရှန်တိန်လုပ်ရင်း အပြေးခုတ်လာသည့် ရထားကို မမြင်။ ရထား၏ တအူအူ အော်ဟစ်လာသော သတိပေးသံကိုလည်း မကြားနိုင်။ သူသည် သေမင်းရှိရာသို့ ... ထိုနေရာသာလျှင် သူ့အတွက် အကောင်းဆုံး ဖြစ်တော့ သည်ဟု ဆုံးဖြတ်ထားသလို ပြေးဝင်သွားသည်။

ခေတ်မီးရောင် မီးတန်းအောက်၌ပင် သူ့ကိုယ်မှာ ရထားရှေ့၌ ထွေးလုံးသွား သည်။ ထိုအခါတွင်မှ သူသည် သနားစဖွယ်ရာ လောက လူသား အပေါင်းကို တိုင်တည် လိုက်သလို ... သံကုန် အော်ဟစ်လိုက်သည်။

ထိုစူးစူးဝါးဝါး အသံသည် ရထားခုတ်မောင်းနေသံများအောက်၌ ပျောက်ကွယ် သွားသည်။ ရထား၏ ဘရိတ်ကို အုပ်လိုက်သည့် “ကျွီ” ကနဲ အသံမှာ စူးရှစွာ ပေါ်လာ နေသည်။ ရထားကြီးသည်လည်း တုန်ပြီး ရပ်သွားသည်။

ဤ မမျှော်လင့်နိုင်သော အဖြစ်အပျက်မှာ အိပ်မက်ထက် ပို၍ လျင်မြန်သည်။

“ညိုညိုရေ ... ညိုညို ...”

“ညိုညိုရေ ... ညိုညိုရေ ...”

“ညိုညို ... ညိုညိုရေ ...”

“ညိုညို ... ရေ ... ညိုညို ...”

ကျနော်သည်လည်း မိမိကိုယ်ကို အော်မိ၍ အော်မိမှန်းမသိဘဲ အော်ဟစ်ရင်း မည်သည့်အရာကိုမျှ မမြင်နိုင် ... မည်သည့် ဦးနှောက်ဖြင့်မှ မတွေးမသိနိုင်၊ သူ လဲနေရာဖက်သို့ သတိလက်လွတ် ပြေးနေမိသည်။

အနားသို့ ရောက်လာသည်ကိုပင် သတိမထားနိုင်။

ကျနော်သည် အနား၌ ထိုင်ချလိုက်၏။

ကုန်ရုံဖက်မှလာသော အလင်းရောင်များအောက်တွင် ဤ သနားစဖွယ်ရာ အားကိုးမဲ့ရှာသော၊ အကာအကွယ်မဲ့ရှာသော၊ ရက်စက်မှုအပေါင်း၏ ဒဏ်ကို ခံရရှာသော မိန်းခလေး၏ အသားတစ်များကို ကယောင်ကတမ်းဖြင့် ကောက်ဆက်နေမိသည်။ သူ့လက်မောင်းတဖက်နှင့် ခြေထောက်မှာ အပိုင်းပိုင်းအတစ်တစ် ဖြစ်နေသည်။ အသားတစ်အချို့သည် ရထားကြီး၏ ရက်စက်ယုတ်မာသော သံဘီးအောက်၌ ကပ်ပါသွား၏။ အချို့ အသားတစ်များမှာ ခက်မာသော ကျောက်တုံးများ အပေါ်၌ ပြန့်ကျဲနေ သည်။

သူ့ ထန်းလျက်တောင်းမှာ သွေးအိုင်ထဲ၌ မှောက်လျက် လဲကျနေသည်။

သူ့ အသားတစ်များသည် နီးရာနေရာ၌ တဆတ်ဆတ် တုန်နေသည်။

သူသည် ကယောင်ကတမ်းဖြင့် မျက်လုံးကို ဖွင့်ထား၏။ ဘာမှ မမြင်ရဘဲနှင့် ရက်စက်သော အရာပေါင်းကို စွဲချက်တင် ရှာဖွေကြည့်နေသည်။ နှုတ်ခမ်းများသည် တဆတ်ဆတ် တုန်နေသည်။ သူ့ လက်တဖက်ဖြင့် ခြေထောက် အပြတ်ကြီးကို စမ်းနေ သည်။

ကျနော်သည် သူ့ကို ပွေ့ထားလိုက်၏။ ကျနော့်တကိုယ်လုံး၌ သွေးများ နစ်နေ သည်။ ကျနော်သည် ဘာမျှ မစဉ်းစားနိုင်။ ငေးစင်းနေ၏။ သတိမေ့မျောနေသလို ထုံထိုင်းနေသည်။

လူအများ ဝိုင်းအုံလာကြသည်ကိုလည်း မသိ။

“စခန်းမှူး လာတယ် စခန်းမှူး လာတယ်”ဟု ပြောသံကိုလည်း မကြား။

“သေမှာပါ”

“ ဘယ်က မိန်းကလေးလဲ”

“မှောင်ခိုသမလေးလား”

“သနားစရာ ကောင်းလိုက်တာ”

“ ဒုက္ခပါဘဲ ”

"သေမှာပါ"

ထိုစကားသံများကို တလုံးမှ မကြား။

ဤစကားသံများမှာ ရောထွေးသွားနေကြ၏။

"သူ့ကို ... သူ့ကို ... ဆေးရုံ ... ဆေးရုံ ပို့ပါ"

ကျနော်သည် သတိပြန်ရလာပြီး ကုန်းအော်နေမိ၏။

ညိုညိုသည် ဘာမျှ မမြင်ရဘဲနှင့် ကျနော့်ကို စိုက်ကြည့်နေသည်။

သူ့ကို ဆေးကု၍ ရမည်ဟု ကျနော်သည် ယုံကြည်နေပြန်သည်။ သူသည် အသက်ငယ်လှသဖြင့် ကျနော် ကောက်ဆက်ပေးသည့် အသားများ ဆက်သွားလိမ့်မည်ဟု ထင်နေမိပြန်သည်။ ကျနော်သည် ဘာပြောမိမှန်း မသိဘဲ ပြောနေမိပြန်သည်။

"သူ့ကို ကယ်ကြပါဗျာ ... မကယ်နိုင်တော့ဘူးလား ... ဘယ်သူမှ မကယ်နိုင် ဘူးလား၊ ခင်ဗျားတို့ ဘာလုပ်နေကြတာလဲ၊ လူတွေ ဘာလုပ်နေကြတာလဲ၊ ဘယ်သူမှ ဘာမှ မလုပ်နိုင်ကြတော့ဘူးလားဗျာ၊ ဒီအတိုင်း နေကြတော့မှာဘဲလား ..."

ထိုစကားများကို ပြောမိမှန်း မသိဘဲ ပြောနေမိ၏။

"ဖုံး ဆက်ထားတယ်၊ ဆရာဝန် လာလိမ့်မယ်"

တစုံတဦးက ပြောနေသည်။

"ဆရာဝန်ကြီး မလာသေးဘူးလား"

" ..................................."

"ဆရာဝန်ကြီး မလာသေးဘူးလား"

"ဆရာဝန်ကြီး ကိုယ်တိုင်လာမယ်ပြောတယ်၊ ထမ်းစင်ပါ ယူလာလိမ့်မယ်ဆရာ" ဟု ဂျမဒါတယောက်က ပြေးလာပြီး ပြောသည်။

သူ့ကို မသေနိုင်ဘူးဟု ကျနော်သည် စွဲလန်းယုံကြည်နေ၏။

ထိုစွဲလန်းယုံကြည်စိတ်မှာ ဦးနှောက်က ပေါ်လာသည်ကား မဟုတ်။

ဆရာဝန်ကြီး အရောက် နောက်ကျသဖြင့် ကျနော့်စိတ်၌ အားမလို အားမရ ဖြစ် လာနေသည်။ စက္ကန့်တိုင်း စက္ကန့်တိုင်း၌ သူ့ကိုယ်တွင်းမှ သွေးစက်များစွာ သွန်ကျ နေသည်။ သူကား သေမင်းနိုင်ငံသို့ တရွေ့ရွေ့ ချဉ်းကပ်နေရပေပြီ။

"အခုချက်ချင်း ဆေးရုံကို ယူသွားလို့မရဘူးလားဗျာ၊ ဟိုက လာအောင် စောင့် နေရမှာတဲ့လား၊ ဒီကြားထဲ သွေးလွန်ကုန်ရောပေါ့ဗျာ"

ကျနော်သည် ပုံပြင်ထဲမှ ဆရာဇီဝက ချောင်းရေကိုပင် တန့်ရပ်စေနိုင်သည့် ဆေးများကို သတိရနေပြန်သည်။

အတန်ကြာမှ ...

"ဆရာဝန်ကြီးလာပြီ" အသံများ ဆူညံလာသည်။

လူအများသည် ရုတ်ရုတ်သဲသဲ ဖြစ်လာကြ၏။

ဆရာဝန်ကို လမ်းဖယ်ပေးကြသည်။

ဆရာဝန်၏ လူကြားထဲမှ ဖေါက်ဝင်လာနေပုံမှာ ဂိုက်ပေးလွန်းနေသည်၊ နှေးကွေးလွန်းနေသည် ထင်မိပြန်သည်။

ဆရာဝန်သည် ရပ်ကြည့်ရှုံမှုသာ ကြည့်၏။ ဆရာဝန်ကို ကျနော်သည် တည့်တည့် မကြည့်ဝံ့။ သို့သော် သူ ခေါင်းယမ်းနေသည်ကိုကား မြင်နေရသည်။

“ခင်ဗျား သေတမ်းစစ်ချက် ယူဖို့ဘဲ ရတော့မယ်”

ဆရာဝန်က အေးစက်သော အသံဖြင့် ရဲဌာန စခန်းမှူးကို ပြောနေသည်။

ထိုအသံများမှာ ကျနော့် စွဲလမ်းယုံကြည်ချက်နှင့် ဆန့်ကျင်နေသည်။

“ပြန်ကြည့်စမ်းပါအုံး ... ဒေါက်တာ”

ထိုစကားလုံးများသည် ကျနော့်ပါးစပ်မှ အလိုလို လျှောကနဲ လွတ်ကျသွား သည်။ ဆရာဝန်သည် ခေါင်းကို ယမ်းနေလျက်ပင်။ ဤဆရာဝန်မှာ ဆေးပညာကို နကန်းတလုံးမျှ သိမည့်သူ မဟုတ်ဟု ထင်လာပြန်သည်။

ဆရာဝန်သည် ညိုညို့လက်မောင်းတဖက်၌ မော်ဖိန်းတလုံးထိုးပြီး.....

‘‘ဒါဆိုရင်......ခင်ဗျား စစ်ချက်ယူနိုင်ပါပြီ’’

ဆရာဝန်က ခပ်တိုးတိုးပြောသည်။

‘‘ကျေးဇူးတင်လှပါတယ် ဒေါက်တာ....’’

စခန်းမှူးသည် ညိုညို့အနား၌ စာအုပ်ဖွင့်ပြီး ခပ်ကိုင်းကိုင်း ရပ်နေ၏။

ကျနော်သည် ညိုညို့မျက်နှာကိုကြည့်နေသည်။ သူ ကျနော့်ကို မြင်သွားလျှင် စိတ်အားတင်းလိုက်သဖြင့် သူ သေနိုင်မည်မဟုတ်ဟု ယုံကြည်နေပြန်သည်။

သူ့ မျက်နှာကလေးမှာ ကြည်လင်လာနေသည်။ သူ့ အသက်ရှူသံလည်း တဖြည်းဖြည်း မှန်လာနေသည်။ သူ့ မျက်တောင်များသည် ညင်သာစွာ လှုပ်ရှားလာကြ ၏။

ထိုအချိန်က ကျနော့်ခြေရင်း၌ ရပ်နေသည့် ထွန်းမောင်ကိုသာ မြင်မိလျှင် ကျနော်သည် ရူးသွပ်သွားကောင်း ရူးသွပ်သွားပေလိမ့်မည်။

သူ့ မျက်လုံးများသည် ပီသ ကြည်လင်လာ၏။ အရာဝတ္ထုများကို ကြည်လင်စွာ မြင်တွေ့လာနိုင်၏။ ကျနော့်ကို သူ သတိထားမိမည် ထင်ခဲ့သည်။ သို့သော် သူသည် ကျနော့်ကိုပင် မမှတ်မိ။ သူ့ချစ်သူကို သူသည် မေ့သွားခဲ့ပေပြီ။

လူအုပ်ကြီးသည် ငြိမ်သက်နေ၏။

“သတိရလာပီနော် ... ကဲ မိန်းကလေး နာမယ်ပြောပါ”

စခန်းမှူးသည် သဲသဲကွဲကွဲ ဖြစ်စေရန် စကားများကို တလုံးစဉ် ခွဲပြောနေသည်။

ညိုညိုသည် စခန်းမှူးကို စိုက်ကြည့်နေ၏။

“ကယ်ကြပါ ... ကယ်ကြပါ” ဟု ခပ်ဝါးဝါး ပြောနေသည်။

“ရေပေးပါ ... ရေပေးကြပါ” ဟု ညည်းညူနေသည်။

“မသိန်းရှင်”

“မသိန်းရှင် ...”

“မိန်းကလေးရဲ့ နာမယ်ကို မေးနေတယ်”

“ရေပေးပါ ... ရေပေးပါ ... မသိန်းရှင် ... မသိန်းရှင် ...”

“မိန်းကလေးရဲ့ နာမယ် မသိန်းရှင်လား”

"မသိန်းရှင် ... မသိန်းရှင်"

စခန်းမှူးသည် ညိုညို၏ နာမယ်ကို 'မသိန်းရှင်'ဟု ရေးခြစ်နေသည်။

"မိန်းကလေးရဲ့ အဖေနာမယ်"

ငြိမ်သက် မိန်းမောသွားပြန်သည်။ နာကျင်စွာ ညည်းညူနေသည်။ မျက်နှာကို ရှုံ့ပြီး အံသွားများ တဂျစ်ဂျစ် ကြိတ်နေသည်။

"မသိန်းရှင် ... ရေပေးပါ"ဟု ပြောနေပြန်သည်။

"မိန်းကလေးရဲ့ ဖအေနာမယ်ကို မေးနေတာ"

ညိုညိုသည် အသနားခံသည့် မျက်လုံးများဖြင့် စခန်းမှူးကို ကြည့်နေသည်။

"မသိန်းရှင်"

"မသိန်းရှင်"

ထို ညိုညို၏ ဘုရား တသလို ရေရွတ် တဆိုနေသော 'မသိန်းရှင်' အသံများမှာ ထပ်နေ၏။

ယခုလို သူ၏ နောက်ဆုံးအချိန်၌ သူသည် သူ့နာမယ်ကိုလည်း မေ့နေသည်။ သူ့မိခင် လူမမာကြီး၊ ကျောင်းသား သူ့မောင်လေး၊ သူ့ချစ်သူ၊ အပ်ချုပ်စက်၊ သူ စုထားသည့် လုံခြုံစွာ ဝှက်ထားခဲ့သော နွားဝယ်ရမည့် ငွေတရာ၊ လကုန်ပြီးလျှင် လက်ထပ်မည့်အကြောင်း၊ သူ့ချစ်သူကို 'ဆယ့်ခုနစ်နှစ်ဘဲ စောင့်ပါ'ဟု မှာကြားရန်။ ဤအရာအားလုံးကို မေ့နေခဲ့၏။

သူသည် မှောင်ခိုလက်ခံသူ မသိန်းရှင်မှတပါး အရာအားလုံးကို မေ့နေပေပြီ။ သူ့ဘဝကား မသိန်းရှင်၊ သူ့မျှော်လင့်ချက်သည် မသိန်းရှင်၊ သူ့ကိုးကွယ်ရာသည် မသိန်းရှင်။

သူသည် ပါးစပ်မှ ညည်းနေ၏။

"ကယ်ကြပါ ... ကယ်ကြပါ ... မကယ်နိုင်ကြတော့ဘူးလား"ဟု ကြိုးပမ်း ရွတ် ဆိုနေသံမှာ လျှာဖျား၌ ဝါးနေသည်။

"မိန်းကလေးရဲ့ ဖအေ နာမယ်ကို မေးတာ"

သူသည် ရဲစခန်းမှူးကို ထပ်၍ အားကိုးကြီးစွာဖြင့် ကြည့်နေ၏။ သူ့ မျက်လုံး များသည် ဝါးလာနေကြ၏။ နှုတ်ခမ်းများ တဆတ်ဆတ် တုန်လာနေသည်။ သူ့ အသားများမှာ ပို၍ တုန်ရီလာနေသည်။ သူသည် အံကို တဂျစ်ဂျစ် ကြိတ်နေ၏။ နောက်ဆုံး၌ သူပြောချင်သည့် စကားများကို အသက်ဇီဝိန် မချုပ်မီ၌ သေမင်းကို ခုခံရင်း ပြောသွားသည်။ ထို စကားသံများသည် လျှာလေးလာသဖြင့် ဝါး ထွေးနေသည်။

"မသိန်းရှင် ... မသိန်းရှင် ... မသိန်းရှင်ဆီ ရောက်အောင် ... ကျမ ... ထန်းညက်တောင်း ... ပို့ ... ပို့ ... ပေး ... ကြ ... ပါ ..."

ထို စကားလုံးများ ရွတ်လိုက်ပြီး သူသည် ဆတ်ကနဲ တချက် လွန့်လိုက်၏။ ကျနော့် ရင်ခွင်ထက်မှ ပျော့ကျသွားသည်။

ကျနော်သည် ခဏကလေးမျှသာ ငြိမ်နေလိုက်၏။ သူ သေသွားပြီကို လက်မခံ၍ မရတော့ပေ။ ထိုအခါတွင်မှ ကျနော်သည် ထွန်းမောင်ကို လှမ်းမြင်ရလေ သည်။ ကျနော်သည် သူ့အလောင်းကို သူ့ သွေးအိုင်ကွက်ထဲ၌ သူ့ ထန်းလျက်တောင်း အနားတွင် ပစ်ချလိုက်သည်။

ကျနော်သည် ထွန်းမောင်မှတပါး ဘယ်အရာကိုမျှ မမြင်နိုင်တော့ပေ။ ထွန်းမောင်သည် ငေးနေ၏။ ကျနော် သူ့ကို ခုန်အုပ်လိုက်သည်ကို ငေးကြည့်နေသည်။ ကျနော်သည် တကိုယ်လုံး အလေးချိန်များကို လက်သီးအပေါ်ဖိယူလိုက်သည်။ အကြောအမျှင် ကြွက်သားများရှိ ရှိသမျှ ခွန်အားကုန်ကို ညှစ်ထုတ်ကာ ကျနော်သည် ထွန်းမောင်၏ အရိုက်တည့်တည့်သို့ လက်သီးများ တလုံးပြီးတလုံး ပစ်သွင်းချလိုက် သည်။

ဤလက်သီးချက်များလောက် ပြင်းထန်သော၊ စီးပိုင်သော လက်သီးချက်များကို ကျနော်သည် တခါဘူးကမျှ မသုံးနိုင်ခဲ့သေး။ ဤလက်သီး ချက်များသည် ကျနော်၏ အပျော်တမ်း လက်ဝှေ့သမား ရာဇဝင်၌ စံချိန်ဖြစ်နေသည်။

ထွန်းမောင်သည် အရုပ်ကြိုးပြတ် လဲကျသွား၏။

ကျနော်သည် သူ လဲကျသွားပုံကို စက္ကန့်ပိုင်းမျှ ကြည့်နေမိသည်။

ထို့နောက် မည်သူမျှ မဟန့်တားနိုင်မီ အချိန်တိုကလေးတွင် ကျနော်သည် လူအများကို တိုးဝှေ့ပြီး ပြေးထွက်လာခဲ့သည်။ ညီညို့ အလောင်းကိုလည်း မကြည့်ခဲ့။ လူအများ ရတ်ရတ်သဲသဲ ဖြစ်ကျန်နေခဲ့သည်ကိုလည်း ဂရုမစိုက်။ ကျနော်သည် အမှောင်ထဲ၌ မြှားတစင်း ပစ်လွှတ်လိုက်သလို ထိုနေရာမှ ပြေးထွက်လာခဲ့သည်။

ဘာရယ်လို့ မဟုတ်။ ဘာရည်ရွယ်ချက်မှ မရှိ။ ထိုနေရာနှင့် ဝေးနိုင်သမျှ ဝေးရန်သာ စိတ်အာရုံ၌ ဖြစ်ပေါ်နေသည်။ ထိုနေရာ၌ နောက်ထပ်စက္ကန့်အနည်းငယ်မျှ နေမိလျှင် အတွင်းစိတ်များ ပေါက်ကွဲသဖြင့် ကျနော့် ခန္ဓာကိုယ်မှာ အစိတ်စိတ် အမွှာမွှာ ဖြစ်သွားလိမ့်မည်ဟု ထင်မိသည်။

ကျနော်သည် မိမိကိုယ်တိုင် ပြေးနေသည်ကိုလည်း သတိမထားမိ။ အမှောင်ထဲ၌ တိုက်မိခိုက်မိသည်ကိုလည်း သတိမထားမိ။ တောင်တွင်းကြီးမြို့မှ မီးရောင်များသည် နောက်၌ ဝေးကျန်နေရစ်ခဲ့၏။ ရတ်တရက် မိုးဖွဲကလေးများ ကျလာသည်ကိုလည်း အာရုံမပြုမိ။

ကြယ်ရောင်များ ပျောက်ကွယ်သွားသဖြင့် အမှောင်မှာ ပို၍ သိပ်သည်း မဲမှောင် လာသည်။ ပြေးနေစဉ်၌ ကျနော့်တကိုယ်လုံးမှာ မိုးရေများ ရွဲနစ်လာနေသည်။ မိုးခြိမ်းသံများနှင့်အတူ လျှပ်စီးများ လက်နေကြသည်။ လျှပ်စီးရောင်၌ သံလမ်းနှစ်ခု မြင်နေရသည်။ မိုးနှင့်အတူ လေများ တိုက်ခတ်နေသည်။

ကျနော်သည် အော်ဟစ်ငိုလိုက်ချင်စိတ် ပေါ်လာနေသည်။ ငိုပစ်လိုက်ခြင်းဖြင့် ဖြစ်ပေါ်နေသော စိတ်ခံစားရမှုများကို ဖွင့်ထုတ်လိုက်ချင်သည်။ ဤနေရာ၌ လူဟူ၍ မရှိ။ ကျနော်၏ အော်ဟစ်ငိုသံကို မည်သူမျှ ကြားနိုင်မည်မဟုတ်။

“သူ မရှိတော့ဘူး၊ ဟုတ်တယ် သူ သေသွားဘီ၊ အပိုင်းပိုင်း အတစ်တစ်၊ ငါ ငိုပစ်လိုက်မယ်၊ ငါ ငိုရမလား၊ ငိုရမလား၊ ငါ ငိုခဲ့တယ်ထင်တယ်၊ သူ့ကို ငါပွေ့ထားတုန်းက ငိုခဲ့တယ်ထင်တယ်၊ ငိုခဲ့တယ်၊ ဘာပြုလို့ ငိုတာလဲ၊ ငိုတာဟာ အဓိပ္ပာယ်ရှိသလား၊ ငိုတာနဲ့ သူပြန်ရှင်လာမလား၊ သူသေသွားဘီ၊ မှောင်ခိုသမကလေး သေသွားဘီ၊ ဒုစရိုက်မကလေးပေါ့၊ သူ ဖာဖြစ်သွားသေးသလား၊ သေသွားတော့ ဖါ မဖြစ်ရတော့ဘူးပေါ့၊ ငါ့ကို ထားပစ်ခဲ့တယ်၊ ငါ့တယောက်ထဲ ထားပစ်ခဲ့တယ်၊ သူ့ ကိုယ်စား ငါ့ကို ထားပစ်ခဲ့တယ်၊ ဟုတ်ပါတယ် ... ညီညို ... ညီညို ...”

ကျနော်သည် တနေရာ၌ ကျောက်ရုပ်လို အတောင့်လိုက်ကြီး ရပ်နေမိပြန်သည်။ ငိုချင်စိတ်များသည် ငြိမ်းသေသွားကြ၏။ ကျနော့် မျက်နှာ၌ မိုးရေများ ကြမ်းတမ်းစွာ လာ၍ ထိနေပြန်သည်။

ကျနော့်စိတ်များမှာ ကြမ်းကြုတ် ခက်ထန်သော ကျားရဲ တိရစ္ဆာန်စိတ်ကို ကူးပြောင်း သွားနေကြပြန်သည်။ ကျနော်သည် ကျနော်ကိုယ်တိုင် သတိမထားမိဘဲ ကျားရဲအသံများဖြင့် ဆက်တိုက် အော်ဟစ်နေသည်။ ထိုအသံများသည် မိုးသံ လေသံများနှင့် ရောထွေးသွားနေကြ၏။

ကျနော်သည် လာလမ်းအတိုင်း လှည့်ပြန်မည်ဟု မဆုံးဖြတ်သေးဘဲ အမှောင်ထဲ၌ ချာကနဲ လှည့်လိုက်၏။ သံကုန်အော်ဟစ်ရင်း ဖြေးလေးစွာ လျှောက်နေမိသည်။

**နိုင်ဝင်းဆွေ**

**(၁၉၇၁၊ ဧပြီလ၊ ၂၈)**